
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးတင့်လွင်
သော်ကာစာပေ၊
(၆၀၉)သုဓမ္မလမ်း၊
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ် - ဦးမောင်မောင်လွင်
ကဝိရတနာ၊
(၂၀၄)၊ လမ်း(၃၀)

---

စာမူခွင့်ပြုချက်အမှတ် - ၁၃၉၀/၂၀၀၁(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၀၃/၂၀၀၀၁(၁၂)
၂၀၀၂ခုနှစ်၊ ဇန်နဝါရီ
တန်ဖိုး - ၃၀၀ ကျပ်
အုပ်ရေ - ၅၀၀

---

မျက်နှာဖုံးနှင့်ရေခံပန်းချီ - သာနိုးအောင်ချမ်း

## နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - နိုင်ငံ့ရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - နိုင်ငံ့ရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - နိုင်ငံ့ရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
မဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

~ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
~ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
~ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
~ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

ချစ်ခြင်းငယ်မြိုင်

မြစ်မင်းခိုင်အလျှပါက

မြန်တစ်ရာကဲ့

ယှင်းစေဝသုန်

ငွေဝန်းသော်တာယုန်သို့

ကမ္ဘာကုန်ကျယ်သင်္ချေငယ်မှာ

ဘယ်ငပုလိမ့်ထဲ။ ။

(နန်းမတော်မမြကလေး)

www.burmeseclassic.com

# ပထမ ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

(၁)

"အဲဒါဆို ငါတို့ သွားကြမယ် မာန်အောင်၊ မင်း ကင်မရာ တော့ လိုလိုမယ်မယ် ထည့်လာခဲ့"

သက်ဆွေ စကားကြောင့် မာန်အောင်က ခေါင်းညိတ်ရင်း စားပွဲပေါ်မှ သူ့လက်စွဲတော် ကင်နွန်အေဗွီဝမ်း အမျိုးအစား ကင်မရာကို ယူ၍ ပန်းလွယ်သားရေအိတ်ထဲ ထည့်သည်။ သက်ဆွေ က ကောင်တာစားပွဲတွင် ထိုင်နေသော ကျော်ဇောကို လှမ်းကြည့်ရင်း . . .

"ကျော်ဇော . . . ငါတို့ ပြန်မလာမချင်း မင်း ဘယ်မှမသွားနဲ့ဦးကွာ၊ ဟိုနေ့က အင်းလျားလိတ် မင်္ဂလာဆောင်မှာ ရိုက်လာခဲ့တဲ့ ပုံတွေ ဒီမနက် လာယူလိမ့်မယ်"

ကျော်ဇောက ခေါင်းညိတ်သည်။ ပြီးမှ ရယ်၍ . . .

"အေးပါကွာ သက်ဆွေရာ၊ မင်း သွားစရာရှိတာသာ စိတ်ဖြောင့်ဖြောင့်ထားသွားစမ်းပါ။ ပျာယာခတ် မနေစမ်းပါနဲ့၊ တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ်မျိုး ခုမှ စလုပ်ရမှန်း သိသာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇော ပြောလည်း ပြောစရာ၊ သက်ဆွေ အမူအရာက သိသိသာသာ ပျာယာခတ်နေသည်။ မနက်ကတည်းက သူ့ည်ကိစ္စအတွက် မြင်ဆင်လှုပ်ရှားနေသည်မှာလည်း အရေးကြီးသော တိုက်ပွဲကြီး တစ်ပွဲ ဆင်နွှဲရန် ပြင်ဆင်နေသည့် စစ်သူကြီးအလား။

သို့သော် သက်ဆွေက မလျှော့။

"ပျာယာမခတ်လို့ ဖြစ်မလားကွ၊ ဒီကိစ္စက တို့အတွက် အင်မတန် အရေးကြီးတဲ့ကိစ္စ၊ ဒီကိစ္စမှာ တို့ဘက်က ဘာတစ်ခုမှ မပေါ့လျော့နိုင်ဘူး၊ အားလုံးကို ပီပီပြင်ပြင်နဲ့ အတိအကျ လုပ်ပြရမှာ"

"အေးပါ၊ တို့ဘက်က ဘာတစ်ခုမှ မပေါ့လျော့စေရပါဘူး၊ ဒါပေမယ့် ဟိုမှာ စကားပြောတဲ့ အခါကျရင်လည်း မင်း ခုလို ပျာယာခတ်နေမှာစိုးလို့ သတိပေးတာပါ၊ လေးလေးက အရေးမကြီးဘူး၊ သူက အတွင်းသိကျွန်တဲ့ လူကြီးတွေကိုကျတော့ မှင်သေသေနဲ့ ထိန်းထားဖို့ လိုတယ်"

ကျော်ဇော စကားကြောင့် သက်ဆွေ ခေါင်းညိတ်သည်။

"မဖြစ်ပါဘူး၊ အဲဒါလည်း စိတ်ချ၊ ဟိုကျရင် ဘယ်ပုံစံနဲ့နေ၊ ဘာပြောရမယ်ဆိုတာ ငါ အသေအချာ စဉ်းစားပြီးသား"

သက်ဆွေနဲ့ ကျော်ဇောတို့သာ စကားများနေသည်။ ထုံးစံအတိုင်း မာန်အောင်ကတော့ ဘာစကားမှ ဝင်မပြော။ သူဟာ သူ့ ကင်မရာအိတ်သာ လွယ်ဆင်းသွားပြီး ခုမ်တော်ဆိုင်ကယ်နားမှ ရပ်စောင့်နေသည်။

"အေး . . . ဒါဖြင့်လည်း ပြီးရော၊ သွားရအောင်၊ ဟိုမှာ မာန်အောင် စောင့်နေတယ်"

ကျော်ဇော စကားအဆုံးမှာ သက်ဆွေ အခန်းထဲက ထွက်လာသည်။





ဆိုင်ကယ်ရှိရာ ရောက်သည်တွင် သူက ရှေ့မှ မောင်းသူနေရာတွင် ဝင်ထိုင်လိုက်ပြီး စက်နှိုးသည်။ သူ့နောက်က မာန်အောင် က ခွထိုင်၏။

စက်နှိုးပြီး အထွက်မှာ သက်ဆွေက သူတို့အခန်းကို တစ်ချက် လှမ်းကြည့်၏။

အခန်းရှေ့တွင် ပလတ်စတစ် ရောင်စုံပြားလေးဖြင့် လှပစွာ ချိတ်ဆွဲထားသော သူတို့သုပ်ငန်း ဆိုင်းဘုတ်လေးကို မြင်သည်။

"ကျူးပစ် ဓါတ်ပုံအဖွဲ့"

စာတန်းလေး ဘေးနားတွင် ချိတ်ဆွဲထားသော ကျူးပစ်ခေါ် မြားနတ်မောင် အရုပ်ကလေးကတော့ ပြုံးစိစိနှင့် လှုပ်တုပ် လှုပ်တုပ် လုပ်နေ၏။

"နင့် ချစ်သမျှကို ကြိုးဟလည်း ဘယ်လိုဖြစ်နေလဲ မြိုင်၊ ဒီပုံတိုင်းကတော့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က ရိုက်ထားပြီး ဟိုတစ်လောကမှ ရုံတင်သွားတဲ့ ကားထဲကလိုပဲ၊ တော်ကြာ မင်းသမီးက အပျိုပေါက်လေး ဖြစ်လိုက်၊ နောက်တစ်ခန်းကျတော့ အသက် လေးဆယ်ကျော်ကြီး ဖြစ်လိုက်နဲ့ ရုပ်ရှင်ကြည့်ရတာနဲ့ မတူဘဲ မှတ်လှည့်ကြည့်ရသလို ဖြစ်နေတော့မှာပဲ"

မမစကားကြောင့် မြိုင်က ပြုံးရင်း စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါသည်။

"မပြောတတ်ဘူး မမရယ်၊ မြိုင်လဲ စိတ်ဓါတ်ကို အရမ်းကျနေပြီ ခုတိုင်းသာ ဖြစ်နေရင် ဒီကားမှာ အောင်မြင်သွားလို့ မင်းသမီး ဖြစ်သွားတောင် နောက်ကားကျ အဖေခန်းကပဲ ပါရတော့မယ့် အဖြစ်မျိုး ရောက်လိမ့်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးနော်၊ ဘာလိုလိုနဲ့ တစ်နှစ်တောင် ပြည့်တော့မယ် ထ
တယ်"

"ဘယ်ကမလဲ၊ တစ်နှစ်ကျော်ပြီ မမ၊ ကြာတော့ မြိုင့်ကိုယ် မြို
တောင် ဘာမှန်း မသိတော့ဘူး"

မမက မျက်မှောက်ကြုတ်လျက် . . .

"အဲလိုဆိုရင်လဲ ဒီပြင်ကားလေး ဘာလေး လက်ခံရိုက် ကြည့်
မြိုင်ရာ၊ ဟိုတစ်လောက နင့်ကို ကုမ္ပဏီတစ်ခုက ခေါ်သေးတယ် မဟုတ်
လား"

"ကုမ္ပဏီတွေကတော့ ခေါ်တာပဲ မမ၊ ဒါပေမယ့် အဲလိုကျတော့
လည်း ဆရာက မကြိုက်ပြန်ဘူး၊ ဟိုး ပထမချစ်သူခေါ်ရာ ပြပြီးကတည်းက
မြိုင့်ကို ကုမ္ပဏီသုံးလေးခုက ခေါ်ဖူးတာပဲ၊ အဲဒီတုန်းကလည်း ဆရာက
သုံးဝ လက်မခံဘူး၊ မြိုင့်သဘောနဲ့မြိုင် ရွတ်လုပ်ချင်ရင်တော့လုပ်တဲ့၊ သူက
တော့ ခုချိန်မှာ ခွင့်မပြုနိုင်ဘူးတဲ့၊ မြိုင့်မှာ လိုတာတွေ အများကြီး ဖြည့်ပြီး
လက်လွှတ်ချင်တယ်တဲ့"

"ဟို . . . ဒါပေမယ့် သူ လုပ်နေပုံက ဟုတ်မှမဟုတ်တာ မြိုင်ရယ်
လိုတာကတော့ ဒီအလုပ်မျိုးမှာ တစ်သက်လုံးလည်း လိုနေဦးမှာပဲ၊ သူက
မှာ သူ့ဒါရိုက်တာနဲ့သူ ဒီလိုပဲ သင်သွားကြမှာပေါ့၊ သူမှပဲ သင်ပေးနိုင်တာ
မဟုတ်ဘာ၊ ဒီလိုကြီး ပုံသေလုပ်လို့တော့ ရမလား၊ သူ့သားတောင် ဒီပြ
ကုမ္ပဏီနဲ့ ထွက်ရိုက်နေတာပဲ"

မမ၏ အားမလို အားမရ စကားကို နားထောင်ရင်း မြိုင် သဘ
ပြုံးချသည်။

"မြိုင်လည်း ဒီတိုင်းတော့ မဖြစ်ဘူးဆိုတာ သိပါတယ် မမရယ်



ခက်တာက သူ့ကျေးဇူးကြောင့် မြိုင်က ဒီအခြေအနေ ဖြစ်လာတာဆိုတော့
သည်း ခက်တယ်၊ နောက်ပြီး ဖေဖေကလည်း ဆရာ့ခွင့်ပြုချက် မရရင်
ဘာမှမလုပ်ရဘူးလို့ပဲ အမြဲပြောတာ"

မမက ခေါင်းခါသည်။

မြိုင့်အနေအထားကိုတော့ ဘယ်လိုမှ အားမရတာ အမှန်၊ ခုတိုင်း
တ တက်မလိုလိုဖြစ်သွားသော အရှိန်ကလေးပင် တန့်ချင် လျော့ချင်သလို
ဖြစ်နေပြီ။ မြိုင့်နောက်မှ တက်လာသော မင်းသမီးများပင် အတော်လျှမ်း
လျှမ်းတောက်တွေ ဖြစ်နေကြ၏။

မြိုင့်မှာတော့ လောင်းရိပ်ကြီးတစ်ခု မိနေသလို ဖြစ်နေပြီး
ရှိသတ်ကြား လူသိများစေမည့် မဂ္ဂဇင်း၊ စာစောင်များမှတစ်ဆင့် လုပ်ရ
သော ကြော်ငြာနည်းမျိုးစုံတွေလည်း ဘာမှမလုပ်ရ ကားကလည်း အထွက်
နှဲ့နှင့် ကြာလျှင် မှိန်ပျောက်ပျောက်ဖို့သာ ရှိသည်။

တည့်တည့်တော့ မပြောသော်လည်း မမက သူ့ဘာသာသူ
ညည်းသလိုလိုဖြင့် . . .

"ဒီခေတ်က လူငယ်တွေခေတ်၊ အားလုံးက သွက်သွက်လက်
လက်နဲ့ လှုပ်ရှားနေကြတာ မြိုင်၊ ဒီအဘိုးကြီးတွေနဲ့ မလွယ်ပါဘူး၊ ပညာ
တော်တာက တော်တာပဲ၊ ခေတ်နဲ့က ဝေးသွားပြီ"

နဂိုကမှ စိတ်ဓါတ်ကျနေရသည့်အထဲ နယ်မှ မမ အလည်ရောက်
တုန်း အခိုက်လေး ညီအစ်မနှစ်ယောက် ထိုင်စကားပြောကာမှ ပိုဆိုးနေ
သည့်အတွက် မြိုင်က အားငယ်ငယ်ဖြင့် နံရံပေါ်မှ ကြော်ငြာစာရွက် ဟော
ဟောင်းကလေးများဆီ လှမ်းကြည့်မိသည်။

"ချစ်သူ့ခေါ်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာမောင်မယ်"

ဒါရိုက်တာမြတ်ထွန်း ရိုက်ကူးသည့် မော်ရှုံမြိုင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရုပ်ရှင်ဇာတ်ကားများ။ အတော်လေးလည်း ပရိသတ်ကြားမှာ အောင်မြင်မှု ရခဲ့သည်။

နှစ်ကားစလုံးမှာ မင်းသားက သူရကျော်၊ မင်းသမီးက မေသင်းနိုင်။

မြိုင်သည် သူ့ကိုယ်သူပင် မေသင်းနိုင်ဟု တစ်ခါတစ်ခါ မေ့နေမိ၏။

✱ ✱ ✱

(၂)

ဌာနဆိုင်ရာတို့ ထုံးစံအတိုင်း ဌာနတစ်ခုလုံးနှင့် ဆိုင်သည့် ကိစ္စရပ်အားလုံး၌ အစည်းအဝေး သို့မဟုတ် တာဝန်ခံအဖွဲ့၊ ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သည်။

ခုလည်း သက်ဆွေတို့ ရောက်လာသည်နှင့် ရုံးဝမှအသင့် ကြိုစောင့်နေသည့် လေးလေးက အစည်းအဝေးခန်းသို့ တစ်ခါတည်း ခေါ်သွား၏။

သက်ဆွေတို့ဘက်မှ အချိန်တိကျသလို ရုံးဌာနဘက်မှလည်း အချိန်တိကျသဖြင့် အစည်းအဝေးခန်းထဲသို့ ဝင်သွားသောအခါ တာဝန်ရှိပုဂ္ဂိုလ်အားလုံးလိုလို ကိုယ့်နေရာနှင့်ကိုယ် အသင့်နေ ရာယူပြီးသား ဖြစ်နေကြပြီ။ ပြောစရာ ဆိုစရာ စကားများပင် အတော်လေး ပြောပြီးနေကြဟန်တူသည်။

ဌာနဘက်မှ တာဝန်ရှိ ပုဂ္ဂိုလ်များကတော့ သည်ခေတ် လူငယ်တို့ထုံးစံအတိုင်း တီရှပ်အကျီ၊ ဘောင်းဘီရှည်၊ ဝေါကင်းရှူးတို့ဖြင့် ကင်မရာအိတ်များလွယ်၍ ဝင်လာသော ချာတိတ်နှစ်ယောက်ကို ဘယ်လို မြင်ကြမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ သည်လိုနေရာ သည်လိုပုဂ္ဂိုလ်များရှေ့တွင် အနေပါသော ပုဂ္ဂိုလ်များအဖြစ်ဖြင့် မရောက်ရှိ မကြုံကြိုက်ဖူးသော သက်ဆွေတို့ နှစ်ယောက်ကတော့ တွန့်ခနဲ ဖြစ်ကုန်ကြသည်။

စိတ်ထဲမှာ မနေ့ညက လေးလေး ပြောသည့် . . .

"မနက်ကျရင် လေးလေး ရုံးကို ဆယ်နာရီတိတိ အရောက်လာခဲ့ဖိုးသက်၊ အဲဒီမှာ အလုပ်ကိစ္စကို လူကြီးတွေနဲ့ ပြောဖို့ လေးလေး စီစဉ်ထားမယ်"

ဟူသော စကားများ ကြားစဉ်က သည်လောက် ခမ်းခမ်း နားနား အစီအစဉ်မျိုး မထင်ပဲ တွေ့ပါဟု ထင်ခဲ့သည်။

သက်ဆိုင်ရာလူကြီး နှစ်ယောက် သုံးယောက်နှင့် ရုံးတွင်း စားပွဲတစ်ခုမှာ ထိုင်ပြီး အလုပ်နှင့်ပတ်သက်၍ မေးတန်မေး ဖြေတန်ဖြေ အကြမ်းဖျင်း စစ်ဆေး မေးမြန်းသည့် အဆင့်လောက်သာ ရှိမည်ဟု အောက်မေ့မိ၏။

သက်ဆွေ ဟာယာမခတ်အောင် ကိုယ့်ကိုကိုယ် ထိန်းထားသည့်ကြားက ကိုယ် ဝတ်စားလာပုံနှင့် သည်လိုအနေအထား မသင့်တော်သည်ကို အစ တွေးမိပြီး အားကိုးတကြီးဖြင့် သူနှင့်အတူတူ ဝင်လိုက်သည့် မာန်အောင်ကို တစ်ချက် လှမ်းကြည့်သည်။

မာန်အောင်ကတော့ သူ့ထုံးစံအတိုင်း မတုန်မလှုပ် ပုံစံဖြင့် ဆေးလေး ထိုင်နိုင်းသော ကုလားထိုင်တွင် ဝင်ထိုင်သည်။

သက်ဆွေ စိတ်ထဲတွင် လှုပ်ရှားနေသော ရင်ကို တည်ငြိမ်မှုရအတွက် မာဗိုရို စီးကရက်တစ်လိပ်လောက် ထုတ်သောက်ချင်နေမိ၏။





"အမ်ဒီ . . . သူတို့နှစ်ယောက်က ကျွန်တော် အရင် တင်ပြထားတဲ့ ဓါတ်ပုံအဖွဲ့က ကလေးတွေပါ၊ သူက ကျွန်တော့် တူမောင် သက်ဆွေ၊ သမားတော်ကြီး ဒေါက်တာ မျိုးဆွေရဲ့ သားပါ၊ သူကတော့ . . ."

လေးလေးဦးအေးဆွေက သူ့ဦးဆောင်ညွှန်ကြားရေးမှူးကို မိတ်ဆက်ပေးရင်းကနေ စကားခဏရပ်၍ သက်ဆွေကို လှမ်းကြည့်သည်။ သက်ဆွေက ထရပ်လိုက်ပြီး . . .

"မောင်မာန်အောင်ပါ၊ ကျွန်တော်တို့ ဓါတ်ပုံအဖွဲ့က အဒီတကင်မရာမင်းပါပဲ"

သည်ဘက်က အလှည့်ပြီးသွားသောအခါ လေးလေးက သူ့ရုံးအုပ်ဘက်မှ အမ်ဒီ အပါအဝင် လူကြီးများ အားလုံးနှင့် မိတ် ဆက်ပေးသည်။

ပဏာမအခင်းအကျင်းများ ပြီးသွားသည်နှင့် အမ်ဒီကစ၍ သိတန်သလောက် သိပြီးပြီထင်တယ် မောင်သက်ဆွေ"

"ဟုတ်ကဲ့ . . . သိပြီးပါပြီ အန်ကယ်"

"အေးကွာ . . . အန်ကယ်တို့ကလဲ လုပ်ချင်တာသာ သိတာ၊ ဒီကိစ္စမျိုးတွေ ကျွမ်းကျင်တာ မဟုတ်ဘူး၊ အဲဒီတော့ ဒီက ဦးခင်မောင်ဦးတို့ ဦးအေးဆွေတို့နဲ့ ညှိပြီး မောင်သက်ဆွေတို့ အဖွဲ့ကပဲ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးစေချင်တယ်"

သက်ဆွေ ခေါင်းညိတ်၍ . . .

"စိတ်ချပါ အန်ကယ်၊ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပါ့မယ်"

ချီလာတုန်းကသာ အတော် မောင်းတင် လာခဲ့သော်လည်း တကယ်တမ်းကျတော့ ဘာမှသိပ်အခက်အခဲ မရှိလှသဖြင့် သက်ဆွေ အတန်အသင့် စိတ်အေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လောက်ဆိုလျှင် ကိစ္စဝိစ္စက ပြီးသလောက် ရှိသွားပြီ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သက်ဆွေ လိုချင်သည်မှာလည်း သည်အလုပ်ကို သူ လုပ်ရဖို့သာ ဖြစ်သည်၊ ငွေရေး ကြေးရေး ကုန်ကျစရိတ်စသည်တို့အတွက်လည်း မပြေလည်စရာ မရှိ။ ညတာ တည်းက ဖေဖေက . . .

"ဒါမျိုးကို ကိုယ့်လုပ်ငန်း နာမည်ရဖို့အတွက် ကြော်ငြာသဘောမျိုး လုပ်ပေးရတယ်ကွ၊ ငွေရေးကြေးရေးမှာ အမြတ်အစွန်း မရှိချင် နေပေစေ၊ အိတ်ထဲကပဲ စိုက်ရစိုက်ရ အကောင်းဆုံးဖြစ်အောင်လုပ်ပေး၊ မင်း သူငယ်ချင်းတွေကိုလည်း နားလည်အောင် ပြောပြ၊ သည်ကိစ္စမှာ စီးပွားရေး သက်သ ်ချည်း မတွက်နဲ့လို့"

ဟု လမ်းညွှန်ချက် ပေးထားပြီးသား။

လေးလေးကိုလည်း သည်အတိုင်း ပြောပြထားခဲ့သည်၊

ဘယ်ကစပြီး ဘာလုပ်ရမည် ဆိုသည်ကိုသာ မေးစရာရှိတော့၏။

ဣ

ကျူပစ် ဓါတ်ပုံလုပ်ငန်း၏ သက်တမ်းက တကယ်တော့ ဘယ်မျှ မကြာသေး။

ကျော်ဇောရယ်၊ မာန်အောင်ရယ်၊ သက်ဆွေရယ်၊ သူငယ်ချင်း သုံးယောက် စုပေါင်းပြီး မနှစ်ကမှ စတင် ထူထောင်ခဲ့ခြင်း ဖြစ်သည်။

သူတို့သုံးယောက်စလုံးက ရန်ကုန်တက္ကသိုလ်မှနေ မာတုဗေဒ အဓိကဖြင့် ဘွဲ့ရလာသူများ ဖြစ်သည်။ ကျော်ဇောက ဆည်မြောင်းမှ





အရာရှိကြီး တစ်ယောက်၏သား၊ မာန်အောင် အဖေကလည်း အတော်ပေါက်ပေါက်ရောက်ရောက်ရှိသူ တစ်ဦး ဖြစ်သည်။

ဘွဲ့ရပြီးချိန်တွင် မိဘများ အကူအညီဖြင့် အစိုးရအမှုထမ်း ဝင်လုပ်လျှင် အသင့်အတင့် နေရာကောင်းလေးများ ရနိုင်သည့်တိုင် ဘယ်သူမှ စိတ်မဝင်စားဖြစ်ကြ။ ကျောင်းပြီးလျှင် ပြင်ပလုပ်ငန်းတစ်ခုခုနှင့် စီးပွားရေးပဲ လုပ်ကြမည်ဟု ကျောင်းကတည်းက တိုင်ပင်ထားပြီးသား။ လုပ်ငန်းကိုသာ ဘာရွေးရမှန်း မသိသဖြင့် ကျောင်းပြီးမှ ငှာရခြင်း ဖြစ်သည်။

အကောင်အထည် ဖော်ဖြစ်တော့ ဓါတ်ပုံလုပ်ငန်းကို စိတ်မိသွားကြ၏။ အောက်ဒိုး၊ ကာလား အဖြူအမည်း ရိုက်၊ ကူး၊ ဆေး၊ အဖွဲ့၊ မောင်မောင်ညွှပ်တို့ ပါစီကျော်စိန်တို့ကို သူတို့ အားကျခဲ့သည်။ ကျောင်းမှာ ဘွဲ့ယူချိန်တိုင်း ငွေသုံ့ယူသွားကြသည်များကိုလည်း မြင်ဖူးနေကြသည်။

အလှူ၊ မင်္ဂလာဆောင် အခြား အခမ်းအနားများတွင်လည်း ဓါတ်ပုံဖို့ ရှင်းလိုက်လျှင် ထောင်နှင့်ချီ၍ ရကြသည်ကိုလည်း ကြားဖူး ကြားဖူး နေသည်။

အားလုံးက ငွေကြေးအရင်းအနှီးကိုလည်း အချိုးကျ တတ်နိုင်၊ တည့်ဝင်နိုင်သူများ။ ဓါတ်ပုံလုပ်ငန်းလေးများကိုလည်း အသင့်အတင့် လေ့လာ နားလည်ထားကြသည်။

ခုဖော့ အခြေအနေလေး မဆိုးတော့ဟု ပြောနိုင်နေပြီ။ မဟာဗန္ဓုလလမ်းမှာလည်း အခန်းတစ်ခန်းကို အလုပ်ခန်းအဖြစ် ငှားရမ်းဖန်တီးထား နိုင်ပြီ။ ကူး ဆေး စက်များ၊ ဆေးများကိုလည်း အသင့်အတင့် သုံးနိုင်နေပြီ။ အောင်မြင်မှုတော့ သိပ်မရသေး။ လူသိများဖို့ နာမည်ရဖို့ လိုသေးသည်။ သူတို့၏ တာဝန်ခွဲဝေမှုက ကျော်ဇောက ကူးဆေးလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူသည်။ သက်ဆွေနှင့် မာန်အောင်က ကင်မရာသမားများ၊ အဓိက ကင်မရာကိုင်သူ က မာန်အောင်။

သက်ဆွေကတော့ အလုပ်ရှာတာကော၊ ပြင်ပဆက်ဆံရေး ကိစ္စတွေမှာကော၊ အလုပ်တိုးတက်ရေးအတွက် အဆက်အသွယ် ဖန်တီးတာမှာကော၊ ပျာပျာ ပျာပျာနှင့် ဘက်စုံ ဝင်နိုင်သည့်အတွက် စပ်စပ်စပ်စပ်သမားများနှင့် အဆင်ပြေသော အထွေထွေမန်နေဂျာ တာဝန်ကိုယူသည်။

ခုကိစ္စသည်လည်း သက်ဆွေပင် ဖေဖေနှင့် လေးလေးတို့မှ တစ်ဆင့် အဆက်အသွယ်ရရှိပြီး လုပ်ငန်းတိုးတက်ရေးအတွက် ရည် မှန်း၍ လက်ခံလိုက်ခြင်း ဖြစ်သည်။

***



(၃)

"အဲဒါက အရေးမကြီးဘူး သက်ဆွေ၊ သူတို့ပြောသလို မေသင်းခိုင်ကို ရိုက်ဖို့ဆိုတာ လွယ်ပါ့မလား၊ မေသင်းခိုင်နဲ့ ဘယ်လို ဆက်သွယ်မလဲ"

ကျော်ဇော အမေးကြောင့် သက်ဆွေ ခေါင်းခါလိုက်သည်။

"မပူပါနဲ့ ကျော်ဇောရာ . . . ရပါတယ်၊ ဒါက ဒီလောက် ခက်ခက်ခဲခဲ မဟုတ်ပါဘူး၊ သည်လမ်းထဲမှာတင် ရုပ်ရှင်ကုမ္ပဏီ တစ်သိန်းလောက် ရှိနေတာပဲ၊ သူတို့ဆီ လိပ်စာမေးပြီး အိမ်လိုက်သွားရုံ ရှိတာပေါ့၊ ဒီကိစ္စ လုံးဝ မစဉ်းစားနဲ့၊ ငါ့ တာဝန်ထား"

"အဲဒါဆို မင်းက ဂျိုက်ကျောင်နဲ့ ဘာ ကသိကအောက် ဖြစ်နေတာလဲ သက်ဆွေ"

သည်တစ်ခါ ဝင်မေးသူက သူတို့ထဲမှာ စကားအနည်းဆုံး ဖြစ်သော မာန်အောင်။ မာန်အောင် အမေးကြောင့် သက်ဆွေက . . .

"ကသိကအောက်တော့ မဖြစ်ပါဘူး၊ ဒါပေမယ့် သူတို့ အစီ အစဉ်ကို သိပ်အားမရဘူးကွာ၊ ရိုက်မယ့်ရိုက်လည်း နာမည်ကြီး မင်းသမီး တစ်ယောက်ကို အပီရိုက်ချင်တာပေါ့၊ မေသင်းခိုင်ကျတော့ ဒီလောက် နာမည်မှ မရှိတာ"

"ဟာ . . . မဆိုးပါဘူးကွ၊ သူက ကားအထွက် နည်းသေးပါ၊ သူ့ ပရိသတ်တွေ ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇောက ခုခံကာကွယ်သည်။

"ဒါက ဗိုဒ္ဓအလုပ် မဟုတ်ပါဘူးကွာ၊ သူတို့ရိုက်ချင်တဲ့လူနဲ့ ရိုက်ပေး ပုံတောင်းရရင် ပြီးတာပါပဲ"

သက်ဆွေက မကြည်မလင် ကြည့်ရင်း . . .

"ရိုက်တော့ ရိုက်မှာပါပဲ၊ ဒါပေမယ့် ငါ့စိတ်ထဲ အားမရလို့ အားမရကြောင်း ပြောတာပါ၊ သူတို့က ဘာစိတ်ကူးပေါက်ပြီး မေသင်းခိုင်နဲ့ ရိုက်ချင်ရတာလဲ"

"အဲဒါတော့ ငါလဲ ဘယ်သိမလဲကွ"

"ဒီလိုရှိမှာပေါ့ သက်ဆွေရာ၊ သူတို့ စိတ်ကူးက ခုရာသီမှာ ပြကွက်ဒိန်တွေက ဖြိုင်ထွက်လာကြမှာ၊ အဲဒီမှာ အားလုံးလိုလိုက နာမည်ကြီး ထိပ်ထိပ်ကျဲတွေပဲ သုံးကြမှာဆိုတော့ သူတို့က တစ်မျိုး ပုံစံခွဲပြီး ထွက်ချင်မယ်၊ မေသင်းခိုင်ပုံနဲ့က တစ်ခါမှ ပြကွက်ဒိန် မထွက်ဖူးဘူး၊ ဘာပြောပြော မေသင်းခိုင်လဲ သူ့ပရိသတ်နဲ့သူ ရှိနေတာပဲ၊ ငါတော့ သူတို့ စိတ်ကူးကို သဘောကျတယ်"

"သူများနဲ့ မတူချင်ဘူး ဆိုပါတော့ . . . ကျော်ဇော၊ ဟုတ်လား"

သက်ဆွေ အမေးကို ကျော်ဇောက ခေါင်းညိတ်သည်။ သက်ဆွေက ရယ်ရင်း . . .

"အေးလေ . . . မင်းပြောတာလဲ ဖြစ်နိုင်ပါတယ်၊ အဲဒါလဲ ပါမှာပေါ့၊ ဒါပေမယ့် တို့မသိတဲ့ နောက်တစ်ခုက ဒီကိစ္စမှာ သူတို့ရုံက တာဝန်ယူလုပ်တဲ့ ဦး[illegible]င်မောင်ဦးကလည်း မေသင်းခိုင်ကို ကြိုက်နေတယ်တဲ့၊ အဲဒါကြောင့် ရွေးတာ ဖြစ်ချင်ဖြစ်မှာပါလို့ လေးလေးကတော့ ပြောတာပဲ"

"ဘာရယ် . . . သူတို့ချင်း ကြိုက်နေတာလား"





ကျော်ဇော မေးပုံက အလန့်တကြား ဆန်သည်။

"မဟုတ်ပါဘူး၊ အဲဒီလူပျိုကြီးက မေသင်းခိုင် ကားတွေ ကြည့်ပြီး သူ့ဟာသူ ကြိုက်နေတာပါ၊ ကြိုက်သာကြိုက်တာ မေသင်းခိုင် ဘယ်နေမှန်းတောင် သိတာ မဟုတ်ဘူး၊ ဓါတ်ပုံရိုက်ဖို့ အဆက်အသွယ်ရရင် သူနဲ့လည်း မိတ်ဆက်ပေးပါ၊ ဖြစ်နိုင်တာ မဟုတ်ဘူး၊ ဖြစ်နိုင်ရင် ရုံးလည်း အလည်ခေါ်ခဲ့ပါတဲ့၊ သူကလည်း ရောဂါသိပ်သေးတာ မဟုတ်ဘူး၊ မိန်းမပိုးဖို့ စီမံကိန်းဆွဲတဲ့နေရာမှာ မင်းကုသထက် သာတယ်"

ကျော်ဇောက ရယ်သည်။

"ဒါဆိုလဲ လုပ်ပေးလိုက်ပါကွာ၊ သူ့ခမျာလဲ ဖါလေး အမှီပြုပြီး အစွံထုတ်ရမှာ ထင်ပါတယ်"

"မဟုတ်ပါဘူး၊ အဲဒီကိစ္စတွေက တို့နဲ့ မဆိုင်ပါဘူး၊ ဒါတွေ ပြောမနေနဲ့၊ သူများ မရိုက်တဲ့ မင်းသမီးကို တို့က ကောင်းကောင်း မွန်မွန် လှလှပပ ရိုက်ပေးနိုင်ရင် တို့အတွက် ပိုတောင် ကောင်းသေးတယ်လို့သာ သဘောထား"

ကျော်ဇော စကားအဆုံးမှာ မာန်အောင်က ဝင်ပြောသည်။ သက်ဆွေက မျက်မှောင်ကြုတ်ရင်း . . .

"ဒါနဲ့ နေပါဦး၊ မင်းတို့ အဲဒီ မင်းသမီးကို ကြည့်ဖူးလား၊ ငါတော့ ဓာတ်ပုံတွေ ကြော်ငြာတွေမှာ ဓာတ်ပုံပဲ မြင်ဖူးတယ်၊ သူ့ကားတစ်ကားမှ မကြည့်ဖူးဘူး"

"ငါလည်း မကြည့်ဖူးပါဘူး"

မာန်အောင်က ခေါင်းခါသည်။ ကျော်ဇော်က ခေါင်းညိတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြည့်ဖူးတယ်၊ သူ့ပထမကား 'ချစ်သူ့ခေါ်ရာ' ကော ဒုတိယကား 'မင်္ဂလာမောင်မယ်' ကော ကြည့်ရတယ်၊ မဆိုးပါဘူးကွ၊ ဘာဖြစ်လို့ ကားများများ မရိုက်တာလဲဆိုတာ မသိတာ"

"ကားများများ မရိုက်တာ ဘာဖြစ်လို့လဲ ဆိုတော့ ကားနည်းနည်းပဲ ရိုက်လို့ပေါ့ကွ"

ဟု နောက်ချင်စိတ်ကို မျိုသိပ်လိုက်ပြီး ဗိုက်စွမြန်မြန် စကားဖြတ်ချင်သဖြင့် သက်ဆွေက . . .

"အေးလေ . . . ဒါဖြင့်လဲ ပြီးတာပဲ၊ ဒီကြားထဲမှာ ငါ သူနဲ့ သွားတွေ့ပြီး စီစဉ်လိုက်ပါမယ်၊ အဆင်တော့ပြေမယ် ထင်တာပဲ"

ကျော်ဇောက စကားစဖြတ်ချင်ပုံ မရသေးဘဲ ရယ်ရင်းနှင့် . . .

"လုပ်ပါကွား၊ ဓါတ်ပုံရိုက်ဖို့ အဆင်မပြေတောင် ဒီပြင်ကိစ္စလေး ဘာလေး အဆင်ပြေအောင် လုပ်ခဲ့ပေါ့၊ ငါလည်း ဦးခင်မောင်ဦးလိုပဲ ဒါလေး အမှီပြုပြီး အစွံထုတ်သင့်ထုတ်ရအောင်၊ ဆိုင်လည်း အလည်ခေါ် ခဲ့ပါဦး"

သက်ဆွေက မကြည်မလင် လှမ်းကြည့်သည်။ ကျော်ဇော ဣန္ဒြေမရ ဖြစ်နေသည်ကိုလည်း အမြင်ကတ်သွားသဖြင့် . . .

"အေး . . . အေး၊ ဦးခင်မောင်ဦးနဲ့ အကြံတူနေမှတော့ မင်းနာမည်ကိုလည်း၊ ပြောင်းလိုက်ပါလား ကျော်ဇော၊ ဦးခင်မောင်ဗူး လို့"

ရယ်ခဲ့သော ဓာန်အောင်ဗင် သက်ဆွေ စကားကြောင့် တဟားဟား ထရယ်၏။

ထိုစဉ်ကတော့ အလုပ်ထဲမှာပင် အာရုံရောက်နေသမို့ သက်ဆွေ ရင်ထဲမှာ ထိုကိစ္စမျိုးတွေအတွက် ဘာခံစားမှုမှ မရှိသေး။

ထိုအချိန်တွင် ဆိုင်၏ဆိုင်းဘုတ်မှ ကျူးပစ်ခေါ် မြားနတ်မောင် အရုပ်ကလေးမှ အချစ်ကို ဖန်ဆင်းတတ်သော မြားကလေးက သူ့ဘက်သို့ ဦးလှည့်နေသည်ကိုလည်း သူ မသိလိုက်။





❀

ဝေါခနဲ ဆိုင်ကယ်ကို ထိုးရပ်ပြီး သက်ဆွေ ဆိုင်ထဲဝင်လာသည်။ ဆောင်းထားသော ဟဲလ်မက်ခေါင်းစွပ်ကို ချွတ်၍ စားပွဲပေါ် တင်သည်။ ကောင်တာစားပွဲမှ ကျော်ဇောက လှမ်း၍ . . .

"အဆင်ပြေလား သက်ဆွေ"

"သက်ဆွေက ခေါင်းခါရင်း . . .

"ခုထိတော့ အဆင်မပြေသေးဘူး၊ မင်းသမီးကို ဖမ်းလို့မမိဘူး ဖြစ်နေတယ်ကွာ၊ ငါ မနက်က တခါ ခေါက်သွားတယ်၊ မင်းသမီး မရှိဘူး၊ အပြင်သွားတယ်၊ နေ့ခင်းလောက်မှ ပြန်လာမယ်ဆိုလို့ အိမ်ခဏပြန် ရေမိုးချိုး၊ ထမင်းစားပြီး ခုနတစ်ခေါက်သွားတယ်၊ ပြန်မရောက်သေးဘူး၊ ကားသွားရိုက်တာလား၊ ရိုက်ကွင်းကို လိုက်သွားမယ် ဆိုတော့လည်း မဟုတ်သေးဘူး၊ ဘယ်သွားမှန်း မသိဘူးတဲ့၊ ပြဿနာပဲ"

"ဘယ်သူနဲ့ တွေ့ခဲ့လို့လဲ"

"သူ့မောင်လေး ထင်တာပဲကွာ၊ ချာတိတ်လေးတစ်ကောင် ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက် ရှိမယ်၊ အဲဒါလေးနဲ့ပဲ တွေ့ရတယ်"

"မေသင်းခိုင်က ယောကျ်ားရှိလား သက်ဆွေ"

"ဟာ . . . ဒါတော့ ငါလည်း ဘယ်သိမလဲကွာ၊ ဘယ်သူနဲ့မှလဲ မတွေ့ရ ဘာမှလည်း မေးရတာ မဟုတ်ဘူး၊ ဒီချာတိတ်လေးကိုတောင် ကိစ္စပြီး



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့တာ"

"မဟုတ်ဘူးလေ၊ အမြင်မှာ သူ့လိပ်စာ ဘာညာ စုံစမ်းတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ တစ်စွန်းတစ်စများ ကြားခဲ့ရသလားလို့ မေးတာပါ"

"မကြားပါဘူး၊ ငါ မေးတာက လိပ်စာပဲကွ၊ မင်းသမီး အပျိုလား အအိုလား လျှောက်မေးတာမှ မဟုတ်တာ"

သက်ဆွေ စကားကြောင့် ကျော်ဇောက ရယ်သည်။

"အေးပါ၊ အေးပါ၊ ဟုတ်ပါပြီ၊ ဘာမှ မကြားရင်လဲ လောလော ဆယ် အပျိုအနေနဲ့ ယာယီသတ်မှတ်ထားလိုက်ပါ့မယ်၊ အဲဒီတော့ မင်း ဘယ်လို ဆက်လုပ်မယ် စဉ်းစားလဲ သက်ဆွေ"

"ဘာကိုလဲ"

သက်ဆွေ၏ ဂျစ်ကန်ကန် အမေးကြောင့် ကျော်ဇောက မာန်မြေ ရန်မြေ စပ်ဖြဲဖြဲ ရယ်လိုက်ပြီး ....

"ဓါတ်ပုံရိုက်ဖို့ကိစ္စ ပြောတာပါကွ"

သည်တော့မှ သက်ဆွေက လေသံကို ပြန်လျှော့လိုက်ပြီး . . .

"ညနေတစ်ခေါက် ထပ်သွားရမှာပေါ့ကွာ၊ သူ့မောင်လေးကိုတော့ အကျိုးအကြောင်း ပြောပြထားခဲ့တာပဲ၊ ရုံးကရေးပေးထားတဲ့ စာလည်း ပေးထားခဲ့တယ်၊ ရုံးသတ်သာချောင်ချိရေးအဖွဲ့က ထုတ်မယ့် ပြက္ခဒိန်ချို တော့ အဖွဲ့ဥက္ကဋ္ဌကနေ သူ့ဓါတ်ပုံနဲ့ ထုတ်ခွင့်ပေးဖို့ အကူအညီတောင်းတဲ့ သဘောမျိုး ရေးထားတဲ့စာဆိုတော့ နည်းနည်းတော့ ဂရုစိုက်မှာပါ"

"ဒါဆို အဆင်ပြေမှာပါ၊ တော်သေးတာပေါ့၊ လိပ်စာလွယ်လွယ် ကူကူ ရှာရလို့"

"လွယ်တာတော့ မလွယ်ဘူးဟ၊ ဒီမင်းသမီးက တခြား





ဘယ်ကုမ္ပဏီနဲ့မှ ရိုက်တာ မဟုတ်ဘူး၊ ဒါရိုက်တာ ဦးမြတ်ထွန်းရဲ့ မော်ရုံမြိုင် ကုမ္ပဏီတစ်ခုနဲ့ပဲ ရိုက်ဖူးတာတဲ့၊ အဲဒါ မော်ရုံမြိုင်ကုမ္ပဏီရုံးခန်းကို ရှာရသေး တယ်၊ အဲဒီကျမှ မေးလို့ရတာ"

"ဘယ်သူနဲ့ တွေ့လဲ၊ ဒါရိုက်တာ မြတ်ထွန်းနဲ့လား"

"မဟုတ်ပါဘူး၊ သူတို့ကုမ္ပဏီက မန်နေဂျာတောင် မတွေ့ဘူး၊ ကားထုပ်ငှားတဲ့ကောင်လေးတွေ ကြည့်ရတာ ငါ ထင်ပါတယ်၊ အဲဒီကုမ္ပဏီ ကလည်း အလုပ်ဖြစ်မယ့်ပုံ မပေါ်ပါဘူး"

ကျော်ဇောက တစ်လျှောက်လုံး သိချင်တာတွေ မေးလိုက်ရသဖြင့် ကျေနပ်သွားဟန်ဖြင့် ငြိမ်သွားသည်။

သက်ဆွေ စိတ်မောမောနှင့် အခန်းထောင့်ရှိ ပလတ်စတစ် ကြိုးတပ်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချသည်။

ဘာပြောပြော သူဟိုင်းသင်ခန်းလေး နှာမည်ရဖို့ ယူသိမ်းများဖို့ကိစ္စ ကြောင့်သာ သည်လျှောက် အပင်ပန်းခံနေမိခြင်း ဖြစ်သည်။ လုပ်ရကိုင်ရ တာ လူမပင်ပန်းသော်လည်း စိတ်တော့ မင်ပန်း၏။ ပြီးတော့ လုပ်ရတာ အောက်ကျသလိုလိုလည်း ခံစားရသည်။ သည် လောကနှင့် ကိုယ်ကလည်း သိပ်ရင်းနှီးတာ မဟုတ်။

ခုပင်ကြည့် မင်းသမီးအိမ်သွား၍ မင်းသမီးနှင့် ခဏလေး တွေ့ ခွင့်ရဖို့ မေးနေရတာကအစ၊ လိုလိုလားလားနှင့် ဖော်ဖော်ရွေရွေ ရွှေတုံ့ပြန်မှု မျှ အိမ်ထဲတောင် အဝင်မခံဘဲ ချာတိတ်ကလေးနှင့် တံခါးဝမှာ ရပ်ပြီး ပြောရသည်။

ချာတိတ်ကလည်း ရုံးကစာ ပါလာ၍သာ ယုံကြည်သွားပုံရသည်။ သူ့ တွေ့ချင်း သက်သက်မယ့် ဘာရုတ်လာကျသည်ဆင်ပြီ မယုံယက်ာ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုးဖြင့် ကြည့်နေသေး၏။ တော်တော်နှင့် မေးလို့ စမ်းလို့မကောင်း၊ ကိုယ့်အပေါ်လည်း တစ်စက်မှ မလေးစား။

"ဟော့ကောင် သက်ဆွေ၊ ဒါနဲ့မေးပါရစေဦး၊ မင်းသမီးက ဘယ်မှာ နေတာလဲ"

ခမ္မသတိရှုံ့ဖြင့် ကျော်ဇောက မေးပြန်သည်။ ကျော်ဇော စိတ်ဝင်စားနှင့် ကြွမြေ့ရ ဖြစ်နေသည့်အတွက် သက်ဆွေ ဒေါကန်သလိုလို ဖြစ်သွားသော်လည်း တကယ်တမ်းကတော့ ကျော်ဇောကိုလည်း အပြစ်မတင်ချင်။ အဘယ်ကြောင့်ဆိုသော် သူတို့အုပ်စုက သူများဝါရင့်ဓါတ်ပုံသမားတွေလို၊ ရုပ်ရှင်လောက၊ ဂီတလောက စသည်ဖြင့် အနုပညာအသိုင်းအဝိုင်းနှင့် ရင်းနှီးကျွမ်းဝင်နေသူများ မဟုတ်။ သည်လောကအကြောင်းလည်း ဘာမျှမသိ။

မနေ့တစ်နေ့ကမှ ကျောင်းဆင်းပြီး သည်အလုပ်ကို ခြေချခါစလူငယ်များ၊ မိဘအသိုင်းအဝိုင်း၊ ဆွေမျိုးအသိုင်းအဝိုင်းကလည်း သည်လောက သည်အသိုင်းအဝိုင်းနှင့် ဘယ်လိုမှမပတ်သက်။ ရှေ့က လုပ်ခဲ့သည့် အလုပ်များကလည်း သာမန်အောက်ဒိုးဓါတ်ပုံ ရိုက်ခြင်းများသာ။ ရုပ်ရှင်မင်းသမီး မပြောနှင့် အဆိုတော် ခပ်သေးသေးတောင် မရိုက်ခဲ့ရဘူးသေး။

ခုမှစပြီး ဒါမျိုးလုပ်ရသည်မို့ အထူးအဆန်းဖြစ်ပြီး အားလုံး စိတ်ဝင်တစားနှင့် တက်ကြွနေခြင်းလည်း ဖြစ်နိုင်သည်။

သက်ဆွေ တစ်ကိုယ်လုံး အကြောအချင်များ လျှော့၍ ကိုယ်ကို သက်သာအောင် ပြုပြင်ထိုင်လိုက်ပြီး . . .

"စံပြ ဖဆပလရပ်ကွက်က ပြည်တော်သာ တိုက်ခန်းမှာ သိတယ် မဟုတ်လား၊ အောင်းဆန်းကွင်းနားက"





"ဪ . . . အေး၊ သိတယ် . . . ဟ၊ မင်းသမီးကလည်း အဲဒီ တိုက်ခန်းမှာ နေတာပဲလား၊ ငါက ဝင်ဒါမီယာတို့၊ ရွှေတောင်ကြားတို့မှာ ဝင်းနဲ့ခြံနဲ့ အဖျံစား အောက်မေ့လို့"

သက်ဆွေ ခေါင်းခါသည်။

"ဇာတ်ကားတွေ တအားရိုက်ပြီး ပိုက်ဆံ အရမ်းရနေတဲ့ မင်းသမီးမှ မဟုတ်ဘဲကွာ၊ ဒါပေမယ့် သူတို့ အခန်းလေးက သပ်သပ်ရပ်ရပ်နဲ့ အကော်လေး ကောင်းပါတယ်"

ကျော်ဇောက သည်အကြောင်းတွေ ပြောရ နားထောင်ရသည်ကို ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီး စိတ်ကူးများဝင် ယဉ်ကြည့်နေမိသည်။

မင်းသမီးက သူတို့ ဆိုင်ခန်းလေးကို လာသည်။ သူက ဝမ်းသာအားရ ဧည့်ခံ၊ သူ ကူးဆေးထားသည့် ဓါတ်ပုံအကောင်းစားများကို ကြည့်ပြီး မင်းသမီးက အံ့ဩနေ။

သူ့စိတ်ကူးနှင့်သူ အတန်ကြာ ကျေနပ်နေပြီး နောက်မှ သက်ဆွေထံမှ အသံမကြားရတော့ဘဲ ငြိမ်ချက်သား ကောင်းနေသည်ကို သတိရသည်။

လှည့်ကြည့်လိုက်သောအခါ ကုလားထိုင်တွင် ထိုင်လျက် နှင့်ပင် အိပ်ပျော်နေသော သက်ဆွေကို တွေ့လိုက်ရ၏။

❊ ❊ ❊

ဒေါင်းယာဉ်ဖြန့်ချိရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျွန်တော်တို့ ဌာနဆိုင်ရာ သက်သာချောင်ချိရေးအဖွဲ့မှ ယခုနှစ် အတွက် ထုတ်ဝေမည့် ပြက္ခဒိန်တွင် ရေးမြီးကြသေး မောင်နိုင်အနေနှင့် မျက်နှာဖုံး ဓါတ်ပုံရိုက်ကူးရန် ကူညီရိုက်ကူးပေးပါရန် အဖွဲ့ကိုယ်စား အလေးအနက် တောင်းဆိုအပ်ပါသည်။

ယခု လာရောက်ဆက်သွယ်သော ကျူးပစ်ဓါတ်ပုံလုပ်ငန်းမှ ဦးသက်ဆွေ နှင့် အဖွဲ့သားလည်း ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားပါသည်။

ဦးတင်ဆန်း

ဥက္ကဋ္ဌ

သက်သာချောင်ချိရေးအဖွဲ့

ဌာနဆိုင်ရာ အမည်ပါ စာရေးစက္ကူဖြင့် စာသားများကို လက်နှိပ်စက်ရိုက်ပြီး ရုံးတံဆိပ်၊ ရာထူးတံဆိပ် စသည်တို့ကို ရာဘာဆီးလ်ဖြင့် ကျကျနန ရိုက်နှိပ်ထားသော အကူအညီတောင်းစာကို ကြည့်၍ မြိုင့်စိတ်ထဲက ကျေနပ်သလိုလို ဖြစ်သွားသည်။

ဖတ်ပြီးသော စာကိုလည်း မမအား လှမ်းပေးလိုက်ပြီး . . .

"ဒါမျိုးကိုတော့ ဆရာ ပြောမနေတော့ဘဲ လက်ခံရိုက်ပေး လိုက်ရင်





ကောင်းမယ်ထင်တယ် မမ၊ အစိုးရ ဌာနတွေ အဖွဲ့အစည်းတွေကျတော့ ငြင်းချင်ဘူး၊ ပိုက်ဆံမရတောင် စိတ်ပါလက်ပါ ကူညီသင့်တယ်"

မမက စာကိုဖတ်၍ ခေါင်းညိတ်၏။

"ရိုက်လိုက်ပါ မြိုင်၊ ဒါက ပုဂ္ဂလိက စီးပွားရေးမှ မဟုတ်ပဲ"

"ကျွန်တော် သက်ဆွေပါ မမေသင်းခိုင်၊ ကျူးပစ်ဓါတ်ပုံ အဖွဲ့က

"ဪ . . . ဟုတ်ကဲ့"

မြိုင့်စိတ်ထဲ အံ့အားသင့်သလိုလို ဖြစ်သွားသည်။ မူလ ထင်မိ ည်က ရုံးစာတွင် ပါသော ဦးသက်ဆွေဟူသည့် အမည်ကို အကြောင်းပြု အသက် ခပ်ကြီးကြီးထဲက ဖြစ်မည်ဟု ဖြစ်သည်။ စောစောက သက်ဆွေ လူကိုယ်တိုင် တွေ့နေရသည့်တိုင် ဦးသက်ဆွေ မလာနိုင်၍ လူငယ်တစ် ယောက်ကို ကြိုတင်ညှိနှိုင်းရန် လွှတ်သည်ပဲ အောက်မေ့သည်။ သက်ဆွေ ဦးသက်ဆွေဟု မထင်မိ။

သက်ဆွေ၏ ကိုယ်တိုင်မိတ်ဆက် စကားကြားမှ မျက်လုံး လေး သွားသည်။ သည် ဦးသက်ဆွေက သူနှင့် မတိမ်းမယိမ်း အသက် ယောက်ပဲ ရှိမည်၊ ငယ်ငယ်လေး။

"မမေသင်းခိုင် . . . ဆရာဦးတင်ဆန်းရဲ့ စာကို ဖတ်ပြီးပြီ ထင်ပါ ယ်"

"ဖတ်ပြီးပါပြီ၊ အဲဒီကိစ္စကို မြိုင်က ဘယ်လို ကူညီရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ . . . မမေသင်းခိုင် ဘာကိုပြောတာလဲ"

မေသင်းခိုင်နှင့် သက်ဆွေတို့ ပြောနေသည့် စကားဝိုင်းထဲမှ မြိုင်ဆိုသော အမည်ပိုတစ်လုံး ပါလာသဖြင့် သက်ဆွေ ကြောင်သွားသည်။ မြိုင်က သဘောမပေါက်။

"မဟုတ်ဘူးလေ၊ မြိုင့်ဘက်က ဘာလုပ်ပေးရမလဲ မေးတာပါ"

သည်တစ်ခါတော့ မြိုင်က မြိုင့်ဘက်ကဆိုသော နေရာတွင် ကိုယ့်ရင်ကိုယ် လက်နှင့်ထောက်လိုက်သဖြင့် သက်ဆွေ အနည်းငယ် နားလည်သွားသည်။ မြိုင့်ကို အားနာပြုံး ပြုံး၍ ပြလိုက်ပြီး . . .

"ဆောရီးဗျာ . . . ကျွန်တော်က မမေသင်းခိုင်မှာ မြိုင်ဆိုတဲ့ နာမည် နောက်တစ်ခု ရှိမှန်း မသိလို့ပါ၊ မြိုင်ဆိုတာ ဒီပြင် တခြားတစ်ယောက်ကို ပြောတာမှတ်လို့"

မြိုင် ရယ်သည်။ နှုတ်ခမ်းအစုံကို သိသိသာသာချွန်လိုက်ပြီး . . .

"အို . . . ဒီလိုလား၊ မြိုင်ဆိုတာက မြိုင့် နာမည်ရင်းပါ၊ မေသင်းခိုင်က မင်းသမီး နာမည်၊ ကိုသက်ဆွေလည်း မြိုင်လို့ပဲ ခေါ်နိုင်ပါတယ်၊ ကျောင်းတုန်းက မြိုင့်နာမည်က နှင်းရည်မြိုင်တဲ့"

သက်ဆွေ အပြုံးဖြင့် ခေါင်းညိတ်သည်။

"ကောင်းပါပြီ မြိုင်၊ မမြိုင်နဲ့ ခုလို သိကျွမ်းခင်မင်ရတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာပါတယ်၊ အခုအတိုင်းကတော့ မမြိုင်ဘက်က ကျွန်တော့်ကို ရက်ချိန်းတစ်ရက်ပေးဖို့ပါပဲ၊ မမြိုင် အားမယ့်ရက်မှာ ကျွန်တော်တို့ ဓါတ်ပုံရိုက်ချင်ပါတယ်၊ အဆင်ပြေမယ့်ရက်ပေါ့"

"အင်း . . . ကိုသက်ဆွေတို့က ဘယ်နေ့ ရိုက်ချင်လို့လဲ"

"မမြိုင် အားတဲ့ရက်မှာ ကျွန်တော်တို့ ဖြစ်အောင် စီစဉ်ပါ့မယ်၊ မမြိုင် အဆင်ပြေမယ့် ရက်သာ ပြောပါ"

"ရိုက်တော့ကော ဘယ်မှာ ရိုက်မှာမို့လဲ ကိုသက်ဆွေ"

အဲ . . . ပြဿနာပဲဟု သက်ဆွေ ထိတ်သွားသည်။ အဲဒါတွေ စဉ်းစားထားရမည် ဆိုသည်ကို ခုထိ သတိမရ။ အင်ဒိုးရိုက်ရမှာလား၊ အောက်ဒိုးရိုက်ရမှာလားဟုပင် မတွေးမိသေး။ ကျောထဲချွေးများ နည်းနည်း စို့လာသည်။ သို့သော် ဟန်ကိုယ်ဖို့ ဆိုသည်ကိုတော့ မမေ့၊ သက်သက်သာသာ အမှုအရာဖြစ်အောင် လုပ်ယူလိုက်ရင်း . . .

"နှစ်နေရာလောက်တော့ ရွေးပြီး ရိုက်မယ် စဉ်းစားထားပါတယ် မမြိုင်၊ အင်းလျားလိတ်မှာဖြစ်ဖြစ်၊ ကရဝိတ်တက်ဖြစ်ဖြစ်"

"ကိုသက်ဆွေတို့ လာခေါ်မှာလား"

"လာ . . . လာခေါ်မှာပေါ့၊ မမြိုင်၊ အကြိုအပို့ ကျွန်တော်တို့ လုပ်မှာပါ"

"အဲဒါဆို လာမယ့် ဆန်းဒေး လုပ်ပေါ့"

"ဟုတ်ကဲ့"

ကြာလာလေလေ ကိုယ့်ဘက်က လုပ်ငန်းအတွေ့အကြုံမရှိသေး ကြောင်း ပေါ်လေလေဖြစ်မည်ကို သက်ဆွေ ကြောက်လာသည်။ စကားသိပ်မများရဲတော့ဘဲ လာမည့် ဟနင်္ဂနွေနေ့နံနက် ရှစ်နာရီ လာခေါ်မည်ဟုသာ ပြော၍ ခပ်သုတ်သုတ်ပင် ပြန်ထွက်ခဲ့သည်။

သက်ဆွေ ပြန်ထွက်သွားသောအခါ မြိုင်က စည့်ခန်းရှိ ပြက္ခဒိန်တွင် ထိုတနင်္ဂနွေနေ့လေးကို မင်နီလေးဖြင့် ဝိုင်းထားလိုက်၏။

၁၉၈၄ ခု၊ စက်တင်ဘာလ ၉ ရက်၊ တနင်္ဂနွေနေ့။





www.burmeseclassic.com

www.burmeseclassic.com

(၁)

"မေသင်းခိုင်က အပြင်ဘက်မှာ ဘယ်လိုနေလဲ ကိုသက်"

"ဘာကို ဘယ်လိုနေလဲလို့ မေးတာလဲ ကိုလှိုင်"

မြို့ငတို့ အိမ်မှ အပြန်တွင် သက်ဆွေ အလုပ်ခန်း ပြန်မသွားတော့ဘဲ အိမ်ပြန်ရင်း လမ်းကြုံသဖြင့် ကိုလှိုင်တို့အိမ် ဝင်သည်။

ကိုလှိုင်က သက်ဆွေ၏ အစ်ကိုဝမ်းကွဲ၊ သက်ဆွေ ဖခင်၏ ဝမ်းကွဲညီမှ မွေးသည့် သား။ သက်ဆွေထက် လေးငါးနှစ် ကြီးသည်။ ဆွေမျိုးအရင်းအချာကြီးတော့ မဟုတ်။ ဆွေမျိုးအရင်းအချာ မဟုတ်သလို ဆွေမျိုးအသိုင်းအဝိုင်းများနှင့် အနေအထိုင်ကော အလုပ်အကိုင်ပါ ကွာသည်။

ကိုလှိုင်က ကျောင်းဆရာ။ မြန်မာစာနှင့်ဘွဲ့ရ၍ မူလတန်းကျောင်းဆရာ လုပ်ပြီး သူ ဝါသနာပါရာ ကဗျာလေး၊ စာလေး အတိုအစများ ရေးနေသူ ဖြစ်သည်။ လူချောင်း လူအေး၊ ဘာဟိတ်ဟန်မှု မရှိ။

"မဟုတ်ဘူးလေကွာ၊ ရုပ်ရှင်ထဲကလိုပဲ အပြင်မှာကော လှလှပပနဲ့ အေးအေးချမ်းချမ်း ရှိရဲ့လားလို့ မေးတာ"

သက်ဆွေက ရယ်၍ . . .

"ကိုလှိုင် သူပါတဲ့ ရုပ်ရှင် ကြည့်ဖူးလို့လား"

ကိုလှိုင် ခေါင်းညိတ်သည်။

"ကြည့်ဖူးပါတယ်၊ ရုပ်ရှင်ထဲမှာတော့ ခပ်အေးအေးလေးပဲ၊





အမူအရာ အပြောအဆိုလေးတွေလည်း ချစ်စရာ ကောင်းတယ်"

"ကျွန်တော်က သူ့ရုပ်ရှင်တစ်ကားမှ မကြည့်ဖူးဘူး ကိုလှိုင်ရ၊ တ်ပုံလောက်ပဲ စာအုပ်တွေထဲမှာ မြင်ဖူးတာ၊ အပြင်မှာလဲ ဒီရုပ်ပါပဲ၊ ပါတယ်၊ အေးမအေးတော့ မပြောတတ်ဘူး၊ ခုမှ ခဏဘစ်ဖြတ်ပဲ တွေ့ဖူး ဘ၊ ဘစ်ခုတော့ ကျွန်တော် အံ့ဩသွားတယ်၊ ကျွန်တော့် စိတ်ထဲမှာ ရုပ်ရှင် င်းသမီးဆိုတော့ သိပ်ငယ်ငယ်လေး မဖြစ်နိုင်ဘူး ထင်နေတာ၊ ခုတော့ ူက ကျွန်တော့ထက်တောင် ငယ်ချင် ငယ်မယ် ကိုလှိုင်ရ အရမ်းနုတာပဲ"

"ငယ်နိုင်တာပေါ့ ကိုသက်ရ၊ အဲဒီကောင်မလေး ရုပ်ရှင် စရိုက် တာ အပျိုပေါက်လေးပဲ ရှိဦးမှာ၊ ခုမှ အလွန်ဆုံးရှိ နှစ်ဆယ် နှစ်ဆယ့်တစ် ါ ဒါနဲ့ ဓါတ်ပုံရိုက်ဖို့ကော အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုလှိုင်၊ လာမယ့် တနင်္ဂနွေနေ့ရိုက်ဖို့ ချိန်းထားခဲ့ ယ်"

"အေးပေါ့ကွာ ကိုသက်ရာ၊ သေသေချာချာလေးတော့ လုပ်ပေါ့၊ တ်ပုံလုပ်ငန်းဆိုတာလည်း နာမည်က အရေးကြီးတာပဲ၊ ကောင်မလေးက ည်း လှပါတယ်၊ ဓါတ်ပုံစားတဲ့ ရုပ်မျိုးပဲ"

"အဲဒါကြောင့် ကိုလှိုင့်ဆီ ဝင်လာတာ၊ ဘယ်လိုပုံစံလေး ရိုက်ရရင် ာင်းမလဲဆိုတာ ကိုလှိုင်နဲ့ တိုင်ပင်ချင်လို့"

ကိုလှိုင်က ရယ်သည်။

"ဟ . . . အဲဒါ ငါ့လာတိုင်ပင်လို့ ဘာအကျိုးရှိမှာလဲ ကိုသက်ရ၊ ာ အဲဒါမျိုး လုပ်တတ်တာမှ မဟုတ်ဘဲ၊ ဒါမျိုးက ဓါတ်ပုံဆရာများမှ င်းကျင်မှာပေါ့"

"မဟုတ်ပါဘူး ကိုလှိုင်ရ၊ ကိုလှိုင့်ဆီက ဓါတ်ပုံအကြံ သိချင်တာမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ၊ ရှိက်ရမယ့် စိတ်ကူးစိတ်သန်းပုံစံလေး လိုချင်တာပါ။ စိတ်ကူး စိတ်သန်း ကောင်းကောင်းလေးတွေ ကိုလှိုင့်မှာ ရှိပါတယ်၊ နည်းနည်းပါးပါး တော့ အကြံပေးမိမ်းပါ"

ကိုလှိုင်နှင့် ပတ်သက်လာရင် ဒီပြင် ဆွေမျိုးများနှင့် မတူဘဲ သက်ဆွေ သီးသန့်လေးစားသည့် အချက်ကလေးတွေ ရှိသည်။ ကျန်သည့် ဆွေမျိုး အသိုက်အဝန်းများကတော့ ဒီကိစ္စမျိုးလည်း စိတ်မဝင်စား။ ကိုယ့် ရာထူး ကိုယ့်အရှိန်နှင့်ကိုယ် သီးခြားနေကြသည်မို့ ကိုလှိုင့်ကို သိပ်လူရာ မသွင်းကြချင်။

သက်ဆွေကသာ ကိုလှိုင်ကို ခင်လည်းခင်၊ လေးလည်း လေးစား ပြီး ဘာကိစ္စဖြစ်ဖြစ် ပြေးတိုင်ပင်တာမျိုး၊ အကြံယူတာမျိုးလေးတွေ လုပ် သည်။

သူ့ဘဝနှင့်သူ ကျေနပ်ပြီး ငွေကြေးအရ၊ ဂုဏ်ပကာသနအရ အောင်မြင်တာ မအောင်မြင်တာ အပထား၊ စာဖတ်၍ လူ့သဘာဝကို နားလည်သော ကိုလှိုင်မှာ တချို့ကိစ္စများ အားထားရတာလေးတွေ ရှိသည် ဟု ယုံကြည်၏။

✕

စင်စစ် သက်ဆွေ ခုလို ကိုယ်ပိုင်လုပ်ငန်း လုပ်ဖြစ်လာတာ ကလည်း ကိုလှိုင့် စိတ်ကူးစိတ်သန်း ပါသင့်သလောက် ပါသည်။

သက်ဆွေ နောက်ဆုံးနှစ် စာမေးပွဲ ဖြေအပြီးတွင် ရွေးချယ် ရမည့် ဘဝကိစ္စအတွက် ကိုလှိုင်နှင့် တိုင်ပင်ခဲ့သည်။ ထိုစဉ်က ကိုလှိုင်က

...





"ဖြစ်လည်းဖြစ်နိုင်မယ်၊ တတ်နိုင်သလောက် အရင်းနှီးလည်း စိုက်ထုတ်နိုင်မယ် ဆိုရင်တော့ မင်းတို့ပညာတတ် လူငယ်တွေ ကိုယ်ပိုင် အလုပ်လေးတွေလုပ်ဖို့ ငါ တိုက်တွန်းချင်တယ် ကိုသက်၊ ဘာဖြစ်လို့လဲဆို တော့ ဒီနေ့ တို့တိုင်းပြည်က လူငယ်ပညာတတ်တွေဟာ ကိုယ်ပိုင် စိတ်ကူး စိတ်သန်းနဲ့ အလုပ်လုပ်ကြဖို့ သိပ် အားနည်းနေကြတယ်"

ဟူသော စကားမှ အစပြု၍ သူ့အယူအဆများကို ရှင်းပြခဲ့ သည်။

"လူငယ်ပညာတတ် ရာခိုင်နှုန်း တော်တော်များများဟာ ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင်၊ အင်မတန်မှ ရှားပါးခက်ခဲနေတဲ့ လခစား အစိုးရ အလုပ်တွေချည်း စုပြုံးတိုးဝှေ့နေကြတယ်၊ ဒါမှမဟုတ် နိုင်ငံခြားထွက်ပြီး စီးပွားရှာရမယ့် သင်္ဘောသား အလုပ်လိုဟာမျိုးတွေမှာချည်း အလုအယက် အလိမ်အညာခံပြီး စိတ်ဝင်စားနေကြတယ်"

အစိုးရ အလုပ်လည်း မကောင်းလို့ မဟုတ်ဘူး၊ နိုင်ငံခြားသွား ပိုက်ဆံရှာတာလည်း အပြစ်မပြောပါဘူး၊ ဒါပေမယ့် လောကမှာ လုပ်စရာ အလုပ်က ဒါပဲရှိတာမှ မဟုတ်ဘဲ ကိုသက်၊ ဒီပြင်ဟာ မကြည့်နဲ့ ပြည်တွင်းမှာ ပဲနေပြီး ကိုယ်ပိုင်လုပ်ငန်းကိုယ်စီနဲ့ ကြီးပွားနေကြတဲ့ တို့တိုင်းပြည်တဲက လူမျိုးခြားတွေကို သတိထားကြည့်။

သူတို့နေရာတွေမှာ တို့ဆီက လူငယ်တွေ အတုယူလေ့လာသင့် တာတွေ အများကြီးရှိတယ်၊ သူတို့မှာ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းတွေ ရှိတယ်၊ နိုင်ငံအခြေအနေကို ကြည့်ပြီး ဘာလုပ်ရမယ်ဆိုတာ နားလည် တယ်၊ ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ ပင်းပန်းလျော်ပဲဆိုပြီး ကျန်နေခဲ့တာလဲ သူတို့ပဲ၊ သူတို့အဝန်းအဝိုင်းမှာ အလုပ်လာတိမ့် ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ရှားပါးတယ်။ တိုင်းပြည်က ခွင့်ပြုတဲ့ အကန့်အသတ်ထဲမှာ သူတို့ ချင်ကျွင်လည်လည် စီးပွားရှာတတ်တယ်။

တို့ဆီကကြ လူငယ်တွေကလည်း အဲဒီလိုပဲ စီးပွားရေးပညာ တတ်အောင် လုပ်သင့်တယ်၊ တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေး တည်ငြိမ်မှု ဆိုတာ အဲဒီပြည်သားတွေ တစ်ဦးစီရဲ့ စီးပွားရေး တည်ငြိမ်မှုနဲ့ အများကြီး ဆက်စပ်နေတယ် ကိုသက်၊ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းတွေလည်း အများကြီး လိုအပ်တယ်။

ဤနည်းဖြင့် အကျယ်တဝင့် ရှင်းပြသည်ကို နားထောင်ပြီး သက်ဆွေ ကိုယ်ပိုင် အလုပ်လုပ်ဖြစ်လာခြင်း ဖြစ်သည်။

ဂိုအဆင်သင့်သွားသည်မှာ ရတော့မည် ဘွဲ့နှင့်၊ သားဖြစ်သူများကို ဘာအကြံပေး ကိုက်တွန်းရမှန်းမသိ ဖြစ်နေသည့် သက်ဆွေနှင့်တကွ မာန်အောင်တို့ မိဘတွေကပါ သက်ဆွေတို့ စိတ်ကူးကို လက်ခံပြီး အသင့် အတင့် ငွေရင်း ငွေနှီးလေးများပါ ထုတ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

နို့မို့ သူတို့ အပျော်ပစ်အဖွဲ့သား သုံးယောက်လုံး ခုထိယောင်လည်လည် ဖြစ်နေကြဦးမှာ သေချာ၏။

ᨀᨀᨀ

(၆)

"ငါလည်း လိုက်ကြည့်ချင်တယ်ကွာ သက်ဆွေရာ၊ မင်းသမီးတွေ ဘာတွေ အပြင်မှာ ဘယ်လိုနေလဲ ထိုင်လဲဆိုတာ သိချင်လို့"

ပြဿနာပဲဟု သက်ဆွေ စိတ်အနည်းငယ်ပါး ညစ်သွားသည်။ ကျော်ဇောကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး . . .

"မင်းပါလိုက်တော့ ဆိုင်ကို ဘယ်သူက ကြည့်ကျန်ခဲ့မှာလဲ ကျော်ဇော၊ ပြီးတော့ ကားထဲမှာလည်း လူတွေ တစ်ပြုံတမကြီးနဲ့ ကျပ်ညပ် နေမှာပေါ့"

"ဆိုင်က ခဏပိတ်ထားခဲ့မှာပေါ့ကွ၊ ဘာအလုပ်မှရှိတာမှမဟုတ်ပဲ၊ ကားတလည်း စုစုပေါင်းမှ လူလေးယောက်တည်း စီးမှာပါကွာ၊ မကျပ်ပါဘူး"

"ဟ . . . မင်းသမီးက တစ်ယောက်တည်း လိုက်မလားကွ၊ အဖော်ပါဦးမှာပေါ့၊ ပြီးတော့ ပစ္စည်းပစ္စယတွေ ပါချင်ပါဦးမှာ"

သက်ဆွေ စကားအဆုံးမှာ မာန်အောင်ကပါ ဝင်၍ . . .

"နေခဲ့စမ်းပါ ကျော်ဇောရာ၊ အလုပ်သွားလုပ်တဲ့ကိစ္စမှာ လိုက်မရှုပ် စမ်းပါနဲ့"

စုစုပေါင်းမှ လူသုံးယောက်သာ ရှိသည့်အနက်၊ နှစ်မဲနှင့်သစ်မဲ ဖြစ်ပြီး၊ တစ်စက်ကလေးမှ ခေါ် ချင်ပုံလည်း နှစ်မဲသမားများကမရသဖြင့် ကျော်ဇော ငြိမ်သွားသည်။

သူ့စိတ်ထဲတွင် ပထမဦးဆုံး အကြိမ်အဖြစ် ဆိုင်မှာထိုင်ပြီး လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



သော အလုပ်အတွက် စိတ်ပျက်သွားပုံလည်း ရသည်။

"အေးအေး နေပါ၊ ခင်မောင်ဘူးရာ၊ မင်း သိပ်တွေချင် မြင်ချင်ရင် နောက်တစ် ငါ့ဆိုင်ကို အလည်ခေါ် ပေးပါ့မယ်၊ ခုတော့ ငါ့ကားအစုတ်လေးထဲ ကျပ်ကျပ်ညပ်ညပ်လိုက်ပြီး မမွန်ပါနဲ့ဦး၊ ဇောက်ဝက်ဂင်ဆိုတာ နဂိုကတည်းက ပြတင်းပေါက်မရှိလို့ ပူတဲ့ ဒိုက်ကဲ့ ကားမျိုးပါ၊"

သည်မနက်အဖို့ သည်ကိစ္စမျိုးချည်း ရှင်းနေရကာ နှစ်ခါရှိပြီဟု စိတ်ထဲက တွေးမိသည်။ မနက်ကလည်း အိမ်ကအထွက်မှာ ဘယ်လို ဘယ်လို သတင်းရ၍ ရောက်လာမှန်း မသိသော ညီမဝမ်းကွဲ တစ်ယောက်ကလည်း လိုက်ချင်ကြောင်း တဆာဆာပူဆာ၍ ဒီနည်းအတိုင်းပင် အတင်းတောင်းပန်ထားရစ်ခဲ့ရသည်။

အိမ်မှာ အတူနေသော အဖေ့အစ်မ အပျိုကြီး ကြီးကြီးစိုးကပင် 'ဟဲ့ . . . ရုပ်ရှင်မင်းသမီးကို နင်တို့ ခေါ်ပုံသွားရိုက်မှာဆိုတော့ ငါတောင် လိုက်ချင်သေးတယ်၊ မင်းသမီးကို အနီးကပ်မြင်ဖူးတာပေါ့' ဟု တောင့်တောင့်တတ ဝင်ပြောသေးသည်။ မောင်လုပ်သူ သက်ဆွေအဖေက 'ဟာဗျာ . . . မမကလဲ ကလေးမဟုတ် သူငယ်မဟုတ်နဲ့' ဆိုပြီး ဝင်ဟန့်မှ မအိမလည်နှင့် ကျန်နေခဲ့ခြင်း ဖြစ်၏။

ခုလည်း ဂအောင့်သည်းအောင့်သက်ဖြစ်ကာ ဆိုင်မှာ ကျန်နေခဲ့သော ကျော်ဇောကို ထားခဲ့ရသည်။ မာန်အောင်နှင့် နှစ်ယောက် ကားမောင်းလာရင်း သက်ဆွေက ထိုကိစ္စများကို တွေးမိသဖြင့် . . .

"လူတွေက မင်းသမီးတို့ မင်းသားတို့ကို အပြင်မှာ တော်တော်မြင်ဖူးချင်ကြတာပဲနော် မာန်အောင်၊ ငါ အစတုန်းက ဒီလောက် ဖြစ်ကြမယ် မထင်ဘူး"



"အလကားပါကွာ၊ ရှူးနေကြတာပါ"

ကားမောင်းရင်း ပြောလိုက်သော သက်ဆွေစကားကို မာန်အောင်က ထုံးစံအတိုင်း တုံးတိတိနှင့် ပြတ်ပြတ်သားသားပင် တုံ့ပြန်သည်။ န်အောင် စရိုက်က ဒီအတိုင်း။

သက်ဆွေ ဘာမှမပြောတော့ပဲ ရယ်၍ သူမောင်းနေသော ကားမှာသာ အာရုံပြုထားလိုက်၏။

ကြည်ပြာနုရောင် ဇောက်ဝက်ဂင် ကားလေးကလည်း ရုပ်ရှင်းသမီးကို သူ့ကိုယ်ပေါ် တင်ရတော့မည်ကို သိနေ၍လား မသိ၊ ခါတိုင်း ဂျိုဂျောင်တွေ ဘာတွေပင် မလုပ်။ စိတ်ပါလက်ပါနှင့် ချောချောမောမော ပြေးလွှားလျက်။

"ဟင်"

သက်ဆွေ ရင်ထဲတွင် အံ့ဩစိတ်တစ်ခုနှင့် ရင်ခုန်မှုလေး တစ်ခု တစ်ပြိုင်နက်တည်း ဖြစ်သွားသည်။

အလျင်တစ်ခါ တွေ့တုန်းကလည်း မလှတာတော့ မဟုတ်။ လှမှန်းသိသာအောင် လှသည်။ သို့သော ခုဟာက ရက်ရက်စက်စက် လှလွန်းနေသည့် အလှ။

အိမ်ပေါ် ရောက်ရောက်ချင်း မြိုင့် မောင်လေးက တံခါးဖွင့်ပေးသည်။ ခဏလေး စောင့်ပါဟု ဆိုသဖြင့် သက်ဆွေ ဧည့်ခန်းမှ တိုင်စောင့်နေရသေးသည်။ ခဏကြာသောအခါ အိပ်ခန်းမှ ခန်းဆီးလေး လှုပ်ခါ ဖြစ်သွားပြီး မြိုင် ထွက်လာ၏။

အံ့ဩစိတ်ကြောင့် သက်ဆွေ ပါးစပ် ဟတတ အနေအထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စက္ကူနံ့အနည်းငယ် အရုပ်တစ်ရုပ် ဖြစ်သွားသည်။

မြိုင်က သက်ဆွေကို မြင်မြင်ချင်း ပြုံးလိုက်ပြီး . . .

"ကိုသက်ဆွေတို့က အချိန်မှန်သားပဲ၊ မြိုင်က နောက်ကျမယ်ထင်ပြီး ခပ်အေးအေး လုပ်နေတာ၊ ခုတော့ ပြီးသွားပါပြီ၊ သွားကြတော့မလား"

သည်တော့မှ သက်ဆွေ၏အသက်က ခန္ဓာကိုယ်ထဲသို့ ကမန်းကတန်း ပြေးဝင်လာသည်။ ဓါတ်ပုံရိုက်ရန်အတွက် အထူးပြင်ဆင်ထားသော အဝတ်အစား၊ မျက်နှာ မိတ်ကပ်တို့ဖြင့် တဆန်းတပြား လှနေသော မြိုင့်ကို ကပျာကယာ အဖြေပြန်ပေးရ၏။

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . မမြိုင်"

ပြောပြောဆိုဆိုနှင့် သက်ဆွေက ထအရပ်၊ မြိုင်က အခန်းထဲဘက် လှည့်၍ . . .

"မမ ပြီးရင်လာတော့လေ၊ ဒီမှာ သူများတွေ စောင့်နေရတာ အားနာစရာကြီး"

"အေး . . . အေး၊ လာပြီ မြိုင်" ဟု အခန်းထဲမှ ပြန်ပြောသံ ကြားရသည်။

ဒီတော့မှ ခု ခရီးမှာ မြိုင်တစ်ယောက်တည်း လိုက်မှာ မဟုတ်ဘဲ အဖော်ပါသေးကြောင်း သတိပြုမိသည်။ တော်ပါသေးရဲ့ဟု သက်ဆွေ စိတ်ထဲက အောက်မေ့လိုက်၏။

ဘာပြောပြော မြိုင် ပြင်ဆင်ထားတာကြည့်ပြီး သက်ဆွေ ရင်ခုန်နေမိတာအမှန်။ အကယ်၍ နှစ်ယောက်ချင်းသာ အတူတူသွား၊ အတူလျှောက်များနေရလျှင် လူက ငြိမ်ချင်တောင် စိတ်ကငြိမ်မှာ မဟုတ်သဖြင့် ကယောင်ကတမ်းတွေ ဖြစ်နေမိမှာ မလွဲ။





သူ့အဖော်နှင့်သူဆိုတော့ ဘေးမှာ လူရှိနေသည့် အရှိန်ဖြင့် ရင်ခုန်လှုပ်ရှားသော စိတ်က သျှော့ပါးသွားနိုင်သည်။

နောက်က လိုက်ထွက်လာသော အစ်မကြီးကတော့ အသင့်အတင့် ပြင်ဆင်ထား၏။ မိတ်ကပ်တွေ ဘာတွေ သိပ်ခြယ်မှုန်း မထား။

"ကဲ . . . သွားစို့ ကိုသက်ဆွေ"

မြိုင်က မင်းသမီးမို့ ဒီလိုအလုပ်ကိစ္စကြောင့် သွားလာမှုတွေ ရှိနေပြီလားမသိ၊ သက်ဆွေကို ရင်းရင်းနှီးနှီး လေသံဖြင့်ပင် အေးအေးဆေးဆေး ပြောလိုက်သည်။

သက်ဆွေအဖို့သာ မသက်သာ။ လှသောရုပ်ဖြင့် ဖမ်းစားထား၍မှ အကင်းမသေခင် ကိုယ့်ကို အပြုံးနှင့်တကွ ရင်းရင်းနှီးနှီး ခေါ်ပြောဆက်ဆံလိုက်သော အသံတစ်မျိုး၏အလှကြောင့် ဣန္ဒြေက သိပ်မရချင်တော့။

ပြီးတော့ သိပ်မကျယ်ဝန်းလှသော ဧည့်ခန်းလေးထဲမှာ မြိုင့်ကိုယ်မှ သင်းပျံ့သော အမျိုးအမည်မသိ ရေမွှေးနံ့လေးကလည်း အညှာလွယ်နေသော စိတ်ကို လှုပ်ခါပေးနေသည်။

သူတို့တစ်တွေ ပိတ်ကားပေါ် မှတစ်ဆင့် ရင်းနှီးနေသော မင်းသမီးတို့ အပြင်မှာ ဘာကြောင့် တွေ့ချင်ကြသလဲဟု ကိုလှိုင်တို့ ကျော်ဇောတို့ အပါအဝင် ကြီးကြီးစိုးတို့ ညီမလေးတို့ကို နားမလည်ခဲ့သော သက်ဆွေ ခုမှ ထိုကိစ္စကို သဘောပေါက်သည်။

မင်းသမီး ဆိုသည်မှာ သူ့အပြင်မှာ တွေ့ဖူးမြင်ဖူး ခင်ဖူး မင်ဖူးနေသော မိန်းကလေးများနှင့် နည်းနည်းတော့ ကွာခြားကြောင်း မသိချင်ရှိ နေအောင်ပင် သိလိုက်ရသောကြောင့် ဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ကိုသက်ဆွေက ဓါတ်ပုံဆရာအလုပ်ကော၊ ယာဉ်မောင်းအလုပ်ကော တစ်ပြိုင်တည်း အလုပ်နှစ်ခု လုပ်တာပါလား။ စီးပွားရေးလည်း အရမ်းမသောင်းကျန်းနဲ့နော်"

ဗောက်ဝက်ဂင်ကားတို့မည်သည် နောက်ခန်း၌ မှန်အပြည့်ဖွင့်၍ရသော ပြတင်းပေါက် မပါရှိ။ သို့အတွက် ဒိပြင် ကားထက်စာလျှင် အနံ့လည်း လုံသည်၊ အသံလည်း လုံသည်။

နောက်ခန်းမှ မြိုင်၏ နောက်တောက်တောက်လေသံဖြင့် ပြောလိုက်သော စကားသံ ကြည်ကြည်လေး၊ ရယ်သံလွင်လွင်လေးနှင့် သတိမထားဘဲ မနေနိုင်လောက်အောင် သင်းပျံ့နေသော ရေမွှေးနံ့၊ နံ့သာနံ့လေးများက မောင်းနေသော ကားသည် လမ်းပေါ်မှာ မဟုတ်ဘဲ၊ တိမ်စိုင်တွေထဲမှာ ရောက်နေသလိုဖြစ်အောင် လုပ်ပေးနေသည်။

သက်ဆွေက နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်ရင်း . . .

"စီးပွားရေး သောင်းကျန်းတာ မဟုတ်ဘူး မမြိုင်၊ ကားငှားစရာကိုပိုက်ဆံမရှိလို့ အိမ်က အဘိုးကြီးဆီက ဂျိုတိုက်တောင်းလာခဲ့တဲ့ကားကိုကိုယ်တိုင်မောင်းနေရတာပါ။ ကျွန်တော်တို့က နာမည်ကြီး ဓါတ်ပုံဆရာတွေ မဟုတ်သေးဘူး မမြိုင်ရဲ့၊ ရှိစု မယ့်စုလေးနဲ့ ခုမှ စမ်းတဝါးဝါး ပျိုးထောင်နေရတာ"



"ဩော် . . . ကားငှားစရာမရှိလို့ ကိုယ်ပိုင်ကားလေး မောင်းလာရတယ်ဆိုတော့ တော်တော်သနားစရာ ကောင်းတာပဲ၊ ဘာလို့ အဲလောက်ဆင်းရဲနေရတာလဲ ငါ့မောင်ရယ်"

"ဟုတ်ပါရဲ့ မမရယ်၊ နာမည်ကြီး ဓါတ်ပုံဆရာတွေတောင် ကိုယ်ပိုင်ကား စီးနိုင်ကြတာ မဟုတ်ဘူး"

သက်ဆွေ စကားအဆုံးမှာ မြိုင်က မမဟုခေါ်သော အစ်မကြီးကဝင်နောက်သည်။ မြိုင်က ခနဲ့တဲ့တဲ့ အသံလေးဖြင့် ပြောရင်း ရယ်ပြန်၏။

မာန်အောင်ကတော့ ဘာမျှဝင်မပြော၊ အခြေအနေကို စောင့်ကြည့်နေသလိုလို၊ ဘာလိုလို အမူအရာဖြင့် ပြုံးတုံ့တုံ့သာ လုပ်နေသည်။

သက်ဆွေကသာ တိမ်တွေထဲမှာ ကားမောင်းရင်း ခန္ဓာကိုယ်က ကုရှင်အထက် တစ်ပေမြောက်တက်နေသလို စိတ်ထဲမှ ထင်လျက် တဟဲဟဲရယ်လိုက်သည်။

"အဖေ့ကားပါဗျာ၊ ခုတောင် မမြိုင်တို့နဲ့ သွားရမှာဆိုပြီး အဘိုးကြီးက စိတ်လိုလက်ရ ပေးလိုက်လို့ပါ၊ ခါတိုင်းအချိန်ဆို သူ့ကားပေါ် ကျွန်တော်တက်ထိုင်တာတောင် သိပ်မကြိုက်ချင်ပါဘူး"

"ဩော် . . . ကိုသက်ဆွေတို့က အိမ်ထောင်ခွဲပြီး တစ်စီးပွားစီမှီလို့နဲ့ တူတယ်"

"ဟာ . . . မဟုတ်ပါဘူး မမြိုင်ရ၊ ကျွန်တော့်မှာ ခွဲစရာအိမ်ထောင် မရှိပါဘူး"

ပျာပျာသလဲ ပြောလိုက်သော သက်ဆွေ စကားကြောင့် မြိုင်ကအသံလွင်လွင်လေးဖြင့် အားရပါးရ ရယ်သည်။ ပြီးမှ ရယ်ထားသော ပါးစပ်လေးကို လက်ဖြင့် ကာရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ ပြောနေတာက ဘစ်စီးပွားစီလို ဖြစ်နေတာကိုး၊ ဒါဖြင့် ဘာများ ထူးလို့လဲ၊ အဖေပိုင်တာနဲ့ သားပိုင်တာ အတူတူပဲပေါ့"

"ဓါတ်ပုံလုပ်ငန်းက ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် စုပြီး ရှယ်ယာ လုပ်ထားတာ"

"ဪ . . . ဒီလိုလား"

ဒီဘက်မှာ ရယ်ရယ်မောမော ရွှင်ရွှင်ပျပျနှင့် လှပသော ကမ္ဘာလေး တည်ဆောက်နေစဉ် ဖြန်းဆိုတုံးတိတိလေးသံဖြင့် ကိုရှိကားရားကြီး ဝင်လာသော မာန်အောင် စကားသံကြောင့် သက်ဆွေ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

လွတ်လွတ်လပ်လပ်ကလေး ရယ်၍ ရင်းနှီးကျွမ်းဝင်ပြီးသား မိတ်ဆွေများလို နောက်ပြောင်လာသော မြိုင့် အပျော်ကလေးပင် ရုတ်တရက် ခလုတ်တိုက်မိသွားသလို ရပ်သွားပုံရသည်။

မျက်နှာဖိုး ကပျာကယာ သပ်၍ ခပ်တည်တည်ဖြင့် 'ဪ' မရှင်းမလင်းဖြစ်နေသော ပြဿနာတစ်ရပ်ကို သူ့ ဝင်ကယ်ပေးလိုက်သဖြင့် ပြေလည် နားလည်သွားပြီဟု ယူဆသလား မသိ။ ရှေ့ဘက် ပြန်မှည့်ပြီး ခပ်တည်တည်ပင် ဆက်ထိုင်နေသည်။

ခုချိန်မှာတော့ ခါတိုင်း စကားမပြောသဖြင့် စိတ်ညစ်ရသော မာန်အောင့်ပါးစပ်ကို ပလာစတာနှင့် ပိတ်လို့ရ ပိတ်ထားလိုက်ချင်စိတ် ပေါ်သွား၏။

"နှင်းဘာလေးတွေက ဟုတ်ကော ဟုတ်ပါ့မလား မြိုင်ရယ်၊ ဒါဖြင့်



ည့်ရတာ တစ်စက်မှ အားမရှိဘူး"

မမက ဓါတ်ပုံရိုက်မည့် အင်းလျားကန်ဟိုတယ်ဝင်းထဲ ရောက်ည်နှင့် သက်ဆွေတို့ ကင်မရာထုတ်၊ ထရိုက်ပေါ်ထောင်နှင့် အလုပ်ရှုပ်ဆဲ မြိုင့်နားကပ်၍ တိုးတိုးပြောသည်။ မြိုင်က ရယ်ရင်း . . .

"ဘာဖြစ်လို့လဲ မမရဲ့"

"ဘာဖြစ်ရမလဲ၊ နင့်ဓါတ်ပုံဆရာ ဆိုတာတွေက လူကလည်း လောက်လေး မလောက်စားလေးတွေ၊ ပြီးတော့ ဒါမျိုးလည်း ရိုက်ဖူးဘူး၊ နာမည်တောင်မှ ခုမှ ကြားဖူးတာ၊ တော်ကြာ ထွက်လာတဲ့ ဓါတ်ပုံတောင်းမကန်းနဲ့ ကိုရှိုကားရားတွေ ဖြစ်ကုန်ရင် မလွယ်ဘူး၊ ဒီကြားထဲန်အောင်ဆိုတဲ့ ဟိုတစ်ယောက်ကလည်း စကားပြောရင် လေသံကယ်လိုကြီးမှန်း မသိဘူး၊ တုံးတိတိကြီးနဲ့"

မမ၏ ရှေ့နှင့်နောက် ဆက်စပ်မှု မရှိသော ဝေဖန်ချက်ကြောင့်င်က ရယ်သည်။

မမ မကြည်မလင် ဖြစ်မည်ဆိုလည်း ဖြစ်စရာပင်ဟု မြိုင် တွေးမိည်။ နာမည်ကြီး ဝါရင့်ဓါတ်ပုံဆရာတစ်ယောက်တွင် ရှိရမည့် အတွေ့ကြုံနှင့် အသက်အရွယ်မျိုး သက်ဆွေတို့မှာ လုံးဝမရှိ။ သက်ဆွေတို့ကိုည့်ရသည်ကပင် ကြေးစားဓါတ်ပုံဆရာများနှင့် မတူ။ ဓါတ်ပုံလက်သင်ားလေးတွေ အပျော်တမ်း လုပ်နေကြပုံမျိုး ဖြစ်နေသည်။

သည်မျှနှင့် မမက မရပ်ချင်။ မကျေမနပ် လေသံဖြင့် ဆက်၍

"အစိုးရဌာနတစ်ခုလုပ်ပြီး နာမည်ကြီး ဓါတ်ပုံဆရာတော့ ုံးဘူး၊ ဘယ်လိုဟာလေးတွေ ခေါ် လုပ်ခိုင်းမှန်းလည်း မပြောတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မြိုင်က ရယ်သည်။ မမကို နှစ်သိမ့်သော လေသံဖြင့် . . .

"ခါတ်ပုံ ထွက်တဲ့အထိတော့ စောင့်ကြည့်ကြတာပေါ့ မမရယ်၊ တစ်ခါတလေကျတော့လည်း ခုလို နာမည်မရှိတဲ့ ဓါတ်ပုံသမားတွေက ကြိုးကြိုးစားစား လုပ်ထားလို့ ပိုကောင်းချင်လဲ ကောင်းတတ်ပါတယ်"

သက်ဆွေတို့အဖွဲ့ကို မြိုင် အထင်ကြီးလို့တော့ မဟုတ်ပေ။ အထင်အနေနှင့်ကတော့ ကြီးစရာ တစ်စက်ကလေးမှ မမြင်၊ သို့သော်လည်း အဖွဲ့လေးက ခင်စရာတော့ ကောင်းသည်။

နာမည်ကြီး အဖွဲ့ဆို ထည်ဝါနေကြ၊ ခမ်းနားနေကြ၊ ကြီးကျယ်နေကြဦးမည်။ သူတို့ကျတော့ ရွယ်တူ သူငယ်ချင်းတွေလို ဖြစ်နေသည့် အပြင် ကိုယ့်လောက် မင်းသမီးကိုပင် ပျာယာခတ်၍ ဂရုစိုက်နေကြ၏။

မာန်အောင့်လေသံ တုံးတိတိဆိုသည်ကလည်း တကယ်တော့ ဘာမျှစော်ကားမော်ကားနှင့် ပမာမခန့် လုပ်နေတာမျိုး မဟုတ်။ သူ့စရိုက်ကိုက စကားနည်းသူမို့ ဒီလိုပဲ လိုရင်းစကားကို အဖွဲ့အနွဲ့မပါဘဲ ပြောနေကျဖြစ်မည်။ ဘဝင်မြင့်ပုံမျိုးလည်း မဟုတ်။ ရိုင်းတာမျိုးလည်း မပါ။ ဒီအဖွဲ့မှာပဲ နှစ်ယော[illegible]လုံး သိမ်မွေ့တာကတော့ သိမ်မွေ့သူချည်း ဖြစ်သည်၊ တုံးတိတိ ပြောတတ်တာနှင့် ကြမ်းတမ်းရိုင်းစိုင်းတာသည် များစွာ ခြားနား၏။

အထူးသဖြင့် ဝါရင့် လုပ်စားကိုင်စား ပညာသည်များကို အပြော အဆို အနေအထိုင်ကအစ မကြမ်းတမ်း။ ကျောင်းသားသက် ကျောင်းသား ငွေ့ မကုန်ကြသေးသူများပီပီ ကျောင်းသားလေးတွေလိုပင် သိမ်မွေ့နေကြသေးသည်။ လုပ်ငန်းအတွက် အဆင်ပြေတာ မပြေတာ အပထား၊ သူတို့နှင့် ဆိုလျှင် ကိုယ်လည်း ကျောင်းသူဘဝတုန်းကလို ဂုဏ်ရှိရှိ ကျက်သရေရှိ



လေး ပြန်နေနေရသည်။

"အဆင်သင့်ဖြစ်ရင် ရိုက်ရအောင် မမြိုင်"

ဓါတ်ပုံရိုက်ဖို့ လာခေါ်သော သက်ဆွေ အမူအရာလေးက ရိုကျိုး သလိုလို ယဉ်ကျေးသလိုလိုနှင့် တလေးတစား ရှိသည်။

နောက်ခံရှုခင်းအဖြစ် ထားရိုက်ရမည့် အင်းလျားကန်ဟိုတယ်ကြီးကို တစ်ချက် လှမ်းကြည့်မှုင်း မြိုင် ခေါင်းညိတ်သည်။ အဆောက်အအုံကြီးက ပင်ကိုယ်အတိုင်းပင် အတော်လှ အတော်ခမ်းနားပြီးသား။

အမှန်ပြောရလျှင် ဒီအလုပ်မျိုး လုပ်ရတာချင်း အတူတူ တကယ့် ကြေးစားလောကနှင့် သဘာဝချင်း မတူသော ဒီလိုပတ်ဝန်းကျင်မျိုးလေးကို မြိုင် ပို၍ နှစ်လို၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၈)

"ကဲ . . . မင်းသမီး လာဟေ့၊ နေလေးရှိတုန်း ရိုက်လိုက်ကြရအောင်၊ မောင်ဆင့် မင်း ကင်မရာကို ဟိုဘက်နည်းနည်းရွှေ့လိုက်၊ မင်းသမီးသည်နားက စလျောက်တာကနေပြီး တောက်လျှောက် တစ်ကတ်တည်းပဲ ဆွဲမယ်၊ ကြားလားဟေ့ကောင်၊ ပြောတုန်း သေချာ နားထောင်နော်၊ နောက်မှ ါတလွဲတွေ လျှောက်မလုပ်နဲ့"

"ဟိုး . . . ဟိုး . . . ကတ်၊ ဟာ . . ကင်မရာလှည့်တာ ဖြည်းဖြည်းလှည့်မှပေါ့ကွ၊ အရမ်းတွေ လျှောက်ဆွဲရအောင်၊ ငါ . . ."

လေအေးစက် ကျေးဇူးကြောင့် အင်းလျားကန်ဟိုတယ်၏ စားသောက်ခန်းလေးမှာ အပြင်နှင့်မတူဘဲ အေးဆေးနေသည်။

မြိုင်နားထဲမှာ ဟိုစဉ်က ကားရိုက်ခဲ့သော အတွေ့အကြုံများ၌ နေ့စဉ် မကြားရအဆုံး ဖြစ်နေသော အသံများကို ပြန်ကြားနေမိသည်။ ဒါရိုက်တာ၊ ကင်မရာမင်းကအစ ဇာတ်ရံ ဖြတ်လျှောက်နှင့် ပစ္စည်းထမ်း အလုပ်သမားအဆုံး၊ အားလုံးသော ယောက်ျားများ၏ ပါးစပ်က ကြမ်းတမ်းမှုနှင့် ယဉ်ပါးနေသည်။

သူ့လောကနှင့်သူကတော့ ရိုင်းသည်ဟုလည်း မရှိ။ မည်သူမှုလည်း စေ့စေ့တွေး၍ မနာကြ မကျင်ကြ။ ကြားစက ဒီအသံများသည်





မြိုင့်စိတ်ကို အတော်လေး အနှောင့်အယှက် ပေးခဲ့၏။

မင်းသားလိုလူမျိုးက ရိုက်ကွင်းအပြင်မှာ နောက်သလို ပြောင်သလို လုပ်၍ သားပြောမယားပြော ပြောနေခြင်းမျိုးကိုလည်း အတွေ့အကြုံ မရှိခင်က ခေါင်းပင် မဖော်ရဲ။

အားလုံးထဲမှာ မြိုင်သည်လည်း ဇာတ်ဝင်ပစ္စည်း တစ်ခုမျှသာ ဖြစ်နေသည်။ မည်သူမျှ မြိုင့်ကို ရှက်တတ်နေဆဲ၊ သိမ်မွေ့နေဆဲ၊ ကျောင်းသူဘဝမှ လတ်တလော ကူးပြောင်းလာသော မင်းသမီးအသစ် မိန်းကလေး အပျိုစင်အဖြစ် သီးခြားမဆက်ဆံ။

ခု သက်ဆွေတို့အဖွဲ့ အထူးသဖြင့် သက်ဆွေ၏ ဆက်ဆံပုံ၊ လူမှုဆက်ဆံရေး အဆင့်ရှိပုံ မြင်ရသောအခါမှ ထိုစဉ်က သူ့ အားကို တောင့်တခဲ့သည် ဆိုသည်ကို ပြန်သတိရသည်။

"မမြိုင် လိုတာရှိ မှာနော်၊ အားမနာနဲ့၊ မမလည်း ကြိုက်တဲ့ဟင်း ထပ်မှာပါ၊ စားလို့ကော ကောင်းရဲ့လား မသိဘူး"

ခါတ်ပုံရိုက်ရင်း နေ့လည်စာစားချိန် ရောက်လာသဖြင့် အင်းလျားကန်ဟိုတယ်၏ စားသောက်ခန်း၌ပင် ဝင်၍စားကြသည်။ ရှူတင် ထမင်း ဟင်းနှင့် ဘာမျှမဆိုင်တာ ခဏထား။ သက်ဆွေကော မာန်အောင်ကော နှစ်ယောက်စလုံး၏ရှေ့တွင် အရက်နှင့်တူတာဆို၍ ဘီယာခွက်ပင် မရှိဘဲ အချိုရည်ပုလင်းများသာ မြင့်နေရသည့်ဖာတွက် မြိုင် ဝို၍ စိတ်ချမ်းသာ သည်။

အလုပ်ကိစ္စလည်း ပြီးပြီမို့ ကိုယ့်အားနာပြီး ဆင်ခြင်နေရသောမျိုး မဖြစ်စေရန် စောစောက မြိုင် တစ်ခါလောက် ခွင့်ပေးစကား ပြောကြည့်ပြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



"တိုသက်ဆွေတို့ ဘာလေးညာလေး သောက်ချင်ရင်လည်း သောက်နော်၊ မြိုင်တို့ကို အားနာစရာ မလိုပါဘူး၊ အလုပ်ကိစ္စလည်း ပြီးသွားပြီပဲ"

ထိုအခါ သက်ဆွေက ခေါင်းခါသည်။

"ကျွန်တော်တို့ မသောက်တတ်တာပါ မမြိုင်၊ ကျွန်တော်တို့လည်း အချိုရည်ပါပဲ"

ထိုစဉ်ကလည်း မြိုင့်စိတ်ထဲတွင် ဘယ်အချိန်က ထမင်းဝိုင်း ဖြစ်ဖြစ် အနည်းဆုံး ဘီယာလောက်တော့ မလွတ်မကင်း ပါလာတတ်သည့် လုပ်ဖော်ကိုင်ဖက်ဟောင်းများကို သတိရသည်။

အားလုံးကို သိမ်းကျုံး ပြောတာမျိုးတော့ မဟုတ်၊ အများ အားဖြင့် ကြုံတွေ့တတ်သော အတွေ့အကြုံသာ။

ထိုစဉ် သူ အင်မတန်သိချင်မေးချင်နေသော မေးခွန်း တစ်ခုကို မထင်မှတ်ဘဲ မမထံမှ ပေါ် ထွက်လာသဖြင့် စားလက်စကိုပင် ခဏရပ်ပြီး သက်ဆွေတို့ထံမှ အဖြေကို စောင့်နားထောင်နေမိသည်။ မမက ချာတိတ်တွေ လုပ်ပုံ ကိုင်ပုံကြည့်ပြီး ကျေနပ်သွားပုံဖြင့် . . .

"မောင်သက်ဆွေတို့ မိဘတွေက ဘာလုပ်လဲ"

သက်ဆွေက ပါးစပ်ထဲမှ စားလက်စအစာများ ရှိနေသေး သဖြင့် မလုပ်ပလောင်းနှင့် ချက်ချင်းမဖြေ ပါးစပ်ထဲ အလျင်ရှင်းပြီး စပတ်ကလင်း အအေးရည် တစ်ငုံသောက်၍ လည်ချောင်းပါ သန့်ပြီးမှ စကားပြောရန် အားယူသည်။

ပြောတော့လည်း အမှုအရာက အနည်းငယ် ဗျာယာခတ် သယောင် ထင်ရသော်လည်း ရိုကျိုးမှုလေး ပါသည်။ လေးစားမှုလေး





ပါသည်။

သက်ဆွေ၏ ထိုအမူအရာလေးကို ကြည့်ရင်း မြိုင့်စိတ်ထဲတွင် နှင့်တင့်တင့် ကျဉ်တင်တင်လေး ခံစားလိုက်ရ၏။

ဒီအမူအရာလေးမျိုးများကို သူ မမြင်ရသည်မှာ နှစ်အတော်ပင် ကြာခဲ့ပြီကော။

ဖြစ်ချင်တော့ အကြောင်းအရာနှစ်ခုက တစ်ပြိုင်တည်း လာရောက် စုဆုံပြီး စားပွဲဝိုင်းမှာ မြိုင်နှင့်သက်ဆွေ နှစ်ယောက်တည်း ကျန်ခဲ့သည်။

ပထမအကြောင်းအရာက မာန်အောင့်ကိစ္စ၊ စားသောက်ပြီး အေးအေးချမ်းချမ်းဖြင့် ခဏထိုင်နေဆဲ၊ မာန်အောင် ဘာသတိရသည်မသိ ကောက်ခါငင်ခါ ထ၍ သက်ဆွေဆီက ကားသော့ တောင်းသည်။

"သော့ ခဏလေး သက်ဆွေ၊ ငါ ကားထဲသွားနှင့်မယ်၊ ဖလင်လိပ် အသစ်လဲချင်လို့"

ခုလိုထိုင်နေချိန်မှာ မာန်အောင်တွင် ဖြေလည်လှသော အလွှာပ သလွှာပစကားများ မရှိသည်ကို သိသော သက်ဆွေက ခေါင်းညိတ်ရင်း ကားသော့ လှမ်းပေးလိုက်၏။

သို့အတွက် ထိုဝိုင်းမှာ မာန်အောင်တစ်ယောက် လျော့သွား မြန်သည်။

ဒုတိယ အကြောင်းအရာက မမကိစ္စ။

မမကလည်း မာန်အောင် ထသွားပြီး မကြာမနှောင်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်း ဆရုပ်ရင်း . . .

"ခဏလေးနော် . . . အပြင် ခဏသွားမလို့ မြိုင်ကော လိုက်ဦးမလား"

မြိုင်က ပြုံးစစဖြင့် ခေါင်းခါရင်း . . .

"မလိုက်တော့ဘူး မမ၊ သွားတော့၊ မမ နေရာသိတယ် မဟုတ်လား"

မမက ခေါင်းညိတ်သည်။

သည်ကိစ္စကိုတော့ ဘာအတွက်သွားသည်ဟု လုံးဝ ရှင်း မပြဘဲ သက်ဆွေ သဘောပေါက်၏။ ဤသို့သော ဒုတိယ အကြောင်းအရာကြောင့်လည်း ထိုဝိုင်းတွင်းမှ မမတစ်ယောက် ထပ်မံ ဖဲခွာရပြန်သည်။

နှစ်ယောက်တည်း ကျန်ခဲ့သော ဝိုင်းတလေးသည် အင်းလျားကန် ဟိုတယ်မှ လေအေးစက်ကြောင့် မဟုတ်ပါဘဲ သက်ဆွေရင်ထဲ တုန်ယင်ချင်လာ၏။

မြိုင်သည် ကြည့်လေ ကြည့်လေ ပိုလှလေ ဖြစ်ကြောင်း သတိထားမိနေသည်မှာ ထိုခဏ၌ပင် အကြိမ်ပေါင်းများစွာ ရှိနေပြီတည်း။

⁂ ⁂ ⁂

၉)

"မ်တဲပုံလေးတွေ ဘယ်တော့ ကြည့်ရမလဲ ကိုသက်ဆွေ"

ဟိုတယ်၏ စားသောက်ခန်းထဲမှာတော့ လူများများစားစား မရှိ၊ ...အဖွဲ့နှစ်ဝိုင်းသုံးဝိုင်းလောက်သာ ကိုယ့်အဖွဲ့နှင့်ကိုယ် အေးအေး ဆေးဆေး ...သောက်နေကြသည်။

သို့သော် အလယ်လျှောက်လမ်းဘက်မှာတော့ မင်္ဂလာခန်းမ...ဘက်သို့ သွားကြသောလူများ တဖြည်းဖြည်း များလာသည်။ ဝါတွင်းကြီးမို့ ...လာဆောင်သူ မရှိဘူးထင်သည့်ကြားက နေ့ခင်း တစ်ပွဲနှင့် လာဆုံနေ...ကြောင့် သက်ဆွေ အံ့ဩနေမိသည်။

ဖြတ်လျှောက်သွားသော လူများကလည်း မြိုင့်ကို မြင်မြင်သွား...ည်။ မြင်သည့်သူတိုင်းကလည်း အနားမှပါလာသောအဖော်ကို လက်တို့ပြ... နှစ်ယောက်တည်း ထိုင်နေရင်း ဟိုကကြည့်၊ သည်က အကြည့်များ၏ ...ကြောင့် ငြိမ်ခံနိုင်ပုံ မရတော့။ သက်ဆွေဘက် လှည့်ပြီး စကားစပြောသည်။

သက်ဆွေက ကပျာကယာဖြင့် . . .

"မြန်မာပါ မမြိုင်၊ ကျွန်တော် ထင်တယ် မနက်ဖြန် ညနေလောက်... ...ဓာတ်ဆိုက်လေးတွေတော့ တူပြီးသား ဖြစ်သွားမှာပါ။ မမြိုင်ဆီ...ဘက် လာပြမယ်လေ၊ အဲဒီထဲက ပုံကြီးချဲ့လို့ ကောင်းမယ့် ...အကြိုက်

www.burmeseclassic.com



"မနက်ဖြန် လာမလား"

"ကျွန်တော် ပြီးတာနဲ့ လာခဲ့မှာပါ၊ ကြားထဲမှာ မီးတွေ ဘာတွေ ဖျက်ပြီး မကူးဖြစ်မှာစိုးလို့ မနက်ဖြန် အတိအကျ မပြောရဲတာ"

"ဒါဖြင့် ပြီးမပြီး မြိုင့်ဆီ ဖုန်းဆက်လိုက်ပါလား"

"အာ . . . အဲဒါ ကောင်းတယ်၊ မမြိုင် အိမ်က ဖုန်းနံပါတ် ပေးထားလေ"

မြိုင်က ဖုန်းနံပါတ် ပြောပြသည်။ သက်ခွေက သူ့အိတ်ဆောင် ဖုန်းနံပါတ် စာအုပ်လေးထဲမှာ မှတ်ရင်း သူ့အိမ်နှင့် ဆိုင်ဖုန်း နံပါတ်ကိုပါ ပြောပြ၍ . . .

"ကျွန်တော့်ဆီလည်း အကြောင်းရှိရင် ဖုန်းဆက်ပါ။ ဓါတ်ပုံကိစ္စပဲ ဖြစ်ဖြစ်၊ တခြားကိစ္စပဲဖြစ်ဖြစ် မမြိုင် အကူအညီလိုရင် ကျွန်တော့်ကို လှမ်းခေါ်ပါ၊ ကားတို့ ဘာတို့ အသုံးလိုရင်လည်း အချိန်မရွေးပြော"

မြိုင်က ရယ်သည်။

"ကားငှားခက ဈေးကြီးမှာလား"

"ကားငှားခကတော့ ခင်မင်မှုနဲ့ အလကား ပို့ပေးမှာပဲ မမြိုင်၊ သိပ်ဈေးများနေရင်လည်း ကြည့်စစ်ပေါ့၊ ကျွန်တော်ကတော့ မလျှော့နိုင်တော့ဘူး"

"အဲဒါဆိုရင်တော့ မဖြစ်ဘူး ကိုသက်ခွေ၊ မြိုင်က မြန်မာလူမျိုး၊ အနည်းဆုံး တစ်မတ် ငါးမူးမှ ဆစ်မရရင် ဈေးသိပ်ဝယ်ချင်တာ မဟုတ်ဘူး၊ အဲဒီအလကားကို ငါးမူးလျှော့ပေဦး"

"ရပါတယ် မမြိုင်ရဲ့၊ ဒီလိုပဲဖြစ်အောင် ကြည့်လုပ်ပေးရမှာပေါ့၊ အလကားထဲက ငါးမူးလျှော့လိုက်၊ ဒီဘက်က ခင်မင်မှုကိုသာ မလျှော့နိုင်းနဲ့"





"ဟာ . . . စိတ်ချ၊ အဲဒါတော့ ဈေးမဆစ်ဘူး၊ ကြိုက်သလောက် ခင်နိုင်တယ်၊ မြိုင်က အမြင်သွားရင် တစ်ယောက်တည်း သွားတတ်တာ မဟုတ်ဘူး၊ အဖော်ပါရင် ပါတဲ့အဖော်အတွက်ကိုပါ ဒိုခင်ပေးရမှာ"

အပြုံးနှင့် ပြောနေသော မြိုင့်စကားလေးကို နားထောင်ရင်း စိတ်ထဲမှာ စိတ်ကူးတစ်ခု ပေါ်လာသည်။

ခုနရိုက်ပြီးခဲ့သော ပုံများတွင် မြိုင် မလှသည့်ပုံတော့ မရှိ၊ သို့သော် ခုနလို သတိလေးတစ်ခုထားပြီး တမင် အရိုက်ခံနေသော မျက်နှာကတ် ခုလို လွတ်လွတ်လပ်လပ်လေး ရယ်မောနောက်ပြောင် ပြောဆိုနေသော အခါ မျက်နှာပေါ်မှာ ထူးခြားသော အလှတစ်မျိုး ပိုနေသည်။

ဘာမျှ ပြန်အသုံးပြုရန် မဟုတ်ဘဲ ခုလို လွတ်လွတ်လပ်လပ် ပြုံးရယ်ရွှင်ပျ ပြောဆိုနေသည့် မြိုင့်မျက်နှာလေးကို ဖလင်တစ်လိပ်စာ လောက် စိတ်ကြိုက် ရိုက်ထားလိုက်ချင်သည်။

သို့အတွက် မြိုင့်စကားကို အပြုံးနှင့် ခေါင်းညိတ် နားထောင်ရင်း ကနေ စိတ်ကူးလေးကို လွှတ်ခနဲ ပြောလိုက်သည်။

"ဒီတစ်ပြီးရင် ချက်ချင်း မပြန်နဲ့ဦး မမြိုင်ရာ၊ ကျွန်တော့်ကို တစ်ခု ကူညီစမ်းပါ"

မြိုင့်မျက်ခုံးလေး ပင့်သွားသည်။ မျက်လုံးပြူးဝိုင်းလျက် . . .

"မြိုင်က ကူညီရမယ်၊ ဘာကူညီရမှာလဲ"

"အပြင်ကူးရင် ဟိုဘက်ရေစပ်ဘက် သွားပြီး ဖလင်တစ်လိပ်စာ လောက် ဓါတ်ပုံရိုက်ရအောင်၊ ဒါက ပြကွဒိန်အတွက်လည်း မဟုတ်ဘူး၊ ဘာမှ သုံးဖို့လည်း မဟုတ်ဘူး၊ မမြိုင်လည်း ဘာမှ ထပ်မပြင်တော့နဲ့၊ ဒီတိုင်း လွတ်လွတ်လပ်လပ်နဲ့ ကြိုက်သလိုနေ၊ မမြိုင် ဒီအတိုင်း ပြုံးတာ ရယ်တာ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဂျွန်တော် ရိုက်ထားချင်လို့"

"ဒွာနဆိုင်ရာအတွက် မဟုတ်ဘူးပေါ့"

"ဟင်းအင်း . . . ဂျွန်တော့် ကိုယ်ပိုင်အတွက် ရိုက်ချင်လို့"

"အဲဒါဆိုရင်တော့ ဓါတ်ပုံ အရိုက်ခံခဲ့ဖူး စကားပြောရတော့မယ်၊ အလကားတော့ မရဘူးနော်"

"ကိစ္စမရှိဘူးဗျာ၊ ကြိုက်သလောက်သာတောင်း၊ ငါးမူးပဲ ပြန်လျှော့ကျေနပ်ပြီ"

"အမယ် . . . အဲဒီ ငါးမူးက သူများပြောတဲ့ ငါးမူးပါနော်၊ ခပ်တည်တည်နဲ့ သူ့စကား လုပ်မပစ်နဲ့"

ရယ်သံလေးများဖြင့် ဝိုင်းလေးက လုပ်နေသည်။

သက်ခွေ စိတ်ထဲမှာ ဘယ်ကမ္ဘာဟု အမျိုးအမည် မခွဲခြားနိုင်သော်လည်း အလွန်လှပပျော်ရွှင်စရာ ကောင်းသော ကမ္ဘာလေး တစ်ခုတည်း ရောက်နေသလို ခံစားနေရသည်။

ပန်းများ ရောင်စုံပွင့်နေ၏။

ဝမ်းရေစီးသံများ ချိုလွင်အေးမြနေ၏။

တေးသံချိုသော ငှက်ကလေးများ ရေတူးလှသော ရွှေငါးလေးများကိုလည်း မြင်ရ၏။

တစ်ကိုယ်လုံး တိမ်စိုင်များကြားထဲ လွင့်မျောနေသလိုလို၊ ပန်းရနံ့သင်းသော လေညင်းထဲပဲ မျောပါနေရသလိုလို အလွန်ကြည်နူးစရာ အိပ်မက်ကလေးတစ်ခုပဲ မက်နေရသလိုလို။

ရင်ထဲမှာ ဗိုလ်လိုက်လှုပ်ရှားနေ၏။

ᕯ ᕯ ᕯ

# ဒုတိယ ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ဘာလုပ်မလို့လဲ"

ဟာ . . . အရေးထဲ အဲဒီသတ္တဝါ လုပ်ပြန်ပြီဟု သက်ဆွေ စိတ်ထဲ နိုးလိုးခုလု ဖြစ်သွားသည်။ ဒီမှာဖြင့် ဒီအလုပ်ကလေးရရန် အတော် လေး ပူပူပန်ပန် တောင်းဆိုထားရသည့်ကိစ္စ၊ သူ့ဟာနှင့်သူ လိုက်လျော ညီထွေလေး ဖြစ်သွားသည့်အတွက် ဝမ်းပန်တသာနှင့် စိတ်ကြိုက်ပုံလေးများ ရိုက်ရန်ပြင်ရုံရှိသေး၊ ဘာမှ အလိုက်ကန်းဆိုး မသိတတ်သည့်သတ္တဝါက မျက်နှာတင်းတင်းကြီးနှင့် လှမ်းမေးသည်။

မာန်အောင် အမေးကို သက်ဆွေ ဘာဖြေရမှန်းမသိ ဖြစ်သွား၏။ ထူးဘူးဟု ယူဆပြီး . . .

"ဘာလုပ်ရမှာလဲကွ၊ ဓါတ်ပုံ ရိုက်မလို့ပေါ့"

"ဘာအတွက်လဲ"

ဟာ . . . မင်းကြီးဒေါ်ကြီး အသုဘကျဝေမလို့ဟော . . . ဟု ဖြေချင်စိတ်ကို မနည်းအောင့်အည်းထားရသည်။ သည်မှာက ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ချဉ်းကပ်ပြီး လျှို့လျှို့ဝှက်ဝှက် လုပ်ရမည့်ကိစ္စ။

ပြီးတော့ မေးသည့်နေရာလည်း ကြည့်ဦး၊ နှစ်ယောက်ချင်း နှစ်ကိုယ်ကြား ကပ်မေးလျှင် တော်သေးသည်။ ခုတော့ မြိုင်အစ်မ ရှေ့တည့်

www.burmeseclassic.com



တည့်မှာ ပေါ်ပေါ်ထင်ထင်ကြီး လှမ်းမေးနေသည်။

မြိုင်လည်း မျက်နှာလေးငယ်သွား၏။

သူ့ခမျာလည်း သူပြဿနာနှင့်သူ သက်ဆွေကို ကြိုကြို တင်တော မှာထားပြီးသား။

"ကိုသက်ဆွေ ရိုက်ချင်ရင်တော့ မြန်မြန်လေးရိုက်နော်၊ ပြီးတော့ မမတို့ မေးရင်လဲ ကြည့်ကောင်းအောင် ပြော၊ အဲဒီလိုမျိုး ရိုက်တာကို မမက ကြိုက်မှာ မဟုတ်ဘူး" ဟု။

ကြည့်ကောင်းအောင် ပြောစရာမရှိ၍တော့မဟုတ်။ ပြက္ခဒိန် အတွက် သုံးရန် စာစောကပုံများ သိပ်မကြိုက်သေးသဖြင့် ထပ်ရိုက်တာ ဟုတော့ ပြောစရာရှိသည်။ သို့သော် မာန်အောင်ဆိုသည့် ပုဂ္ဂိုလ်က သိပ် လွယ်သည့် ပုဂ္ဂိုလ်မဟုတ်။ စကားက မပြောချင်သည့်နေရာ၌သာ မပြော မည်။ ပြောပြီဆိုလျှင် မဟုတ်က ဟုတ်ကဖြစ်ဖို့က ပိုများတတ်သူမို့ သက်ဆွေ စိုးရိမ်သွားခြင်း ဖြစ်သည်။

ထင်သည့်အတိုင်းလည်း လုံးဝ မလွဲမသွေ ဖြစ်လာ၏။

"ဟာ . . . ပြက္ခဒိန်အတွက်တ ခုန အများကြီး ရိုက်ပြီးပြီပဲ၊ ဘာ မကြိုက်စရာ ရှိလဲကွာ၊ တော်ပြီ၊ လာ"

သက်ဆွေ ရှင်းပြ၍မဆုံးသေး၊ နောက်တစ်ပုံ ထပ်ရိုက်လျှင် ကမ္ဘာ ကြီး ထပျက်တော့မည့် ပုံစံအချိုးမျိုးဖြင့် မာန်အောင်က လုပ်တော့သည်။

"မဟုတ်ပါဘူးကွာ၊ ခါတ်ပုံဆိုတာ ရိုက်ထားတာ မများပါဘူး၊ ငါ့ စိတ်ထဲ နောက်ထပ် လေးငါးပုံလောက် ရိုက်ထားချင်သေးလို့"

"မလိုပါဘူး၊ ပိုတောင် ပိုနေသေးတယ်"

ဟုးခနဲ လေပူတစ်ချက် နိုးမှုတ်သည်။ ခုမှ လေကြောရှည်နေ





သော သည်မျက်ခွက်ကြီးကိုလည်း လက်သီးဖြင့် ဆွဲထိုးချင်စိတ် ပေါက်နေ ၏။

"နေစမ်းပါ မာန်အောင်ရာ၊ ငါ့အလုပ် ငါလုပ်ပါရစေ၊ မင်း မလိုက် ချင်ရင် ကားထဲ ထိုင်နေခဲ့၊ ငါတို့ နှစ်ယောက်ပဲ သတ်သတ် သွားရိုက်မယ်"

"ရိုက်မနေနဲ့ ခုချိန်ရိုက်လည်း လှမှာ မဟုတ်ဘူး၊ နေ့က ဒီလောက် ကျဲကျဲတောက် ပူနေတာ၊ ဟိုမှာလည်း ထမင်းစား ဘာစားနဲ့ မိတ်ကပ်တွေက သိပ်မကောင်းတော့ဘူး"

သက်ဆွေ အံနိုးကြိတ်၍မှ အဆုံးမသတ်ခင် မမကလည်း ဝင်၍။

"ဟုတ်သားပဲ မောင်သက်ဆွေ၊ ရိုက်ထားတဲ့ ပုံလေးတွေ အလျင် ကြည့်လိုက်ပါဦး၊ မြိုင်လည်း အရမ်းပင်ပန်းနေပြီ၊ မမလည်း အိမ်ပြန်ချင်ပြီ"

သက်ဆွေ စိတ်မောလူမောနှင့် မြိုင့်ကို တစ်ချက် လှမ်းကြည့် သည်။ မြိုင့်မျက်လုံးထဲမှာ ကရုဏာရိပ်ကလေးတစ်ခု လှစ်ခနဲ မြင်လိုက်ရ၏။ မြိုင်က . . .

"သူရိုက်ချင်လည်း ရိုက်ပါစေ မမရယ်၊ မကြာပါဘူး၊ ခဏပါ၊ ကဲ . . . လာ၊ ကိုသက်ဆွေ၊ ကိုသက်ဆွေ ဘယ်နား ရိုက်ချင်လဲ"

"ဘယ်နားမှ ရိုက်မနေနဲ့၊ အလကား ဖလင်ကုန်တာပဲ အဖတ်တင် မှာပဲ"

မြိုင့်စကားအဆုံးတွင် မာန်အောင်က ပြတ်ပြတ်တောက်တောက် ကြီးပင် ဝင်ပြောချပြန်သည်။ ဒီလောက် ဖြစ်တာတိုတော့ သက်ဆွေ သည်း မခံနိုင်တော့။ စိတ်ထဲမှာ ဒေါင်းခနဲ ဒေါသ ဖြစ်သွားသည်။ နေရာတွင်ပင် တင်မရာကို အလုံးလိုက် ဖေါက်ခွဲပစ်ချင်စိတ် ပေါ်သွားသော်လည်း မြိုင်တို့ မမတို့ ရှေ့မှာ ဖြစ်နေသဖြင့် စိတ်ကို မနည်းရအောင် ထိန်းလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ရှုပြီဆိုရင်လည်း နေပါစေတော့ မမြိုင်၊ မမြိုင်တို့လဲ အပြန် နောက်ကျနေလိမ့်မယ်၊ ပြန်ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် ကားတံခါးကို ဆွဲဖွင့်ပြီး သူ့ယာဉ်မောင်း ထိုင်ခုံကို ခေါက်၍ နောက်ခန်းဝင်သာအောင် ဖယ်ပေးလိုက်သည်။ မြိုင်နှင့် မမက ဘာမျှမပြောတော့ဘဲ ငြိမ်ငြိမ်သက်သက်ပင် ကားထဲ ဝင်လိုက်သည်။

အားလုံး ကားထဲထိုင်မိမှ သက်ဆွေက သူ့ကင်မရာထဲမှ ဖလင်လိပ်ကို ဖြုတ်ယူပြီး ဘာမပြော ညာမပြောနှင့် အလင်းလုံဘူးထဲမှ ဖလင်စကို ဆွဲထုတ်လိုက်သည်။

အားလုံးက အံ့အားသင့်နေဆဲ။ သက်ဆွေက ဖလင်စ အရှည်ကြီးကို မာန်အောင် မမြင်မြင်အောင် မျက်နှာရှေ့မှ ဖြတ်ယူသည်။ ထို့နောက် မာန်အောင့်ဘက် ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ ပြီးမှ မြိုင့်ဘက် ခေါင်းငဲ့ကာ ပြုံးလိုက်လျက် . . .

"ကျွန်တော် ဖလင်ကုန်မှာစိုးလို့ မရိုက်တာ မဟုတ်ဘူးနော် မမြိုင်၊ မမက အိမ်ပြန်ချင်ပြီဆိုလို့ မရိုက်တော့တာ"

စကားအဆုံးတွင် ကားလေးကို ဝူးခနဲ မောင်းထွက်သည်။ မြိုင်က ယောင်ကန်းကန်းနှင့် ကားနောက်မှန်မှနေ မြေပေါ်ကျကျန်နေခဲ့သော ဖလင်ကြိုးခွေလေးကို လှည့်ကြည့်သည်။

အလင်းများထိပြီး ဘာမျှ သုံးမရ ဖြစ်သွားသော ဖူဂျီကာလာ ဖလင်ခွေလေးက လမ်းဘေးတွင် သနားစဖွယ်လိမ့်လိမ့်လဲလဲနှင့် ကျန်နေခဲ့၏။

ဂ





"ကိုသက်ဆွေ . . . ကား ခဏရပ်ပါဦး"

နောက်ခန်းမှ မြိုင့်အသံကြောင့် သက်ဆွေ ခြေထောက်က ဘရိတ်ပေါ် ရောက်သွားသည်။ ကားကလေးက ကိုက်တစ်ရာ အကွာအဝေးမှာ ပြန်ရပ်သွား၏။

သက်ဆွေက နောက်ခန်းသို့ ခေါင်းလှည့်ကြည့်ရင်း . . .

"ဘာဖြစ်လို့လဲ မမြိုင်"

"မြိုင် အောက်ကို ခဏဆင်းချင်တယ် ကိုသက်ဆွေ"

"ဪ . . . ဟုတ်ကဲ့"

သက်ဆွေက ကားတံခါးဖွင့်၍ ဗျာပျာသလဲ အောက်ဆင်း သည်။ ထို့နောက် သူ့ထိုင်ခုံကို ရှေ့ဘက် ငိုက်ပေးလိုက်၏။ မြိုင်က ကားပေါ်မှ ခေါင်းငုံ့ဆင်းရင်း သက်ဆွေဘက်ငဲ့၍ . . .

"ကိုသက်ဆွေ . . . ခဏ"

ပြောပြောဆိုဆိုနှင့် မြိုင်က လမ်းအတိုင်း ကားနောက်ဘက်သို့ လျှောက်သွားနိုင်သည်။ သက်ဆွေက မြိုင့်နောက်မှ လိုက်ခဲ့၏။

စောစောက ကျန်ခဲ့သော ဖလင်ခွေလေးနား အရောက်တွင် မြိုင်က ဖလင်ခွေကို ကောက်ယူလိုက်ပြီး . .

"အဲဒါ ဘာလုပ်တာလဲ ကိုသက်ဆွေ"

သက်ဆွေ မျက်နှာ ယောင်ယောင်လေး ဖင်းသွား၏။

"မာန်အောင့်ကို ကျွန်တော် စိတ်ထိုလို့ မမြိုင်၊ အဲဒီကောင်နဲ့ စကားပြောရတာ တစ်ခါတလေ အချိုးမတည့်ဘူး"

"မာန်အောင့်ကို စိတ်တိုတာနဲ့ ကြားထဲက ဘာမှ အပြစ်မရှိတဲ့ ဖလင်လိပ်ကို ဖျက်ဆီးပစ်ရသလား ကိုသက်ဆွေ၊ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အလကားနေရင်း ဆုံးရှုံးမသွားဘူးလား"

"ကျွန်တော် တောင်းပန်ပါတယ် မမြိုင်၊ ကျွန်တော့်ကြော

အလကားနေရင်း မမြိုင်တို့ စိတ်အနှောင့်အယှက် ဖြစ်သွားတယ် ထင်တ

ကျွန်တော်လည်း ကျွန်တော် အင်မတန် မျှော်လင့်ထားတဲ့ ကိစ္စလေးတ

ကသိကအောက် ဖြစ်သွားလို့ စိတ်တိုတိုနဲ့ ထင်ရာလုပ်လိုက်တာပါ"

မြိုင်က သက်ဆွေ၏ ရှည်လျားသော တောင်းပန်စကားများအ

ဖလင်ခွေကို အလိပ်ကလေးဖြစ်အောင်လုပ်ရင်း နားထောင်သည်

သက်ဆွေ စကားဆုံးမှ . . .

"မှန်တာ ပြောရရင် ဒီကိစ္စမှာ မြိုင် ဝင်ပါဖို့ ဘာအကြောင်

မရှိဘူး ကိုသက်ဆွေ၊ ကိုသက်ဆွေတို့ လုပ်ဖော်ကိုင်ဘက် သူငယ်ချ

အချင်းချင်း ဖြစ်ကြတဲ့ကိစ္စမှာလည်း ကြားမဝင်ချင်ပါဘူး၊ ကိုသက်ဆ

ပိုက်ဆံနဲ့ ကိုသက်ဆွေ ဝယ်ထားတဲ့ ဖလင်လိပ်ကို ကိုသက်ဆွေ ကြိုက်သ

လုပ်ပိုင်ခွင့်လည်း ရှိပါတယ်"

သက်ဆွေ ခေါင်းခါသည်။

"ဒီလို မဟုတ်ပါဘူး မမြိုင်၊ ကျွန်တော် အပြုအမူက သိပ်ရိုင်းသွ

ပါတယ်"

"မရိုင်းပါဘူး ကိုသက်ဆွေ၊ ရိုင်းတယ်ထင်လို့ ခုလိုပြောနေ

မဟုတ်ပါဘူး၊ ဘာပြောမလဲ၊ မြိုင့်စိတ်ထဲမှာ သူ့ဟာသူ အကောင်းသာ

နေ ဘာမှ အပြစ်မရှိဘဲ ခုလို လွှင့်ပစ်ရတဲ့ ဒီဖလင်လိပ်ကလေးကို သနား

ပါ"

"ဖလင်လိပ်ကို သနားလို့ ဟုတ်လား"

"ဟုတ်တယ် ကိုသက်ဆွေ၊ သူ့ခမျာ ကိုသက်ဆွေ ဖြစ်ချင်



လေး ဖြစ်ဖို့ အမြဲအဆင်သင့် ရှိနေတဲ့ ပစ္စည်းလေးပါ၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ ဒီပြင်ဟာ တစ်ခုကို မကျေနပ်တာနဲ့ ကိုယ်အပေါ် တာဝန်ကျေဖို့ ကြိုးစားနေတဲ့ ဒီပစ္စည်းလေးကို ဖျက်ဆီးပစ်တာ ကိုသက်ဆွေ ဘယ်တရားမလဲ"

သက်ဆွေ ငြိမ်နေလိုက်သည်။ မထင်ဘဲ ကြီးကျယ်သွားသော ပြစ်မှုအတွက်လည်း နောင်တလေးတစ်ခု အလိုလို ဝင်လာ၏။

"ဒါပေမယ့် ဒီကိစ္စကြောင့် ကိုသက်ဆွေ မှားတယ် မှန်တယ် မြိုင် မပြောတော့ပါဘူး၊ မြိုင် သိပ်သနားသွားတဲ့ ဖလင်ကလေးကိုပဲ ကိုယ်တတ်နိုင်သလောက် ပြန်ဂရုစိုက် ဖြေသိမ့်ပေးချင်လို့ ဒါလေး ပြန်ကောက်ယူတာပါ"

"ဒီဖလင်က ဘာမှ သုံးမရတော့ပါဘူး မမြိုင်၊ ဒါတော့ ပြန်ကောက်ယူမနေပါနဲ့တော့၊ နောက်ကို ဒါမျိုး မဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါတယ်"

မြိုင်က ပြုံးသည်။

"ကိုသက်ဆွေ ကတိကို မြိုင် လက်ခံချင်ပါတယ်၊ ဒါပေမယ့် ဒါလေးကိုလည်း သိမ်းထားရမယ် ကိုသက်ဆွေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ မြိုင်နဲ့ ပတ်သက်လာတဲ့ သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပဲဖြစ်ဖြစ် မြိုင့်မျက်စိရှေ့မှာ သနားစရာကောင်းနေရင် မြိုင် ဖေးမမယ်၊ မြိုင့်ကို အကူအညီတောင်းတဲ့ လူမှန်သမျှလဲ မြိုင်က အကုန်ကူညီ မှာပဲ၊ ဒီနေ့က မြိုင့်မွေးနေ့ ကိုသက်ဆွေ"

"ဪ . . ."

"ဒါကြောင့် မြိုင့်စိတ်ကူးနဲ့မြိုင် လုပ်တဲ့ကိစ္စကို ကိုသက်ဆွေလည်း



www.burmeseclassic.com

www.burmeseclassic.com



**စိတ်မကောင်း** မဖြစ်ပါနဲ့ ကိုသက်ဆွေ ရိုက်ချင်တဲ့ မြိုင့်ဓါတ်ပုံကိုလည်း **ကိုသက်ဆွေ** မြန်စိတ်ကူးပေါ်လာတဲ့နေ့ကျ ပြောပေါ့ မြိုင့် မွေးနေ့မှာ ပေးထားတဲ့ကတိကို မြိုင် ဘယ်တော့မှ မဖျက်ပါဘူး၊ ကျေနပ်တယ် မဟုတ်လား၊ ကဲ . . . သွားစို့ ကိုသက်ဆွေ"

သက်ဆွေ ကြောင်ငေးငေး ဖြစ်နေဆဲ မြိုင်က ခြေလှမ်းများကို ရွှေ့လျားသည်။

သူ့ကိုယ်သူ မြိုင်ဟု နာမ်စားမြုတတ်သော အမည်ရင်းအ နှင်းရည်မြိုင် ဖြစ်သော၊ မြန်မာလို ကန်ရာသီတော်သတင်းလ အင်္ဂလိပ်လို (Virgo) ရာသီ စက်တင်ဘာလ၌ ဖွားသော မွေးနေ့တွင် လူတကာကို ကြည်ဖေးမချင်သော၊ ဖလင်လိပ်ကလေးကို သနားသဖြင့် သိမ်းဆည်းယူလိုက်သော ရုပ်ရှင်မင်းသမီး မေသင်းခိုင်ကို သက်ဆွေ အံ့ဩခြင်းကြီးစွာဖြင့် လှမ်းကြည့်လိုက်၏။

ᕯᕯᕯ



(၂)

"အဲဒီကိစ္စကတော့ ပြဿနာပဲ ကိုသက်၊ ဒီကိစ္စကို မင်း ဘယ်နည်းနဲ့မှ ပေါ့ပေါ့ဆဆ သဘောမထားသင့်ဘူး"

သက်ဆွေ၏စိတ်ရှုပ်ထွေးစွာ ရှင်းပြသော စကားများအဆုံးတွင် ကိုလှိုင်က မှတ်ချက်ချသည်။

သက်ဆွေ ခေါင်းကုတ်၍ . . .

"ပေါ့တော့ မပေါ့ဆပါဘူး ကိုလှိုင်ရယ်၊ မပေါ့ဆရဲလို့လဲ ကိုလှိုင့်ဆီ ကျွန်တော် ပြေးလာတာပဲပေါ့၊ ခက်တာက ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့် ဘက်က ဘယ်လို ဆုံးဖြတ်ချက်ချရမယ်ဆိုတာက ပြဿနာ"

"ကောင်မလေးကိုကော မင်း ဖွင့်မေးကြည့်ပြီးပြီလား"

"ဟာ . . . ဘယ်လိုလုပ်မေးမလဲ ကိုလှိုင်ရဲ့၊ သူနဲ့ ကျွန်တော်နဲ့က အလောက် ရင်းနှီးတဲ့ အဆင့်တောင် ရောက်သေးတာ မဟုတ်ဘူး"

"တိုက်ရိုက်ကြီးတော့ မဟုတ်ပါဘူးကွာ၊ တနည်းနည်းနဲ့ သွယ်ဝိုက် မေးရမှာပေါ့"

"အဲဒါကိုက ပြဿနာပဲ ကိုလှိုင်" ဟု စိတ်ထဲက ပြောရင်း စိတ် ညစ်ညစ်နဲ့ လက်ထဲက စီးကရက်ကို ဖိဖွာသည်။

ကိုလှိုင်က သူ့စကားကို ခေါင်းညိတ်၍ စဉ်းစားနေဆဲ၊ သက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



က လေထဲလွင့်ဝဲတက်လာသော ဆေးလိပ်မီးခိုးငွေ့များကို ငေးကြည့်နေမိသည်။

မီးခိုးမြူများကြားတွင် မြသနာ၏ ရုပ်လုံးများ ပေါ်နေသလို မြင်ရ၏။

*

အမှန်က ဒီမြသနာကိုသာ နေ့လည်က အမှန်မထင် မကြားလိုက်ရလျှင် မြိုင်နှင့် သူ့အခြေအနေသည် အတော်ပျော်စရာ ကောင်းသည့် အခြေအနေလေးပင် ဖြစ်နေ၏။

ကျော်ဇော သုံးလေးသုံးထရှိသော ဓါတ်ပုံစကားဖြင့် ပြောရလျှင် ရိုက်ထားသော ဓါတ်ပုံ၏ ပုံရိပ်ကတော့ ဖလင်ပေါ်တွင် ထင်နေပေပြီ။

နောက်ထပ် ဟိုက်ပိုဖြင့်ချပ်၍ ရေဆေးချရန်သာ ရှိတော့သည်။

ဒီအခြေအနေထိ ရောက်လာရန် ဆိုသည်မှာ တကယ်မလွယ်။ ခုပင် အဆင်ပြေသော ကံကြမ္မာအပြင် ကိုယ့်ဘက်က အတော်လေး ဂရုတစိုက်နှင့် ကြိုးကြိုးစားစား လုပ်နိုင်သောကြောင့် ဖြစ်လာသည့်တိုင်။

"အေးကွာ . . . ဒီမြသနာက ဒီလောက် လွယ်လွယ်ကူကူနဲ့ ဖြေရှင်းလို့လည်း ရမှာ မဟုတ်ပါဘူး၊ ထားလိုက်ပါဦးကွာ ကိုသက်ရာ၊ ငါလည်း အချိန် နည်းနည်းယူပြီး စဉ်းစားကြည့်ပါဦးမယ်၊ ဒီလိုလုပ်လေ"

"ပြော . . . ကိုလှိုင်၊ ဘာလုပ်ရမလဲ"

ကိုလှိုင်က ဆိုင်၍ ပြောနေရာမှ ထရပ်လိုက်သည်။ ပြီးမှ နာရီကြည့်လိုက်ပြီး . . .

"နှစ်နာရီခွဲမှာ ငါလည်း အသုဘတစ်ခု လိုက်ပို့စရာရှိလို့ သွား





လိုက်ချင်သေးတယ်၊ မင်း စောင့်နိုင်ရင်တော့ အိမ်ကပဲ ထိုင်စောင့်၊ ကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့မယ်၊ ဒါမှမဟုတ် သွားစရာ ရှိရင်လည်းသွား၊ နက်ဖြန်ဖြစ်ဖြစ်၊ ညဘက်ဖြစ်ဖြစ် တစ်ခေါက် ပြန်ထွက်ခဲ့ပေါ့"

အသုဘ သွားပို့မှာဆိုတော့ မကြာဘူးဆို နှစ်နာရီ သုံးနာရီတော့ ကြာမည်။ သို့သော် ခုချိန်မှာ သက်ဆွေ ဒီပြင်ကိစ္စ ဘာတစ်ခုမှ မလုပ်ချင်။ အလုပ်လုပ်ဖို့ မပြောနှင့် ထိုင်နေရာမှ မရပ်ချင်လောက်အောင်ပင် အားအင်တွေ ကုန်ခမ်းသလို ဖြစ်နေ၏။

"မပြန်တော့ဘူး ကိုလှိုင်ရာ၊ ကိုလှိုင် သွားစရာ ရှိတာသာ သွား၊ ကျွန်တော် အိမ်စောင့် ကျန်ခဲ့မယ်၊ ကိုလှိုင် ပြန်ချင်တဲ့အချိန်ကျမှ ပြန်၊ ကိစ္စ မရှိဘူး၊ ကျွန်တော့် အားနာပြီး လောလော လောမလာတွေ မလုပ်နဲ့"

"အေးလေ . . . အဲဒါဆိုလဲ နေခဲ့၊ အိပ်ချင်ရင်လဲ ငါ့အိပ်ရာမှာ သွားအိပ်နေပေါ့ကွာ၊ ငါ့အိမ်က ထွေထွေထူးထူး စောင့်စရာ မလိုပါဘူး၊ တစ်အိမ်လုံးမှာ အဖိုးတန်ဆာဆိုလို့ စာအုပ်ပဲရှိတာ၊ ဒီပညာရွှေအိုးကျတော့လည်း ဘယ်သူခိုးကမှ အရေးလုပ်ပြီး ခိုးနေမှာ မဟုတ်ပါဘူး၊ ခိုးမယ့်ခိုးရွှေအစစ်ပဲ ခိုးမှာပေါ့ . . ."

ကိုလှိုင်က ရွှတ်နောက်နောက်လုပ်ပြီး ခုန ထိုင်နေသော အဝတ်မြင့်ပင် အမြန် ထွက်သွားသည်။

သက်ဆွေ တစ်ယောက်သာ ကုလားထိုင်ပေါ်တွင် ပုံမပျက် ကျန်နေခဲ့သည်။

စိတ်ထဲမှာလည်း ခုမြသနာ မတိုင်မီက လှုပနေခဲ့သော အလှအပ ပေါင်းတပေါင်းလေးများကို ပြန်သတိရ၏။

*

www.burmeseclassic.com

www.burmeseclassic.com



"လှတယ်ကွာ . . . မျက်နှာ တစ်ခုလုံး ဘာအပြစ်မှ ပြောစရာကို မရှိဘူး"

ဒူးဆေး အမှောင်ခန်းထဲက ထွက်လာသည်နှင့် ကျော်ဇော လက်ထဲမှ ဓါတ်ပုံများကို တစ်ခုစီကြည့်ရင်း အားပါးတရပင် ချီးကျူးသည်။

ပြက္ခဒိန် မျက်နှာဖုံးအဖြစ် တိုက်ရိုက်သုံးရမည့် အဆင့်မရောက်သေးသဖြင့် ပုံများကို လေ့လာပြီး ရွေးချယ်ရန် ပို့စကတ်ဆိုက်များသာ ကူးထုတ်သည်။

အမှန်က ဒါမျိုးဆို ပို့စကတ်ဆိုက် အပြည့်မင် ကူးရန်မလို။ ပို့စကတ်တစ်ဝက်ဆိုက် ကူးလျှင်ပင် လုံလောက်သည်။ သို့သော် မရွေးဖြစ်သည့် ပုံများကို လိုအပ်လျှင် လက်ဆောင်ပေးပေး၊ ကိုယ့်ဟာကိုယ်ပဲ သိမ်းသိမ်း လုပ်ချင်သေးသဖြင့် ကျော်ဇောနှင့်သက်ဆွေတို့ နှစ်ဦးသဘောတူ ဆိုက်အပြည့် ကူးချလိုက်ခြင်းပင် ဖြစ်သည်။

ကျော်ဇော၏ တနင့်တပိုး ချီးကျူးသံကြောင့် သက်ဆွေ မနေနိုင်တော့၊ ကျော်ဇော ရှိရာ ထလာသည်။

"မြစမ်းကွာ ကျော်ဇော၊ ပုံလေးတွေ ကောင်းရင် ကြည့်ရအောင်"

"နေပါဦး သက်ဆွေရာ၊ မင်းက မနေ့က တစ်နေ့လုံးနီးပါး လူကိုယ်တိုင်ကို အဝ ကြည့်ခဲ့ရတာပါ၊ ငါက အခုမှ ဒါလေးတွေ မြင်ရတဲ့သူ"

ကံက ကောင်းချင်တော့ မနေ့တကော ဒီနေ့ပါ မီးမပျက်၊ သို့အတွက် ပုံတွေက တစ်ရက်နှင့် အပြီးထွက်လာသည်။

သက်ဆွေက ကျော်ဇောလက်ထဲမှ ကြည့်ပြီးသား ပုံများကို လှမ်းကိုင်လိုက်ပြီး . . .

"မင်း ကြည့်ပြီးသားပဲ၊ ငါ ကြည့်မှာပါ ကျော်ဇောရာ၊ ဒါလေးတွေတော့ ခဏပြပါဦး"

ကျော်ဇောက လက်ကို ဆတ်ခနဲ ရုပ်သည်။

"နေစမ်းပါ၊ ဘယ်တာမှ ကောင်းကောင်း မကြည့်ရသေးဘူး၊ အားလုံးကို တစ်ခေါက် ပြန်ကြည့်ရဦးမှာ"

တစ်ယောက်တည်း လောဘဇောတွေ တိုက်နေသည့် ကျော်ဇောကိုကြည့်၍ သက်ဆွေ ရယ်သည်။ ဓါတ်ပုံရိုက်တုန်းက ဆိုင်စောင့်ထားခဲ့သည့်ကိစ္စကို ထောက်ထားကာ ဘာမျှ မပြောတော့။ ကိုယ့်မှာ လုပ်စရာတွေက အများကြီး ရှိနေသေးသူမို့ ကျော်ဇောကို ဓါတ်ပုံတွေနှင့် ထားခဲ့ပြီး တယ်လီဖုန်းဆီ လျှောက်လာခဲ့သည်။

အလွတ်ရပြီးသား ဖြစ်နေသော ဖုန်းနံပါတ်ကို အထစ်အငေါ့မရှိ လှည့်လိုက်သည်။ ခဏကြာသောအခါ မြိုင့်မောင်လေးဟု ထင်ရသော အာတိတ်သံ တစ်သံ ပေါ်လာ၏။

"ဟယ်လို"

"အခု ရှိလား ညီလေး"

"အခု စကားပြောတာ ဘယ်သူလဲ"

"သက်ဆွေပါ၊ ပြက္ခဒိန်ရိုက်တဲ့ ဓါတ်ပုံအဖွဲ့က"

"ခဏ ကိုင်ထားဦးနော်"

"အေး . . . အေး"

စားပွဲပေါ် တယ်လီဖုန်း ပြန်ချသံ ကြားရသည်။ စိတ်ထဲ နည်းနည်း အေးသွား၏။ မြိုင် ဘယ်မှ အပြင်သွားပုံ မရ။

"ကိုသက်ဆွေလား"

"ဟုတ်တယ် မမြိုင်၊ ဓါတ်ပုံတွေ ခုပဲပြီးတယ်၊ မမြိုင် ကြည့်မလား"





www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မယ်လေ၊ ကိုသက်ဆွေ အိမ်လာပို့မှာလား"

"လာခဲ့မယ် မမြိုင်၊ တစ်နာရီအတွင်း မမြိုင်ဆီ ကျွန်တော် ရောက်မယ်"

"အင်း . . . အင်း . . . ဪ . . . ဒါနဲ့ နေပါဦး၊ ကိုသက်ဆွေကို မေးမလို့"

"မေးလေ မမြိုင်၊ ဘာမေးမလို့လဲ"

"မနေ့က ကိုမာန်အောင်နဲ့ ဘာဆက်ဖြစ်သေးလဲ"

သက်ဆွေ ရယ်သည်။

"မဖြစ်ပါဘူး မမြိုင်၊ မမြိုင် အသက်နှစ်ဆယ် ပြည့်တဲ့နေ့ အထိမ်းအမှတ်အဖြစ်နဲ့ ကျွန်တော် သူ့ကို ခွင့်လွှတ်လိုက်ပါတယ်"

မြိုင့် ရယ်သံကို ကြားရသည်။

"ကျေးဇူးတင်ပါတယ် ကိုသက်ဆွေ၊ ဒါပေမယ့် မြိုင် ဖဲဒီလောက် မငယ်တော့ပါဘူး၊ မနေ့က မြိုင့် အသက်နှစ်ဆယ်တစ် ပြည့်တာပါ"

သက်ဆွေက ရယ်လိုက်ပြန်ရင်း . . .

"ဒါဆို မြိုင်က ကျွန်တော့်ထက် တစ်နှစ်ပဲ ငယ်တော့တာပေါ့၊ အဲဒါ နာတာပဲဗျာ၊ ကျွန်တော်က မြိုင့်ထက် လေးငါးနှစ် ကြီးချင်တာ"

"အဆန်းပါလား၊ ဘာဖြစ်လို့လဲ"

"မြိုင့်ကို လူကြီးနေရာကနေ ဆုံးမချင်လို့ပေါ့၊ သူများစိတ်တိုလို့ လွှင့်ပစ်တဲ့ ပစ္စည်းတွေ သနားပြီး တွေ့တိုင်း ကောက်သိမ်းမနေနဲ့၊ အိမ်မှာ အမှိုက်ပုံကြီး ဖြစ်နေလိမ့်မယ်လို့"

မြိုင် ရယ်သည်။

"ဒီကိစ္စအတွက်တော့ ဝမ်းနည်းပါတယ် ကိုသက်ဆွေ၊ ဆုံးချင်း



မြိုင်က ဆုံးမရမှာပါ၊ စိတ်တိုတိုင်း အဖိုးတန်ပစ္စည်းတွေ လျှောက်လွှင့်စ်နဲ့ စိတ်တိုတာ များသွားရင် ခါးက မုဆိုးတောင် မကျန်ဘဲ ဖြစ်သွားလိမ့်ယ်လို့"

"ဟာ . . . မြိုင်ကလဲ"

ဒီတစ်ခါတော့ မြိုင်တူ ရယ်ဖြစ်သည်။

ရယ်သောအခါ မြဖြူလက်လက်လေး ပေါ်လာမည့် မြိုင့်သွားဃ်လေးနှင့် ဝန်းဝန်းလက်လက် ဖြစ်သွားမည့် မြိုင့် မျက်လုံးများကို စိတ်ထဲင် မြင်လာသည်။

ကိုယ့်ပီတိနှင့်ကိုယ် မြူးနေမိ၍ ပတ်ဝန်းကျင်ကို သတိမရ၊ သတိရသည့်ကြည့်လိုက်သောအခါ အလွန်တရာ အမြင်ကတ်နေသော မျက်နှာင် ကြည့်နေသည့် ကျော်ဇောကို မြင်လိုက်ရ၏။

✿

"ဒီကိစ္စမှာ မင်း လုံးဝဆက်တာဝန်ယူစရာ မလိုတော့ဘူးက်ဆွေ၊ မင်းဟာ တို့လုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ လူတွေအပေါ်မှာ မရိုးသူ မရှိလို့ ငါရှုတ်ချတယ်၊ အကောင်းဆုံးက ဒီအဖွဲ့ကနေ နုတ်ထွက်စာဆောင် ဂုဏ်သရေရှိရှိ ရေးတင်ခဲ့ပြီး မင်း အိမ်ပြန်တော့၊ ဒါ တို့အဖွဲ့ရဲ့ သတ်ညာဆုံး ဆုံးဖြတ်ချက်ပဲ"

တယ်လီဖုန်း ချပြီး ပြန်လှည့်လိုက်သည်နှင့် ကျော်ဇောက ခါတ်ပုံသို့ စာအိတ်ထဲ ကောက်ထည့်လိုက်ပြီး ရှုတင်းတင်းနှင့် ပြောသည်။

သက်ဆွေ ရယ်လိုက်ပြီး . . .

www.burmeseclassic.com



"မိန်းမဖျက်တော့ ပြည်ဖျက်တယ် . . . တဲ့၊ မဘက်လိုက်ပြီး မိုက်ဘက် မပါစမ်းပါနဲ့ ကျော်ဇောရာ၊ ငါ အခု လှုပ်ရှားနေတဲ့ကိစ္စ အားလုံးဟာ တို့အဖွဲ့အတွက်ချည်းပါ၊ အဖွဲ့အောင်မြင်မှုကို မင်း လိုလားရင် အခု မင်းရင်ထဲမှာ ရှိနေတဲ့ မနာလိုစိတ်တွေကို ဖျောက်ပစ်လိုက်စမ်းပါ"

တဟဲဟဲ ရယ်နေသော သက်ဆွေကို ကြည့်၍ ကျော်ဇောက ရှုံ့သည်။

"မင်း အပိုတွေ လျှောက်မပြောနဲ့ သက်ဆွေ၊ မင်း တယ်လီဖုန်း ပြောနေတာကို ငါ အစအဆုံး စောင့်ကြည့်ပြီးသား"

"ဟား . . . ဟား၊ အဲဒီလို မလုပ်ပါနဲ့ ကျော်ဇောကြီးရာ၊ သမ္မတ လူကြမ်းအဖွဲ့က ဖျက်သိမ်းလိုက်တာ ကြာပါပြီ၊ မင်း မကျေနပ်ရင် ခု ငါ မြိုင်တို့အိမ် သွားမယ်၊ မင်းပါ လိုက်ခဲ့"

"ဩော် . . . ငါ လိုက်ခဲ့တော့ ဆိုင်ကို ဘယ်သူစောင့်မလဲ"

"စောင့်စရာလူ မရှိရင် ပိတ်ထားခဲ့ပေါ့ကွ"

"အေး . . . အဲဒါမှ မာန်အောင်က နှစ်ယောက်စလုံးကို . . .၊ သက်ဆွေ မနေ့က ဖလင်လိပ်လွှင့်ပစ်တဲ့ကိစ္စတောင် သိပ်ကြည်တာ မဟုတ်ဘူး"

မလိုက်ချင်ဘူးဟု တစ်ခွန်းမျှ မပြောဘဲ လိုက်မရနိုင်သည့်အတွက်သာ ညည်းညည်းညူညူ ပြောနေသည့် ကျော်ဇောကိုကြည့် ၍ သက်ဆွေ ရယ်သည်။

"အဲဒါဆို ဘယ်လိုလုပ်မလဲ ကျော်ဇော၊ ငါက မြိုင့်ကို တစ်နာရီအတွင်း လာခဲ့မယ်လို့ ဖုန်းထဲက ပြောပြီးနေပြီ"

မေသင်းခိုင်ကို မြိုင်ဟု ခေါ်သည့်ကိစ္စက ရှင်းပြပြီးသားမို့





ကျော်ဇောနှင့် အရှုပ်အထွေး မရှိတော့။ သက်ဆွေ စကားကြောင့် ကျော်ဇောက မှုန်တေတေ လုပ်နေရာကနေ မျက်မှောင်ကြုတ် ဖြေလိုက်ပြီး . . .

"မင်းက ငါ့ကို တကယ် ခေါ်ချင်လို့လား"

"ခေါ်ပါတယ် ကျော်ဇောရာ၊ ငါ့ကို ဒီလောက် အယုံအကြည် မနည်းပါနဲ့၊ ဒါမှမဟုတ် မင်းပဲ သွားလိုက်မယ်ဆိုရင်လဲ သွား၊ ငါ ဆိုင်စောင့်နေခဲ့မယ်၊ မင်း လာနေပြီဆိုတဲ့အကြောင်း ဖုန်းနဲ့ ကြိုပြောထားလိုက်မှာပေါ့"

ကျော်ဇော ပြုံး၏။

"မင်း အတော် ကူလီကူမာများတဲ့ကောင်ပဲ သက်ဆွေ၊ အဲဒီလိုကြီးတော့ သွားလို့ ဖြစ်မလားကွ၊ ကိစ္စမရှိပါဘူးကွာ၊ ဒါကတော့ သူ့ကံနဲ့သူ ဖြစ်လာတာပဲ၊ မင်းကုသိုလ်နဲ့ မင်းပဲ သွားလိုက်ပါ၊ ငါကလည်း လုလို့သာ နောက်နေတာပါ၊ ရုပ်ရှင်မင်းသမီးတော့ စိတ်တောင် မကူးရဲပါဘူး"

"ဘာဖြစ်လို့လဲ"

"ဟ . . . ရုပ်ရှင်မင်းသမီးကို ကြိုက်တဲ့သူဆိုတာ အငြိမ့်မင်းသမီးကို ရည်းစားထားမိတဲ့သူထက် ပိုပြီး စိတ်ညစ်ရမှာပေါ့ကွ"

"ဒါဖြင့် မင်းက မြိုင့်ကို ရရင်တောင် မယူဘူးပေါ့"

"ဟင့်အင်း"

"အေး . . . ဒီလိုဆို နောက်ကို ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့ကို ဘာတစ်ခုမှ မနာလို စကား မပြောနဲ့တော့ ကျော်ဇော၊ ဒီကိစ္စ မင်းနဲ့ လုံးဝ မဆိုင်တော့ဘူး"

ကျော်ဇော ရယ်သည်။

"အေးပါကွာ၊ ခုတိုင်းကတော့ ဒီလိုပဲ ဖြစ်ရတော့မှာပေါ့၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ ငါက မင်းလိုမှ သူများ သားသမီး သွားကြိုက်ပြီး မယူဘဲ ပစ်ထားရဲတဲ့ကောင်မှ မဟုတ်တာ"

"ဟာ . . . ဘာဆိုင်လို့လဲကွ"

ကျော်ဇော ကေားက သက်ဆွေ၏ အရှိက်တစ်ခုကို သွားထိ သည်။

သက်ဆွေ၏ မျက်ကောင်းကို အပိုင်တွယ်လိုက်ရသဖြင့် ကျေနပ် သွားသော ကျော်ဇောက အားရပါးရ ရယ်သည်။

သက်ဆွေ မျက်လုံးထဲတွင် စန္ဒီဆိုသော ကောင်မလေး တစ်ယောက်၏ ပုံသဏ္ဌာန် ရိပ်ခနဲ ပေါ်၏။

အမှန်က ဘာမျှမဆိုင်။

* * *



(၃)

ခက်သည်က စန္ဒီနှင့် ပတ်သက်သောကိစ္စတွင် ကျော်ဇော သာမက ဒီပြင် သူငယ်ချင်းများကပါ အယူအဆတွေ ကွဲလွဲနေကြခြင်းပင် ဖြစ်သည်။

ရှင်းမပြဖူး၍လည်း မဟုတ်။

စန္ဒီနှင့် စ,ပတ်သက်ကတည်းက ကိုယ်တစ်ယောက်သာ ရှိနေ သည် မဟုတ်ဘဲ အရာအားလုံးက သူတို့ရှေ့မှာပင် ဖြစ်လာကြသောကိစ္စ။ စ,ဖြစ်ကတည်းက ဘယ်လိုက ဘာဆိုတာ အသေးစိတ် ရှင်းပြစရာမလို အောင် မြင်ပြီးသားပင်။

သို့သော် ကိုယ်ကပဲ ရှင်းပြတာ မသေသပ်၍လား၊ အ ကြောင်းစုံ သိလျက်သားနှင့် မခံချင်မှုန်း သိ၍ စနေတာလား၊ မဝေခွဲတတ်၊ ရှင်းတိုင်း ရှုပ်ရှုပ်သွားပေါင်းကတော့ များပြီ။

ရှင်းလေ ရှုပ်လေဖြစ်၍ မရှင်းဘဲ ပစ်ထားလိုက်တော့လည်း ကိုယ် တော်တွေက အေးအေးမနေ၊ အကြောင်း ပေါ်လာလျှင် ပိန္နဲပင်ကို ဆွဲထည့် ၍ အဖြစ်တင်စကားတွေ စောင်းစောင်းမြောင်းမြောင်းပဲ ဖြစ်ဖြစ်၊ တည့် တည့်ပဲဖြစ်ဖြစ် ဆိုကြသည်။

စန္ဒီကိစ္စက တကယ်က ဘာမျှမဟုတ်။

www.burmeseclassic.com



တက္ကသိုလ်တုန်းက ဘရုတ်ဘရက်နှင့် မပီမပြင် ဖြစ်ပွားခဲ့ဖူးသော နှလုံးသား အရေးအခင်းလေး တစ်ခုမျှသာ ဖြစ်သည်။ ရှင်းရှင်းလေးနှင့် ရှုပ်ပြီး ရှုပ်ရှုပ်ကြီးနှင့် ရှင်းနေသည့် ရှင်းရှင်းရှုပ် သို့မဟုတ် ရှုပ်ရှုပ်ရှင်း ဇာတ်လမ်းကြီးလည်း ဖြစ်သည်။

ဒီကြားထဲ ထိုဇာတ်လမ်းတွင် တက္ကသိုလ်ကျောင်းက ငွေလမင်းက လည်း ဇာတ်ဝင်သီချင်းတစ်ပုဒ်အဖြစ် ပါသေး၏။

ကျောင်းတုန်းက သက်ဆွေတွင် မေဂျာတူ၊ အတန်းတူ၊ အခန်းတူ သူငယ်ချင်း ခြောက်ယောက်တိတိ ရှိသည်။

တစ်ကျောင်းလုံးမှ သူငယ်ချင်း ခြောက်ယောက်သာ ရှိသည်ဟု ပြောတာမျိုးတော့ မဟုတ်။ သက်ဆွေ ဒီလောက်တော့ မိတ္တဗလဘက်မှာ မညံ့။ ခင်သောသူငယ်ချင်းတွေကတော့ အများကြီးရှိသော်လည်း အရင်းနှီး ဆုံးနှင့် အတွဲဆုံးအုပ်စုဖွဲ့ထားသော ယောကျ်ားလေး မိန်းကလေး သူငယ် ချင်း ခုနှစ်ယောက်အစုတွင် တစ်ယောက်အဖြစ် ပါဝင်ကြောင်း ပြောခြင်း ဖြစ်၏။

သက်ဆွေ မပါသော ကျန်ခြောက်ယောက်တွင် ယောကျ်ားလေး က သုံးယောက်၊ မိန်းကလေးက သုံးယောက်၊ ယောကျ်ားလေး သုံးယောက် မှာ ကျော်ဇော၊ မာန်ဒီအောင်နှင့် ပီကေခေါ် ဘုန်းကျော်တို့ ဖြစ်၍၊ မိန်းကလေး သုံးယောက်မှာ ကြည်ကြည်မာ၊ စန္ဒီနှင့် ညံ့ညံ့ခေါ် စီစီတို့ ဖြစ်သည်။

ကျန်သည့်သူများက အမည်ရင်းများနှင့် ထင်ပေါ်ပြီး ပီကေနှင့်





ညံ့ညံ့တို့ နှစ်ယောက်ကျမှ အမည်ပြောင်တွေနှင့် ဖြစ်နေခြင်းမှာ အကြောင်း ရှိ၏။

ဘုန်းကျော်ကို ပီကေဟု ခေါ်ခြင်းမှာ ပီကေတွေ စားလွန်း၍ မဟုတ်။ ဘုန်းကျော်က သူ့နာမည်ကိုသူ အတိုကောက် ပီ၊ ကေဟု အင်္ဂလိပ် စာလုံးနှစ်လုံး အမြဲရေးသည်။ စာအုပ်အဖုံးမှာ အမည်တပ်လျှင်လည်း (P.K) တစ်ခုခု သူကပြောပြီးလျှင်လည်း ထိုအချိန်က ဝင်းဦး၏ တစ်ကျော့နှစ်ကျော့ တေးကိုသီ ဇာတ်ကားမှ ပုံ၊ ခင်ရီဆိုသော စကားကို အကြောင်းပြု၍ မုံ . . . ပီကေဟု ပြောသည်။

သို့အတွက် ကြာသောအခါ ဘုန်းကျော်ဘဝမှ ပီကေဖြစ်သွားခြင်း ဖြစ်၏။

စီစီကတော့ သူ့ဘာသာသူပေးသည့် နာမည်မဟုတ်၊ စီစီရှိ ပါ လာပြီဆိုလျှင် ဘယ်ဝိုင်း ဘယ်နေရာမှာဖြစ်ဖြစ်၊ တစ်အုပ်လုံး စီစီ ညံ့ညံ့ ဖြစ်နေမြဲ။ စကားကလည်း များသလား မမေးနှင့် သူ တစ်မိနစ်အတွင်း စကားပြောသလောက်သာ လက်ရေးတို ရေးနိုင်ပါက ကမ္ဘာပေါ်မှာ လက်ရေးတိုအတော်ဆုံး ပုဂ္ဂိုလ် ဖြစ်သွားမည်။

ပြဿနာကလည်း များသလားမမေးနှင့် ဘာမှပြဿနာ ဖြစ်စရာ မရှိလျှင်တောင် ကင်တင်းထိုင်ရင်း လက်ဖက်ရည်ဆိုင်မှာ အကြမ်းပန်းကန် ပွပွလောင်လောင်ကြီး တစ်ခွက်တော့ လက်ဖြင့်တိုက်၍ မှောက်ပစ်တတ် သည်။

ကြာတော့ သူပါလျှင် စီစီညံ့ညံ့ ဖြစ်လွန်း၍ ရှေ့နှစ်လုံး နောက်နှစ် လုံး အတူတူပဲဟုဆိုကာ ရှေ့က နာမည်ရင်း စီစီကို မခေါ်တော့ဘဲ နောက်မှ နှစ်လုံးဖြစ်သော ညံ့ညံ့ဟုသာ သူ့ကို ခေါ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီခြောက်ယောက်တာ ရန်ကုန် ပင်မတက္ကသိုလ်ကြီးရောက်ခင်ကြတာ မဟုတ်၊ ရန်ကုန်တက္ကသိုလ် ဗိုလ်တစ်ထောင်နယ်မြေမှာ တတ်စဉ်ကတည်းက ရင်းနှီးလာသူများ ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ်များကတော့ ဘာပြဿနာမှမရှိ၊ ဒီလိုပဲ တဟီးဟီး တဟားဟားနှင့် ပျော်ပျော်ရွှင်ရွှင်ဆွေးနွေးရင်း ရုပ်ရှင်ကြည့်ရင်း ကျူရှင်ကို မှောင်ခိုဆရာများဖြင့် တစ်အိမ်တစ်လှည့်စီ စုသင်ရင်း အောင်လာခဲ့ကြသည်။

ပြဿနာက မိန်းထဲကျမှစ၏။

တတ်လမ်းကတော့ မသန်းဟု တင်စား၍တော့ မရ။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်က မို့မို့မြင့်အောင် မင်းသမီးပင်မဖြစ်သေး။ နံ့ရံကပ်ပိုစတာတွင် ဆွမ်းအုပ်ကြီးလား၊ စောင်းကောက်ကြီးလား မမှတ်မိ၊ ထိုတစ်ခုတစ်ရာကြီးကို ဝိုက်လျက် နန်းဝတ် နန်းစားဖြင့် မို့မို့မြင့်အောင် ဓါတ်ပုံများ ပေါ်စ,သာ ရှိသေးသည်။

ဘာကြောင့်မှန်းမသိ၊ သက်ဆွေကလည်း ထိုပုံကားချပ်ကြီးကိုကြည့်ပြီး သိပ်သဘောကျသည်။ သို့သော် ဈေးကမသေး။

ထိုဓါတ်ပုံကားကြီးကို မဝယ်တော့ဘဲ မို့မို့မြင့်အောင်နှင့် ခပ်ဆင်ဆင်တူသော 'ပန်သရဖူ' အမည်ရှိသည့် သချ်ာ တတိယနှစ်က ကောင်မလေး တစ်ယောက်ကို သွားကြိုက်သည်။

'ပန်သရဖူ' က နာမည်ရင်းတော့ မဟုတ်၊ အမည်ရင်းက သန်းသန်းနု၊ ပန်သရဖူက တက္ကသိုလ် အနုပညာအသင်းမှ တင်ဆက်သော ပွဲများတွင် မင်းသမီးအဖြစ် တက်တက်ကြွကြွ သရုပ်ဆောင်သည့်အခါ သုံးသည့်အမည်။





ဆံထုံးတွေ ခါးတောင်အင်္ကျီတွေ ဗလာထဘီတွေ ဝတ်ပြီး ထိုနေ့က တက္ကသိုလ်ကျောင်းက ငွေလမင်း သီချင်းကိုဆိုပြီး အငြိမ့်ကသော မင်းသမီး ပန်သရဖူ၏ မျက်နှာကို ကြည့်၍ နန်းဝတ်နန်းစား ဝတ်ထားသော မို့မို့မြင့်အောင်နှင့်တူသည်ဆိုကာ သက်ဆွေရော ကောသော်ကော သွားကြိုက်မိခြင်း ဖြစ်သည်။

သို့သော် တကယ်ကတော့ ပန်သရဖူက ဗိုဒ္ဓ အများကြီး ငယ်သွားသည်။

သို့ရာတွင် ကြိုက်သည်ဆိုသည်ကလည်း ဘုရားအဆူနှစ်ဆယ် စူးပါစေ၊ ကြိုက်သည်ဆိုရုံမျှသာ ကြိုက်လိုက်ခြင်း ဖြစ်သည်။ ကြိုက်ပြီး ဘာဆက်လုပ်ရမည်ဆိုသည်ကို ကောင်းစွာပင် မစဉ်းစားရသေး၊ လိုက်ဖို့ဆိုသည့်ကိစ္စကို တစ်ခါမျှ မလုပ်ဖူးသော အလုပ်ပီပီ ဘယ်ကစရမှန်း မသိသည့်အချိန်။

ပန်သရဖူရှိနိုင်သည့် အနုပညာအသင်းခန်းနားသို့ ဝိတေကို လက်တို့ခေါ် ခေါ်ပြီး တရုပ်ကပ်ကြားမှ ချောင်းချောင်းကြည့်သည့် အဆင့်က နေ လုံးဝ မကျော်ရသေး။

တစ်ရက် ဝိကေ ဘယ်ခြေရှည်နေမှန်း မသိ၍ တစ်ယောက်တည်း သွားအချောင်း၊ နောက်မှ ပြန်ရောက်လာသော ဝိကေတ ကင်တင်းမှာ ထိုင်နေကြသော ကျန်အဖွဲ့က လူများကို သက်ဆွေ အကြောင်းကို ပြောပြလိုက်သောအခါ ထိုမှာပင် ပြဿနာက စ, ပေါက်တွဲတော့သည်။

ပြောပြပြီးချင်း ဝနိုင်က မှုတ်ကြီးအငင် ငိုချလိုက်တော့သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

(၄)

"နေပါဦး သက်ဆွေ၊ နင်က ဘာကိစ္စနဲ့ သူ့ကို သွားကြိုက်ရ သွားချောင်းနေရတာလဲ"

နောက်တစ်နေ့ စာသင်ခန်းရှေ့ ရောက်သည်နှင့် သူ့ရှေ့မှာ ညည်တစ်ယောက် ဘီလူးမကြီးဇာတ်ထဲမှ ထွက်လာသလို ဘွားခနဲ ပေါက်ချလာသည်။ ထို့နောက် အထက်ပါအတိုင်း ယဉ်ကျေးသိမ်မွေ့စွာ ရန်တွေ့လိုက်သောအခါ သက်ဆွေ လုံးဝ မျက်လုံးပြူးသွားသည်။

ဗုဒ္ဓေါ်ဟု စိတ်ထဲက ရေရွတ်လိုက်ပြီး . . .

"နေပါဦး ညည်၊ နင့်ကို အဲဒီကိစ္စ ဘယ်သူက ပြောလဲ"

"ဟေ့ . . . ဒီမှာ ဖိုးသက်၊ ခုချိန်မှာ ငါက တရားခံမဟုတ်ဘူး။ နင်က တရားခံ၊ နင် ငါ့ကို ဘာမှပြန်မမေးနဲ့၊ ငါ မေးတာ ဟုတ်မဟုတ်အဲ နင်ဖြေ"

သူငယ်ချင်း အချင်းချင်း မေတ္တာရပ်ခံချက်က ကြမ်းတမ်းလှချည်လားဟု ထင်မိသော်လည်း သည်အုပ်စုမှာ ညည်က အမိန့်အရ ဆူညံခွင့်ရှိသူမို့ သိမှာလည်း မထူးတော့ပါဘူးဟု တွက်လိုက်ပြီး . . .

"အေး . . . ဟုတ်တယ် မိညည်၊ ငါ သရဖူကို ချစ်လို့ သွားကြည့်တယ်"



"လုပ်မနေနဲ့ ဖိုးသက်၊ ဒီကျောင်းမှာ သူ့ကို ဘယ်သူကမှ မန်သရဖူလို့ မခေါ်ဘူး၊ ဂဝယ်က အောက်ပိုင်းကြီးလို့ ပက်လက်လန်ပြီး မစောက် ဖြစ်သွားတာလို့ပဲ လူတိုင်းပြောတယ်"

"ဟာ . . . မဟုတ်က ဟုတ်ကတွေ ပြောကြတာပါ မိညံရာ"

"ဘာ . . . မဟုတ်က ဟုတ်ကလဲ၊ နင်တောင် အဲဒါကြီး ဇာတ်စင်ပေါ်မှာ လှည့်လှည့်ကတာမြင်ပြီး မနေနိုင် မထိုင်နိုင် ပါသွားတာ မဟုတ်လား"

သက်ဆွေ စိတ်ညစ်ညစ်နှင့် ခေါင်းကိုပွတ ဖွာလန်သွား အောင်ဘုတ်လိုက်မိသည်။ ခပ်လှမ်းလှမ်းမှနေ ပွဲကြည့်ပရိသတ်လိုလို၊ သိင်းလောကမှ စိန်ခေါ် သမှု ပြုထားသည့် အဆင့်မြင့်အတွင်း အားပညာရှင်များလိုလို၊ အကဲခတ်ကြည့် ကြည့်နေသည့် ကျော်ဇောတို့ စန္ဒီတို့ဘက် တစ်ချက်အားကိုးတကြီး လှမ်းကြည့်သည်။

မရ၊ တစ်ယောက်ကမှ ကိုယ့်ဘက်က ကူညီမည့် အသွင်သဏ္ဌာန်မရှိဘဲ၊ ညည်ကိုသာ ပြန်လာလျှင် လူမှုထူးချွန်ဆုပေးတော့မည့် မျက်နှာမျိုးဖြင့် ကြည့်နေကြသည်ကို မြင်ရ၏။

နောက်မကြာခင်မှာပင် စန္ဒီနှင့် ပတ်သက်သော အထူးသတင်းတစ်ရပ်ကို အားလုံးက ဝိုင်းဝန်း ထုတ်ပြန်ကြေညာသည်။

ထိုအချိန်က ရန်ကုန်မြို့ထဲမှာ အရှိုက် ဇာတ်ကားလား မသိ ဖြစ်နေ၏။

သက်ဆွေက မြိုင့်ထံသို့ ဓါတ်ပုံလေးများ သယ်ဆောင်၍ ဆိုင်ကယ် စီးသွားရင်း ထိုအကြောင်းရင်းများ ပြန်တွေးမိသဖြင့် ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကိစ္စများတွင် စန္ဒီကိစ္စမှတစ်ပါး ကျန်အဖြစ်အပျက်များ အားလုံးသည် ကလေးဘဝ ကျောင်းသားဘဝ ထင်ရာလုပ်ချိန်ပီပီ၊ ရယ်စရာ ပျော်စရာလည်း ကောင်း၏၊ တကယ့်ကို အဆင်အခြင်မရှိ အလေးအနက် မရှိခြင်းကလည်း ပေါ်လွင်၏။

မြိုင်နှင့်နောက်ပိုင်း ပိုရင်းနှီးသွားလျှင် ဒီလိုမျိုးနှင့် အလားတူ ကျောင်းတုန်းကကိစ္စတွေ ပြန်ပြောရမည်ဟုလည်း တွေးမိသည်။

ထိုအခါ သွားတက်ဖြူဖြူချွန်ချွန်လေးများ ပေါ်အောင် မြိုင်ရယ်ဦးမှာ သေချာသည်။

သို့သော် ပြောတော့ပြောရမည် ဖြစ်သော်လည်း စန္ဒီအကြောင်းကိုတော့ တတ်နိုင်သလောက် ဖျောက်ထား မှိန်ထားရန် ဆုံး ဖြတ်သည်။

အဘယ်ကြောင့်ဆိုသော် ဒီမြင် အချင်းအရာများကသာ ခုအချိန်မှာ မှိန်ပျောက် ပျောက်သွားကြသော်လည်း စန္ဒီကတော့ ခုထိ တစ်ဇက်ကလေးပင် မပျောက်နိုင်ဘဲ ဆက်လက် တည်ရှိနေသော ပြဿနာ ဖြစ်နေသည်။

ထိုစဉ်က ကျော်ဇောအပါအဝင် တစ်ဖွဲ့လုံးနှင့် သူ အကြီးအကျယ် ရှင်းရ ရှုပ်ရသည့် စကားများကိုလည်း အမှတ်ရ၏။

✲

"စန္ဒီက နင့်ကို ချစ်နေတာ သက်ဆွေ"

"ဟာ . . . ဘာဆိုင်လို့လဲ စန္ဒီနဲ့ငါနဲ့က တခြားစီပဲဟာ"

ညီညီ မှုန်မှုန်လာလုပ်ပြီး ခဏအကြာမှာ၊ စန္ဒီမပါသော





န်အုပ်စုက သူ့ကို ဝိုင်းလာပြီး၊ မင်းကို ပြောစရာရှိတယ်၊ စာင်တင်း တ်ခဲ့ဆိုကာ ခေါ်သွားသည်။

စန္ဒီကတော့ ဘယ်အချိန်က ဘယ်ပျောက်သွားသည် မသိ၊

စာသောက်တန်း ရောက်သည်နှင့် သက်ဆွေ အုံ့ပြသွားသော တ်စ္စကို ပြောလိုက်သူက ကြည်ကြည်မာ၊ သက်ဆွေ အလန့်တကြား သွား၏။

ကြည်ကြည်မာက ခေါင်းခါလိုက်ပြီး . . .

"တခြားစီ မဟုတ်ဘူး သက်ဆွေ၊ ငါ တကယ်ပြောတာ၊ နင် အခု န်းသန်းနုကို သွားကြိုက်တဲ့ကိစ္စ ကြားတော့ စန္ဒီ အရမ်းသနားဖို့ ကောင်း တပဲ၊ မနေ့က ငါတို့ရှေ့မှာကို ရှိုက်ကြီးတငင် ငိုတာ"

"အဲဒါတော့ ငါ မသိဘူး ကြည်ကြည်မာ၊ ဒါပေမယ့် ငါနဲ့ စန္ဒီ ာမှ မပတ်သက်တာတော့ အမှန်ပဲ၊ ငါက သူ့ကို နင်တို့နဲ့ ခင်သလိုပဲ င်တာ"

"အေးလေ ဟုတ်ပါတယ်၊ ငါတို့ကလည်း စန္ဒီက ကြိုက်တာ ပါလို့ ပြောတာပါပဲ၊ နင့်စိတ်ထဲ သိနေအောင် ပြောထားတာ၊ ပြန်ကြိုက်တာ ကြိုက်တာကတော့ နင့် အလုပ်ပေါ့၊ ဒါပေမယ့် အဲဒီ ပန်သရုပ်ဆိုတဲ့ န်းသန်းနုကြီးကိုတော့ သွားမကြိုက်ပါနဲ့ဟာ"

"ဘာဖြစ်လို့လဲ"

"စန္ဒီကို သနားလို့"

"တာ . . . ဘာမှမဆိုင်ပါဘူးလို့ ပြောပြီးနေပြီပဲဟ"

"ဘာမှ မဆိုင်တာတော့ မင်း ပြောမှာလားတွေ၊ ဒါပေမယ့်ကိုယ့် ချင်းချင်းထဲက ဒီလို စိတ်ထိခိုက်ရမယ့် ကိစ္စမျိုးကို မင်း မလုပ်သင့်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သက်ဆွေက ကြားဖြတ် ဝင်ပြောသော ကျော်ဇောကို တစ်ချက် လှမ်းကြည့်သည်။

"ဘယ်သူက စိတ်ထိခိုက်လို့လဲ"

"စန္ဒီပေါ့ကွာ၊ မင်းကလဲ ဒုံးဝေးလိုက်တာ"

မာန်အောင်ပါ ဝင်လာသည်။ သက်ဆွေ ခေါင်းခါလိုက်ပြီး . . .

"ဟာ . . . မင်းကိုက အမှိုက်ချိယ် မရှိတာပဲ၊ ငါမှ စန္ဒီကို မကြိုက်တာ"

"အေးပါ၊ မင်းကို ကြိုက်ရမယ်လို့လည်း မပြောပါဘူး၊ ဒါပေမယ့် စန္ဒီ ဒီလောက် စိတ်ထိခိုက်ရမယ့်ကိစ္စ မလုပ်ပါနဲ့လို့ပဲ တားနေတာ"

"နင် သန်းသန်းနုကို ကြိုက်ရင် စန္ဒီ သေလိမ့်မယ်"

"မြတ်စွာဘုရား"

စကား အသွားအလာက နေရင်းထိုင်ရင်း လူသတ်တရားခံ ဖြစ်သွားနိုင်သည်အထိ ရောက်လာသဖြင့် သက်ဆွေ ဘုရားတသည်။ ထိုစဉ် ပီကေက ဝင်၍ သက်ဆွေဘက်က ဖေးမသည်.

"မဟုတ်ဘူးလေဟာ၊ ဒီကိစ္စကို ကြားထဲက ငါ ဝင်ပြောပါရစေ၊ စန္ဒီက သက်ဆွေကို ကြိုက်တာက ကြိုက်တာပဲ၊ ဒါပေမယ့် သက်ဆွေက သန်းသန်းနုကို ကြိုက်တဲ့ကိစ္စတော့ မင်းတို့ကော နင်တို့ကော မတားနဲ့ပေါ့"

"အို . . . မတားလို့ ရမလား၊ စန္ဒီက တို့သူငယ်ချင်း"

"အေး . . . ဒါပေမယ့် သက်ဆွေတမှ စန္ဒီကို မကြိုက်တာ"

"ဒါဖြင့် နင်ကတော့ သန်းသန်းနုကို ဆက်လိုက်ဦးမှာလဲပေါ့ သက်ဆွေ၊ ဟုတ်လား"

ကြည်ကြည်မာ့ အမေးကို သက်ဆွေက ခေါင်းညိတ် တုံ့ပြန်သည်။





ကြည်ကြည်မာက ခေါင်းကုတ်လိုက်ပြီး . . .

"ငါလည်း နင် အဲလိုပဲ ခေါင်းညိတ်မယ်လို့ ထင်ပြီးသားပါ၊ အေးလေ အဲလိုဆိုရင်လည်း ဘယ်တတ်နိုင်မလဲ၊ လိုက်ချင်လဲလိုက်ပေါ့၊ ဒါပေမယ့် အဲဒီကိစ္စကို စန္ဒီရှေ့မှာတော၊ ငါတို့ရှေ့မှာကော ဘယ်တော့မှ လာမပြောပါနဲ့ဟာ၊ လိုက်ချင်ရင် နင့်ဟာနင် တို့ကွယ်ရာမှာ လိုက်ပါ"

"ငါကတော့ ခုထက်ထိ နင်တို့ရှေ့ ဘယ်နှစ်ခါ ပြောဖူးလို့လဲ ကြည်ကြည်မာ၊ နင်တို့ဟာ နင်တို့ သိပြီး ဖြစ်လာတဲ့ ကိစ္စပဲ"

"ငါတို့ဟာ ငါတို့ မသိပါဘူး၊ ပီကေ ပြောတာပါ"

"ဒါဖြင့် ပီကေ၊ မင်း နောက်ကို အဲဒီကိစ္စ သူတို့ရှေ့ လုံးဝမပြောနဲ့ ဟုတ်လား"

ပီကေက ခေါင်းညိတ်သည်။

ကျော်ဇောက ခေါင်းခါ၍ . . .

"မင်း အတော် ရက်စက်တာပဲ သက်ဆွေ"

ဒုက္ခပါပဲ၊ ဒီသတ္တဝါက ဘယ်လိုကြီးပါလိမ့်ဟု တွေးရင်း သက်ဆွေ လှမ်းကြည့်လိုက်၏။

ဒီလောက် ပြဿနာက ရှုပ်သည်။ တကယ်တမ်းကျတော့ သန်းသန်းနုခေါ် ပန်သရဖူနှင့်လည်း သက်ဆွေ ဘာမျှ မဖြစ်လိုက်ရ။

နောက်ထပ် နှစ်ရက် သုံးရက် ထပ်အချောင်းမှာ သန်းသန်းနုအား သူ့ရည်းစားနှင့်သူ ရှိပြီးနေကြောင်း သိရသည်။ သက်ဆွေ အောင့်မြင်စွာ ဆယ်ခေါက် ပြန်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီကတော့ ခု ကျောင်းပြီးသွားသည်အထိပင် သူ့အိမ်ကို အဝင်အထွက် လုပ်နေတုန်း၊ တစ်နေ့နေ့တော့ သက်ဆွေ ကျုံပြန်လာလိမ့်မည်ဟု ယုံကြည်ချက်ပင် ရှိနေတုန်း။

ကျော်ဇေတို့ကလည်း ဒီကိစ္စနှင့် ပတ်သက်လျှင် ကြဲသလို တွယ်တွန်းပင် ရှိသေးသည်။

သို့သော် စန္ဒီနဲ့တော့ ဘယ်တော့မှ ဘာမှဖြစ်မှာ မဟုတ်ဟု သက်ဆွေ ကောင်းစွာ ယုံကြည်၏။

ᗢ ᗢ ᗢ



၅)

အတွေးက မဆုံးမီ မော်တော်ဆိုင်ကယ်က မြိုင်တို့ တိုက်ရှေ့ ရောက်လာသဖြင့် သက်ဆွေ ဗျာယီးဗျာယာပင် အတွေးတို့ လက်စသတ် သည်။

ဆိုင်ကယ်ကို တိုက်ခန်းရှေ့ ပလက်ဖောင်းတွင်ပင် ရပ်ထောင် ထားခဲ့ပြီး ဒုတိယထပ်ရှိ မြိုင်တို့ အခန်းသို့ လှေကားအတိုင်း တက်လာခဲ့၏။

လာရင်းအလုပ်က ငါးပုံပြရန်၊ တွေ့ရမည့်သူက ရင်းနှီးပြီးသား ပင် ဖြစ်သော်လည်း မြိုင်နှင့် တွေ့ရမည့်အတွက် သက်ဆွေ ရင်တွေ နေသည်။

လှေကားနှစ်ဆင့်တက်ပြီး၍ အခန်းဝရောက်သောအခါ လူလည်း ၊ စိတ်လည်း မောနေသဖြင့် လူခေါ် ခေါင်းလောင်းကို ချက်ချင်း မနှိပ် ်သေးဘဲ ခဏနားပြီး စောင့်နေရသေး၏။

ᗢ

"ဟော . . . ကိုသက်ဆွေ၊ လာ"

မြိုင် ကိုယ်တိုင် တံခါး လာဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြိုင့်ပုံစံက မနေ့ကနှင့် မတူတော့။ ဆံပင်တိုလည်း ထုံးခြင်း၊ နှောင်ခြင်း၊ ဖွဲ့ခြင်း၊ ချည်ခြင်း မရှိတော့ဘဲ ဒီတိုင်း ဖြန့်ချထားသည်။ အကျီ လုံချည် အဝတ်အစားကလည်း မနေ့ကလို တောက်ပြောင် သစ်လွင်မနေ။ အနီနှင့် အပြာကွက် ရှပ်ကော်လံဖြင့် ဘလောက်စ်အကျီ ဝတ်ထားပြီး လုံချည်ကလည်း နက်ပြာရောင် ပြောင်တက်ထွန်လေးသာ ဝတ်ထားသည်။

သို့သော် မျက်စိထဲမှာတော့ မြိုင်က လှမြဲလှနေ၏။

မြိုင့်ပါးပေါ်မှ ခရုခွံ ပါးချိုင့်လေးပါသော အပြုံးလေးကို ကြည့်ရင်း သက်ခွေ အယောင်ယောင် အကန်းကန်း ဖြစ်ချင်လာသည်။

"ကျွန်တော် ဓါတ်ပုံတွေ လာပြတာ မြိုင်"

မြိုင်က ရယ်သည်။

"သိပါတယ် ကိုသက်ခွေကလဲ၊ ခုနပဲ ဖုန်းဆက်ထားပြီးတော့၊ အိမ်ထဲဝင်ထိုင်ပြီး အေးအေးဆေးဆေးပြဖို့ အစီအစဉ်တော့ ရှိတယ် မဟုတ်လား၊ ဒါမှမဟုတ် ဒီမှာတင်ပဲ မတ်တတ်ကြည့်ပြီး ပြန်ပေးရမှာလား"

"ဟာ . . . မဟုတ်ပါဘူး မြိုင်၊ အေးအေးဆေးဆေး ကြည့်ပါ"

သက်ခွေက ဟှာဟှာသလဲ ပြောရင်း၊ မြိုင် ဖွင့်ပေးထားသည့် တံခါးမှ အိမ်ထဲဝင်သည်။

အိမ်ထဲမှာ မြိုင့်အဖေနှင့်အမေကို တွေ့သည်။ သူတို့ဘက်ကို လှည့်မကြည့်။ မြိုင့်အမေက မီးဖိုထဲမှာ အလုပ်များနေပြီး မြိုင့် အဖေက အခွင်းခန်းထဲမှာ ပက်လက်ကုလားထိုင် တစ်လုံးနှင့် စာဖတ်နေသည်ကို လှမ်းမြင်ရခြင်း ဖြစ်၏။

"အင်း . . . ပြပါဦး၊ ကြည့်ရအောင်"





အိမ်ထဲမှာ မမနှင့် ချာတိတ်ကို မတွေ့ရ။ နှစ်ယောက်တည်းသာ ရှိနေသော ဧည့်ခန်းထဲမှာ သက်ခွေက ဓါတ်ပုံ စာအိတ်များ ထုတ်ပေးသည်။

"မမကော မတွေ့ပါလား မမြိုင်"

"ရှိတယ် ကိုသက်ခွေ၊ ခုနပဲ မောင်လေးခေါ်ပြီး လမ်းထိပ်ဘက် ထွက်သွားတယ်"

"ဪ . . ."

မြိုင် ဓါတ်ပုံများ ကြည့်နေစဉ် သက်ခွေက မြိုင့်ကို သေချာကြည့်သည်။ မနေ့ကထက်စာလျှင် မြိုင် အများကြီး ငယ်သွား၏။ မြိုင် ပြောသော အသက်သည် ဒီမြင်း မင်းသမီးများလို သက္ကရာဇ် ဖြိုထားခြင်း မဟုတ်ကြောင်း၊ အမွှန်းအမြှယ်များနှင့် ဝေးနေသည့် မြိုင့်ကို ကြည့်ပြီး သက်ခွေ ယုံကြည်သွားသည်။

"ပုံလေးတွေ အရမ်းကောင်းတာပဲ ကိုသက်ခွေ၊ မြိုင့်စိတ်ထဲ ဒီလောက်ကောင်းမယ်တောင် မထင်ဘူး"

သက်ခွေ ပြုံးသည်။

"အဲဒီထဲက ပုံကြီးချဲ့သင့်တဲ့ပုံ နှစ်ပုံသုံးပုံလောက် ရွေးလိုက် မြိုင်၊ မြိုင်ကြိုက်တဲ့ပုံထဲကမှ ကျွန်တော်တို့ အကောင်းဆုံးတစ်ပုံကို ထပ်ရွေးမယ်"

"အင်း . . . အကုန်လုံး ကောင်းနေတာ ဘယ်လိုလုပ် ရွေးမလဲ"

"ရပါတယ် မြိုင်၊ အဲဒါက ပြဿနာ မဟုတ်ပါဘူး၊ အကုန်လုံး ကြိုက်တော့လည်း အကုန်လုံးထဲက ရွေးတော့ ပိုတောင် လွယ်တာပေါ့၊ မြိုင် မကြိုက်မှာသာ စိုးတာပါ"

"မြိုင့်ကိုကော ဒီပုံတွေ မပေးဘူးလား"



www.burmeseclassic.com

"ပေးမှာပေါ့ မြိုင်၊ ဒါပေမယ့် ဒီတိုင်းတော့ မဟုတ်ဘူး၊ ဒီပုံ
ပြီး လူကြီးတွေနဲ့ တစ်ပုံချွေးထုတ်ရဦးမယ်၊ ပုံကြီးချဲ့သုံးဖို့ပေါ့၊ ပြီး
အယ်လ်ဘမ် တောင်းတောင်းလေးတွေနဲ့ ပုံအားလုံး ပြန်ထည့်ပြီး မြိုင့်
လက်ဆောင်ပေးမှာပါ"

"ဘယ်သူက ပေးမှာလဲ"

"မဟုတ်ဘူး မြိုင်၊ ကျွန်တော် ပေးမှာပါ"

"ကျူပစ် အဖွဲ့ကပေါ့"

သက်ဆွေ ရယ်သည်။

"မဟုတ်ပါဘူး၊ သက်ဆွေဆိုတဲ့ ကျွန်တော် တစ်ယောက်တည်း
ပေးမှာပါ"

"ဪ . . . ဒါဖြင့် ဓါတ်ပုံတွေ ဒီတိုင်းပေးလည်း ရရဲ့သား
အယ်လ်ဘမ်ဖိုး ထပ်ကုန်အောင် လုပ်ဦးမယ်ပေါ့"

"ဒီစကားကို မာန်အောင်ပြောဖို့ ချန်ထားလိုက်ပါ မြိုင်၊ ကျွ
တော်က မြိုင့်ဆိုရင် အယ်လ်ဘမ်တွေ လွှင့်ပစ်မိမှာ မဟုတ်ပါဘူး"

နှစ်ယောက်သား ရယ်ကြသည်။

ပန်းလေးများမှာ ဘာသာစကား မရှိ။

သစ်ရွက်ကလေးများ ပြုံးတတ်ကြောင်း ဒိပြင်လူတွေ မသိ။

မျက်လုံးလေးများက ပြောသော စကားများနှင့် နှုတ်ခမ်းများ
ပြသော အပြုံးလေးများ အကြောင်းကို ပြောရလျှင် ရှည်လျားစွာ အချိန်ယူ
မည် ထင်၏။



ပြသနာက နောက်နေ့တွင် စသည်။

"ဟေ့ကောင်၊ မင်း မင်းသမီး မေသင်းခိုင်နဲ့ ဒါရိုက်တာ
မြတ်ထွန်းနဲ့က ဇာတ်လမ်းအတော် ရှုပ်ခဲ့တယ်ဆို"

"ဘာ . . . ဘာပြောတယ် ကျော်ဇေ"

ကျော်ဇေထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့်
သက်ဆွေ ရင်ထဲ ဒိန်းခနဲ မြည်သွားသည်။

နောက်များနေတာလား၊ သံသယစိတ်ဖြင့် ကျော်ဇေ မျက်နှာကို
လှမ်းကြည့်အကဲခတ်သည်။ ကျော်ဇေ မျက်နှာက နောက်သည့်အခါတွင်
ရှိနေတတ်သော မျက်နှာမျိုး မဟုတ်။ ဒီကိစ္စကို တကူးတက ပြောရန် တမင်
စောင့်နေမှန်း သိသာသည်။

"ဟုတ်တယ်ကွ သက်ဆွေ၊ တို့လဲ အဲဒီအသိုင်းအဝိုင်းနဲ့ မနီးစပ်လို့
သာ မသိတာ၊ သူတို့လောကမှာ ဒီကိစ္စက လူတိုင်းသိတဲ့ ကိစ္စတဲ့"

"မင်းကို ဘယ်သူက ပြောလဲ"

"စိုးသိန်းတို့ ပြောသွားတာ"

သက်ဆွေ နည်းနည်း ငွေသွားသည်။

"ဟုတ်နိုင်ပါ့မလား ကျော်ဇေရာ၊ မြိုင်နဲ့ ဦးမြတ်ထွန်းတို့
နှစ်ယောက်က သားအဖအရွယ်တွေ"

"ဒါတော့ ဒီလိုတွက်လို့ ဘယ်ရမလဲ သက်ဆွေရာ၊ ဦးမြတ်ထွန်းက
ဒါမျိုးမှာ အစဉ်အလာရှိတယ်လေ၊ ရွှေရိုတုန်းကလဲ အသက်ချင်းက
သားအဖလောက်နဲ့ တောက်ယူလိုက်တာပဲ မဟုတ်လား"

ဒါကလည်း မငြင်းနိုင်သော ကိစ္စ၊ ရွှေရီ ကိစ္စတုန်းကတော့
တရားဝင်နှင့် လူသိရှင်ကြားမို့ တစ်ပြည်လုံး မသိသူ မရှိလိုက်။ ဇနီးကြီးနှင့်

www.burmeseclassic.com



ကျွာဖြီ သူ့သားအကြီးဆုံးထက်ပင် ငယ်သော မင်းသမီးသစ်လေး ရွှေရိုက်ို ဦးမြတ်ထွန်း လက်ထပ်ယူလိုက်သည့်ကိစ္စ။

သက်ဆွေ လေပူတစ်ချက် မှုတ်ထုတ်၍ ခေါင်းကို ခါလိုက်သည်။

"အေးပေါ့ကွာ၊ ဗိုးသိန်းတို့လည်း ပြောတယ်၊ ရုပ်ရှင်တစ်လောကလုံးလည်း သိတယ်ဆိုတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ကိုယ်နဲ့တော့ ဘာမှ မဆိုင်ပါဘူး"

ကျော်ဇောကလည်း ဒီစကားကိုတော့ လက်ခံသည်။

"ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ကိုယ်နဲ့တော့ ဘာမှ မဆိုင်ပါဘူး။ ဒါပေမယ့် အံ့ဩသွားလို့ပါ၊ ဓါတ်ပုံလေးတွေကြည့်ပြီး စိတ်ကူးယဉ်ထားတာလေးတွေတောင် အရသာ ပျက်သွားတယ်ကွာ"

ဟာ . . . ငါက ပိုဆိုးတာပေါ့ကွာ ဟူသော စကားကို ရင်ထဲက နေ ပြောလိုက်သည်။

နှုတ်ကတော့ ဘာမျှ ပြန်မပြောမိ။

စိတ်ထဲမှာ နှစ်သက် မြတ်နိုးသော ကြွေထည်ပစ္စည်းလေး တစ်ခု လက်ထဲမှ လွတ်ကျ ပျက်စီးသွားသလို ခံစားလိုက်ရ၏။



(၆)

"ဟာ . . ကိုသက် မင်းမပြန်သေးဘူးလား၊ ငါက မင်းမဟော့ စောင့်ရတာ စိတ်မရှည်ဘဲ ပြန်တောင်သွားလောက်ပြီ အောင့်မေ့လို့"

အတွေးထဲမှာ ဘယ်လောက် နစ်မွန်းသွားသည် မသိ။

အချိန်တွေ ဘယ်လောက်ကြာ၍ ကြာသွားမှန်းလည်း မပြောတတ်။ ကိုလှိုင် ပြန်လာ၍ အိမ်ထဲ ဝင်လာတာပင် မမြင်လိုက်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုသက်၊ မင်းနဲ့ ငါ ဒီအကြောင်းတွေ ပြောသွားပြီးလို့မှ ဘာမှ မကြာသေးဘူး၊ ငါ လိုက်ပို့တဲ့ အသုဘမှာ ဦးမြတ်ထွန်းကြီးကို တွေ့ခဲ့တယ်၊ မေသင်းခိုင်နဲ့ ရုပ်ရှင်တွဲရိုက်တဲ့ သူ့သား အကြီးကောင် မင်းသားလည်း ပါလာတယ်"

ကိုလှိုင်က ပြောရင်းနှင့် အခန်းထဲ ဝင်သွားသည်။

သက်ဆွေ သက်ပြင်း တစ်ချက် ချလိုက်မိ၏။

ခုကိစ္စက ဘာမျှ မစရသေး။ မြင့်ကိုလည်း စိတ်ဝင်စားသည်ဆိုရုံ စိတ်ဝင်စားရသေးသည်။ လိုအပ်သော ရင်းနှီးမှု အတိုင်းအတာအထိ ရောက်အောင်ပင် မကြိုးစားရသေး။

ကျော်ဇောဆီက မမျှော်လင့်ဘဲ ကြားလိုက်ရသော သတင်းဆိုးနှင့် ပတ်သက်၍ ကိုလှိုင်နှင့် ဆွေးနွေးတိုင်ပင်ကြည့်ရန် လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com



ခုပင်လျှင် ဦးမြတ်ထွန်းကြီး မြင်တာနှင့် ကိုလှိုင်က သူ့ကို သတိရပြီး မြင်နှင့်ပတ်သက်သော အတွေးတစ်ခုခု ကိုလှိုင့်ခေါင်းထဲ ရောက်မသွားဟု မပြောနိုင်။ ဒီမြင် လှုပ်ရှားမှုတွေ မစ,တင်ခင်မှာပင် သတင်းဆိုးက စတင် အလုပ် လုပ်နေပြီ ဖြစ်၏။

ဒီအတိုင်းဆို ရှေ့ဆက်၍မှ ဖြစ်ပါ့မလား။

ႀ

"ခက်တာက သူတို့ ရုပ်ရှင်လောကမှာ ဒီသတင်းမျိုးက ကြားတိုင်း အမှန်လို့ ယူဆလို့ မဖြစ်သလို၊ ဟုတ်မယ် မထင်တိုင်းလဲ မဟုတ်ဘူးလို့ ယူဆလို့ မဖြစ်ဘူး ကိုသက်၊ ဒါမျိုးက သူတို့ လောက မှာ မထူးဆန်းဘူး"

ကိုလှိုင့် စကားက ရင်ထဲမှ သံသယကို ဖယ်ရှားမပေးနိုင်။

"အဲဒီသတင်း မှန်မမှန် ကျွန်တော် ဘယ်လိုစုံစမ်းရင် ကောင်းမလဲ ကိုလှိုင်"

"စောစောပိုင်းက ငါပြောသလိုပဲ၊ ဒီကိစ္စက ဒီလောက် လွယ်လွယ် ကူကူနဲ့ ဖြေရှင်းလို့ရမှာ မဟုတ်ဘူး ကိုသက်၊ အကောင်းဆုံးကတော့ မင်း ဒီကောင်မလေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ခေါင်းထဲက အကုန်ထုတ်ပစ်ပြီး ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေလိုက်တာပဲ"

"အဲလိုလ လုပ်လို့ရမှာ မဟုတ်ဘူး ကိုလှိုင်၊ ကျွန်တော် သူ့ကို စွဲလမ်းနေတာ"

ကိုလှိုင် ခေါင်းခါသည်။

"ခဏပါ ကိုသက်ရာ၊ တစ်ဘက်က ရိုးရိုးမိန်းကလေး မဟုတ်ဘဲ၊





ရုပ်ရှင်မင်းသမီး ဆိုတာ ဖြစ်နေလို့ အတွေ့အကြုံတွေ ထူးဆန်းပြီး မင်းသူ့ကို အာရုံ သိပ်စိုက်နေတာပါ၊ သူနဲ့ မင်းနဲ့ ဆက်သွယ်နေတဲ့ အလုပ်ကိစ္စပြီးကာနဲ့ မူလကအတိုင်း ပိုလ်နေမြ၊ ကျားနေမြ ပြန်နေလိုက်ရင် ဒီကိစ္စ ပြီးပြီးပျောက်ပျောက် ဖြစ်သွားမှာပါ"

"သူနဲ့ ကျွန်တော်နဲ့ မဖြစ်နိုင်လို့လား ကိုလှိုင်"

"မဖြစ်နိုင်ဘူးတော့ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် မဖြစ်တာက ပိုကောင်းတာပေါ့၊ ရေရှည်မှာ ပြဿနာတွေ အများကြီး ရှိတယ်"

သက်ခွေ အချိန်အတန်ကြာ ငိုင်၍ စဉ်းစားသည်။ ပြီးမှ ခေါင်းကို တစ်ချက် ဆတ်ညိတ်ရင်း . . .

"ဟုတ်ပါတယ် ကိုလှိုင်ရာ၊ ပြဿနာတွေက များပါတယ်၊ ဒီကိစ္စ ရပ်တုန်းက ရပ်လိုက်တာပဲ ကောင်းပါတယ်၊ တော်ပြီ နောက်ကို ကျွန်တော် သူနဲ့လုံးဝ မဆက်သွယ်တော့ဘူး၊ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ"

တစ်ထိုင်တည်းနှင့် စိတ်ပြောင်းသွားသော သက်ခွေကို ကြည့်၍ ကိုလှိုင် ပြုံးသည်။

စိတ်ထဲမှာလည်း ခုထိ ဆုံးဖြတ်ချက် မမှားသေးသော သက်ခွေကို ကျေနပ် သဘောကျသွားသည်။

သို့သော် သိပ်တော့ စိတ်မချနိုင်သေး။

ဆုံးဖြတ်ချက် ဆိုသည်မှာ ချစ်ဦးက သိပ်မြန်လွန်းလျှင် မျက်သည့်အခါ၌လည်း အလားတူ မြန်နေတတ်သည်မှာ အစဉ်အလာ ရှိ၏။

ႀ



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် သက်ဆွေ၊ မင်း, မင်းသမီးဆီ မသွားတော့ဘူးလား"

ခုတလော ဖြန့်ခြေငြိမ်ပြီး အခန်းပြန်ကုပ်နေသည့် သက်ဆွေကို ကြည့်၍ ကျော်ဇောက စပ်ဖြဲဖြဲနှင့် လှမ်းမေးသည်။

သက်ဆွေ ခေါင်းခါရင်း . . .

"အဲဒီကိစ္စ မင်းအလုပ် မဟုတ်ပါဘူး ကျော်ဇောရာ၊ ငါ့ကို အပို တွေ လာမမေးနဲ့"

ကျော်ဇောက ရယ်သည်။

"မဟုတ်ပါဘူးကွ၊ ခါတိုင်းဆို မင်းသမီးဆီ သွားဖို့ ခဏ ခဏ တက်ကြွနေပြီး၊ ခုတလော ငြိမ်နေလို့ အံ့ဩနေလို့ပါ"

"မင်း အလုပ် မဟုတ်ဘူးလို့ ပြောပြီးပြီ ကျော်ဇော၊ ဒီစကား ထပ်မပြောနဲ့တော့"

သူတို့နှစ်ယောက် အပြန်အလှန် ပြောနေသည်ကို အခန်းထောင့် စားပွဲ ထိုင်၍ စာရင်းစာအုပ်နှင့် အလုပ်ရှုပ်နေသော မာန်အောင်က တစ်ချက် လှမ်းကြည့်သည်။ ဒီထုံပေပေပုဂ္ဂိုလ်ကတော့ ဒီလောက်ထက် ပို၍ ဝင်မပါ။

တစ်ချက် လှမ်းကြည့်ပြီးသည်နှင့် သူ့ကိစ္စ ပြီးသွားပြီ၊ သူ့အလုပ် သူ ဆက်လုပ်နေသည်။

အရာရာတိုင်းမှာ မနေနိုင် မထိုင်နိုင် ဖြစ်တတ်သည်က ကျော်ဇော။

"ဘာလဲ . . . ငါ ပြောတဲ့သတင်းကြားလို့ မင်း စိတ်ဓါတ် ပျက်ပြားသွားတာလား၊ မဆိုင်ပါဘူးကွာ၊ ဒီစာရင်းတွေက ထည့်မတွက် လောက်ပါဘူး၊ ဂရုစိုက်မနေစမ်းပါနဲ့"





"ဟော့ကောင် ကျော်ဇော၊ ဒီကိစ္စကို ထပ်မပြောနဲ့တော့လို့ ငါ ပြောနေတယ်၊ ဒီအလုပ်ခန်းထဲမှာ အလုပ်အကြောင်းကလွဲလို့ ငါ့ကို ဘာမှမပြောနဲ့"

ကျော်ဇောက ရယ်ရင်း . . .

"အေးပါကွာ . . . ဒါဆိုလဲ ပြီးတာပါပဲ၊ ငါက မင်းတို့ကိစ္စ ပြတ်သေးဘူးထင်လို့ မေးတာပါ။ ခုန မင်း လက်ဖက်ရည်ဆိုင်သွားတုန်း င် ဖုန်းဆက်တယ်၊ မင်းပြန်လာရင် သူ့ဆီ ဖုန်းပြန်ဆက်ပါဦးတဲ့၊ မင်း သိချင်တော့ဘူး ဆိုရင်လည်း ငါ မပြောတော့ပါဘူး"

"ဘာ . . ."

"ဘာမှ မဟုတ်ပါဘူးကွာ၊ ဒီကိစ္စက အလုပ်ကိစ္စ မဟုတ်ပါဘူး၊ င်း သူ့ဆီ ဖုန်းလည်းမဆက်၊ လူလည်း မလာနဲ့ ဘာဖြစ်နေတာလဲတဲ့၊ င်းသမီးက မင်းနဲ့ တအားတွေ့ချင်နေပုံပဲ"

သက်ဆွေ ရယ်ရယ်မောမောနှင့် ဗင့်သက်တစ်ချက် ရှိုက်သည်။ ချိန်မှာ မိုးတွင်းမို့ အလုပ်ကလည်း မရှိသလောက် ပါးနေသည်။

အလုပ်တွေ ခေါင်းမဖော်နိုင်အောင် လုပ်နေရပြီး ဒီကိစ္စတွေ ည်းနည်းပါးပါးတောင် စဉ်းစားဖို့ အချိန်မရပါက ဘယ်လောက် ကောင်း ဒိတ်မည်နည်းဟု သက်ဆွေ ထွက်ပြေးလွတ်မြောက်ရာလမ်းကို ရှာဖွေ ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

"ဟုတ်ကဲ့ . . . ရှိပါတယ်၊ ခဏ ကိုင်ထားပါ"

မာန်အောင် တယ်လီဖုန်း ပြောသံကြောင့် သက်ဆွေ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

သူက ဆိုင်ရှေ့တွင် ကုလားထိုင်တစ်လုံးနှင့် ခပ်ငေါင်ငေါင် ထိုင်နေစဉ် တယ်လီဖုန်း အသံမြည်သည်။ ဖုန်းနှင့်အနီးဆုံး မာန်အောင်က ကိုင်သောအခါ သက်ဆွေ မသိမသာ နားစွင့်ထားမိ၏။ ဒီဘက်ရက်ပိုင်းမှာ မြှင့်ဆီက ဖုန်းထပ်မလာတော့။

ဟိုရက်ပိုင်းက မြိုင်က ဖုန်းဆက်ပြီး သူ့ထံ ဖုန်းပြန်ဆက်ရန် မှာသည်။ သူ လုံးဝ မဆက်ဖြစ်။

ဒီနောက်ပိုင်းကျတော့ သူကစ၍ မဆက်ရဲသော်လည်း မြိုင့်ဆီက ဖုန်းများ လာဦးမလား၊ မဝံ့မရဲ မျှော်မိပြန်သည်။

"ဟော့ကောင် မင်း ဖုန်း"

မာန်အောင် အောသံကြောင့် ရင်ထဲခုန်လာ၏။

အမှန်တော့ စောစောကတည်းက ဒီဖုန်းကို သူ့ဖုန်းမှန်း သိသည်။ ဒီနေ့ သူနှင့်မာန်အောင် ဆိုင်မှာ ရှိမည်မို့ ကျော်ဇော မနက်ကတည်းက အပြင်ထွက်၍ လုပ်စရာရှိတာ လုပ်သည်။

ဆိုင်မှာ နှစ်ယောက်တည်းရှိစဉ် . . .





"ရှိပါတယ် ခဏကိုင်ထားပါ" ဆိုကတည်းက ကိုယ့်ဖုန်းမှန်း သိနေပြီ . . .။

မြိုင်နှင့် တွေ့လျှင် သူ ဘာပြောရမည်နည်း။

ပြီးတော့ မြိုင်က အခုလာခဲ့ပါ တွေ့ချင်လို့ပါဆိုလျှင် ဘာလုပ်ရမည်နည်း။ ကိုလှိုင့်ကို သူပြောခဲ့သော အဆုံးအဖြတ်စကားကိုလည်း သတိရသည်။ သို့သော ထိုအဆုံးအဖြတ်က တဖြည်းဖြည်း ပျက်ချင်နေပြီဆိုသည်ကိုလည်း ကိုယ့်ဟာကိုယ် သိသည်။

လှုပ်ရှားနေသော ရင်ဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟုတ်ကဲ့ . . . အမိန့်ရှိပါ"

"ဟော့ကောင် သက်ဆွေ ငါပါကွ၊ လေးလေးပါ"

ရင်ထဲမှာ ဟာခနဲ ဖြစ်သွား၏။ မြိုင်နှင့် တွေ့ရမှာ ကြောက်သော်လည်း ဖုန်းထဲမှ အသံသည် မြိုင်ပဲ ဖြစ်စေချင်နေသော စိတ်သည် ရုတ်ခြည်း အားလျော့သွားသည်။

"ပြော် . . . ဟုတ်ကဲ့ လေးလေး ပြောပါ"

"အေး . . . ပြောပါဆိုပေမယ့်၊ ပြောလိုက်ရင် မင်း စိတ်ဓါတ်ကျ သွားမှာ သေချာတယ် သက်ဆွေ၊ တို့ရုံးက ပြကွဒိန်ကိစ္စ မလုပ်ဖြစ်တော့ဘူး"

"ဗျာ"

"အေးကွာ၊ ငါလည်း ခုပဲ သိလို့ မင်းဆီ ချက်ချင်း ဖုန်းဆက်လိုက်တာ၊ တို့ဘက်က လုပ်စရာရှိတာတွေ အားလုံးလုပ်ပြီးနေပြီ မင်းတို့ ရိုက်ပေးတဲ့ မေသင်းခိုင်ပုံဆို တို့ဆီက လူတွေက တအား သဘောကျနေကြတယ်၊ အားလုံး အဆင်သင့်ဖြစ်ပြီးမှ ခုလိုဖြစ်တော့ အကုန်လုံးလည်း စိတ်ဓါတ် ကျကုန်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လို့လဲ လေးလေးရာ"

"ငါတို့ဌာနအနေနဲ့ ပြကွဒိန် မလုပ်ဖြစ်တော့ဘူး"

"ဩော် . . ."

"ဝန်ကြီးဌာနအနေနဲ့ လုပ်မယ်ဆိုတော့ အဆင့်အတန်းမြင့်မြင့်နဲ့ တကယ့် အကောင်းစားပေါ့ကွာ၊ အဲဒါကိုပဲ တို့အားလုံး ဝိုင်းပံ့ပိုး လုပ်ကိုင်ပေးကြရတော့မှာပေါ့၊ အဲဒါ ငါကတော့ မင်းတို့ကို အားနာတယ်၊ မင်းတို့ဘက်က တို့အစီအစဉ် ဖြစ်မလားဆိုပြီး သိပ်အကုန်အကျ များထားရင်လည်း ပြောပေါ့ကွာ၊ ငါတို့ပါ ဝိုင်းအကုန်အကျခံရမှာပေါ့"

သက်ဆွေ ခေါင်းခါလိုက်ပြီး . . .

"အကုန်အကျက ပြဿနာ မဟုတ်ပါဘူး လေးလေး၊ ကျွန်တော်ဒီဘက်က ပြောဆိုထားတာတွေကိုသာ မျက်နှာပျက်တာပါ"

"အေးကွာ၊ အဲဒါလဲ မင်းကိုပဲ နားလည်အောင် ရှင်းပြပေးဖို့ တာဝန်ပေးရမှာပဲ၊ တောင်းတောင်းပန်ပန် ပြောရမှာပေါ့ကွာ၊ မင်းသမီးကိုလည်း သွားတွေ့လိုက်ပါဦး"

"ဟာ . . . မဖြစ်ဘူး ထင်တယ် လေးလေး"

"ဖြစ်ပါတယ် သက်ဆွေရာ၊ မင်းတို့က လူငယ်အချင်းချင်း ဆိုတော့ ပြောလို့ ဆိုလို့ ကောင်းပါတယ်၊ နောက်ဆုံး မတတ်သာတော့လည်း တို့ပဲ အပြစ်ပုံချလိုက်ပေါ့ကွာ"

သူ့စကားကို လေးလေးက အယူကောက်လွဲစွာဖြင့် မလိုဖပ်သော ဖြေရှင်းချက်များ ဆက်ပေးနေသည်။

သက်ဆွေ့ ရင်ထဲ ဇာင်းကျပ်ကျပ်ကြီး ဖြစ်နေ၏။



"မပြန်ပါနဲ့ဦး မမရယ်၊ ဟိုမှာလည်း ဘာကိစ္စမှ ရှိတာ မဟုတ်ဘဲနဲ့ ာဖြစ်လို့ လောနေရတာလဲ"

"ဟဲ့ . . . လောရမလား မိမြိုင်၊ ငါရောက်နေတာပဲ တစ်လပြည့် တော့မယ်၊ ဟိုမှာ ငါ့ယောက်ျားတစ်ယောက်လုံး ပစ်ထားခဲ့ရတာ၊ ကိစ္စ ဟုတ်လို့ ဘာလဲ"

"အို . . . မမကလဲ၊ မမယောက်ျားကြီးကို ပစ်ထားခဲ့တာက ိမ်နဲ့ယာနဲ့ပါ၊ လမ်းဘေး ပစ်ထားခဲ့တာမှ မဟုတ်ဘဲ၊ ဘာပူရမှာလဲ"

"အေး . . . အေး . . . ပြော . . . ပြော မြိုင်၊ နင်ပြောမှပဲ ငါ့ ယာက်ျားလဲ ပလတ်စတစ် ဖိနပ်ပြတ်လိုလို၊ နှီးဆီခွက်လိုလို ဘဝ ရောက် ာတယ်၊ အိမ်နဲ့ယာနဲ့မို့ ဗိုက်ပူရတာပေါ့ဟဲ့၊ အိမ်ပေါ်က ကိုယ်နေရမယ့် နရာ ဒိပြင် တစ်ယောက်ခေါ် တင်ထားလိုက်မှော့ ဘယ့်နှယ်လုပ်မလဲ"

"ဟင် . . . မမယောက်ျားကြီးက အဲဒီ အကျင့်မျိုး ရှိတာပဲလား"

"ဩော် . . . မရှိဘဲ နေမလား၊ ယောက်ျားမှန်ရင် ဒီအကျင့်က ူကတည်းက ပါလာတာ မြိုင်၊ အဲဒါတော့ မြဲမြဲမှတ်ထား၊ စိတ်ချရတဲ့ ယာက်ျားဆိုတာ သချိုင်းမှာပဲ ရှိတယ်တဲ့၊ ဒါတောင် ငါက သိပ်ယုံချင်တာ ဟုတ်ဘူး၊ ဂူဘေးနားမှာ တောင်မလေးချောချော အလောင်း လာမြှုပ်ရင် အထဲက အလောင်းက ရှုပိုးတွေ ပိုထိုးရင် ထိုးနေမှာ"

မမ စကားကြောင့် မြိုင် အားရပါးရ ရယ်သည်။

"ကြောက်စရာပါလား မမရယ်၊ မမ ပြောတာနဲ့ မြိုင်တောင် ိတ်စွတွေ မစဉ်းစားရဲတော့ဘူး ဖြစ်သွားပြီ"

"မစဉ်းစားနိုင်ရင်တော့ အကောင်းဆုံးပေါ့ မြိုင်၊ ဒါပေမယ့် ါကလည်း မဖြစ်နိုင်ပါဘူးဟယ်၊ တို့မိန်းမတွေကလည်း ရှေးကတည်းက

www.burmeseclassic.com

www.burmeseclassic.com



လင်ယူသားမွေးဖို့က အရင် စ,စဉ်းစားကြတာ များပါတယ်"

မိုးမရွာသော်လည်း နေကျဲကျဲတောက် ပူနေသော နေ့လည်ခင်းကြီးမို့ ညီအစ်မနှစ်ယောက်စလုံး အပြင်မထွက်ဘဲ အိမ်ကုပ်နေကြသည်။

မမ . . . ၊ မြိုင်တို့ဆီ အလည်ရောက်နေသည်မှာ တစ်လနီးပါးရှိပြီဖြစ်သော်လည်း အပြန်အတွက် လေယာဉ်လက်မှတ်က တန်းစီ၍ မဆုံနိုင်သေး။ ခုထက်ထိကို ကိုယ်လိုက်ရမည့်အလှည့် မရောက်သဖြင့် မမလည်း စိတ်အတော်ညစ်နေပြီ။ ပြန်ချင်၍ ပြန်ချင်ကြောင်း ညည်းမိသဖြင့် မြိုင်က မတော်မတည့်တွေ ပြောရာမှ အစပြုပြီး နောက်ဆုံး ယောက်ျား မိန်းမတို့၏ မွေးရာပါ ဗီဇများအကြောင်း ရောက်တုန်ကြခြင်းပင် ဖြစ်သည်။

အတော်ကြာကြာလေး ရယ်လိုက် မောလိုက် လုပ်ပြီးမှ မြိုင်က

. . .

"မမ ရှိနေလို့ မြိုင် အခုလို ပျော်နေရတာ မမ၊ မမ ပြန်သွားရင် မြိုင် သေချင်အောင် ပြန်ပျင်းနေရဦးမှာပဲ"

"ဟုတ်တော့ ဟုတ်တယ် မြိုင်၊ မမလည်း အဲဒါတော့ တွေးမိပါတယ်၊ မြိုင့်ကိုတောင် မမက ဒီတိုင်း အားနေမယ့်အစား ဒီပြင် အလုပ်ကလေး တစ်ခုခု ရှာပါလားလို့တောင် တိုက်တွန်းမလို့"

"မြိုင်လည်း တွေးမိပါတယ် မမရယ်၊ ဒါပေမယ့် ခက်တာက ဆရာရိုက်နေတဲ့ ကားကလည်း မပြတ်သေးဘူး၊ သူ့ အခက်အခဲတွေ သူ ပြန်မြေရှင်းလို့ အဆင်ပြေသွားရင် သူက ချက်ချင်း ပြန်ကောက်ရိုက်မှာ၊ အဲဒီအခါကျတော့ မြိုင်က အလုပ်တစ်ဘက်နဲ့ ကိုရှိုးအားရားကြီး ဖြစ်နေဦးမယ်"

"အေး . . . အဲဒါကလည်း ဟုတ်တာပဲ၊ မထူးပါဘူး မြိုင်ရယ်၊ စောင့်လက်စနဲ့ ဒီလိုပဲ နည်းနည်း အပျင်းခံပြီး ဆက်စောင့်လိုက်ပါဦး၊



ထားတဲ့ အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင်တော့ မအောင်မြင်မချင်း ဆက်လုပ်တာ ကောင်းပါတယ်"

"အဲဒါကြောင့် မမကို မပြန်ပါနဲ့ဦးလို့ ပြောတာပေါ့"

မမက ရယ်သည်။

"မမကတော့ မပြန်လို့ မဖြစ်ဘူး မြိုင်၊ ဖြစ်နိုင်တာကတော့ မမနဲ့ ြိုင် လိုက်ချင်လိုက်ခဲ့၊ မမတို့မြို့မှာ သူဌေးတစ်ယောက် တောက်ယူပြီး ်နဲ့သာနေလိုက်၊ အဲလိုဆို ပျင်းမှာ မဟုတ်တော့ဘူး"

"အဲဒါလဲ ဖြစ်မှာ မဟုတ်ပါဘူး မမ၊ မြိုင်က သူဌေးလိုချင်တာ ဟုတ်ဘူး၊ ရုပ်ရှင်ပဲ ရိုက်ချင်တာ၊ မပျင်းဘူးဆိုတာလဲ ရန်ကုန်မှာနေပြီး ပျင်းမှ ဖြစ်မှာ"

"အဲဒါဆိုရင်တော့ ဟိုတလောက ဓါတ်ပုံလာရိုက်တဲ့ကောင်လေး ဘယ်သူလဲ၊ အဲ . . . မောင်သက်ဆွေကိုပဲ ကားတစ်စီးနဲ့ လာခေါ်ခိုင်းပြီး နေ့တိုင်းသာ လျှောက်လည်နေတော့ မြိုင်၊ နင်ပဲ ပြောတယ် မဟုတ်လား၊ ကိုသက်ဆွေကို မြိုင် အရမ်းခင်တာပဲလို့"

မမ စကားကြောင့် မြိုင်က မဲ့သည်။

"အမယ်လေး ဒီပုဂ္ဂိုလ်ကိုလည်း အားမကိုးရဲပါဘူး မမရယ်၊ သူ့ကိစ္စလည်းပြီးရော ပျောက်သွားလိုက်တာ မတွေ့ဘူးလား၊ ဖုန်းဆက်ပါဦး ပြောတာတောင် ဆက်ဖော်မှ မရဘဲ၊ အလကားပဲ၊ သူတို့ စီးပွားရေးလောက် သူတို့ ကြည့်တဲ့လူတွေ"

ထိုစဉ် အခန်းထောင့်မှ တယ်လီဖုန်း မြည်သံကြောင့် မြိုင့်စကား ရပ်သွားသည်။

ထိုင်နေရာမှ မထချင်ထချင်နှင့် ထပြီး တယ်လီဖုန်းကိုကောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်သည်။

"ဟယ်လို"

"ဪ . . . မြိုင်လား၊ ကျွန်တော်ပါ မြိုင် သက်ခွေပါ"

"ဟင် . . ."

သူ့အကြောင်းပြော၍မှ စကားမဆုံးသေး၊ ဖြုန်းဆို တောက်ကြားလိုက်ရသော သူ့အသံကြောင့် မြိုင် အံ့အားသင့်သွားသည်။

မမက လှမ်းကြည့်ပြီး 'ဘယ်သူလဲ' ဟု ပါးစပ်လှုပ်၍ မေးသည်။

မြိုင်က ဖုန်းခွက်ကို လက်ဖြင့် ခဏပိတ်ပြီး လှမ်းပြောသည်။

"ဒီတစ်ယောက်ကတော့ အသက်ရှည်ဦးမယ် မမ၊ သူ့အကြောင်း အတင်းချလို့မှ မဆုံးသေးဘူး ကိုယ်တော်မြတ်က ဖုန်းဆက်ပြီ၊ ကိုသက်ခွေ ကိုသက်ခွေ"

မမက ရယ်သည်။

"ကဲ . . . ငါ မပြောဘူးလား မြိုင်၊ ငါ မရှိလည်း နင် ပျင်းမှာ မဟုတ်တော့ပါဘူးလို့"

ထိုစဉ် သက်ခွေအသံက ဖုန်းထဲမှ ပေါ်လာသဖြင့် မြိုင်က မမကို လက်ကာပြီး ခဏနေရန် တားလိုက်၏။



(၈)

ပထမ ကြားလိုက်ရသော အသံက မမဆီမှာ အာရုံတခြမ်းရောက်နေသဖြင့် စကားလုံးများ မပီသ မသဲကွဲလိုက်။

"ခုန ဘာပြောလိုက်တာလဲ ကိုသက်ခွေ၊ မြိုင် မကြားလိုက်လို့ ပြောပါဦး"

"မြိုင် အားရင် အပြင်ခဏလောက် ထွက်လို့ ရမလားလို့ မေးတာပါ မြိုင်၊ မြိုင့်ကို ကျွန်တော် လာခေါ်ပါ့မယ်၊ တစ်နေရာရာမှာ အေးအေးဆေးဆေး တစ်ခုခု စားရင်း သောက်ရင်း စကားပြောချင်လို့ပါ"

"အို"

မြိုင် ရုတ်တရက် အဖြေရ ခက်သွားသည်။ စကားပြောချင်တာ အိမ်လာပြောလိုက်လျှင် ပြီးသည့်ကိစ္စ၊ ဘာကိစ္စ အပြင်ထွက်ရမည်နည်း။

"မဟုတ်ဘူး မြိုင်၊ ကျွန်တော့်ကို တလွဲမထင်ပါနဲ့၊ အပြင်ဆိုတာက နားနားနေနေ စားသောက်ပြီး စကားပြောလို့ရမယ့် ကရဝိတ်တို့ ဘာတို့လို နေရာမျိုး ပြောတာပါ၊ မြိုင်လည်း အိမ်ထဲမှာချည်းနေရတာ ငြီးငွေ့နေမလားလို့ မြိုင် တစ်ယောက်တည်း မလာချင်ရင်တောင် မမ ဖြစ်ဖြစ်၊ မောင်လေး ဖြစ်ဖြစ် ခေါ်ခဲ့ပါ"

အမှန်ကတော့ သက်ခွေ မြိုင့်ကို တစ်နေရာ ခေါ်ပြောရခြင်းမှာ မိသားစု လူစုံရှိနေသော အခန်းထဲမှာ တစ်ဘက်က လုပ်ငန်း အဆင်မပြေသဖြင့် မျက်နှာပူစရာဖြစ်သောကိစ္စကို မပြောချင်၍သာ ဖြစ်သည်။

ဒေါင်းလော့ကြူအနုပညာလုပ်ငန်း

www.burmeseclassic.com



သက်ဆွေ စကားကြောင့် မြိုင် ပြုံးလိုက်ပြီး . . .

"မြိုင် တစ်ယောက်တည်း မလိုက်ရဲလို့ မဟုတ်ပါဘူး ကိုသက်ဆွေ ရဲ့၊ ရန်ကုန်မြို့လည်ခေါင်ကြီးမှာ မြိုင် ဘာမှမဖြစ်နိုင်မှန်း သိပါတယ် ပြောမယ့်စကားက နေရာရွေးဖို့ လိုနေလို့လား"

"လိုတယ်ဆိုတာပေါ့ မြိုင်၊ ပြောတာကတော့ ပြောမယ်ဆို ဘယ် နေရာ ပြောပြော ရပါတယ်၊ ရည်းစားစကား ပြောမှာမှ မဟုတ်ဘဲ၊ အလုပ် ကိစ္စပါ၊ မြိုင့်မှာ သိပ်အခက်အခဲ ဖြစ်နေလို့လား"

"မဖြစ်ပါဘူး ရပါတယ်၊ အင်းလေ ကိုသက်ဆွေ လာခေါ်လိုက် ပေါ့၊ ဘယ်တော့လာမလဲ"

"နောက်နာရီဝက်အတွင်း ကျွန်တော် ရောက်လာမယ် မြိုင်"

"အင်း . . . အင်း၊ ပြီးရော"

မြိုင်က တယ်လီဖုန်းခွက်ကို ပြန်ချသည်။

နောက်လာမည့်အချိန်ကို အမြဲတမ်း နာရီအကန့်အသတ်နှင့် ထည့်ပြောလေ့ရှိသည့် သက်ဆွေ စရိုက်လေးကိုလည်း သတိပြုမိသည်။

ချိန်းသည့်အချိန်အတွင်း အရောက်လာတတ်သည့် အကျင့်ကို လည်း အမှတ်ရ၏။

ဘာတဲ့လဲ မြိုင်ဟု လှမ်းမေးသော မမကို အကျိုးအကြောင်း ရှင်းပြလိုက်သည်။ မမက ရယ်ရင်း . . .

"ကောင်လေးပုံက ရမ်းရမ်းကားကား ပုံစံမျိုး မဟုတ်ပါဘူး မြိုင် ရယ်၊ မမ မလိုက်တော့ပါဘူး။ မြိုင့်ဟာ မြိုင်ပဲ လိုက်သွားလိုက်ပါ"

"အို . . . ကောင်းမလား မမကလဲ၊ မြိုင်နဲ့ သူနဲ့ နှစ်ယောက် တည်း"



"ကောင်းပါတယ် မြိုင်ရဲ့၊ ကိုယ့်ဟာကိုယ် သွားလိုက်၊ ဖေဖေနဲ့ မမေလည်း ရှိတာမှ မဟုတ်ဘဲ၊ ဘာပြဿနာမှ မရှိဘူး လိုက်သာသွား"

မမ စကားကြောင့် မြိုင်တ ရယ်သည်။

မမသည် နယ်မှာအနေကြာပြီး ရန်ကုန်အကြောင်း ရန်ကုန်ကိစ္စ တွေနှင့် ဝေးသွားပြီဖြစ်ကြောင်း၊ ဘာမျှ သံသယဖြစ်စရာ မလိုတော့။ ရန်ကုန်မြို့မှာ ကွယ်ပျောက်သွားသည်မှာ အတော်ကြာပြီ ဖြစ်သော လမ်းသရဲဆိုသည့် ဝေါဟာရကို သုံးနှုန်းနေတာသာ ကြည့်။

ပြီးတော့ ကားကလေးနှင့် လူကြီးလူကောင်း သားသမီးတစ် ယောက် ဖြစ်ရုံနှင့် ကိုယ့်ကို ဒုက္ခပေးနိုင်မည့်လူမျိုး မဟုတ်ဟု တွက်တာ ကလည်း များစွာ ခေတ်နောက်ကျနေသည်။

သို့သော် . . . မမကိုတော့ ဒါတွေ ပြော၍ ငြင်းမနေချင်တော့။

မြိုင်လည်း ရန်ကုန်မှာနေ၊ ရန်ကုန်အကြောင်းကို သိသော ခေတ် မိန်းကလေး ဖြစ်သည်။ ခေတ်မိန်းကလေးထဲမှာမှ အင်မတန် ရင်ရှုပ်ရသည့် ရုပ်ရှင်လောကမှ လာသည့်သူ။

ဒါမျိုးက သိပ်ဆန်းပြားလှသည့်ကိစ္စတော့ မဟုတ်။

ထို့ပြင် သက်ဆွေကိုလည်း သူယုံသင့်သလောက်ကတော့ ယုံ ကြည်နိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

(၉)

"မိမ မလိုက်တော့ဘူးလား မြိုင်"

မြိုင်က ဖြူးပြီး ခေါင်းခါသည်။

"အဖော်လိုက်ခဲ့ပါဆိုတာ၊ ဘယ်လိုမှ ခေါ်မရဘူး ကိုသက်ဆွေ မမအကြောင်းတော့ မေးမနေနဲ့၊ သူက ရန်ကုန်မှာကို နေချင်တော့တ မဟုတ်ဘူး၊ တစ်နေ့လုံးလည်း သူပြန်ဖို့ လေယာဉ် လက်မှတ်မရသေး ညည်းနေတာ ခြုံသံကို ပါနေတာပဲ"

"ပြန်ဖို့ ဟုတ်လား၊ မမက မြိုင်တို့နဲ့နေတာ မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမှာလဲ၊ မမက ကျိုင်းတုံမှာ သူ့အမျိုးသား သူနေတာ၊ တစ်ခါတလေမှ ရန်ကုန် လာတာ"

"ဪ . . . အဲဒါ ကျွန်တော် မသိဘူး မြိုင်၊ ကျွန်တော်က မြိုင်တို့နဲ့ တစ်အိမ်တည်းနေတာပဲ မှတ်လို့"

မြိုင်က ရယ်သည်။

"အပျိုကြီး ထင်ပြီးတော့ကော စိတ်ဝင်စားနေမိသေးလား"

"ဟာ . . . မဟုတ်ပါဘူး၊ မြိုင်ကလည်း တောက်တီး တောက်တဲ

ပြောရမည့် ပြဿနာအတွက် စိတ်လေးနေမိသော်လည်း ခုလို ပျော်စရာကောင်းသော အနေအထားလေးနှင့် ပြန်ဆုံရသည့်အတွက်





သက်ဆွေ ရင်ထဲမှာ ကြည်နူးကျေနပ်နေမိတာတော့ အမှန်။

ဒီနေ့ပုံစံလေးက စိတ်ချမ်းသာစရာ ကောင်းသည်။

အပေါ်တက်၊ လူကြီးတွေကို အကျိုးအကြောင်း ပြောပြီးမှ အပြင်ထွက်ရသည့်ဆိုလျှင်တောင် ဟိုမေးသည်မေးကိစ္စများ ဖြေနေရသည့်အတွက် စိတ်ကျဉ်းကျပ်ရဦးမည်။

ခုတော့ မြိုင်တို့ အိမ်ရှေ့ကားရပ်ပြီး အောက်ဆင်းလိုက်သည်နှင့် အိမ်ရှေ့ဝရန်တာမှ ထွက်၍ မြိုင်က အပေါ်တက်မလာနှင့် အောက်ကပဲ စောင့်ဆိုသည့် အမူအရာဖြင့် လက်တာပြသည်။

ပြီးတော့ မြိုင့်ဘာသာပင် ဆင်းလာ၏။

ထို့နောက် ကားပေါ်တက်ပြီး ခုလို နောက်နောက်ပြောင်ပြောင်လေးများဖြင့်ပင် ထွက်လာခဲ့ခြင်း ဖြစ်သည်။

တစ်ဘက်က လုပ်ငန်းကိစ္စသာ အဆင်ပြေပါက ဘယ်လောက်ပျော်စရာ ကောင်းလိုက်မည်နည်း။

စိတ်ထဲ တွေးမိ၏။

သက်ဆွေ စကားအဆုံးမှာ မြိုင်က စိတ်မကောင်းသလို အမူအရာ ပြောင်းသွားသည်။

"ဒုက္ခပါပဲ၊ အဲဒါဆို ကိုသက်ဆွေတို့ တစ်ဖွဲ့လုံး အတော်စိတ်ပျက်သွားမှာပဲပေါ့"

"စိတ်ပါထိကျတာပေါ့ မြိုင်ရယ်၊ ကျွန်တော်တို့က ဘာကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



အားကြီးမာန်တက် လုပ်ထားတာ၊ အဲဒါကြောင့် ပိုဆိုးတာက မြိုင့်ကို အားနာ တာပေါ့၊ ကျွန်တော်ဖြင့် မြိုင့်ကို ဘယ်လို မျက်နှာချင်းဆိုင် ရမှန်းတောင် မသိဘူး ဖြစ်သွားတာ"

"ဪ . . . ဒါကြောင့် ဟိုတလောက ကိုသက်ဆွေ ပျောက်နေ တာပေါ့ ဟုတ်လား။ မြိုင် ဖုန်းဆက်တာတောင် ပြန် ဖုန်းမဆက်ဘူး"

သက်ဆွေ အံ့ဩနေမိသည်။ မြိုင်သည် ပြကွင်းဒိန် မထုတ်ဖြစ်ခြင်း ကိစ္စအတွက် ဘာတစ်ခုမျှ ခံစားရပုံမရ။

မရသည့်အပြင် သူကတောင် ကိုယ့်ကို သနားနေပုံ ရနေသေး သည်။

ထို့အပြင် အလျှင်ရက်များက သူ ရှောင်ဖယ်တိမ်းလုပ်နေခြင်း ကိစ္စအတွက်လည်း တစ်ဆက်တည်း ဖြေရှင်းချက်ပေးစရာ မလိုအောင် ဖြစ်နေသဖြင့် . . .

"ဟုတ်တယ် မြိုင်၊ မြိုင့်ကို ပြောရမှာ ခက်နေလို့"

"အို့ . . . ဘာခက်စရာလိုလဲ၊ မလုပ်ဖြစ်တာ မလုပ်ဖြစ်ဘူး ပြောလိုက်တာများ"

"မဟုတ်ဘူးလေ . . . မြိုင်ကတော့ တကူးတက ဓါတ်ပုံတွေ လိုက်ရိုက်ခဲ့ပေးထားပြီး"

မြိုင်က ရယ်သည်။

"အင်းလေ . . . အဲဒါ ဘာဖြစ်လဲ၊ မြိုင်က အဲဒီ ရိုက်ထားတဲ့ ပုံတွေတော့ ရမှာပဲပေါ့၊ ဟုတ်တယ် မဟုတ်လား"

"ဟာ . . . ဒါက ဘာမှမပြောင်းလဲပါဘူး မြိုင်၊ ကျွန်တော်အားလုံး အဆင်သင့် လုပ်ထားပြီးသားပါ၊ မြိုင့်ဆီကို သတ်သတ်လာပို့ ပေးပါမယ်"



"ဪ . . . ဒါများ ဒီလောက် တကူးတက ခေါ် ပြောနေတယ် ကိုသက်ဆွေရယ်၊ ဖုန်းထဲကပဲ ပြောလိုက် ပြီးရော"

"ကျွန်တော် အားနာလို့ပါ၊ စိတ်ထဲမှာလဲ မြိုင်များ စိတ်ထိခိုက် သွားမလားဆိုပြီး စိတ်မကောင်း အတော် ဖြစ်နေတာ"

မြိုင် ပြုံးသည်။

"မြိုင်တို့ အနုပညာလောကမှာ ဒါမျိုးတွေ မဆန်းပါဘူး ကိုသက်ဆွေရယ်၊ အခြေအနေအရ အမျိုးမျိုး ဖြစ်တတ်တယ်ဆိုတာ နားလည်ပါတယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ ခုဆို မြိုင့် ရိုက်လက်စ ကားကြီး တစ်နှစ်လောက် ဒီတိုင်းရပ်နေတာတောင် ဒီလိုပဲ သည်းခံစောင့်နေရတာ"

"ဘာကားလဲ မြိုင်"

"ချစ်သမျှကို ဆိုတဲ့ ကားပါ၊ မြိုင့် ဒုတိယကားပေါ့"

"ဪ . . . ဟုတ်သားပဲ၊ ကြော်ငြာတော့ တွေ့တွေ့နေတယ်၊ ဦးမြတ်ထွန်း ရိုက်တဲ့ ကားပဲနော်"

"ဟုတ်တယ် ကိုသက်ဆွေ၊ မြိုင့်မှာတော့ ဆရာရိုက်တဲ့ကားပဲ ရှိပါတယ်၊ အဲဒါကြောင့် ခု ဒုက္ခရောက်နေတာပေါ့"

မူလ လာရင်းကိစ္စက မဟုတ်ဘဲ ဘာမျှ အရေးမကြီး ဖြစ်သွားပြီး စကားလမ်းကြောင်းက ကိုယ်သိချင်သည့်ကိစ္စဘက် အလိုလို ရောက်လာ သည်။ သက်ဆွေ စိတ်ဝင်စားလာပြီ။

"မြိုင် ဒီပြင် ကုမ္ပဏီတွေနဲ့တော့ ဘာလို့ မရိုက်တာလဲ"

"ရိုက်ချင်တာပေါ့ ကိုသက်ဆွေရယ်၊ ဒါပေမယ့် မြိုင်ကလည်း ညာကောင်းကောင်း မပြည့်စုံသေးတော့ မစွန့်စားရဲသေးဘူး၊ ဆရာက လည်း ခွင့်မပြုဘူး"

www.burmeseclassic.com



"ဦးမြတ်ထွန်းကလား"

"အင်းပေါ့"

သက်ဆွေ ရင်ထဲ တင်းခနဲ ဖြစ်သွားသည်။ အလျှင်ရက်က ကြား ထားတဲ့သတင်းကိုပါ ပြန်သတိရလာသဖြင့် လေသံပါ မသိမသာ မာသွား သည်။

"မဆိုင်ပါဘူး မြိုင်ရာ၊ မြိုင့်လောက်မှ အမူအရာမကောင်းတဲ့ မင်းသမီးတွေတောင် ကားတွေ တစ်လှေကြီး ရိုက်နေရတာပဲ၊ ပညာစုံဘူး ဆိုတာကို ကျွန်တော်တော့ လက်မခံဘူး၊ ဦးမြတ်ထွန်း ကြောက်ပြီး မရိုက်တာ ဆိုရင်တော့ တစ်မျိုးပေါ့"

"အင်းပေါ့လေ . . . ခုတော့လည်း ဒီလိုပဲ ဖြစ်နေတာပဲပေါ့ ခက်တာက ဆရာဦးမြတ်ထွန်းက မြိုင့်ဆရာ ဖြစ်ရုံတင်မကဘူး၊ ဖေဖေနဲ့ ကလည်း သူငယ်ချင်းတွေ ဖြစ်နေကြတယ် ကိုသက်ဆွေ၊ ဖေဖေကလည်း သူ့သူငယ်ချင်းကိုပဲ သူ ယုံကြည်ပြီး မြိုင့်ကို အပ်ထားတော့ ဦးမြတ်ထွန်းက ခွင့်မပြုရင် ဖေဖေကပါ မြိုင့်ကို တားတော့တာ"

"အဲဒါဆို မြိုင့်တက်လမ်းတွေ ပိတ်မနေဘူးလား"

"ပိတ်တာပေါ့၊ ဒီပြင် ကုမ္ပဏီတွေက မြိုင့်ကို အရမ်းပြောတာပဲ တချို့ဆို မြိုင့်ကို ငှားမရတာနဲ့ ပေးစားပြီး သွားပုတ်လေလွင့်တောင် လျှောက် ပြောတာ"

ဩော် . . ပြဿနာက သည်လိုကိုးဟု သက်ဆွေ သဘောပေါက် သွားသည်။ စိတ်ထဲမှာလည်း အတော် အေးသွား၏။ ပြောနေရင်းနှင့်လည်း မြိုင့်မျက်နှာကို အကဲခတ်နေခဲ့သည်။

မြိုင်သည် သူ့ရင်ထဲ ့ စကားများကို ရိုးရိုးသားသားပင် ဖွင့်ပြော





နေမှုန်း အမူအရာဖြင့် သိသာသည်။ သို့သော် ပိုသေချာချင်သေးသဖြင့် . . .

"ဟုတ်တယ် မြိုင်၊ ကျွန်တော်တို့တောင် အဲဒီလို သွားပုတ်လေလွင့် ပြောတဲ့စကားမျိုး ကြားဖူးတာပဲ"

"ခက်တယ် ကိုသက်ဆွေ၊ မြိုင်တို့လောကက အဲဒီလိုပဲ အရမ်းရှုပ် ဘယ်၊ ဖအေအရွယ်နဲ့ သမီးအရွယ်ကြီးလဲ မဟုတ်က ဟုတ်က လျှောက် ပြောလိုပြော၊ အဲဒါ ယုံတဲ့သူကလည်း ယုံတာပဲ၊ ကိုသက်ဆွေတောင် ယုံတဲ့ အထဲ ပါသေးလား"

"ဟာ . . . မပါပါဘူး မြိုင်၊ ကြားလို့ကြားတယ်ဆိုတာပဲ ပြော တာပါ"

"ဒီပြင်ကော ဘာကြားသေးလဲ"

"ဒီပြင်တော့ မကြားပါဘူး၊ အဲဒီလိုပဲ ဦးမြတ်ထွန်းနဲ့ ဘာလိုလို ညာလိုလို ဖြစ်သလို ပြောကြတာပါပဲ၊ ပြီးတော့ ဦးမြတ်ထွန်းက အလျှင်လဲ သည်လိုပဲ ဖြစ်ခဲ့တာပဲ၊ ဘာညာပေါ့လေ"

"မရွှေရီကိစ္စကို ပြောတာလား"

"အင်းပေါ့"

"မရွှေရီ ကိစ္စကတော့ မရွှေရီကိစ္စပေါ့ ကိုသက်ဆွေရယ်၊ မြိုင်က မရွှေရီမှ မဟုတ်ဘဲ၊ ပြီးတော့ ဖေဖေ့ မျက်နှာနဲ့ ဆရာကလဲ စိတ်တောင် ဘူးရဲမှာ မဟုတ်ပါဘူး၊ မြိုင့်ကိုလည်း သမီးတစ်ယောက်လိုပဲ ဆက်ဆံပါ တယ်"

ပွဲက ပြီးသွားပြီဟု သက်ဆွေ စိတ်တိုးတိုး ချလိုက်နိုင်သည်။

ကိုလှိုင်တို့ ကျော်ဇောတို့ကို ခုချက်ချင်းပင် ပြေး၍ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်သည်။

စိတ်ထဲ ကြည်လင်သွားသည်နှင့်အမျှ အပျော်ကလေးများကလည်း တရစိတ်ခန်းမကြီးနှင့်အပြည့် လျှံလာသည်။

မြင့်မျက်နှာလေးကလည်း ဝိုး၍ဝိုး၍ ချစ်စရာကောင်းလာ၏။

သိပ်ချစ်တယ် မြင့်ရယ် . . .

* * *

# တတိယ ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

"မြိုင် ပြန်ချင်ပြီလား"

"ဘာလို့လဲ ကိုသက်ဆွေ"

"ဩော် . . . မဟုတ်ပါဘူး၊ တကယ်လို့ မြိုင် မပြန်ချင်သေးရင် ...ိုင် ဟိုနားဒီနား သွားချင် လည်ချင်သေးရင် ကျွန်တော် လိုက်ပို့ ပေးမလို့ပါ၊ ...န်တော်လည်း မြိုင်နဲ့ စကားပြောရတာ ပျော်တယ် မြိုင်၊ မြိုင် ပြန်ချင် ...းမှာ စိုးလို့"

သက်ဆွေစကားကြောင့် မြိုင်က ရယ်သည်။

"ရန်ကုန်မှာ ဘယ်များ လည်စရာရှိလို့လဲ ကိုသက်ဆွေကလဲ"

"ဒီလိုပဲပေါ့ မြိုင်ရယ်၊ ညနေစောင်း နေအေးအေးနဲ့ ဘုရားလေး ...လေးတက်၊ ဟိုနားဒီနား ကားလေးဘာလေး လျှောက်စီးလို့ ရတာပေါ့"

"ဘုရားတော့ ဖူးချင်တယ် ကိုသက်ဆွေရယ်၊ ကုသိုလ်ရတဲ့ အကျိုး ...ူကို ခဏထားဦး၊ ရင်ပြင်ပေါ် ရောက်ရင်ကို ဘုရားရိပ် တရားရိပ်နဲ့ ...စိတ်ငြိမ်းချမ်းတာပဲ၊ ဒါပေမယ့် ကားပဲ လျှောက်စီးရအောင်ပါ၊ လူသိ ...တဲ့နေရာတွေ မြိုင် မသွားရဲဘူး"

သက်ဆွေ နားလည်စွာ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မြိုင်၊ စိတ်ကြည်လင်သွားအောင် မြင်ကွင်းရှင်းတဲ့ဘက်ကားမောင်းထွက်တာပေါ့"

"မိုးတော့ မချုပ်စေနဲ့နော်"

"အစောကြီး ရှိပါသေးတယ် မြိုင်၊ မမှောင်ခင် ပြန်ကြတာပေါ့"

စားသောက်ခြင်းကိစ္စလည်း ပြီးပြီမို့ ငွေရှင်းပြီးသည်နှင့် ခန်းမအပြင်ဘက်၌ ရပ်ထားသည့်ကားဆီသို့ ထွက်လာခဲ့ကြသည်။

နေအေးစပြုပြီမို့ စိမ်းနေသော ကန်ရေသည် လှိုင်းကြက်ခွပ်လေးများဖြင့် စိတ်ကြည်နူးစရာ ကောင်းနေ၏။

စိမ်းလန်းသော မြက်ခင်းများကို ဖြတ်၍ စိတ်သည် ရေပြင်ကိုဖြတ်ကူးသည်။ တစ်ဆက်ကမ်း တောအုပ် ညိုညို့လေးများ ရောက်သောအခါ အတော်လေး ကြည်လင်လာသည်။

မြိုင့်ခေါင်းထဲတွင် အမှတ်တမဲ့ ဖြစ်နေသော ကိစ္စတစ်ခုအတွက်မေးခွန်းတစ်ခု ဝင်လာ၏။

သူ ဘာဖြစ်၍ သက်ဆွေ ဖိတ်ခေါ်သမျှကို မငြင်းမဆန် လိုက်လျောမိပါသနည်း။

ᨀ

"ဘယ်သွားမလို့လဲ ကိုသက်ဆွေ"

ကားလေးက ကမ္ဘာအေး ဘုရားလမ်းအတိုင်း မောင်းနေရာကနေ ခုနှစ်မိုင်ခွဲမီးပွိုင့် ရောက်သောအခါ ညာဘက်ကို ချိုးကွေ့၍ ပြည်လမ်းအတိုင်း မြို့ပြင်ဘက် ထွက်သွားသည်။

"ကွင်းပြင်တွေ ရှိတဲ့ဘက် မောင်းမလားလို့ မြိုင်၊ မြိုင့်ကို ကြည့်ရမယ့်





သူတွေလည်း မရှိဘူး၊ မြိုင်လည်း စိတ်ပိုလွတ်လပ်သွားမလားလို့"

"အဝေးကြီး သွားမှာလား"

"မြိုင်ပြန်ချင်တဲ့ နေရာကျ ပြောလေ၊ ကျွန်တော်ကတော့ စိတ်ချမ်းသာနေတဲ့ လူဆိုတော့ ပြန်ချင်စိတ် တော်တော်နဲ့ပေါ်မှာ မဟုတ်ဘူး"

မြိုင်က အပြုံးဖြင့် ပတ်ဝန်းကျင်ဘက် အကြည့် ပြန်လှည့်သည်။

မြို့ထဲ တိုက်ခန်းမှာ နေရသော ဘဝကျဉ်းထဲကနေ ကွင်းပြင်ကျယ်ကြီးများရှိရာအရပ် ရောက်နေသည့်အတွက် သက်ဆွေ ပြောသလို စိတ်လွတ်လပ် ကျယ်ပြန့်လာသည့်အတွက် အမှန်ပင် ဖြစ်၏။

တိမ် မရမ်းကွက်များ ဖြစ်နေသော ကောင်းကင်တွင် ဖျိုးအုပ်အိုတစ်အုပ် ပျံသန်းလာသည်ကို လှမ်းမြင်ရသည်။ ကောင်းကင်ပြာအောက်မှ မြေပြင်က စိမ်းစိုသော အခင်းဖြင့် အနိမ့်အမြင့် အချိုင့်အဝှမ်းများ ဖြစ်နေသည်။

ဒီမြေပြင်၊ ဒီကောင်းကင်အောက်မှာ လွတ်လပ်စွာ ပြေးလွှားဆော့ကစားနေရသော ဘဝမျိုးကို မြိုင် တောင့်တကြည့်မိသည်။

စိတ်သည် မိုးဆွေ ငှက်ငယ်ကဲ့သို့ ပျံချင်တိုင်း ပျံလို့ရနေသည်။

ထိုစဉ် သက်ဆွေထံမှ စကားသံတစ်ခု ပေါ်လာ၏။

"အခုရှိက်နေတဲ့ ချစ်သမျှကိုဆိုတာ ဘယ်လို ဇာတ်လမ်းမျိုးလည်းနင်"

ᨀ

မြိုင်က ရယ်သည်။

"ဘာလဲ၊ ကိုသက်ဆွေက သရုပ်ဆောင် မှတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မဟုတ်ပါဘူး၊ အချစ်ဇာတ်လမ်း ရိုက်ထားတဲ့ ကားဆိုတာကတော့ နာမည်ကြည့်တာနဲ့ သိတာပေါ့ မြိုင်ကလည်း၊ ဇာတ်လမ်းလေး သိချင်လို့ပေါ့"

"ကိုသက်ဆွေ ချစ်သမျှကို ပတ်ပိုး ကြားဖူးလား"

သက်ဆွေ ရယ်သည်။

"သီချင်းကြီးဆိုရင် မြမန်းဂီရီ သေလာတောင်လောက်ပဲ ရေကောသောကော ကြားဖူးတယ် မြိုင်၊ ဒါပေမယ့် ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေ . . . ဘာညာ အစလေးနဲ့တော့ ရင်းနှီးပါတယ်"

"ဟာ . . . ဒါဆို အတော်နီးစပ်ပြီပေါ့၊ အဲဒီသီချင်းကို ဘယ်သူရေးလဲ ဆိုတာကော သိလား"

"မမြကလေး ရေးတယ်လို့ ဖတ်ဖူးတယ် ထင်တာပဲ မြိုင်၊ သေသေချာချာတော့ မသိဘူး၊ အဲဒီ သီချင်းပေါ်စက ကျွန်တော် ကောင်းကောင်း အရွယ်မရောက်သေးဘူး"

"ဩော် . . . အဲလိုတော့ ဘယ်သူက သိမလဲ၊ အရွယ်ရောက်ပြီး နေနေသာသာ မွေးဖို့တောင် ဘယ်ဆီမှန်း မသိသေးဘူး၊ အဲဒီ သီချင်းက သာယာဝတီမင်း လက်ထက်က ပေါ်ခဲ့တာပဲ"

"သာယာဝတီမင်း ဟုတ်လား၊ သူနဲ့လည်း တစ်ခါမှ စကား မပြောဖူးဘူး မြိုင်၊ မြိုင်နဲ့ ခင်လို့လား"

"တော်ပြီ၊ အဲဒီလို ပေါက်ကရ လျှောက်ပြောနေရင် မြိုင် မပြောတော့ဘူး၊ မြိုင်က တကယ် သိချင်တာမှတ်ပြီး ခံစားချက်နဲ့ ပြောမလို့ဥစ္စာ"

မြိုင့် မျက်စောင်းလေးများကို ကျေနပ်စွာ ခံယူရင်း သက်ဆွေ ရယ်သည်။



"မြိုင် ပျင်းနေမှာစိုးလို့ နောက်တာပါ၊ မြိုင်က ခံစားချက်နဲ့ ပြောမှာဆိုရင်တော့ ကျွန်တော်က အလေးအနက် နားထောင်ရမှာပေါ့၊ ပြောပါ မြိုင်၊ ချစ်သမျှကို သီချင်းက သာယာဝတီမင်း လက်ထက်မှာ မမြကလေး ရေးတယ်၊ အဲဒီတော့ . . ."

"အဲဒီမတော့ပါဘူး၊ ဒါပါပဲ၊ အဲဒီ ပတ်ပိုးထဲက နာမည်ကို ယူပြီး ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ဘယ်လောက် ချစ်တယ်ဆိုတာ ရိုက်ထားတဲ့ ကား"

"မဟုတ်ဘူးလေ၊ မြိုင်ကလဲ ဇာတ်လမ်းလေးဘော့ ရေလည်အောင် ပြောဦးမှာပေါ့"

"ဇာတ်လမ်းက ကောင်လေးနဲ့ ကောင်မလေးက ဟိုးငယ်ငယ်လေးတည်းက သူငယ်ချင်းတွေ၊ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်အရမ်းကြီးတယ်၊ အရွယ်ရောက်လာတော့လဲ သိပ်ချစ်ကြတယ်၊ ဒါပေမယ့် အချိန်ကျတော့ နှစ်ယောက်စလုံးရဲ့ဘဝ၊ အခက်အခဲ ပြဿနာတွေ ပေါ်လာပြီး မဝေးချင်လျက်နဲ့ ဝေးသွားရတယ်၊ နောက်ဆုံးကျမှ အဲဒီအခက်အခဲတွေကို ကျော်လွှားပြီး သူတို့နှစ်ယောက် ပေါင်းရတယ်၊ ဒါပဲ"

"ဟား . . . အဲဒါဆို ဇာတ်လမ်းက ကောင်းတာပေါ့"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဆက်မရိုက်ရတာက ခက်တယ် ကိုသက်ဆွေ၊ ခုထက်ထိ ကောင်လေးနဲ့ ကောင်မလေး သံယောဇဉ်တောင် အရမ်းမကြီးရသေးဘူး"

"ချစ်သမျှကိုက . . . ဇာတ်ဝင် သီချင်းပေါ့"

"မဟုတ်ပါဘူး၊ ဇာတ်လမ်းခေါင်းစဉ်ပဲ ယူထားတာ၊ ဘယ်ဒီလောက်နဲ့ ဒီသီချင်းသုံးလို့ ဘယ်တန်မလဲ၊ ချစ်သမျှကို သီချင်းက

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသူကို အင်မတန်ကောင်းတဲ့ ဇာတ်လမ်းကြီးတစ်ခု ပါပြီးသား ကိုသက်ခွေ သိလား၊ အဲဒီ သီချင်းနေတဲ့ နန်းမတော် မမြကလေးရဲ့ ရာဇဝင် ဇာတ်လမ်း၊ ရှုတ်နောက်နောက် လုပ်မပစ်နဲ့နော်၊ မြိုင် တကယ် အကြည်မေးတာ"

သက်ခွေ ရယ်သည်။

"မသိဘူး မြိုင်၊ တကယ် မသိတာပါ"

"နေဦး . . . ကြုံတဲ့ တစ်နေ့မှ ပြောပြမယ်၊ ပြောတဲ့အခါကျရင် အဲဒီသီချင်းကိုလည်း မြိုင် ကိုယ်တိုင် ဆိုပြမယ်"

"ဟာ . . . ခုပြောပြီး ခုဆိုပြပါလား မြိုင်ရာ"

"ဟင့်အင်း . . . ဒါမျိုးက ခရီးသွားဟန်လွှဲ ပြောရတာမျိုး မဟုတ်ဘူး၊ သေသေချာချာ အချိန်ယူပြီး ပြောရမှာ"

ကားလေးက မင်္ဂလာဒုံ လေယာဉ်ကွင်းကို လှမ်းမြင်ရသည့်နေရာ ရောက်လာပြီး မကြာမီ ရန်ကုန်တိုင်းခန်းမ ရုပ်ရှင်ရုံကို ကျော်လာသည်။

ဒီတော့မှ မြိုင်က အလန့်တကြားနှင့် . . .

"ဟင် . . . ပြန်လှည့်ကြစို့လေ ကိုသက်ခွေ၊ တော်ကြာ မိုးချုပ်သွားလိမ့်မယ်၊ ထွက်လာခဲ့တာ နည်းတဲ့ခရီးမှ မဟုတ်ဘဲ"

"မထူးတော့ဘူးလေ မြိုင်၊ သွားမယ့်သွား ကျိုက္ကလို့ ကျိုက္ကလဲ့ လောက်အထိ သွားလိုက်တော့မှာပေါ့၊ မိုးချုပ်မှာ မပူပါနဲ့ ဒီခရီးက နာရီဝက် အတွင်း အိမ်ပြန်ရောက်အောင် မောင်းလို့ ရပါတယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မြိုင်ရဲ့၊ မြိုင် ကျွန်တော်နဲ့ လိုက်ရင် ဘာမှ စိတ်မပူနဲ့ မြိုင် ကသိကအောက်ဖြစ်အောင် ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး





မြိုင်ကသာ ကျွန်တော့်ကို ခံစားချက် ပြောပြမယ်ဆိုပြီး တကယ်မပြောဘဲ ကသိကအောက်ဖြစ်အောင် လုပ်ထားတာလေ"

မြိုင်က ရယ်သည်။

"သြော် . . . သူက ဒါကို စိတ်ကောက်နေတာကိုး၊ မကောက်နဲ့ ကောက်နဲ့၊ နောက်ကျ မြိုင် တကယ်ပြောပြမယ်၊ မြိုင် ကတိပေးတယ်၊ မြိုင်ကလည်း ကတိတစ်ခု ပေးပြီးရင် ဘယ်တော့မှ မဖျက်တတ်ဘူး၊ ခု ပြောတာ အဲဒီအကြောင်းက လွမ်းစရာကြီးမို့လို့ ပျော်နေတုန်း မပြောချင်လို့"

"အင်း . . . အင်း၊ ဒါဆိုရင်တော့ ကျေနပ်ပါတယ်"

"ကဲ . . . ကျေနပ်ရင် ပြန်မယ်၊ နောက်တစ်ခါကျရင် မနက် စောစောက ထွက်၊ အဲဒါဆို ကျိုက္ကလို့ ကျိုက္ကလဲ့ မဟုတ်ဘူး၊ ပဲခူးရောက် ရောက်၊ တညင်ရောက်ရောက်၊ ခုတော့ အချိန်ကလင့်နေပြီ၊ ခုပဲ လေးနာရီခွဲ နာရီဝက်နဲ့ ပြန်ရောက်ရင်တောင် အိမ်ကို ငါးနာရီ ထိုးမှ ပြန်ရောက်မှာ"

"နောက်ကျရင် မြိုင့်ဖေဖေနဲ့ မေမေက ဆူမှာစိုးလို့လား"

မြိုင်က တည်တည်ငြိမ်ငြိမ်နှင့်ပင် ခေါင်းခါသည်။

"ဖေဖေကော မေမေကော အိမ်မှာ မရှိပါဘူး၊ ရိပ်သာဝင်နေကြတယ်"

"ဟုတ်လား၊ ဘယ်မှာလဲ"

"မိုးကုတ်ဝိပဿနာမှာ"

"ဒါများ မြိုင်ကလည်း ဘာဖြစ်လို့ လောနေတာလဲ"

"မဆိုင်ဘူးလေ၊ မြိုင်က လူကြီးတွေ ဆူမှာစိုးလို့ ပြန်ချင်တာမှ မဟုတ်တာ၊ မသင့်တော်တဲ့ကိစ္စ ကိုယ့်ဟာကိုယ် ဆင်ခြင်ရမှာပေါ့၊ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြိုင့်ကို ဘယ်သူကမှ မချစ်ချယ်ကြပါဘူး၊ ဒါပေမယ့် မြိုင်ကလည်း အဲ လွတ်လပ်ခွင့်ကို ဘယ်တော့မှ အလွဲသုံးစား မလုပ်ဘူး၊ မှောင်မှ ပြန်ပေ ဘယ်လူမြိုင်ကောင်းမလဲ"

"ဒါဖြင့် . . . မြိုင်ပြောသလိုပဲ နောက်တစ်ခါကျ စော ထွက်မယ် နော်"

"အင်း"

"အဲဒီ နောက်တစ်ခါဆိုတာကလဲ သိပ်အကြာကြီးမစော နိုင်ဘူးနော် မြိုင်၊ လာမယ့် ဆန်းဒေး သွားမယ်"

"အင်း . . . ဒါလဲ ဖြစ်တယ်"

"တဲ . . . ဒါဆို ရပြီ၊ ကားပြန်လှည့်မယ်၊ မြိုင့်အိမ်ကို ငါးနာ မထိုးခင် ရောက်ရမယ်လို့ ကျွန်တော် အာမခံတယ်"

အိမ်ပြန်ရောက်သောအခါ စိတ်ချမ်းသာ ခရီးလေး ထွက်လိုက် ၍လား မသိ၊ မြိုင့်တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါး ရွှင်လန်းနေ၏။

ထိုနေ့က စက်တင်ဘာလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

* * *



(၂)

၁၉၈၅-ခု၊ မတ်လ (၉) ရက်၊ သောကြာနေ့တွင် မြိုင်က သူ့မှတ်တမ်းစာအုပ်လေးမှ စာမျက်နှာအသစ်၏ ညာဘက်ထိပ်ထောင့်တွင် နေ့စွဲ တပ်လိုက်၏။

ထို့နောက် အောက်တစ်လိုင်းကျော် ဘယ်ဘက်စွန်းစွန်းထောင့်မှ နေ စ၍ စာတမ်းလေးတစ်ခု ရေးသည်။

**မျှော်လင့်ခြင်း အသစ်တစ်ခု စတင် အညွှန့်တော်စီဖော်ရေး**

မြိုင်က ကိုယ့်စာသားလေးကို ပြန်ဖတ်ပြီး ပြုံးလိုက်သည်။

စိတ်ကူးကတော့ ကဗျာဆန်မည်ထင်သော စကားလုံးလှလှလေးများ တမင်ရွေး၍ ရေးလိုက်ခြင်းပင်။ သို့သော် အားလုံးရေးပြီး၍ ပြန်ဖတ်ကြည့်သောအခါ ကဗျာမဆန်တော့ဘဲ ဆောက်လုပ်ရေးလုပ်ငန်း အစီရင်ခံစာ ခေါင်းစဉ်တစ်ခုကို ဖတ်ရသလိုလို ခံစားမိသဖြင့် ပြုံးချင်သွားခြင်း ဖြစ်သည်။

ပြုံးချင်၍သာ ပြုံးလိုက်ရသည်။ အမှန်က ဒီစာသားလေးများကို သူ မရေးမီ ခေါင်းထဲ၌ အတော်စဉ်းစားပြီးမှ ရွေးထားရခြင်း ဖြစ်၏။

"စွန့်စားခြင်း အသစ်တစ်ခု စတင်မိသည့်နေ့"

"ယုံကြည်ခြင်းများစွာဖြင့် ဘဝသစ် တစ်ခုကို စတင်သောနေ့"

"နှလုံးသား ကမ္ဘာသစ်လေး တစ်ခုသို့ စတင် ဝင်ရောက်ခဲ့သော နေ့"



www.burmeseclassic.com

စသည်ဖြင့် ဒီနေ့အတွက် လိုက်ဖက်မည့် ခေါင်းစဉ်လေး တစ်ခုကို မြိုင် တော်တော်နှင့် ရှာဖွေမရ။

အမှန်ကတော့ ရိုးရိုးစင်းစင်းလေးသော အဓိပ္ပါယ်ဖော်၍ ရေးရ လျှင် တစ်သက်လုံးအတွက် လက်တွဲချင်ပါသည်ဟု တောင်းဆို ကမ်းလှမ်း လာသော မောင့်ဆန္ဒလေးကို မြိုင် တုံ့ပြန်အဖြေပေးလိုက်သည့်နေ့ဟုပင် ရေးရမည် ဖြစ်၏။

သို့သော် ဒီအဓိပ္ပါယ်ကို မောင့်ကို အဖြေပေးသည့်နေ့ဟု အဓိပ္ပါယ်ပေါ်နဲ့ လိုရင်းချုံးရေး၍လည်း မဖြစ်၊ မောင့်ကို အဖြေပေးတာက အဖြေပေးတာပင် ဖြစ်သော်လည်း ဒီအဖြေထဲမှာ မျှော်လင့်ခြင်းတွေ ပါနေ သည်၊

တစ်နည်းအားဖြင့် စွန့်စားခြင်း၊ ယုံကြည်ခြင်းတွေ ဖြည့်စွက် ထားရသည်၊

အရာအားလုံးကို လုံခြုံစိတ်ချပြီး ရဲရဲတင်းတင်း ပေးရသော အဖြေမျိုး မဟုတ်၊

နှလုံးသားမှ ရင်ခုန်တတ်စ ဆယ်ကျော်သက် မိန်းကလေး တစ်ဦး ကဲ့သို့ ဆင်ခြင်တုံတရားတွေ၊ ဝေခွဲပိုင်းဖြတ်မှုတွေ ဘာတစ်ခုမှ ရှိမနေဘဲ အသည်းကလာသော ဆုံးဖြတ်ချက် တစ်ခုသက်သက်ဖြင့် ပေးလိုက်သော အဖြေမျိုးလည်း မြိုင့်မှာ အစကတည်းက ရှိမနေခဲ့၊

ဘဝက သင်ကြားခဲ့သော အတွေ့အကြုံများအရ မြိုင် မောင့်ကို ချစ်ရသည်မှာ ရင်တထိတ်ထိတ် ရှိလှသည်၊

အနာဂတ်ကို မျှော်မှန်းကြည့်တိုင်း စိုးရိမ်ပူပန်မှု ကြောက်ရွံ့ ထိတ်လန့်မှုတွေနှင့် မယုံမရဲ ရှိလှသည်၊





သို့အတွက် မြိုင် မောင့်ကို တုံ့ပြန်ချစ်လိုက်ခြင်းကို နှလုံးသား ...မှာသစ်တစ်ခု အခြေခိုင်ခိုင် တည်ဆောက်မိခြင်းဟု ရဲရဲစွာ မဆိုရဲ၊ ...ျှော်လင့်ခြင်းဟုသာ တင်စားရသည်။

အချစ်တစ်ခုကို ခိုင်ခံ့ကျေနပ်စွာ ပိုင်ဆိုင်ရပြီဟုလည်း အတိ ...လင်း မကြေညာဝံ့၊ စောစောက ပြောခဲ့သည့် မျှော်လင့်ခြင်းလေးကို ...သမ်ပာစ်ဖန် စတင်တည်ဆောက်မိသည်ဟုသာ 'မိ' ကလေးထည့်၍ ...တဝံ့ အမည်ပေးလိုက်နိုင်သည်။

မြိုင်က သူ့ရင်ထဲမှ ခံစားနေရမှုများကို စာလုံးလေးများအဖြစ် ...ျောင်းလဲ မရေးသားမီ၊ နေ့စွဲလေးကို ကြည့်၍ ရှေးက သူမှတ်မိခဲ့သော ...ဆွဲလေးတစ်ခုနှင့် လက်ချိုးရေတွက်ကြည့်သည်၊ ဗက်တင်ဘာက စသည် ...တော့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ ဖေဖော်ဝါရီ ...တ်၊ အားလုံး ခြောက်လတင်းတင်း ရှိ၏။

မြိုင့်မှာ အချစ်နှင့်ပတ်သက်၍ အတွေ့အကြုံ ရှိခဲ့ဖူးသည် ...သည့်တိုင် မှတ်တမ်းရေးခြင်းကိစ္စ၌ အတွေ့အကြုံ မရှိခဲ့။

ခုခါမှ အရာရာကို အသစ်အဖြစ် ဖန်တီးတည်ဆောက်တော့မည် ...သော ဆုံးဖြတ်ချက်နှင့် လျော်ညီစွာ ရင်ထဲက ခံစားချက်လေးများကို ...ရွက်ပေါ် ကမ္ပည်းတင်၍ မှတ်တမ်းထုံးဖွဲ့ထားရန် စိတ်ကူးမိခြင်း ဖြစ် ...သည်။

မောင်နှင့် စတင် ရင်းနှီးနီးစပ်လာကတည်းက ချမ်းသမျှကို ...ကြောင်း ပြောရ မမြကလေးအကြောင်း ပြောရနှင့်မို့ ဒီတစ်ခါ ချစ်သမျှ ...ရိုးသစ်လေး ရေးမိခြင်းအတွက် မမြကလေးကို စာတွေပေတွေ ...ချင် ...် ပေါ်လာတာလည်း မဆိုနိုင်။

www.burmeseclassic.com



မမြကလေးလို စာတွေကဗျာတွေ ပတ်ပျိုးတွေ လက်ရေး

ရေးတတ်ချင်တာတော့ အမှန်ပါပဲ မောင်ရယ်၊ ဒါပေမယ့် . . .

မမြကလေးလိုတော့ ချစ်သူရဲ့လက်နဲ့ အသတ်ခံရတာမျိုးကိုတော့ မကြုံချင်ပါဘူး၊ မကြုံပါရစေနဲ့ နော် မောင်၊ ဟု စိတ်ထဲက တီးတိုးပြောမိ

မှတ်တမ်းလေးကို စတင်ရေးရန်အတွက် မျက်နှာပြင်ပေါ်

သွားလေး တင်လိုက်သည်။

ဘယ်စာလုံးက စရေးရမလဲဟု နှလုံးသားကို လှမ်းမေးလိုက်ဆဲ

ပင်၊ နားထဲ၌ ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေး ဆိုသော

သီချင်းသံလေးတစ်ခု ပြန်ကြားလာမိသည်။

မျက်လုံးထဲ၌လည်း လေတညင်းညင်း တိုက်နေသော

ရင်ပြင်လေးတစ်ခုကို ပြန်မြင်လာသည်။

သည်နေ့လေး ရောက်လာရန်အတွက် ရှေ့က အစပျိုးခဲ့ကြသော

နေ့ရက်လေးများကိုလည်း ပြန်သတိရ၏။

"ကဲ . . . စိတ်ငြိမ်းချမ်းသွားပလား မြိုင်"

"ဟင် . . . ကိုသက်ဆွေ ဘာကိုမေးတာလဲ"

ဖြစ်သွားဖြစ်လာတော့ မကြာခဏ ပြုနေရသော်လည်း ဒီနေ့

မှာ ခုလို အေးအေးဆေးအေး လာမနေဖူးသဖြင့် ထူးဆန်းသလို ဖြစ်

သော ပတ်ဝန်းကျင်ကို ငေးနေဆဲ သက်ဆွေအမေးကြောင့် မြိုင်က နား

လည်စွာ ပြန်မေး ဒိုက်သည်။



သက်ဆွေက ရယ်၍ . . .

"မြိုင်က ဘုရားသွားချင်တယ်၊ ကုသိုလ်ရတဲ့ အကျိုးကျေးဇူး

ထား၊ ရင်ပြင်တော်ပေါ် ရောက်ရင်ကို ဘုရားရိပ်တရားရိပ်နဲ့ စိတ်ငြိမ်း

တယ်လို့ ပြောထားဖူးလို့ မေးကြည့်တာလေ မြိုင်၊ ကျွန်တော်လို့ဘုရား

ခြင်လောက်တော့ မသပ္ပါယ် မခမ်းနားဘူး၊ ဒါကြောင့် စိတ်ချမ်းသာမှု

လားလို့ မေးတာ"

မြိုင်က ဟိုတစ်နေ့က ပြောခဲ့သည့် စကားကို မှတ်မှတ်ထင်ထင်

လုပ်လိုက်သည့် သက်ဆွေကို ပြုံးကြည့်လိုက်ပြီး . . .

"ငြိမ်းချမ်းတာပေါ့ ကိုသက်ဆွေ၊ ဘုရားရိပ် တရားရိပ်ဆိုတာ

နှိုင်းနှစ်စားမှ မရှိတာ၊ ဘယ်နေရာက အရိပ်ဖြစ်ဖြစ် စိတ်ငြိမ်းချမ်းအောင်

တဲ့ နေရာမှာတော့ အတူတူပဲပေါ့"

"ဒါဆို ကျွန်တော် လိုက်ပို့ရကျိုး နပ်တာပေါ့ မြိုင်၊ မြိုင်

တစ်နေ့ကပဲ ဒီစကား ပြောကတည်းက ကျွန်တော် ဒီနေရာကို လိုက်ပို့ဖို့

စားထားတာ၊ မြိုင် စိုးရိမ်သလို လူလည်းများများ အမြင်မခံဘူး၊

လည်း အေးချမ်းလို့"

"ဟုတ်တယ် ကိုသက်ဆွေ၊ ဒီလောက် အေးချမ်းမှန်းသိရင် ဟိုနေ့

ကတည်းက ဘယ်လှည့်ပြန်မလဲ၊ ဟိုနေ့က လှည့်ပြန်တဲ့နေရာနဲ့ ဒီနေရာနဲ့

မဝေးတော့တာ၊ မြိုင် ဒီပေါ် တစ်ခါမှ မရောက်ဖူးဘူး၊ လမ်းပေါ်ကပဲ

သွားဖြတ်လာလုပ်ဖူးတာ၊ ကိုသက်ဆွေတော့ ဒီကို မကြာခဏ ရောက်

လား"

"မကြာခဏတော့ မရောက်ပါဘူး၊ တစ်ခါတလေပေါ့ မြိုင်၊

ခါ စိတ်ရှုပ်ထွေးနေတဲ့အခါ ကျွန်တော် ဒီလိုပဲ မြို့မြင်တို့ ကားမောင်းပြီး

ဒီနှားတစ်ပိုက် ဟောလာထိုင်တတ်တယ်၊ မြင်ကွင်းအကျယ်ကြီးတွေ မြင်ရ
လေကောင်းလေသန့် အားရပါးရ ရှုရရင် စိတ်ထဲ ရှင်းပြီး သိပ်အရသာ
ရှိတာပဲ"

မြိုင်က ရယ်သည်။

"တစ်ယောက်တည်းရော တုတ်ရဲ့လား"

"တစ်ခါတလေတော့ သူငယ်ချင်းတွေ ပါတာပေါ့၊ ဟာ
. . . မြိုင်ကလည်း ကျွန်တော့်မှာ အဲဒါမျိုး မရှိပါဘူး"

"အဲဒါမျိုးဆိုတာ ဘာလဲ"

"မဟုတ်သေးဘူးလေ၊ မြိုင်က ရည်းစားတွေ ဘာတွေနဲ့ လာတာ
မေးတာ မဟုတ်လား၊ ကျွန်တော့်မှာ အဲဒါမျိုး မရှိဘူးလို့ ပြောတာပေါ့"

"အင်းပေါ့လေ၊ မြိုင်က အကြောင်းမသိတဲ့ လူဆိုတော့လည်း
ကိုသက်ဆွေ ပြောသမျှ ယုံရမှာပေါ့"

"ဟာ . . . ကျွန်တော် မညာပါဘူး မြိုင်ရဲ့ ပေးချင်တဲ့သစ္စာ
ပေး၊ ရည်းစားဆိုလို့ မှုလို့တောင် ရှာစရာတောင် မရှိခဲ့ဖူးဘူး"

"အင်းပေါ့၊ ဘယ်ရှိမလဲ၊ ရည်းစားဆိုတာ မှုးရင် ရှာဖို့ထားရတာ
မျိုးမှ မဟုတ်တာ"

"ဒီမြိုင် ဘာလုပ်ဖို့မှလဲ မထားပါဘူး မြိုင်ရယ်၊ ကျွန်တော် မညာ
တတ်ပါဘူး၊ ခုအသက်အထိ အဲဒါမျိုး တစ်ခါပဲ စဉ်းစားဖူးတယ်၊
ကျောင်းသားဘဝတုန်းက . . ."

မြိုင်က မျက်ခုံးလေးပင့်လျက် . . .

"ဟဲ . . . ဟုတ်ပြီ . . . ဟုတ်ပြီ၊ ပြောရင်းနဲ့တော့ ဇာတ်တွေ
ပေါ်လာပြီ၊ အဲဒီတစ်ခါတုန်းက ဘာဖြစ်လဲ ကိုသက်ဆွေ၊ အားတိုင်း မှုပြီး



သွားသွားရှုနေတာပဲလား"

"မဟုတ်တာ၊ တောက်တီးတောက်တဲ့ မြိုင်ကလဲ၊ အဲဒီတုန်းက
ကျွန်တော်က တတိယနှစ်၊ ကျောင်းအနုပညာအသင်းမှာ အငြိမ့်ကတဲ့
ကျောင်းသူတစ်ယောက်ကို ကျွန်တော် ကြိုက်ရကောင်းမလား စဉ်းစားဖူး
တယ်၊ သူ့နာမည်က သိပ်ရယ်ရတာ၊ နာမည်ရင်းတော့ မဟုတ်ဘူး၊ အငြိမ့်က
တဲ့ နာမည်က ပန်သရဖူတဲ့"

"အမယ် . . . နာမည်က တကယ့်အပျံစားပါလား"

သက်ဆွေ စကားကြောင့် မြိုင် မျက်ရည်လေးများ ထွက်လာသည်
အထိ ရယ်သည်။

"တော်စမ်းပါ၊ အဲဒီ ကိုသက်ဆွေက မဟုတ်တာယုတ်တွေ အရမ်း
ပြောတာပဲ၊ ဒါနဲ့ပဲ ကိုသက်ဆွေက ကြိုက်ရောလား"

"ဒါနဲ့ပဲ ကြိုက်တာ မဟုတ်ပါဘူး မြိုင်ရာ၊ သူ့ ကတာဆိုတာလေး
မြင်ပြီး သဘောကျလို့ ကြိုက်ချင်သွားတာပါ၊ ဒါပေမယ့် ကြိုက်ချင်တာလေး
က တစ်လတောင် မခံပါဘူး၊ တစ်ခါတည်း ဆောရီးပြ သွားတာပဲ"

"ဘာဖြစ်လို့လဲ"

"သူ့မှာ ရည်းစားကြီးနဲ့ မြိုင်ရ၊ ကျွန်တော်က ဘယ်သိမလဲ၊
နောက်ကျမှ ရော်ရစ်ဒါတောင့်မှာ နှစ်ယောက်စလုံးနဲ့ သွားတိုးတာ၊
သွားတိုးတဲ့ ပုံစံကလည်း ကြည့်ဦး၊ သူတို့နှစ်ယောက်က ရေရေလည်လည်တို
ချစ်ပင်ချစ်မိုး ဆွေနေတဲ့အချိန် မြိုင်ရဲ့၊ ကျွန်တော် တစ်ခါတည်း လန့်ဖျပ်
ထွက်ပြေးရတာပဲ"

"မင်းသားကြီး ကိုသက်ဆွေ အသည်းကွဲခန်းပေါ့လေ"

မြိုင်က ရယ်သံလေး ထည့်ပြောရင်း နောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"အသည်းတော့ မကွဲပါဘူး၊ ကျွန်တော်က ကြိုက်ရကောင်းမှန်း စဉ်းစားတုန်း ရှိသေးတာ၊ ကြိုက်မှ မကြိုက်ရသေးတာ မြိုင်ရဲ့"

ပွင့်လင်းမှုလေးတွေ၊ ရိုးသားရင်းနှီးမှုလေးတွေ ပါသော သက်ဆွေ စကားကို နှာခေါင်းရင်း မြိုင်က ပြုံးသည်။

ဆည်းလည်းသံလေးများက လွင်လွင်ပြည်နေသည်ကို နားထောင်ရင်း သူသိထားသည့် သက်ဆွေ အကြောင်းလေးများကို ပြန်လည်စုစည်း တွေးလိုက်မိ၏။

* * *

၈)

မြိုင် သိထားသလောက် သက်ဆွေသည် တစ်-ရန်ကုန်တက္ကသိုလ် ဓါတုဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ရထားသည်။ နှစ်-ဖခင်ဖြစ်သူက အထူးကု ဆေးတော် ဆရာဝန်ကြီး၊ ချမ်းသာပြီး ဂုဏ်သရေရှိမိဘများ၏ တစ်ဦးတည်းသော သား၊ သုံး-ကိုယ်ပိုင်အလုပ်လေး လုပ်ချင်သဖြင့် သူငယ်ချင်းနှင့်စုပြီး ဓါတ်ပုံလိုင်စင်နှင့် လုပ်နေသူ၊ ယခု လောလောဆယ် ထပ်သိရသော အချက်တစ်ချက်ကတော့ ဟုတ်မဟုတ်တော့မသိ၊ ရည်းစား တစ်ခါမှ မထားဖူးသူတဲ့။

ပညာရေးအကြောင်းနှင့် မိဘဆွေမျိုးများ အကြောင်းကတော့ ခဲ့သည့် ကြာသပတေးနေ့က ကားနှင့် ပြန်ရင်း ဟိုမေး ဒီမေးလုပ်ကာ သိထားခြင်း ဖြစ်သည်။

ဒါတွေကတော့ တိတိကျကျနီးပါး သိပြီးသားများ။

ထင်ကြေးနှင့် သိထားသော အချက်များလည်း ရှိသေးသည်၊ အချက်များကတော့ ပွင့်လင်းသည်၊ ရိုးသားပုံရသည်။ အားနာတတ်သည်၊ သို့သော် တစ်ခါတလေတော့ စိတ်တိုတတ်ပုံရ၏။ ပြီးတော့ တခြား ချည်နှောင်ချက် ရှိဦးမည် မသိသေးသော်လည်း လောလောဆယ်တော့ မြိုင်ကို သူ အတော်လေး ခင်သည်၊ ဂရုစိုက်သည်၊ ကထိကထခံသည်။





www.burmeseclassic.com

www.burmeseclassic.com



သူ့ခင်စရာကောင်းသော အမူအရာလေးများ၊ အပြောအဆိုလေးများ၊ ဖျာယာခတ်မှုလေးများသည် နောက်ထပ် ဘာအကျိုးသက်ရောက်မှု ရှိဦးမည် မသိနိုင်သေးသော်လည်း လတ်တလော အထိကတော့ မြိုင်သည် သူ့ခေါ်ရာ မယ်မငြင်း ဖြစ်နေရပြီ။

သူနှင့် သွားလာ ပြောဆိုနေရသည့် အချိန်များမှာလည်း မြိုင်တစ် ယောက် ကလေးပေါက်စလေးလို ပြန်ဖြစ်၍ သူနှင့်အတူတူ ပျော်နေ၊ ဖွတ် လတ်နေမိတာလည်း အမှန်။

"မြိုင် ဘာတွေ စဉ်းစားနေတာလဲ"

အဘယ်မျှကြာအောင် သူ့အကြောင်း တွေးနေမိသည် မသိ။ သူ့အသံကြားမှ မြိုင် ဖျတ်ခနဲ သတိပြန်ဝင်သည်။ ကပျာကယာ ပြုံးလိုက်ပြီး ....

"ဘာမှ မဟုတ်ပါဘူး ကိုသက်ခွေး၊ ဟောဟိုက တောအုပ်တွေရဲ့ ဟိုဘက်မှာ ဘာတွေများ ရှိဦးမလဲ စဉ်းစားကြည့်နေတာ"

သက်ခွေ ရယ်၏။

"တောအုပ်နဲ့ ဘယ်လောက် ဝေးသလဲတော့ မသိဘူး မြိုင်၊ အဲ တောအုပ်ကနေ ဟိုဘက် ဆက်သွားရင်တော့ လှိုင်မြစ်ကြီး တွေ့မှာပဲ၊ အဲ ကနေ နောက်ထပ် ဘယ်လောက် သွားရဦးမလဲ မသိဘူး၊ အဲဒီ လမ်း ကြောင်းအတိုင်း ဆက်သွားရင်တော့ မြိုင့်ကို ခံစားမှုတွေ ဖန်တီးပေးနိုင်တဲ့ နန်းမတော် မမြတလေးမွေးတဲ့ ဟသ်ာ တတိုင်း သာရဝေါ်တို့ ရောက်မှာပဲ"

မြိုင်က သဘောကျစွာ ရယ်သည်။

"အမယ် . . . မြိုင်နဲ့ မတွေ့တဲ့ ဒီနှစ်ရက် သုံးရက်လေးမှာ သူက မမြတလေး အကြောင်းတွေ ရှာဖတ်ခဲ့ပြီပေါ့လေ၊ ဟုတ်လား"





သက်ခွေ ပြုံးရင်း ခေါင်းညိတ်သည်။

"မြိုင် ပြောတဲ့အခါ သက်သာအောင်လို့ ကြိုဖတ်သင့်တာလေး တွေ ကြိုဖတ်ထားတာပါ မြိုင်၊ မြိုင် ဒီနေ့ဒီအကြောင်း ပြောမြမယ် မဟုတ်လား၊ ပြီးတော့ သီချင်းလည်း ဆိုမြ"

မြိုင့်အတွက် အရာအားလုံးကို ဘယ်တော့မှ မမေ့ခြင်းများ အစဉ် ဆောင်ထားလေ့ရှိသည့် သက်ခွေကို ကြည့်ရင်း မြိုင် ပီခင်လာမိသည်။

"အင်း"

အပြုံးနှင့် မျက်လွှာချရင်း မြိုင် ခေါင်းညိတ်ပြလိုက်၏။

"ချစ်ခြင်းငယ် ... ငြိုငြင် မြစ်ဖေါ်ပိုင် [illegible] ... [illegible] ... ယှက်ဖြာဝေသွန် ... ငွေဝင်းသော်တာလှန်းသို့ ... [illegible] ... [illegible] ..."

ဆိုစကတော့ အတီးမပါ၊ စည်းမပါနှင့်မို့ မြိုင် ကြောင်တက်တက် လေး ဖြစ်နေသေးသည်။

သို့သော် ရင်ပြင်ပေါ်တွင် လူကလည်း ရှင်းနေသဖြင့် သိပ်ရှက် စရာ၊ ရွံ့စရာလည်း မရှိ၊ ပြီးတော့ တသုန်သုန် တိုက်ခတ်နေသည့် လေညင်း လေးနှင့်အတူ တချွင်ချွင် လှုပ်ရှားနေသော ဆည်းလည်းသံကလေးများ ကလည်း စည်းချက်သဖွယ်၊ တီးကွက်သဖွယ် ဖြည့်ပေးထားလေရာ ဆိုနိုင်း နိုင် မြိုင် အားရှိလာသည်။

အနားရှိ သက်ခွေကိုစင် ရှိသည်ဟု သဘောထားတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပိုဒ် ခွေးချီးသဖြန်လေးအထိ စိတ်ပါလက်ပါနှစ်၍ ဆိုချလိုက်သည်။

အဆိုပြီးဆုံးမှ ကိုယ့်မျက်လုံး အိမ်ထဲမှာလည်း မျက်ရည်စများ ရစ်ဝိုင်းနေကြောင်း သတိထားမိသည်။ မြိုင့် နည်းတူ ပတ်ပျိုး သီချင်းထဲ နစ်ပါသွားသော သက်ဆွေကလည်း သီချင်းဆုံးသည့်တိုင် တော်တော်နှင့် စကားမပြောနိုင်။

ခဏကြာမှ သက်ပြင်းလေး တစ်ချက်ချရင်း . . .

"ကောင်းလိုက်တာ မြိုင်ရာ၊ ကျွန်တော် သီချင်းတစ်ပုဒ်ကို ဘယ်တုန်းကမှ ဒီလောက် စိတ်ပါလက်ပါ နားမထောင်ဖူးဘူး၊ ဒီလို စာသားအဓိပ္ပါယ် ပြည့်ပြည့်စုံစုံ နားမလည်နိုင်တဲ့ သီချင်းကြီးမျိုးတောင် မဟုတ်သေးဘူး၊ ခေတ်သီချင်းကို ဒီလို နားထောင်ဘူးတာ၊ မြိုင့် အသံကပဲ ကောင်းလို့လား မပြောတတ်ဘူး"

မြိုင်က မျက်လုံးစိုစိုလေးနှင့် ခေါင်းခါရင်း . . .

"မြိုင့် အသံကြောင့် မဟုတ်ဘူး ကိုသက်ဆွေ၊ မြိုင့်အသံက အဆိုတော် ဖြစ်လောက်အောင်တောင် ကောင်းတဲ့ အသံမျိုး မဟုတ်ပါဘူး၊ သီချင်းကိုက ကောင်းတာ၊ သီချင်းအမျိုးအစားကလဲ အချစ် သိင်္ဂါရ ရသကို ဖော်လို့ကောင်းတဲ့ ပတ်ပျိုးသီချင်း၊ အဲဒီထဲမှာမှ သီချင်းရေးတဲ့သူက ရင်နဲ့နှစ်ခံစားပြီး ရွေးချယ်ထားတဲ့ စာသားတွေ သုံးထားတော့ အကုန်လုံးနဲ့ အပြည့်အစုံ နားမလည်တောင် နားလည်တဲ့ အပိုဒ်ကျရင် နင့်နေအောင်ကို နားလည်ပြီး ကြိုက်သွားတော့တာပဲ၊ အဲဒါပါ"

"မြိုင် သီချင်းကြီးတွေ တော်တော်များများ ရလား"

"မရပါဘူး ကိုသက်ဆွေ၊ အလွန်ဆုံး လေးငါးပုဒ်ထက် ပို မရပါ



ဘူး၊ လေးငါးပုဒ်လောက်ကတော့ ဖေဖေ သင်ပေးထားလို့ ရနေတယ်၊ ရတဲ့ လေးငါးပုဒ်ထဲမှာပဲ ဒီသီချင်းကို အကြိုက်ဆုံးပဲ"

"စာသားလေးတွေ ကောင်းလို့ပေါ့နော်"

"အဲလိုတင် မဟုတ်ဘူး ကိုသက်ဆွေရဲ့၊ မြိုင်က ဖေဖေပဲ ပြောပြထားလို့ မမြကလေးရဲ့ ဘဝကိုလည်း သိနေတဲ့သူဆိုတော့ မမြကလေးရဲ့ ဘဝကို စာနာတတ်နေတာ၊ ကိုယ်ချင်းစာပြီး နားလည်တတ်နေတာကြောင့်လည်း ပါတယ်၊ ကိုသက်ဆွေ မမြကလေးရဲ့ ဘဝ ဇာတ်ကြောင်းကို သိတယ် မဟုတ်လား"

"သေသေချာချာတော့ ဘယ်သိမလဲ မြိုင် မနေ့ကနဲ့ တစ်နေ့ကမှ တမန်းကတန်း ရှာကြံဖတ်ကြည့်ထားလို့ အကြမ်းဖျင်း သိနေတာလောက်ပဲ ရှိတာပေါ့"

"ကိုသက်ဆွေ သိသလောက် မြိုင့်ကို ပြန်ပြောပြပါလား၊ မြိုင် သိတာက ပိုနေရင် ထပ်ဖြည့်ပေးမယ်လေ"

သက်ဆွေ ခေါင်းညိတ်သည်။

မှတ်မိသလောက် အချက်အလက်များကို ပြန်စုစည်းရန်အတွက် အကြည့်ကို အဝေးသို့ ပို့၍ အာရုံများကို စုစည်းသည်။

အဝေးမှ ညို့တက်လာသော မုတ်သုံမိုးနှောင်း တိမ်တိုက်များသည် မမြကလေး၏ ကြေကွဲဖွယ် ဘဝဇာတ်လမ်းအတွက် စိတ်မကောင်း ဖြစ်နေသည့်အလား မည်းညို့အုံ့ဆိုင်း၍ မှုန်မှိုင်းနေ၏။

ᅎ ᅎ ᅎ

www.burmeseclassic.com

www.burmeseclassic.com

(၄)

"ကျွန်တော် သိသလောက်တော့ မမြကလေးကို စောစောက ကျွန်တော် ပြောခဲ့တဲ့ ဟသ်ာတမှာ မွေးတယ်၊ နာမည်ရင်းက မမြကြုတ်တဲ့ လှလဲ အတော်လှတယ်တဲ့၊ အရမ်းလှလို့ ဒီအတိုင်း အပြင်မှာထားဖို့တောင် မကောင်းဘူး၊ မြနဲ့ လုပ်ထားတဲ့ ကြုတ်ကလေးထဲမှာ ထည့်ပြီး သိမ်းထားဖို့ ကောင်းလို့ မမြကြုတ်လို့ မှည့်တာ ဖြစ်မှာပေါ့ မြိုင်၊ အဲဒါကတော့ စာအုပ်ထဲ မပါပါဘူး၊ ကျွန်တော့်ဟာ ကျွန်တော် စဉ်းစားကြည့်တာ"

မြိုင်က ရယ်သည်။

"မဆိုးဘူး ကိုသက်ဆွေ၊ ကိုသက်ဆွေ စဉ်းစားတာ ဖြစ်နိုင်တယ် မမြကလေးကို အရမ်းကြိုက်တဲ့ မြိုင်တောင် အဲလို မစဉ်းစားမိဘူး၊ ငယ်နာမည် မမြကြုတ်ဆိုလို့ နာမည်ကြီးက ဆိုးလိုက်တာ၊ ဘယ်လိုကြီးမှန်းလဲ မသိဘူးလို့တောင် အောက်မေ့ခဲ့တာ၊ ခု ကိုသက်ဆွေ ပြောမှ မမြကြုတ်ဆိုတဲ့ နာမည်လေးက အရမ်းလှသွားတာပဲ"

သက်ဆွေက ပြုံးလိုက်ပြီး ဆက်၍ . . .

"အဲလိုနဲ့ မမြကြုတ်ကလည်း (၁၇)နှစ်သမီး အရွယ်ရောက်၊ ပထမ အင်းဝပ်မြန်မာ စစ်ပွဲအပြီး ရန္တပို စာချုပ်မှာလာ လက်မှတ်ထိုးတဲ့ သာယာဝတီမင်းသားကလည်း သာယာဝတီနယ်ဘက်က အပြန်၊ မမြကြုတ်



သတင်းကို ကြားပြီး သိပ်သဘောကျတာနဲ့ ကောက်ယူ သိမ်းပိုက်တယ်၊ မမြကြုတ်လေးကို မခေါ်ရက်ဘဲ မြကလေး မြကလေးလို့ ခေါ်ရာကနေ နောင်တော့ ရာဇဝင်မှာ မမြကလေးလို့ တွင်သွားတယ်တဲ့"

"အင်း . . . ပြည့်စုံပါတယ် ကိုသက်ဆွေ၊ ဆက်ပါဦး"

"နောက်တော့ သာယာဝတီမင်းသားက သူ့နောင်တော် ဘကြီးတော်ဘုရားကို နန်းကချပြီး ထီးနန်းယူလိုက်တော့ မမြကလေးလည်း မိဖုရား ဖြစ်လာတယ်၊ အနောက်နန်း မိဖုရား အရာပေးလိုက်တာမို့ မြကလေးလည်း အနောက်နန်း မိဖုရား မမြကလေး၊ အနောက် နန်းမတော် မမြကလေး ဖြစ်လာတယ်၊ မမြကလေးမှာ သမီးတစ်ယောက် ရတယ်၊ ဒီသမီးကလဲ လှိုင်ထိပ်ခေါင်တင် အမည်နဲ့ အမေ့ခြေရာအတိုင်း အမျိုးသမီး စာဆိုတော် တစ်ပါး ဖြစ်လာတယ်"

"အင်း . . ."

"မမြကလေး အသက် (၃၆) နှစ် အရွယ်မှာ၊ သာယာဝတီမင်းကို သားတော်ပြည်မင်းသားက ပုန်ကန်မှု ဖြစ်လာတော့ အဲဒီ အရေးအခင်းမှာ မြကလေး ကြံရာပါတယ် ဆိုပြီး လျှောက်တဲ့လူတွေက လျှောက်တော့ မင်းလွဲပြီး မမြကလေးကို ကွပ်မျက်လိုက်တယ်၊ မမြကလေးကလဲ သေခါနီးဆဲဆဲမှာတောင် သူ့အပေါ် အထင်လွဲတဲ့ ဘုရင်အတွက် သောကစိတ်ရဲ့ ဖောက်ပြန်တတ်တဲ့ သဘောနဲ့ ငါ့ရှင်ဘုရင်ဆိုပြီး ထင်ရာလုပ်တာ မင်းတော်ကြောင်း တေးထပ်တစ်ပုဒ် ရေးထားသေးတယ်တဲ့ မြိုင်၊ ကျွန်တော် သိတာကတော့ ဒါပဲ"

"ချစ်သမျှကို ပတ်ပိုး‌ရေးတဲ့အကြောင်းတော့ မသိဘူးလား"

"အဲ . . . အဲဒါ ကျန်ခဲ့တယ် မြိုင် . . . အဲဒီရှေ့ပိုင်းမှာ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီမင်းက မမြကလေးကို အမျက်တော်ရှပြီး ထောင်သွ
အကျဉ်းချသေးတယ်၊ ဒီတော့ မမြကလေးက သူ့မောင်တော်ကို သူ့အ
လောက် ချစ်ကြောင်း၊ ထောင်ထဲမှာတင် ချစ်သမျှကို ပတ်ပျိုးရေးပြီး ပို့တ
အဲဒီတော့မှ သူ့မောင်တော် သာယာဝတီမင်းလည်း အမျက်ပြေပြီး အ
က လွှတ်ပေးလိုက်တယ်တဲ့"

"ဟုတ်ပါတယ် ကိုသက်ဆွေ၊ ကိုသက်ဆွေက ရှာလည်း ရှာဖ
တတ်၊ မှတ်လဲ မှတ်တတ်သားပဲ၊ မြိုင့်တုန်းကတော့ စာအုပ်က ဖတ်
သိတာ မဟုတ်ဘူး၊ ဖေဖေ ပြောပြလို့ ငယ်ငယ်တည်းက သိခဲ့တာပါ"

မြိုင့်စကားကြောင့် သက်ဆွေ ပြုံးသည်။

ကြားနှစ်ရတ်လုံးလုံး စာအုပ်များ မရမကရှာကြံ၍ ကျောင်း
တုန်းကတောင် တစ်ခါမျှ မထားခဲ့ဖူးသည့် ငါ ရိုးယမ်းဖြင့် ဖတ်ခဲ့ခြင်းသ
များစွာ တန်ဖိုးရှိသွားပြီဖြစ်ကြောင်း ကျေနပ်သွားသော အပြုံးဖြစ်၏။

"ဒါနဲ့ မြိုင် စာနာ ခံစားမိတယ် ဆိုတာကကော ဘယ်လိုလဲ မြိ

သက်ဆွေ အမေးကြောင့် မြိုင်က တစ်ချက် ပြန်ကြည့်
သက်ပြင်း တစ်ချက် ချသည်။ ပြီးမှ လေသံအေးအေးဖြင့် . . .

"မြိုင် မမြကလေးရဲ့ ဘဝကို စာနာတွေးပြီး သနားတာ
ကိုသက်ဆွေ၊ ပြီးတော့ ရွှေဘိုမင်းလို့လည်းခေါ်တဲ့ သာယာဝတီမင်းကိုလည်
အရမ်း စိတ်နာမိတာပဲ"

"ဘာလဲ မြိုင်၊ မမြကလေးကို အပြစ်မရှိဘဲ အထင်လွဲပြီး သတ်





လို့လား"

"ဒီလောက် အသိကမလဲ ကိုသက်ဆွေ၊ စဉ်းစားကြည့်လေ၊
သာယာဝတီမင်းက အနုပညာသမား မဟုတ်ဘူး၊ အနုပညာသမားတွေကို
ကော်ခွက်စားဆိုပြီး အထင်သေး သေးချင်သေးမယ့် လူတန်းစား၊ ဒါပေမယ့်
မမြကလေး လူတာ၊ မမြကလေး အနုပညာလေးတွေက ရသမြောက်
အောင်မြင်တာ တစ်ခုတည်းကြည့်ပြီး သက်သက်မယ့် သွားနိုးသွားဆိုး
မိဖုရား မြှောက်တယ်"

မြိုင့်စကားက လေးနက်လွန်းသွားသဖြင့် သက်ဆွေ မျက်မှောင်
ကြုတ်ပြီး အာရုံပြု နားထောင်လိုက်သည်။ မြိုင့်လေသံက ပည်းစောစော
ကလို မအေးတော့ဘဲ နည်းနည်း တင်းသွား၏။

"ပြီးတော့ ထစ်ခနဲရှိ အထင်လွဲ အမျက်တွက်၊ ထောင်သွင်း
အကျဉ်းချ၊ တော်ကြာ စိတ်ပြေတော့ ပြန်လွှတ်၊ စိတ်မပြေတဲ့အခါကျတော့
လဲ ဟိုတုန်းက ချစ်ခဲ့တာတွေတောင် ပြန်သတိမရတော့ဘဲ ရက်ရက်စက်
စက် ဘဝဆုံးအောင်သဟပစ်နဲ့ တစ်လျှောက်လုံး သူ့စိတ်ကြိုက်၊ သူ့သ
ဘော လုပ်ချင်ရာ လုပ်သွားတာ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ မြိုင်"

"အဲဒီမှာ မမြကလေးဘက်က ပြန်စဉ်းစားကြည့်ပါဦး ကိုသက်
ဆွေ၊ ဘဝမှာ သေသာသွားရော သူ့ဘက်က ဘာများ ပြောင်းလဲခဲ့လဲ၊
အစတုန်းက သူ့ဘဝမှာ သူ့အနုပညာလေးတွေနဲ့ သူပျော်နေခဲ့တဲ့
မမြကလေး၊ အဲဒီမှာ နေရင်းထိုင်ရင်း မိဖုရားအဖြစ် ကောက်ယူခံရတော့လဲ
သူ သူ့ယောက်ျား မချစ်ဘဲ နေခဲ့လို့လား၊ သူ့အပေါ် မြတ်နိုးသလောက်
သူ့ဘက်ကလဲ ထိုက်ထိုက်တန်တန်ကို ပြန်ချစ်ခဲ့တာပဲ၊ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲပြီး အသတ်ခံရတဲ့ အခါမှာတောင် သူ့အချစ်က လွဲနေတာကို စိုးရိမ်ပူပန်ပြီး သေအံ့ဆဲဆဲတနေ မှာတမ်းရေးသွားခဲ့သေးတယ်၊ ဒီလောက် ကိုယ့်ကို အရမ်းချစ်ပြီး ကိုယ့်အလိုချည့်လိုက်ခဲ့တဲ့ မိန်းမကိုတောင် ဒီလောက် အထိ အထင်လွဲတတ်တဲ့ ယောကျ်ားမျိုး လောကမှာ ရှိတာ မြိုင် အံ့ဩလို့ မဆုံးဘူး ကိုသက်ဆွေ၊ အဲဒီအဖြစ်အပျက်ကို ကြည့်ပြီး မြိုင်တော့ ယောကျ်ား တွေကို အရမ်းကြောက်တာပဲ"

မြိုင့်မျက်နှာ ယောင်ယောင်လေး တင်းမာသွားသည်ကို သတိ ထားမိသည်၊ မြိုင်ကတော့ စကားအရှိန်ကို မရပ်နိုင်တော့ဘဲ ဆက်၍ ပြော သည်။

"ပြီးတော့ မြိုင့်ဘဝမှာလည်း မမြကလေးလို အဖြစ်မျိုးနဲ့ ကြုံရမှာ အရမ်းစိုးရိမ်တယ်၊ အရမ်းကြောက်တယ်၊ မြိုင်တို့ မိန်းကလေးဆိုတာ ချစ်မိရင်လဲ ချစ်မိတဲ့လူကို ကိုယ့်အသက်လိုပဲ သဘောထားလိုက်ကြတယ်၊ အဲဒီလို အချစ်မျိုးနဲ့ စောစောကလို ယောကျ်ားကို သွားချစ်မိရင် မမြကလေး လို အသက်မသေတောင်မှ အသက်သေတာထက်ဆိုးတဲ့ အချစ်သေ၊ ဘဝ သေကြီး ဖြစ်သွားမှာပဲ"

မြိုင်က ပြောရင်းနှင့် သက်ဆွေကို တစ်ချက် ကြည့်သည်၊ ပြီးမှ ဆက်၍ . . .

"မြိုင် 'ချစ်သမျှကို' ကို ကြိုက်တယ်ဆိုတာ အဲဒါပဲ ကိုသက်ဆွေ ချစ်သမျှကိုဟာ နှလုံးသား ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်တတ်ပုံ ချစ်တတ်နည်းကို အပီသဆုံးနဲ့ အရှင်းလင်းဆုံး ပြောပြနိုင်တဲ့ သီချင်းပဲ၊ သိပ်ချစ်တတ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို သိချင်ရင် အဲဒီသီချင်း ကိုသာ အဓိပ္ပါယ် သေချာသိအောင် ကြိုးစား၊ ချစ်တတ်လွန်းတဲ့ မိန်းကလေး



တစ်ယောက်ရဲ့ အနေအထားကို ဒီသီချင်းထက် ပိုပြီးဖော်ပြနိုင်တာ လောက မှာ ရှိမှာမဟုတ်ဘူး၊ စကြဝဠာတစ်ခုလုံးမှာတောင် နောက်တစ်ခု မရှိတော့ ဘူး"

မြိုင့် ထက်မြက်စူးရှလွန်းသော စကားများကြောင့် သက်ဆွေ ညင်ညင်သာသာ ပြုံးလိုက်ပြီး . . .

"ချစ်သမျှကို . . . ကို မြိုင် ဘာကြောင့် ကြိုက်တယ်ဆိုတာကို ကျွန်တော် ပြည့်ပြည့်ဝဝကို သဘောပေါက်ပါပြီ မြိုင်"

"ဟုတ်တယ် ကိုသက်ဆွေ မြိုင်ကလဲ 'ချစ်သမျှကို' ကို ပြည့်ပြည့် ဝဝကို ကြိုက်တယ်၊ အထူးသဖြင့် မြိုင် ကိုယ်၌က မမြကလေးလိုပဲ အနုပညာ သမားတစ်ယောက် ဖြစ်နေတော့ ပိုဘဝချင်း နီးစပ်ပြီး ပိုခံစားနိုင်တာလား မပြောတတ်ဘူး"

သက်ဆွေ အားရပါးရ ပြုံးသည်။

"ဟုတ်ပါတယ် မြိုင်၊ 'ချစ်သမျှကို' ကိုလဲ မြိုင် ကြိုက်ပါတယ်၊ ဒါပေမယ့် သာယာဝတီမင်းကို စိတ်နာတာနဲ့တော့ လောကထဲက ယောကျ်ားအားလုံးကို မုန်းမပစ် နာမပစ်ပါနဲ့၊ ယောကျ်ားချင်း မတူတဲ့ ယောကျ်ားတွေ လောကမှာ အများကြီး ရှိပါတယ်"

"အင်း . . . ပြောတာနဲ့တော့ မယုံနိုင်ဘူး ကိုသက်ဆွေ၊ ကိုယ် တွေ့ကြုံမှပဲ ယုံချင်ယုံမယ်၊ ကဲပါလေ . . . ဒီနေ့အထိတော့ ဒီကိစ္စကို ဒီတင် ပဲ ဖြတ်လိုက်ပါတော့၊ နို့မို့ စကားရှည်လုပွဲလိုဖြစ်ပြီး တော်တော်နဲ့ အဆုံး သတ်လို့ရမှာ မဟုတ်တော့ဘူး"

"ဟုတ်တယ် မြိုင်၊ အဲဒါ တောင်းတယ်၊ မြိုင်နဲ့ ပြိုင်ပြောရမယ် ဆိုရင်လဲ ကျွန်တော် ဘယ်လိုမှနိုင်အောင် ပြောနိုင်မှာ မဟုတ်ဘူး၊ ခုတည်း

www.burmeseclassic.com

www.burmeseclassic.com



က ရပ်လိုက်တော့ ကျွန်တော် မနိုးတော့ဘူးပေါ့ တဲ့ . . . မြိုင် ဆာပြီလား
လမ်းဟိုဘက် မျက်နှာချင်းဆိုင်မှာ ရှခင်းသာဆိုတဲ့ လက်ဖက်ရည်ဆိုင်လေး
ရှိတယ် မြိုင်၊ အဲဒီမှာလဲ တစ်ခုခုစား လို့ ရတယ်၊ ဒါမှမဟုတ် တိုင်းခန်းမဘက်
ပြန်သွားရင်လဲ စားစရာ မျိုးစုံရှိတယ်၊ ဘယ်သွားမလဲ”

“ရပါတယ်၊ ကိုသက်ဆွေ သွားချင်တဲ့နေရာသာ သွား၊ ကိုသက်ဆွေ သွားတဲ့နေရာ ရောက်လို့မှ မြိုင်ကမစားရင် ကိုသက်ဆွေ ပြောချင်သလို ပြော၊ ကိုသက်ဆွေ ကျွေးနိုင်သ၍ မြိုင်ကလည်း စားပြမှာပဲ”

အဆုံးသတ်ကျမှ အရွှန်းဖောက်သော မြိုင့်စကားကြောင့် နှစ်ယောက်သား ရယ်လိုက်ကြ၏။

အဲဒီနေ့ကလည်း မြိုင့်ရင်ထဲမှာ ရှိနေတာတွေ ပြောချင်တာ ပြောလိုက်ရလို့ ကျေနပ်ပေါ့ပါးသလို၊ မြိုင့်ကိုလဲ အရိပ်ကြည့်ပြီး ဂရုစိုက်တဲ့ မောင့်အမူအရာကလေးတွေအတွက် မြိုင် အရမ်းပျော်ခဲ့ပါတယ် မောင်

ယောကျ်ားတွေကို ကြောက်တယ်လို့ ခပ်တင်းတင်းကြီး ပြော မောင့်ကျတော့ ဘယ်လိုမှ ကြောက်တဲ့စိတ်တွေ ဝင်မလာမိတဲ့ မြိုင့်ကိုယ်မြိုင် မြိုင်မှ ဟုတ်ရဲ့လားလို့တောင် အိမ်ကျ ပြန်တွေးပြီး တုံ့ဩမိတယ် မောင် . . . ။

မောင်က တကယ့် ကဗျာဆရာကြီးတစ်ယောက်လို မြိုင့်ကိုများ ဖမ်းစားလေရော့သလား။

* * *



(၇)

ပျော်မိတာတွေ လျှောက်ရေးရရင်တော့ ခုရှိနေတဲ့ မှတ်တမ်းစာအုပ်က စာမျက်နှာတွေကို နှစ်ဆတိုးပြီး ခုရေးနေတဲ့ မြိုင့်လက်ရေးကို သုံးဆလောက် ချုံးပစ်ရင်တောင်မှ ပြည့်စုံလောက်မယ် မထင်ဘူး မောင် . . . .

မြိုင်အရေးကောင်းလို့ စာတွေရေးတတ်လွန်းလို့သည် စကား ပြောတာ မဟုတ်ပါဘူး . . .

“အချစ်နဲ့တွေ့တဲ့သူတိုင်းဟာ အဲဒီအချိန်မှာတော့ စာရေးဆရာတွေပဲ” လို့ ကြားဖူးတဲ့ စကားပုံအတိုင်း ပြောရရင် မြိုင်လဲ ခုချိန်မှာတော့ စာရေးဆရာပေါ့လေ . . .

ဒါပေမယ့် စကားပုံထဲက ပြောတဲ့ စာရေးဆရာဆိုတာ စာရေးကောင်းတဲ့ကိစ္စအတွက် ညွှန်းတယ်လို့တော့ မြိုင်မထင်ဘူး၊ ခံစားမှုတွေ ပြည့်နှက်ပြီး ရင်ထဲမှာ ပြောချင်တဲ့ စကားတွေ မကုန်နိုင် မခန်းနိုင် ဖြစ်နေတာကို စာရေးဆရာလို့ တင်စားတာလို့ပဲ မြိုင် ထင်တယ် . . .

မြိုင့်မှာ ရေးစရာတွေ များတယ်ဆိုတာလဲ ရင်ထဲက ခံစားမှုတွေကို ပြောတာပါ မောင် . . .

မြိုင် မောင့်ကို ချစ်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တာဟာ



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူနဲ့ စောစောက ပျော်ခဲ့တဲ့ အပျော်တွေကို အကြောင်းပြုပြီး ဆုံးဖြတ်လိုက်တာမှ မဟုတ်ဘဲ။

မြိုင်က ဆုံးဖြတ်ချက်တစ်ခုကို ဒီလောက် လွယ်လွယ်ကူကူလေး ဘယ်တော့မှ မဆုံးဖြတ်တတ်ပါဘူး။

"မြိုင် ယောက်ျားတွေကို ကြောက်တယ်" ဆိုတဲ့ စကားဟာ ပါးစပ် ဖျားလေးနဲ့တင် လွယ်လွယ်ကူကူ ပြောလိုက်တာမှ မဟုတ်ဘဲ၊ ဒီအကြောက် က မြိုင့်ရင်ထဲမှာ ငယ်ငယ်တုန်းက လူကြီးတွေပြောတဲ့ တစ္ဆေပုံပြင်တွေ နားထောင်ပြီး သရဲကြောက်တတ်သွားတဲ့ ကြောက်စိတ်လိုပဲ တစ်သက်လုံး ဖျောက်မရမယ့် အကြောက်မျိုးပါ . . .

မောင်နဲ့ ဟိုသွား ဒီသွား ပျော်ပျော်ပါးပါးနေတုန်းက အဲဒီကြောက် စိတ်တွေတောင် မောင့်ကျတော့ မေ့နေခဲ့တယ်လို့ မြိုင်ရှေ့မှာ ရေးခဲ့သေး တယ် မဟုတ်လား၊ အဲဒါက တစ်မျိုး . . . မောင်။

အဲဒီအချိန်တုန်းကတော့ မကြောက်လဲ ဘာမှမဖြစ်သေးတဲ့ အချိန်မို့ ခုမှလဲ အန္တရာယ် မရှိသေးပါဘူးဆိုပြီး မေ့ထားခဲ့တာပါ။ တကယ် ကမ်း သတိရရတော့မယ်ဆိုတဲ့ အချိန်ကျတော့ မြိုင် ဘယ်မှာ မေ့ခဲ့လို့လဲ . . .

မောင် ပြန်စဉ်းစားကြည့်လေ။

မောင်ကတော့ အကြောင်းအရာသာသတိရပြီး ဘယ်တုန်းက ဘယ်နေရာမှာ ဘယ်အချိန်ဆိုတာတွေ မေ့ချင်မေ့နေမယ် . . .

မြိုင်ကတော့ အားလုံးကို နေ့စွဲနဲ့ နေရာဒေသနဲ့ အတိအကျ မှတ်ထားပါတယ်။

ရယ်တော့ ရယ်ရတယ် မောင် . . .





မောင်နဲ့မြိုင် ဆုံခဲ့တုန်းက ဌာနဆိုင်ရာတစ်ခုအတွက် ပြက္ခဒိန် ရိုက်ကြမယ်ဆိုတဲ့ကိစ္စကို အကြောင်းပြုပြီး ဆုံခဲ့ကြတယ် . . .

အဲဒီမှာ မောင့်တို့ဘက်ကသာ အကြောင်းကြောင်းတွေ အ ကြောင်းပြုပြီး ဒီကိစ္စပျက်သွားတာ မောင်ရေ မြိုင်ကတော့ မောင်နဲ့ စတွေ့ တဲ့နေ့ကတည်းက ပြက္ခဒိန်မှာ မင်နီလေးနဲ့ဝိုင်းပြီး နေ့စွဲကို စမှတ်တဲ့အကျင့် ဟာ မောင်နဲ့ နောက်ပိုင်းတောက်လျှောက် ကြုံခဲ့တဲ့ ရက်စွဲလေးတွေကိုလည်း ပြက္ခဒိန်မှာ မင်နီနဲ့ ဝိုင်းပြီး တစ်ရက်မှ မလွတ်အောင် မှတ်ဖြစ်နေခဲ့တယ်။

မောင်တို့ ပြက္ခဒိန် ထွက်မလာပေမယ့် မြိုင်ကတော့ အဲဒီရက်စွဲ လေးတွေနဲ့ အကွက်ချပြီး ဘယ်အချိန် ထုတ်ထုတ်၊ အချစ်ပြက္ခဒိန်တစ် စောင်တော့ ထုတ်လို့ ရနေတာပဲ။

ယောက်ျားတွေနဲ့ ပတ်သက်လို့ အကြောက်တွေကို မေ့လို့ရတုန်း က မေ့ခဲ့ပေမယ့် သတိရသင့်တယ်ဆိုတဲ့ အခါကျတော့ သတိရပါတယ် ဆိုတဲ့အကြောင်း အထောက်အထားပြရမယ့် နေ့စွဲကိုကော မောင် သိချင် သေးလား . . .

လွယ်ပါတယ် မောင် . . .

မြိုင် မျက်စိမှိတ်ပြီးတော့တောင် ကလေးတွေ စာအံသလို ပြော နိုင်ပါတယ်။

မောင်နဲ့ ရင်းနှီးခဲ့တဲ့ မြိုင့်မွေးနေ့ကနေ စတွက်ရင် သုံးလပြည့်ခါနီး (၅) ရက်အလို၊ ၁၉၈၇- ခုနှစ်၊ ဒီဇင်ဘာ (၆) ရက်နေ့။

ပြီးတော့ အဲဒီနေ့ရဲ့ နာမည်က ကြာသပတေးနေ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြိုင့်ကို ချစ်တယ် မြိုင်၊ မြိုင့်ဆီက အချစ်ကို ကျွန်တော် ပြန်ရပါစေလို့ ချစ်ခွင့်ပန်ပါတယ်"

သက်ဆွေထံမှ စကားကြားရသောအခါ မြိုင် အံ့သြခြင်း သိပ် ဖြစ်မိတော့။

တစ်နေ့နေ့တော့ ဒီစကားမျိုး ပြောတော့မယ် ထင်တယ် ဟူသော မြိုင့်အထင် တိတိကျကျ မှန်နေပါလားဟူသော စိတ်ထဲက အောက်မေ့ သည်။

အထူးသဖြင့် သက်ဆွေက ဒီနေ့မနက် ကားကလေးနှင့် ထွက် လာရင်း 'ဒီနေ့တော့ ကျိုက္ကလို့ဘက် သွားချင်တယ် မြိုင်' ဟု အစချီ စကား ပြောကတည်းက မြိုင့်စိတ်ထဲမှာ သက်ဆွေတစ်ခုခု ထူးနေပြီဟု ထင်လိုက် သည်။

ဒီဘက်ပိုင်းမှာ မြိုင်နှင့် သက်ဆွေ အဆက်အသွယ် လုံးဝပြတ် သည်ဟု မရှိခဲ့။ နေ့နေ့ညည၊ တစ်ရက်တွင် တစ်ခါလောက်တော့ အ ကြောင်းရှိရှိ မရှိရှိ တယ်လီဖုန်း အဆက်အသွယ် လုပ်နေကြသလို တစ်ပတ် တစ်ခါလောက်လည်း ဟိုနား သည်နား စားရင် သောက်ရင်း စကားပြောဆို လည်ပတ်ဖြစ်ကြသည်။

သို့သော် ခုန သူသွားချင်သည်ဆိုသည့် ကျိုက္ကလို့ဘက်တော့ လုံးဝ မရောက်ဖြစ်ခဲ့။

တစ်ရက်တွင် မြိုင်က . . .

"ကျိုက္ကလို့ဘက် မသွားတော့ဘူးလား ကိုသက်ဆွေ၊ လွင်ပြင်ကြီး တွေ အညီးလည်းသံလေးတွေကို စိမ်းနေတာ ကြာပါရောလား"

ဟု ရယ်ရင်း ပြောမိသေးသည်။





သက်ဆွေက တုံ့ပြန်ရယ်ရင်း . . .

"မသွားချင်သေးဘူး မြိုင်၊ မြိုင် သွားချင်ရင်တော့ ကျွန်တော် လိုက်ပို့ပေးပါမယ်၊ ကျွန်တော်ကတော့ ခဏခဏသွားရင် သွားနေကျ ဖြစ်ပြီး ရိုးသွားမှာစိုးလို့ ခြွေတာထားချင်တယ်"

"ကိုသက်ဆွေ သိပ်ကြိုက်တဲ့နေရာဆိုပြီး၊ နောက်ထပ်မသွားလို့ မေးတာပါ ကိုသက်ဆွေရယ်၊ မြိုင် မသွားချင်ပါဘူး"

"ကျွန်တော်ကလဲ လုံးလုံးမသွားဘူးလို့ ပြောတာ မဟုတ်ဘူးနော် မြိုင်၊ သွားဖို့ လိုအပ်လာတဲ့ အထူးကိစ္စတွေ ရှိလာပြီဆိုရင် မသွားမဖြစ် သွားရမှာ"

"ဘာကိုပြောတာလဲ ကိုသက်ဆွေ၊ အထူးကိစ္စဆိုတာ"

သက်ဆွေက ရယ်လိုက်ပြန်ရင်း . . .

"အထူးကိစ္စဆိုတာ သူ့ဟာနဲ့ခြားခြား သွားချင်တဲ့အခါမျိုးကို ပြော တာပေါ့ မြိုင်၊ အဲဒီအခါမျိုးကျ တကူးတကကို သွားရမှာနော် မြိုင်၊ အဲဒီ ကျရင်တော့ မြိုင် မသွားချင်ဘဲ မနေနဲ့"

တစ်ချိန်က ဒီလိုစကားမျိုး ပြောထားခဲ့ပြီး၊ ဒီနေ့ကျတော့ သူကိုယ် တိုင်က ဒီကိုသွားဖို့ တောင်းဆိုလာသောအခါ မြိုင့်စိတ်ထဲကနေ ထိုစကား များကို သတိရသည်။

သို့အတွက် သက်ဆွေက 'သွားလို့ရမလား' ဖြင့် အဆုံးသတ် လိုက်သည့် စကားကို နားထောင်ရင်း အကဲခတ်သလို ပြန်ကြည့်၍ မြိုင်က . . .

"ဘာလဲ ကိုသက်ဆွေ၊ အထူးကိစ္စ ပေါ်လာလို့လား"

မြိုင့်စကားကြောင့် သက်ဆွေ ရှက်ကိုးရှက်ကန်း ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဘာပြောရမလဲ၊ ပေါ်လာပြီ ဆိုပါတော့ မြိုင်ရယ်၊ ဒီမြင်တော့ မဟုတ်ပါဘူး၊ မြိုင့်ကို ပြောစရာ စကားလေးတွေ ရှိလို့ပါ"

"အဲဒီစကားကလဲ ဟိုမှာ ပြောမှဖြစ်မှာမို့လား"

"မြိုင့်စိတ် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နေတဲ့အခါမျိုး ပြောချင်လို့ပါ"

မြိုင် ဘာမျှမပြောတော့ဘဲ ရယ်နေလိုက်သည်။

သို့သော် စိတ်ထဲကတော့ သူ ပြောမည့် စကားများကို ကြိုသိနေသလိုလို ခံစားရသည်။ သို့အတွက် မြို့ထဲမှနေ ကားဖြင့် မောင်းထွက်ခဲ့ရာ လမ်းတစ်လျှောက်လုံး သက်ဆွေ စကားသိပ်မပြောသလို မြိုင်ကလည်း သိပ်စကားမပြောတော့ဘဲ ခေါင်းထဲမှာ ကြိုတင်ပြင်ဆင်ထားသင့်သည့် စကားလုံးများကို လိုရမယ်ရ ကြိုင်ပြင်ထားမိသည်။

"ကျွန်တော် မြိုင့်ကိုချစ်တယ် မြိုင်"

ဆိုသော စကားမှ အစပြု၍ မြိုင် ကြိုတင်တွေးထားသလို ချစ်ရေးဆို စကားပြော၍ ချစ်ခွင့်ပန်လာသောအခါ မြိုင် သိပ်မတုန်လှုပ်မိတော့

"ကိုသက်ဆွေရဲ့ အထူးကိစ္စဆိုတာ ဒါပဲပေါ့"

"ဟုတ်တယ် မြိုင်"

မြိုင်က ပြုံးသည်။

"အင်း . . . ကိုသက်ဆွေ ဖြစ်စေချင်သလိုပဲ၊ မြိုင်လဲ အခု စိတ်ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နေပါတယ်၊ အဲဒီတော့ ကိုသက်ဆွေကို မြိုင်က တစ်ခါပြန်မေးရမယ်၊ ကိုသက်ဆွေကော စိတ်အေးအေးဆေးဆေး ဖြစ်နေရဲ့လား"

"အေးတော့ သိပ် အေးအေးကြီး မဟုတ်ဘူး မြိုင်၊ မြိုင့်ဆီက မကြားရဲတဲ့ အဖြေစကားတစ်ခု ကြားရမှာကို အရမ်းပူနေတယ်"

"မြိုင် အဖြေ မပေးသေးပါဘူး ကိုသက်ဆွေ၊ လတ်တလော





အတွက် လောလောဆည် ဘာမှ စိတ်မပူပါနဲ့ဦး၊ လတ်တလောမှာ လောလောလော လုပ်စရာ ဘာတစ်ခုမှ မရှိသေးဘူးလို့သာ စိတ်ထဲမှာ အောက်မေ့ထားဦး၊ ကိုသက်ဆွေကို မြိုင် စကားတွေ အများကြီး ပြောရဦးမှာ ရှိသေးတယ်"

"ပြောပါ မြိုင်၊ ကျွန်တော်လည်း မြိုင့်ဆီက စကားတွေ ကြားချင်နေတာပါ"

"အဲဒါဆိုရင် စိတ်အေးအေး ခေါင်းအေးအေးထားလိုက်ပါ ကိုသက်ဆွေ၊ ဟိုးအဝေးက တောအုပ်စိမ်းစိမ်းတွေဆီ လှမ်းကြည့်လိုက်ပါဦး၊ အဲဒီ တောအုပ်ကလေးဟာ အဝေးကနေ ကြည့်ရင်တော့ ဘာမှ ပြောစရာ မရှိဘူး၊ အရမ်းလှနေတာပဲ၊ ဒါပေမယ့် အထဲမှာ ဘာတွေရှိတယ်၊ အနီးကပ်ရင် ဘယ်လိုမြင်ရမယ်ဆိုတာ အဝေးကနေ သိနိုင်စရာ မရှိဘူး ကိုသက်ဆွေ၊ ကိုသက်ဆွေကိုလည်း ကိုသက်ဆွေ အဝေးကပဲ မြင်ဖူးတဲ့ မြိုင်ဆိုတဲ့ တောအုပ်လေးတစ်ခုအကြောင်း ပြောပြမလို့"

ပြောရင်းနှင့် မြိုင် သက်ပြင်းတစ်ခု ခိုးချသည်။

နားထဲမှာလည်း ချစ်သမျှကို ပတ်ပျိုးထဲက စာသားလေးတစ်ခု ကြားနေမိသည်။

"မှန်သ၍ကိုလ၊ ဖန်စေ့ ငယ်ရေရေ၊ ကိုးဂုဏ်ရှင် ဂူတော်မွေ"

စာသား၏ အဓိပ္ပါယ်က ယခု ဆိုအပ်သော သစ္စာစကားသည် မှန်အမှန် ဖြစ်ပါသည်ဟု အဖန်ဖန် အထပ်ထပ်၊ ရွှေဂူကြီး ဘုရားရှင်၏ ရှေ့တော်တွင် မြွက်ဆို ပြောကြားပါသည်ဟု ဖြစ်၏။

ᨈ ᨈ ᨈ



www.burmeseclassic.com

www.burmeseclassic.com

(၆)

အမှန်တော့ ဒီမှတ်တမ်းက မြိုင့်ဘာသာ တစ်ယောက်တည်း ရင်ထဲက ပြောချင်တဲ့ စကားလေးတွေ ဖွင့်ပြောလို့ရအောင် ရေးနေတဲ့ မှတ်တမ်းပါ။

မောင်မောင်ဆိုပြီး မောင့်ကို တိုင်တည် စကားပြောနေတဲ့ ပုံစံမျိုးနဲ့ ရေးသား ရေးနေတယ်၊ ဒီမှတ်တမ်းကို မောင့်ပေးဖတ်ဖို့ ရည်ရွယ်ချက် မြိုင့်မှာ မရှိပါဘူး၊ ဒါပေမယ့် မောင့်ကို ရည်ရွယ်ပြီး ပြောသလို ရေးရတာ စိတ်ထဲမှာ မောင့်အနားထိုင်ပြီး ပြောနေရသလိုပဲ အားရှိလှတယ် မောင်ရယ်။

မြိုင် ပြောပြီးပြီပဲ မောင်၊ မောင့်ကို မြိုင် ချစ်ပါတယ်လို့။

မြိုင့်မှာသာ ဘာကြောက်စိတ်မှမရှိရင် မောင် ချစ်ခွင့်ပန်တဲ့ နေ့ကတည်းက အဲဒီနေရာမှာတင် မြိုင် ချစ်တယ်ဆိုတဲ့ အဖြေပြန်ပေးထားမိမှာ ပေါ့၊ ဒါပေမယ့် မပြောရသေးဘူး မောင်ရယ်၊ မောင့်ကို ပြောထားချင်တဲ့ကိစ္စ လေးတွေ ရှိသေးတယ်။

အဲဒါကတော့ မြိုင်နဲ့ တစ်ခါက ပတ်ပတ်သက်သက် ရှိခဲ့ဖူးတဲ့ ကိုအေးမေဆိုတဲ့ လူတစ်ယောက်ရဲ့ အကြောင်းပဲ။

ဒီအချိန်က မောင့်ကို ဒီအကြောင်း ပြောပြမထားရသေးဘူး နော်။

ဒီလိုမောင် . . . မြိုင် ရုပ်ရှင်ထဲရောက်ပြီး ပထမဆုံးကား ရိုက်တဲ့ အချိန်က မြိုင် ဆယ်တန်းကျောင်းသူပဲ ရှိသေးတယ်။





ဖေဖေ့ သူငယ်ချင်း ဒါရိုက်တာ ဦးမြတ်ထွန်း တစ်ရက်အိမ် လာလည်ရင်းနဲ့ မြိုင့်ကို တွေ့သွားပြီး ဖေဖေ့ကို ခင်ဗျားသမီး ရုပ်ရှင်ရိုက်ရင် အောင်မြင်နိုင်တယ်ဗျ။ ရုပ်ကလေးကော၊ အမူအရာလေးတွေကော အသက်ရှိတယ်လို့ ပြောတယ် မောင်။

ပြီးတော့ ဖေဖေ့ရှေ့မှာပဲ သမီး ရုပ်ရှင်ရိုက်ချင်ရင် အချိန်မရွေး ပြော၊ ဆရာ ခေါင်းဆောင်မင်းသမီးတင်ပြီး ရိုက်ပေးမယ်လို့ အာမခံသွားတော့ ဆရာပြန်သွားပြီးတာတည်းက မြိုင်လည်း မင်းသမီးရူး ရူးတော့တာပဲ။

ဖေဖေတို့ မေမေတို့ကတော့ ဆယ်တန်းအောင်အောင် ဖြေလိုက်ချင်သေးတယ်။ မြိုင် လုပ်ချင်တာကိုတော့ မတားပါဘူး။ အချိန်ပဲ စောင့်ခိုင်းကြတာပါ။ ဒါပေမယ့် မြိုင်က မရတော့ဘူး မောင်၊ ဖေဖေနဲ့ မေမေ့ကိုလည်း ငိုတ်အတင်း ပူဆာ၊ ကျောင်းစာလည်း စိတ်မဝင်စားတော့ဘဲ တစ်နေ့ တစ်နေ့ ဒါပဲပြောနေတော့ နောက်ဆုံး ဖေဖေနဲ့ မေမေ စိတ်လျှော့လိုက်ပြီး မြိုင့်ကို ဆရာ့လက် အပ်လိုက်တာပဲ။

ဆရာနဲ့တော့ အထင်မလွဲပါနဲ့ မောင်ရယ်၊ ဆရာနဲ့ မြိုင့်ကြားမှာ ဘာကိစ္စမှ အနှောင့်အသွား မလွတ်တာ မရှိပါဘူး။ တကယ့် ဆရာတပည့် သားအဖ ဆက်ဆံရေးမျိုးပါပဲ။

အဲ . . . အနှောင့်အသွား မလွတ်ခဲ့တာက ကိုအေးမေဆိုတဲ့ လူတစ်ယောက် သတ်သတ်ရှိတယ်။ သူကတော့ အနုပညာအ သိုင်းအဝိုင်းက မဟုတ်ပါဘူး။ အလွယ်ဆုံး စကားနဲ့ပြောရရင်တော့ သူဌေးသား တစ်ယောက်ပေါ့။

မိဘတွေက နိုင်ငံခြား ကိုယ်စားလှယ် လုပ်ငန်းတစ်ခုလုပ်ပြီး အိုက်ကျိတက် ချမ်းသာကြတယ်။ ဒီတော့ ကိုအေးမေလဲ ထင်သလို သုံးဖြုန်း

www.burmeseclassic.com



ဝတ်စားသွားလာပြီး ကြော့နေအောင် နေနိုင်တာပေါ့။

သူလည်း ဆယ်တန်းတောင် အောင်အောင် မဖြေတော့ပါဘူ
သဘော်ပဲ လိုက်တော့မလိုလို၊ နိုင်ငံခြားသွားပြီး န္တီးကျော့ဗ်ပဲ လုပ်တော
မလိုလို၊ ဟိုလိုလို သည်လိုလိုလုပ်ပြီး ကားတစ်စီးနဲ့ ယင်တိုင်းကျဲနေ
နိုးကျွန်တော့်ကိုယ် အသေးစားလေးပေါ့။

ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒီအချိန်တုန်းက မြိုင့်ခေါင်းထဲမှ
ဦးနှောက်တွေ ဘာတွေလည်း သိပ်ရှိပုံမရဘူး ထင်ပါတယ် မောင်ရယ်။

မြိုင် ကျောင်းစာကိုပစ်ပြီး ပထမကား စရိုက်စအချိန်မှာ
သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးတာနဲ့ အဲဒီ ကိုအေးဖေနဲ့ စ,အ
မိတ်ဆွေ ဖြစ်သွားတယ်။

အသိလဲဖြစ်ရော ကိုအေးဖေက မြိုင် ကားရိုက်တဲ့နေရာတွေလိုက
လာ၊ အတင်း ရင်းနှီးအောင်လုပ်နဲ့ မြိုင်နဲ့သူ အတော်လေး ရင်းနှီးသွားတယ်
ဝန်ခံပါတယ် မောင်။ အဲဒီအချိန်မှာ မြိုင်က (၁၇) နှစ်၊ ရုပ်ရှင်မင်းသ
ဖြစ်စဆိုတော့ လူကလဲ မြောက်ကြွ ဖြစ်နေတဲ့ အချိန်။ ကိုယ့်ထက်ရှစ်
ကိုးနှစ်လောက် ကြီးပြီး ကိုယ့်ထက် အများကြီး ချမ်းသာ၊ အဆင့်အတ
မြင့်တဲ့ ကိုအေးဖေလို လူမျိုးက ကိုယ့်ကို အရမ်းဂရုစိုက်နေတော့ မြ
သူနဲ့ ပတ်သက်လို့ သာယာခဲ့မိတာတော့ အမှန်ပဲ။

အဲဒီအချိန်မှာ ကိုအေးဖေက ချစ်ရေးဆိုတာ မြိုင် လွယ်လင့်တ
ပဲ လက်ခံလိုက်မိတယ်။ ဒါပေမယ့် ကိုအေးဖေတို့လို လူမျိုးတွေရဲ့ စရိုက်
မောင် သိတယ်မဟုတ်လား။ ရုပ်ချော၊ ငွေပေါတာနဲ့အမျှ မိန်းကလေးတွေ
ကျအောင်လုပ်တတ်ပြီး မိန်းကလေးတစ်ယောက်ကကျပြီဆိုတာနဲ့ အဲဒီ မိ
ကလေး ဒူးနဲ့မျက်ရည် သုတ်ရအောင် အမြန်ဆုံး လုံးပန်းတတ်တဲ့ လူစားမျိ



မြိုင့်ကိုလည်း သူ သည်လိုပဲ တွက်လိုက်ပုံ ရပါတယ်။

ချစ်သူဖြစ်ပြီဆိုတာနဲ့ သူ့တော့ကွင်းထဲ မြိုင် မမိ,မိအောင် နည်း
အမျိုးမျိုးနဲ့ ကြိုးစားတော့တာပဲ။ ပရိယာယ်တွေကလည်း များတယ်။

ဒါပေမယ့် မောင်ရယ် . . . မြိုင်က အဲလို လူမျိုးတစ်ယောက်ကို
အထင်ကြီးပြီး သူ့အချစ်ကို လက်ခံလိုက်တဲ့ အမှားတလွဲရင် သူ မျှော်လင့်
သလို စရိုက်ပျက်နေတဲ့ မိန်းကလေးမှ မဟုတ်တာ။

သူ့ခြေလှမ်းတွေလည်း မြင်ရော မြိုင် အရမ်းကြောက်သွားတယ်။
ချက်ချင်းပဲ မြိုင် သူ့ကို အဆက်ဖြတ်တယ်။

အဲဒီတော့မှ သူလည်း မြိုင်ဟာ ဘယ်လိုမိန်းကလေးမျိုးဆိုတာ
သိသွားပြီး သူ မှားကြောင်းလည်း တောင်းပန်တယ်။ ပြီးတော့ လက်ထပ်ပါရ
စ ဆိုပြီးတော့လဲ လူကြီးမိဘတွေနဲ့ လာတောင်းရမ်းဖို့အထိ စကားပြော
တယ်။ ဒါပေမယ့် သူက တစ်ချက်ပဲ တောင်းဆိုတယ်။ အဲဒါက ဘာလဲဆို
တော့ မြိုင် ရုပ်ရှင်ရိုက်တဲ့ အလုပ်ကိုတော့ စွန့်လွှတ်လိုက်ပါပေါ့။ မြိုင်
ရှင်မင်းသမီး လုပ်တာကိုတော့ သဘောမတူဘူးပေါ့လေ။

မြိုင် ခေါင်းခါပြ ဆက်ခါလိုက်တယ် မောင်။

"ရုပ်ရှင်မင်းသမီး အလုပ်လည်း မစွန့်လွှတ်နိုင်ဘူး၊ ရှင့်ကိုလည်း
သက်လုံး လက်မထပ်နိုင်ဘူး၊ ကျွန်မ လိုချင်တဲ့ယောက်ျားမျိုးကလည်း
မဟုတ်ဘူး" ဆိုပြီး ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်တယ် . . .

အမှန်အတိုင်းပြောရင် အဲဒီအချိန်မှာ မြိုင် သူ့မျက်နှာကိုတောင်
ကြည့်ချင်တော့ဘူး၊ သူ့ကို မြိုင် အင်မတန် ရွံသွားပြီး ဒါပါပဲ . . . မောင်၊

ဘာမှမဟုတ်ဘူးဆိုပေမယ့် ဒီအကြောင်းတွေ မောင် ကြိုးသိ
ဖို့ မဖြစ်ဘူး၊ ဒါကြောင့် မောင် ချစ်ရေးဆိုတဲ့နေ့မှာ တခြား ဘာအဖြေမှ

www.burmeseclassic.com

www.burmeseclassic.com



မပေးခင် အဲဒီအကြောင်းတွေ မောင့်ကို အလျှင်ဆုံး ပြောပြလိုက်တာပဲ . . .

"အဲဒီ ကိုအေးဖေဆိုတဲ့ လူက ခုတော့ ဘယ်ရောက်နေလဲ မြိုင်"

မြိုင့် ရှင်းပြချက် စကားများအဆုံးတွင် သက်ဆွေက သူသိချင်သော ကိစ္စတစ်ခုကို ကောက်မေးလိုက်သည်။ မြိုင်က . . .

"ခုတော့ ဒီမှာ မရှိတော့ဘူး၊ နိုင်ငံခြား ထွက်သွားပြီး အလုပ် သွားလုပ်နေတယ်လို့ ကြားတာပဲ ကိုသက်ဆွေ"

"အိမ်ထောင်တွေ ဘာတွေကော ကျသွားပလား"

"ကျသွားပြီပေါ့၊ ကျတာမှ ခုမှ မဟုတ်ဘူး၊ အဲဒီတုန်းကပဲ ကျသွားတာ၊ မြိုင်က သူ့ လက်ထပ်ခွင့်တောင်းတာပါ ငြင်းလိုက်ရော၊ သူ့ ရှက်လည်း ရှက်၊ စိတ်လည်း နာတယ် ထင်ပါတယ်၊ ဘာမှ မကြာဘူး တစ်လအတွင်းမှာ ယူ့ ဒီမြို့တစ်ယောက်နဲ့ ကောက်လက်ထပ်လိုက်တာပဲ၊ သူတို့ အသိုင်းအဝိုင်း ထဲကပါပဲ၊ ကောင်မလေးက ဆေးတက္ကသိုလ်နောက်ဆုံးနှစ်က ဆိုလား ဆရာဝန်မလေးဆိုလားပဲ၊ မြိုင် သေချာတော့ မသိဘူး၊ ကြားရုံပဲ ကြားလိုက်တာ"

"ဪ . . ."

သက်ဆွေက ဩော်တစ်လုံးသာ ရေရွတ်လျက် အတော်ကြာ စကားမပြောဘဲ ငြိမ်၍ စဉ်းစားနေသည်။ ပြီးမှ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ပြုံး၍ . . .

"အဲဒီအချိန်က မြိုင် မမြကလေးတို့ ချစ်သမှုကိုတို့ ကြိုက်နေပြီ



လား"

မြိုင်က နားမလည်ဟန်ဖြင့် . . .

"ဘာဖြစ်လို့ မေးတာလဲ ကိုသက်ဆွေ"

"မဟုတ်ပါဘူး၊ မြိုင် ယောကျ်ားတွေကို ကြောက်တယ်လို့ ပြောတာ၊ ကိုအေးဖေကြောင့်လား၊ သာယာဝတီမင်းကြောင့်လား သိချင်လို့ပါ"

မြိုင်က မဲ့မဲ့လေး ပြုံးသည်။

"နှစ်ခုစလုံးပဲ မောင်၊ ကိုအေးဖေကြောင့် ယောကျ်ားတွေကို ကြောက်လာသလို၊ အဲဒီအချိန်မှာ မမြကလေးရဲ့ ဇာတ်လမ်းကိုလည်း ပိုခံစားဘတ်လာပြီ၊ သာယာဝတီမင်း ရုပ်လုံးလည်း ပေါ်လာရော၊ မြိုင်ကြောက်တဲ့ စိတ်က ပိုမိုမြသွားတာပဲ"

သက်ဆွေက ပြုံး၍ . . .

"အင်း . . . ဇာတ်လမ်းသဘောနဲ့ ပြောရင်တော့ ကျွန်တော်က နောက်ဆုံးမှ ရောက်လာတဲ့ တတိယဇာတ်ကောင်ပေါ့၊ ဒါပေမယ့် မပူပါနဲ့ မြိုင်၊ ဒီဇာတ်ကားမှာ လူကြမ်းတွေ ရှေ့က အလျှင်ထွက်ပြီး နောက်ဆုံးမှ မင်းသားက ထွက်တာပါ၊ ကျွန်တော့်ကိုတော့ မြိုင် မကြောက်ပါနဲ့"

"မကြောက်လို့ မဖြစ်ဘူး ကိုသက်ဆွေ၊ ကိုသက်ဆွေက မင်းသား အစစ် ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ မင်းသမီးက ခံမှန်ဖူးတဲ့ ဓာသူ ယ်ဖြစ်နေတော့ အားရင် ကြောက်ဒူးပဲ တုန်နေတော့တာ"

"အင်းပေါ့လေ၊ မြိုင် ပြောတာလဲ မှန်ပါတယ်၊ အဲဒီတော့ ကျွန်တော်က ကိုယ့်ကိုယ်ကို ဘယ်လိုအနေအထား ရောက်နေပြီလို့ မြိုင် သတ်မှတ်ရမှာလဲ မြိုင်၊ ပြီးတော့ မြိုင် ပြောမယ်ဆိုတာတွေကော ပြီးပြီလား"

"ပြီးပါပြီ ကိုသက်ဆွေ၊ မြိုင်ဆိုတဲ့ နာမည်ကိုက ဘာလို့ အဓိပ္ပါယ်

www.burmeseclassic.com



ထွက်နေတယ် မဟုတ်လား၊ ကိုသက်ဆွေ သိထားဖို့ လိုအပ်တဲ့ တောအုပ်က လေးတစ်ခုရဲ့ အကြောင်းကို မြိုင့်ဘက်က ကြိုရှင်းပြထားဖို့ တာဝန်ရှိတဲ့ အတိုင်း ရှင်းပြပြီးပါပြီ၊ ကိုသက်ဆွေ ဘယ်အနေအထား ရောက်နေပြီဆိုတာ မြိုင် စဉ်းစားရမယ့်ကိစ္စတော့ မဟုတ်တော့ဘူးပေါ့၊ ကိုသက်ဆွေ ဘာသာ ကိုသက်ဆွေ သတ်မှတ်ရမယ့်ကိစ္စပဲ"

"ကျွန်တော်ကတော့ ဒါတွေ ဂရုမစိုက်ပါဘူး မြိုင်၊ ဒါတွေက ပြီးခဲ့ပြီပဲ၊ ခုအချိန်မှာ ဒဲဒါတွေထက် အရေးကြီးတာက မြိုင် ကျွန်တော့်ကို ချစ်ဖို့ပါ၊ ကျွန်တော် မြိုင့်အဖြေကိုပဲ ကြားချင်ပါတယ်"

မြိုင်က ခေါင်းညိတ်သည်။

"ကောင်းပါပြီ ကိုသက်ဆွေ၊ ဒါဆိုရင် မြိုင် တစ်ခုတော့ ကြိုပြော ထားပါ့မယ်၊ ခုချိန်မှာ မြိုင်က အင်မတန် ခါးသီးတဲ့ အတွေ့အကြုံတွေကို ဖြတ်သန်းပြီး အသက်နှစ်ဆယ့်နှစ်နှစ်ထဲကို ရောက်နေပါပြီ၊ ဒီအချိန်မှာ မြိုင် လူတစ်ယောက်ကို အသက်ဆယ်ခုနှစ်တုန်းကလို လွယ်လွယ်နဲ့ ချစ်မိမှာ တော့ မဟုတ်တော့ပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ၊ ပြောပါ မြိုင်"

"ဒါပေမယ့် ချစ်မိပြီဆိုရင်လဲ အသက်နှစ်ဆယ့်ခုနစ်နှစ်တုန်းက ချစ်ခဲ့တဲ့ အချစ်ထက် အများကြီး လေးနက်နိုင်မှာတဲ့ အချစ်မျိုးနဲ့ ချစ်မိတော့ မှာပါ၊ မြိုင် ဟိုတစ်ခါ ပြောဖူးတဲ့ 'ချစ်သမျှကို' ထဲက အချစ်မျိုးနဲ့ပေါ့"

"အဲဒါဆိုရင် ကျွန်တော် အများကြီး ကံကောင်းပြီပေါ့ မြိုင်"

"ကံကောင်းမှာပါ ကိုသက်ဆွေ၊ ဒါပေမယ့် အချိန်တော့ စောင့်ပါ ဦး၊ ဒီကြားထဲမှာလဲ ကိုသက်ဆွေ ကိုယ့်ကိုကိုယ် အထပ်ထပ် ပြန်မေးကြည့် ပါဦး၊ မြိုင်နဲ့ပတ်သက်လို့ ထပ်လေ့လာလိုက်ပါဦး၊ မြိုင်လည်း ကိုသက်ဆွေနဲ့





ပတ်သက်လို့ ထပ်လေ့လာချင်ပါသေးတယ်၊ မြိုင့်စိတ်ထဲမှာ မှန်းထားတာက တော့ နောက်ထပ်သုံးလလောက် ရက်ချိန်းအတိအကျနဲ့ဆို မြိုင်နဲ့ကိုသက် ဆွေ စရင်းနှီးခဲ့တဲ့ စက်တင်ဘာ ကိုးရက်နေ့ကနေ ခြောက်လတင်းတင်းပြည့် တဲ့နေ့၊ ၁၉၈၅-ခု မတ်လ ကိုးရက်နေ့အထိပေါ့၊ အဲဒီနေ့မှာ ကိုသက်ဆွေကို မြိုင် အဖြေပေးပါ့မယ်"

"ကြာလှချည်လား မြိုင်ရယ်"

မြိုင်က ရယ်သည်။

"မကြာပါဘူး ကိုသက်ဆွေ၊ မြန်မာ့သမိုင်း အစမှာ ကံရာဇာငယ် ဆောက်သွားတဲ့ သစ်ငယ်ဝါးငယ် အဆောက်အအုံ အချစ်မျိုး မလိုချင်ပါနဲ့၊ ကံရာဇာကြီးဆောက်ချင်တဲ့ သစ်ကြီးဝါးကြီး မဏ္ဍပ်မျိုးကို တန်ဖိုးထားပါ၊ သစ်ငယ် ဝါးငယ်နဲ့ မည်ကာမတ္တ အဆောက်အအုံကတော့ ညတွင်းချင်း ဆောက်လုပ်ရတာပေါ့၊ သစ်ကြီးဝါးကြီးနဲ့ကတော့ ညတွင်းချင်း ဒီလောက် တော့ အချိန်ယူရမယ် ကိုသက်ဆွေ၊ ဒါပေမယ့် ညတွင်းပြီးတာမျိုးက လပိုင်း နှစ်ပိုင်းနဲ့ ပျက်ချင်ပျက်သွားမယ်၊ အချိန်ယူဆောက်ထားတာက တစ်သက် သုံးအတွက် အာမခံပြီးသားနော်၊ ချစ်သမျှကိုထဲက စာသားနဲ့ပြောရရင် မြင့်မိုရ်ရွှေတောင်လုံးပဲ လေးဆူဒီပ၊ သီတာရေမြေဆုံးစေတော့၊ ဘယ်မှန်းပါ သော့နိုင်၊ ကပ်လုံးဆုံးတိုင်တိုင် ဆိုတာမျိုး"

မြိုင့်စကားကြောင့် သက်ဆွေ ပြုံးသည်။

ပြီးမှ ခေါင်းညိတ်ရင်း ကျေနပ်စွာ ပြောမိ၏။

"ကျွန်တော် စောင့်ပါမယ် မြိုင်၊ မြိုင့်ကိုချစ်တာတစ်ခုတည်းနဲ့ ကျွန်တော် စိတ်ရှည်ရှည်နဲ့ စောင့်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

(၇)

နောက်ဆုံးတော့ မြိုင့်ဘက်က ကတိတည်ခဲ့ပါတယ် မောင်ရယ် ဒီကြားထဲမှာ မောင့်ကို ကလေးဆိုး တစ်ယောက်လို နားပူ နားဆာတိုက်ပြီ ခဏခဏ အဖြေတောင်းတာကို မြိုင် ဖွတ်ပေပြီး တင်းခံခဲ့ပေမယ့် မြိုင် ကတိပေးထားတဲ့ ဒီနေ့မှာတော့ မောင်လိုချင်တဲ့ အဖြေကို မြိုင် 'မော ဆိုတဲ့ အခေါ်အဝေါ်လေးပါ အတိုးနဲ့အဆစ်ဖြည့်ပြီးပေးခဲ့တယ် မဟုတ် လား။

ဒါပေမယ့် တစ်ခုတော့ ရှိတယ် မောင် . . .

ဒီမှတ်တမ်း အစလေးမှာ ရေးထားခဲ့သလိုပဲ မောင့်ကို ချစ်တယ် အဖြေပေးခဲ့ရပေမယ့် အားလုံးကို လုံခြုံစိတ်ချပြီး ရဲရဲတင်းတင်း ပေးလိုက် အဖြေမျိုးတော့ မဟုတ်ဘူး၊ ရင်တထိတ်ထိတ်နဲ့ပါပဲ။

အနာဂတ်မှာ ပြဿနာပေါင်းများစွာ ကြုံရဦးမယ်လို့ သိနေ ကြားက အဆင်ပြေပြီး ပျော်ရွှင်စွာ ပေါင်းဖက်ရလေမလားဆိုတဲ့ မျှော ချက် အသစ်တလေးတစ်ခု တည်ဆောက်ကြည့်လိုက်တယ်လို့ပဲ ပြောရမှာ တယ်။

ပြဿနာတွေကတော့ ရှိလာမှာ အမှန်ပဲ ထင်တယ် မောင် . .

ဒါကြောင့်မို့ လေ့လာချိန်လို့ဆိုပြီး ယူထားခဲ့တဲ့ကာလလေး မှာ နောက်ဆုံး မောင်စိတ်ပျက်ပြီး နောက်ဆုတ်ချင် ဆုတ်သွားပါစေတော့



ဆိုပြီး ဖြစ်လာနိုင်တဲ့ ပြဿနာတွေ တစ်ခုပြီးတစ်ခု မောင့်ကို ချစ်ပြခဲ့ပါတယ်။

အပြန်အလှန် ပြောသမျှတွေချရေးရရင်တော့ ဒီည မြိုင် အိပ်ရ တော့မှာ မဟုတ်ဘူး၊ လိုရင်းအချက်လေးတွေပဲ မြိုင် မှတ်ထားပါ့မယ်။

တစ်အချက်က မွောင့်မိဘဆွေမျိုးအသိုင်းအဝိုင်းတွေကိစ္စ၊ ဆရာဝန်ကြီး ဖြစ်တဲ့ အထူးကုသမားတော် မောင့်ဖေဖေကစပြီး အင်မတန် အင်အားတောင့်တင်းလှတဲ့ မိဘဆွေမျိုးအသိုင်းအဝန်းက မောင့်ကို မြိုင် ဆိုတဲ့ မအောင်မမြင် ကန့်လန့်ဖြစ်နေတဲ့ ရုပ်ရှင်မင်းသမီး တစ်ယောက်နဲ့ သဘောတူနိုင် မတူနိုင် . . .

နှစ်အချက်က မြိုင်ဆိုတဲ့ မိန်းကလေးဟာ သူ့ဘဝလမ်းကို လျှောက်လာခဲ့တဲ့အခါမှာ စင်းလုံးချော အပြစ်ကင်းတယ်လို့ ပြောလို့ရတဲ့ မိန်းကလေး မဟုတ်ဘူး၊ ရာဇဝင်မှာ အနာအဆာလေးတွေ ရှိနေတဲ့ မြိုင့်ကို မောင် တစ်သက်လုံးကော ကြည်ကြည်ဖြူဖြူ ချစ်သွားနိုင်၊ မချစ်နိုင် . . .

သုံးအချက်က မြိုင့်မိသားစုနဲ့ ပတ်သက်တဲ့ ကိစ္စ။

မြိုင်တို့ မိသားစုမှာ အိမ်ထောင်ကျပြီး နယ်ရောက်နေတဲ့ မြိုင့်မမ ကို ဖယ်လိုက်ရင် ဖေဖေရယ်၊ မေမေရယ်၊ မြိုင်ရယ်၊ မောင်လေး တိုးရယ် လေးယောက်ရှိတယ် မောင်၊ အဲဒီ လေးယောက်ထဲမှာ ဖေဖေက ပင်စင်စား၊ မေမေက မှီခို၊ မောင်လေးက အလယ်တန်းကျောင်းသား၊ ခု လောလော ဆယ်မှာ မိသားစု စားဝတ်နေရေးအတွက် ရနေတဲ့ဝင်ငွေဟာ ဖေဖေ့ ပင်စင် လစာ၊ ဖေဖေ့ လွတ်လပ်ရေး မော်ကွန်းဝင်နဲ့ နိုင်ငံဂုဏ်ရည် ဒုတိယဆင့် ထောက်ပံ့ငွေလေးပဲ ရှိတယ်၊ မြိုင်ကလည်း လောလောဆယ် ဘာမှ လုပ်ပေး နိုင်သေးဘူး . . .

ဒါပေမယ့်၊ အသက်အရွယ်လည်းကြီး၊ ကျန်းမာရေးလည်း

www.burmeseclassic.com

မကောင်းတဲ့ ဖေဖေ့ မျက်ကွယ်မှာ ဒီမိသားစုကို ဆက်တာဝန်ယူမယ့် သူဟာ မြိုင်တစ်ယောက်ပဲ ရှိတယ်၊ မြိုင့်ကို ယူရင် မောင်လဲ ဒီဘဝ ဒီတာဝန်ကို တွဲယူရမှာပဲ၊ အဲဒီအပြင် အသက်ကြီးနေပြီဖြစ်တဲ့ မိဘတွေကို ခွဲပြီး မြိုင် မောင့်နောက်လိုက်ဖို့ မလွယ်ဘူး၊ ဘယ်နည်းနဲ့မဆို မောင့်ကိုပဲ မြိုင်တို့ဘက် ပါအောင် ခေါ်ရမှာပဲ၊ အဲဒီအတွက်တော့ အဆင်ပြေနိုင် မပြေနိုင်။

ပြဿနာတွေကတော့ အများကြီးပဲ မောင်ရယ်၊

တော်ရုံလူဆို နားယောင်ရင်းနဲ့ အမယ်လေး အဘလေး အော်ပြီး ထွက်ကိုပြေးသွားနိုင်တယ်။

မောင်ထွက်ပြေးရင်လဲ မြိုင် အပြစ် မဆိုပါဘူး၊

ဟုတ်တယ်လေ၊ ရည်းစားထားတဲ့ကိစ္စ၊ မိန်းမယူတဲ့ကိစ္စ၊ ချစ်ရေးဆိုမိတာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထက်တောင် ပိုများတဲ့ ဖြေရှင်းစရာ ပြဿနာတွေ တပုံတမကြီး ရင်ဆိုင်တော့မယ်ဆိုတာ ပြောတဲ့လူက မလွန်ပါဘူး၊

ဒါပေမယ့် ခုထိတော့ မောင်က ထွက်မပြေးပါဘူး။

ဒါကြောင့် မယုံရဲ ယုံရဲ ဖြစ်နေတဲ့ကြားကပဲ ဖွက်နှစ်ပြီး ယုံလိုက်ပါတယ် မောင်ရယ်၊ ယုံမိတဲ့စိတ်က ပေါက်ဖွားလာတဲ့ မျှော်လင့်ခြင်း အသစ်တစ်ခုကိုလည်း ဒီနေ့ပဲ စတင် တည်ဆောက်လိုက်ပါတယ်။

မျှော်လင့်ချက်ကလေး အောင်မြင်သွားရင်တော့ ဘယ်လောက် ပျော်စရာကောင်းမလဲနော် . . .

ချစ်သမျှကို ပတ်ပိုးထဲကလိုပဲ၊ ချစ်လို့ရယ်မကုန်၊ ဝသုန် ဤမြေ သိကြားစေ သက်သေညွှန်းနိုင်မှာ တကယ့်ကို အသေအချာ ပဲပေါ့။

⁂

၁)

"မင်း လုပ်ပုံကိုင်ပုံတွေက တစ်စက်မှ မဟုတ်ဘူး သက်ဆွေ၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဟ . . . ငါက ဘာတွေလုပ်နေလို့လဲ ကျော်ဇောရ"

အပြင်မှနေ နေပူကြီးထဲ ပြန်လာ၍ အခန်းထဲ ဝင်ရုံရှိသေး ခရီး ရောက်မဆိုက်၊ လှမ်းအပြစ်တင်လိုက်သော ကျော်ဇောစကားကြောင့် သက်ဆွေ ဘုဆတ်ဆတ်ပင် ပြန်ပြောလိုက်သည်။

ကျော်ဇောက မကြည်မလင် ပြန်ကြည့်၍ . . .

"ဘာတွေလုပ်နေရမလဲ သက်ဆွေ၊ မင်းလုပ်နေတာတွေကို မင်း ဘာသာ မင်းပဲ ပြန်စဉ်းစားကြည့်ဦး၊ ခု မင်းနဲ့ မေသင်းခိုင်က ဘယ်လိုလဲ"

"ဘယ်လိုဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ အဲဒီကိစ္စက ငါ့ကိုယ်ရေးကိုယ်တာ ကိစ္စပဲ ကျော်ဇော၊ ငါဟာငါ ဘာလုပ်လုပ် မင်းတို့ကို ပြန်အစီရင်ခံစာ တင်နေစရာ မလိုဘူး"

"မင်းကို အစီရင်ခံစာတင်ဖို့ ပြောနေတာလဲ မဟုတ်ဘူး သက်ဆွေ ဒါပေမယ့် မင်းသိထားဖို့က မင်းတို့ ငါတို့ သူငယ်ချင်းတွေမှာ ဝင်စွက်ဖက်လို့ မရဘူးဆိုတဲ့ ကိုယ်ရေးကိုယ်တာဆိုတာ မရှိဘူး၊ မျက်စိရှေ့မှာ အပေါင်း အသင်းတစ်ယောက် မဟုတ်တာ လုပ်နေရင်၊ ကြိုက်ကြိုက် မကြိုက်ကြိုက် ဝင်ပြောမယ့်တာဝန် ငါတို့မှာ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မဟုတ်တာလုပ်ရင် ပြောပေါ့၊ အခု ငါက ဘာမဟုတ်တာ လုပ်နေလို့လဲ"

"မင်း မေသင်းခိုင်နဲ့တွဲနေတာ မဟုတ်တာလုပ်တာပေါ့ သက်ဆွေ၊ မင်းက ဘာကိစ္စ အဲဒီမင်းသမီးနားမှာ မခွဲနိုင် မခွာရက် ဖြစ်နေရတာလဲ၊ အဲဒီမဲ မင်းသွားသွားနေလို့ ဒီမှာ မင်း လုပ်ရမယ့် အလုပ်တာဝန်တွေလဲ ပျက်ကွက်ကာ များပြီ"

"မပျက်ကွက်ပါဘူး ကျော်ဇော၊ ကဲ . . . ငါ့ကိုပြော ဘာတွေပျက်ကွက်သလဲ၊ ဘာတွေလုပ်စရာကျန်လဲ၊ မင်းတို့ မကျေနပ်ရင် ခုချက်ချင်း ငါ လုပ်ပေးမယ်"

"မင်းကို ပြန်လုပ်ပေးဖို့ ပြောနေတာ မဟုတ်ဘူး သက်ဆွေ၊ မင်း မဆိုင်တဲ့ လမ်းကြောင်းတွေကို စကားလွှဲမပစ်နဲ့"

"အလုပ်ကိစ္စ ထည့်မပြောနဲ့ ကျော်ဇော၊ ဟိုကိစ္စကို ဟိုကိစ္စပဲ သတ်သတ်ပြောလိုက်"

ကျော်ဇောစကားအဆုံးမှာ ခထောင့်စားပွဲမှာ မာန်အောင်က ဝင်ပြောသည်။ သက်ဆွေ သူတို့ကိုကြည့်ရင်း ရင်မောမောနှင့် သက်ပြင်းချလိုက်၏။

ကျော်ဇောတို့၊ မာန်အောင်တို့ ဘာကို အဓိကထား၍ ပြောချင်သည် ဆိုသည်ကို သက်ဆွေ ကောင်းစွာ သိသည်။

သက်ဆွေကလည်း ဒီပြင်ကိစ္စကိုသာ ဆိုင်ရှင်းလိုက်ချင်သည်။ ဒီကိစ္စနှင့် ပတ်သက်၍ လုံးဝ တေ့တေ့ဆိုင်ဆိုင် စကားမပြောရ။

ဆိုင်မပြောရသည့် ဒီလိုပဲ ဝေ့လည်ကြောင်ပတ် လုပ်လုပ်ပစ်ခဲ့တာ





တွေလည်း များပြီ။

ခက်သည်က ဒီကိစ္စမှာ တစ်ဘက်နှင့် တစ်ဘက် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေသည်။

သက်ဆွေဘက်က မြိုင်နှင့် ပတ်သက်၍ မိုးမမြင် လေမမြင် ဖြစ်နေသလောက် ကျော်ဇောတို့ မာန်အောင်တို့ကလည်း မြိုင့်ကိစ္စဆိုလျှင် ခါလိုက်သမျှ ပုစဉ်းတောင်ပံကပင် အရှုံးပေးရ၏။

ဒါတောင် မြိုင်နှင့်သူ ဖြစ်နေသည့်ကိစ္စကို အတိအကျ အမှန်အတိုင်း မသိသေးကြ။

ပြည့်ပြည့်စုံစုံ တိတိကျကျသာ သိကုန်လျှင် သူ့ကို ခွေးမစားအောင် ဝိုင်းပြောကြမလားပင် မသိ။

ပြီးတော့ ဒီကိစ္စကို ဘယ်လိုရှင်းရှင်း နားလည်ကြမှာလဲ မဟုတ်။

"မြိုင် ပြောတာကို ပေါ့ပေါ့မတွေးနဲ့ ကိုသက်ဆွေ၊ ကိုသက်ဆွေတို့ အသိုင်းအဝိုင်းအကြောင်းကို ကိုသက်ဆွေ အသိဆုံး၊ အဲဒီ လူတွေက မြိုင့်ကို သူတို့ အသိုင်းအဝိုင်းထဲ အဝင်ခံချင်ကြပါ့မလား၊ မြိုင်နဲ့ ကိုသက်ဆွေ ဖြစ်သွားကြရင် မိဘတွေ ခဏထားဦး၊ ကိုသက်ဆွေ သူငယ်ချင်းတွေကတောင် အပြစ်ပြောချင် ပြောကြလိမ့်မယ်"

အဖြေမပေးမီ ရက်များက မြိုင် တတွတ်တွတ် ပြောခဲ့သည်များကို သက်ဆွေ အမှတ်ရသည်။

မြိုင် စိုးရိမ်ကြောင့်ကြခဲ့သည့်အတိုင်း ရှေ့လျှောက် ဇီကော် ပို၍



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ ရှုပ်လာတော့မည်ကိုတော့ သေချာနေပြီ။ ခုပင် မြိုင်နှင့် သူ့အခြေအနေကို မည်သူမျှ အတိအကျ မသိကြသေးဘဲ ဟိုသွား ဒီသွားလေးတွေကို ရိပ်ခနဲ မြင်၊ ရိပ်ခနဲ တွေ့နေကြတာလေးနှင့်ပင် ပြဿနာက စနေပြီ။

မာန်အောင်လို အစတည်းက ခပ်တင်းတင်းသမားက ပြောတာ ခဏထားပါဦး။ စောစောပိုင်းက သူပါ ရောကောသောကောနှင့် မင်းသမီးအား တွေ့ချင်၊ မြင်ချင်၊ ခင်တွယ်ချင်၊ ပိုးချင်သလို နောက်ပြောင် ပြောနေခဲ့သည့် ကျော်ဇောကပင် ခုခါမှာ ဒီစကားမျိုး ပြောလာနေပြီ။

အိမ်က အဖေနှင့်အမေဆို ဒီသတင်းကို သဲ့သဲ့မျှပင် မကြားကြသေး။

ကြားများကြားလျှင် မိုးမီးလောင်အောင် ဆူပွက်ကြဦးမလား မသိ။

"ဟင်း . . ."

နေ့လည်က ကျော်ဇောတို့နှင့် အလုပ်ခန်းမှာ စကားပြော အဆင်မပြေ ဖြစ်လာပြီး အိမ်ရောက်သည့်တိုင် သက်ဆွေ ခေါင်းထဲမှ ဒီကိစ္စများက မထွက်။

စိတ်မောမောနှင့် သက်ပြင်းတစ်ချက်ချရင်း ခုတင်ပေါ် ပစ်လှဲသည်။

သို့သော် ကြောက်သလားဆိုတော့ သက်ဆွေ မကြောက်။ မြိုင်နှင့် ပတ်သက်၍ ဘာမဆို ရင်ဆိုင်ဖို့ ကြိုတင် ဆုံးဖြတ်ထားချက်တွေ သူ့မှာ တော်တော်များများ ရှိပြီးသား။

မြိုင့်ကို သူ ချစ်သည်။

အဖြေပေးသောနေ့က မြိုင် ပြောခဲ့သော စကားလေးများသည်



သူ့နားထဲမှာ ဘယ်သောအခါမှ ပျောက်ပျက်သွားလိမ့်မည် မဟုတ်။

ထိုနေ့က အဖြစ်အပျက်လေးများကို ခြင်ထောင်အမိုးအား ...တ်ကားပြု အဖြစ်ထား၍ အသေးစိတ် သူ ပြန်မြင်ယောင်ကြည့်သည်။

အရာအားလုံးသည် လှပ အေးချမ်းနေ၏။

ထိုနေ့ကလည်း ကိုးကွယ့်ရင်ပြင်ကိုသာ တတိယအကြိမ် သွား ...ရောက်ခဲ့ကြသည်။

နွေရက်မို့ ပတ်ဝန်းကျင်၌ ခြောက်သွေ့ ပူပြင်းခြင်းများသာ ကြီးစိုး ...သော်လည်း ရင်ပြင်ထောင့်စွန်း တရုပ်စကားပင်ရိပ်လေးကတော့ ...အေးချမ်းမြ အေးချမ်းနေဆဲပင်။

"မြိုင် . . ."

သက်ဆွေ ကြည့်သော အကြည့်အတိုင်းတွင် မြိုင့်မျက်နှာ၌ ...က်သွေးလေးများ ဝေ့ခနဲ့ ဝေ့ခနဲ ဖြတ်ကူးနေသည်ကို မြင်ရသည်။

"ဘာလဲ ကိုသက်ဆွေ"

"အဖြေလေ"

"အို . . . ကိုသက်ဆွေကလဲ နေပါဦးလို့၊ ဟာကတည်း အမေ့နား ...က ကလေးက မုန့်ဖိုး ကပ်တောင်းနေတာ ကျနေတာပဲ"

"စောင့်ရတာ ကြာပြီလေ မြိုင်ရယ်"

"စောင့်ရကျိုး နပ်ပါစေမယ်လို့ ပြောပြီးပြီပဲ၊ ခဏလေး နေပါဦး ...ဘာလား"

"အင်း . . . ဒါဖြင့် နောက်ထပ် ငါးစက္ကန့်တိတိ စောင့်မယ်၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



. . . တစ်၊ နှစ်"

မြိုင်က အသံလေး ထွက်အောင် ရယ်ရင်း သူ့ပခုံးကို တွန်း၍ . . .

"တော်ပါ၊ ဘာငါးစက္ကန့်လဲ ငါးနာရီ ငါးနာရီ . . . ငါးနာရီ ဆိုတာတောင် နာရီ ငါးနာရီကို ပြောတာ မဟုတ်ဘူး၊ ညနေ ငါးနာရီမှ အဖြေပေးမယ်လို့ ပြောတာ"

"ဟာ . . . အဲဒါတော့ လုံးဝမရဘူး၊ အဖြေပေးပြီးရင် ညနေငါးနာရီ မဟုတ်ဘူး၊ ဒီပေါ်မှာပဲ တစ်သက်လုံး နေချင်နေ၊ ရတယ်၊ အဲဒီအချိန်အထိ အဖြေစောင့်နေရရင်တော့ ဒီမှာတင် ကိုယ်သေသွားနိုင်တယ်"

မြိုင်က ပြုံးသည်။

"သေတော့ မသေပါနဲ့ ကိုသက်ဆွေရယ်၊ ငါးနာရီ မဟုတ်တောင် ခဏလေး စောင့်ပါ၊ မြိုင် စကားနည်းနည်း ပြောပါရစေ"

"အင်း . . . ရတယ် . . . ပြော"

"ကိုသက်ဆွေ မြိုင့်ကို တကယ်ချစ်တာ သေချာပြီနော်"

"အင်း . . . သေချာပြီ"

"ကိုသက်ဆွေ ရင်ဆိုင်ရမယ့် ပြဿနာတွေ အများကြီး ရှိနေတယ်ဆိုတာကိုလည်း ကိုသက်ဆွေ သေချာသိပြီနော်"

"အင်း . . . သိပြီ"

"အဲဒီတော့ ကိုသက်ဆွေကို မြိုင် တစ်ခုပြောမယ်၊ ကိုသက်ဆွေ ခုချိန်မှာ ဘယ်ကိစ္စကိုမှ အမှန်အတိုင်း မြင်မှာ မဟုတ်သေးဘူး၊ မြိုင့်ဆီက အဖြေလိုချင်တာ တစ်ခုတည်းကြည့်ပြီး အားလုံးကို လက်လွှတ်စပယ် ခွင့်ချည်း လွှတ်နေမှာပဲ၊ အဲဒီအတွက် ကိုသက်ဆွေကို မြိုင် အဖြေတော့ ပေးပါ





မယ်၊ ဒါပေမယ့် မြိုင် ကိုသက်ဆွေကို အမြဲ ခွင့်လွှတ်ပါ့မယ်၊ တစ်ချိန်ကျလို့ ကိုသက်ဆွေ မြိုင့်ကို ပစ်ထားခဲ့ချင်တယ်ဆိုရင် အချိန်မရွေးပစ်ထားခဲ့ပါ"

"ကျွန်တော်က ဘာဖြစ်လို့ ပစ်ထားရမှာလဲ မြိုင်"

"အပြောမလောပါနဲ့ ကိုသက်ဆွေ၊ ကိုသက်ဆွေတို့ ယောကျ်ားတွေရဲ့စိတ်ကို မြိုင် မယုံပါဘူး၊ တစ်သက်လုံး ချစ်သွားပါ့မယ်၊ ဘယ်တော့မှ ပစ်မသွားပါဘူး ဆိုတဲ့ စကားလုံးတွေကို အဟုတ်မှတ်ပြီး မျှော်လင့်တကြီးဖြစ်ပြီးမှ မြိုင် ရင်မကွဲချင်ဘူး၊ ဒါကြောင့် မြိုင့်ဘက်က ကြိုတင်ပြီး ဒီစကားပြောတာပါ၊ မြိုင့်ဘက်ကတော့ စိတ်ချပါ ကိုသက်ဆွေ၊ မြိုင့်ဘဝမှာ အချစ်နဲ့ပတ်သက်လို့ နောက်ဆုံးထားတဲ့ မျှော်လင့်ချက်ပါ၊ မြိုင် ကိုသက်ဆွေကို ချစ်ပါတယ်"

"ဟင် . . . ဒါ . . . ဒါ . . . ကျွန်တော့်ကိုပေးတဲ့ အဖြေလား မြိုင်"

မြိုင်က ခေါင်းညိတ်သည်။ ပြီးမှ . . .

"ဟုတ်တယ် မောင်၊ ဒါ မောင့်အတွက် မြိုင့်အဖြေပါ၊ မောင်ကိုလည်း မြိုင် ချစ်တဲ့အတွက် မောင်လို့ပဲ တစ်သက်လုံး ခေါ်ခွင့်ပေးပါ"

"ဟာ . . . ဝမ်းသာလိုက်တာ မြိုင်ရာ၊ ခေါ်ရမှာပေါ့၊ ပြန်ခေါ်ပါဦး မြိုင်ရယ်၊ အဲဒီလို အခေါ်ခံရတာ ဘဝင်မြင့်လွန်းလို့ . . ."

"ဘာကိုလဲ မောင်"

"အဲဒါကိုပဲလေ၊ မြိုင် အဲဒီလို အခေါ်ခံရတာကို ကျေနပ်လွန်းလို့ မောင်လို့ ပြန်ခေါ်ပါဦးလို့"

"မောင် . . . မောင် . . . မောင် . . . ကဲ၊ ကျေနပ်ပြီလား မောင်"



www.burmeseclassic.com

www.burmeseclassic.com



မြိုင်က မောင်တစ်လုံး ခေါ်လိုက်၊ ခဏနားလိုက်၊ နောက် တစ်လုံး ခေါ်လိုက်၊ ခဏနားလိုက်နှင့် မောင် သုံးလုံးတိတိအချိန် အတော်ကြာကြာလေး ယူပြီးနောက် နောက်ဆုံးပိတ် မောင့်ကိုလည်း ခဏနားပြီးမှ ခေါ်သည်။

သက်ဆွေ အူမြူလွန်းသဖြင့် ပတ်ဝန်းကျင်ကို မေ့သွားပြီး မြိုင့်ကိုယ်လေးအား သိမ်းကျုံးဖက်ရန် ပြင်လိုက်သည်။

မြိုင်က အရိပ်အကဲသိဟန်ဖြင့် ဖျတ်ခနဲ နောက်ဆုတ်လိုက်ပြီး . .

"နိုး . . . နိုး . . . မောင်၊ အဲဒါတော့ ဆောရီးပဲ၊ ဟိုမှာကြည့်ပါ ဘုရားရင်ပြင်တော်ပေါ်မှာ၊ အများသူငါ အမြင်မတော် မယ့် အလုပ်တွေ ဘာတစ်ခုမှ မလုပ်ပါနဲ့"

မြိုင့်စကားကြောင့် သက်ဆွေက ရယ်ရင်း ဘုရားဘက် လက်အုပ်ချီလျက် . . .

"ဟုတ်သားပဲ၊ တန်တော့ပါဘုရား . . . ကန်တော့ပါ၊ နောက်ကို အရှင်ဘုရားရှေ့ ဒါမျိုး ဘယ်တော့မှ မလုပ်တော့ပါဘူး၊ အရှင်ဘုရား မမြင်နိုင်တဲ့ နေရာကျမှပဲ . . ."

"ဟော့နော် . . . အလကားနေရင်း ငရဲကြီးမယ်၊ ဘုရားကို ဘာတွေ သွားပြောနေတာလဲ"

နှစ်ယောက်သား ရယ်မောသံလေးများက ဆည်းလည်းသံများနှင့်အပြိုင် ချိုလွင် ကြည်သန့်နေ၏။

အတွေးမှပေါ်လာသော ရုပ်ပုံများကိုကြည့်ရင်း သက်ဆွေ ပြုံး၏။ အရာအားလုံးကို ရင်ဆိုင်ရန်အတွက် သက်ဆွေ လုံးဝ ဝန်မ လေးတော့။

❀ ❀ ❀

(၉)

"ဟော့မောင် . . . ဖြည်းဖြည်းသွားကွာ၊ လမ်းမပေါ်က ရေတွေနဲ့ ချောနေတယ်၊ စလစ်ဖြစ်ပြီး လဲလိုက်ရင် ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်လိမ့်မယ်"

ဟဲလ်မက်ခေါင်းစွပ်ကို ဖြတ်၍လာရသောအသံမို့ အလွတ်ပြောသလို သဲသဲကွဲကွဲကြီးတော့မဟုတ်။ သို့သော် ကြားသာရုံနှင့် နားလည်ရုံတော့ ရှိပါသည်။

သက်ဆွေက ရယ်လိုက်ရင်း . . .

"ရပါတယ် မြိုင်ရ မပူပါနဲ့၊ မြိုင်သာ မောင့်ကို သေချာဖက်ထား၊ လွင့်ကျသွားလိမ့်မယ်"

မြိုင်နှင့် အတူတူ လည်ရန်အတွက် အကောင်းဆုံး နည်းလမ်းတစ်ခုကို သကြံန်မတိုင်မီလေးကမှ တပ်၍ အချိန်မီ ရှာတွေ့ထားလိုက်သဖြင့် သက်ဆွေ ရှေ့ရေလည်လည် သဘောကျနေသည်။

အလျှင်က မြိုင်နှင့်လည်ရာတွင် ပ..ကြောင့်ကျ အကြီးဆုံးကိစ္စမှာ သူအတော်တော်များများတွေ့ မှတ်မိနေသော မြိုင့်မျက်နှာကို လူမမြင်အောင် ဖွယ်ရ၊ ဖုံးရသည့်ဒုက္ခပင် ဖြစ်၏။

နေကာ မျက်မှန်တပ်ထားရတာမျိုး၊ ထီးထက်ပိ လိုးစပ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစည်းမပါပါ ချည်ထားရတာမို့၊ စသည်ဖြင့် တစ်ခါတစ်ခါ အပြင်ထွ
ဖို့အရေး ခေါင်းခြောက်နေအောင် စဉ်းစားရသည်။

နောက်ဆုံး ကားမှန်များပင် မနေရ၊ အပြင်မှ အလွယ်တ
မမြင်နိုင်သော ပလပ်စတစ်များ ကပ်ထားရသည်။

ဒီကိစ္စကို ဖေဖေကတော့ လုံးဝ ပြဿနာ ရှာ၏။

"ဟောကောင် သက်ခွေ၊ ငါ့ကားလည်း မင်းယူစီးမှ ဘယ်လို
သွားတာလဲကွာ၊ နေ့ခင်းကြောင်တောင်တောင် သရဲခြောက်မှာ ကြော
တယ်၊ ဘာလဲ၊ မင်းက ကားထဲမှာ ဓါတ်ပုံကူးမလို့ အမှောင်ခန်း လုပ်ထ
တာလား"

"ဟာ . . . ဖေဖေကလဲ၊ ဒီလောက် မမှောင်ပါဘူး၊ အပြင်က
အထဲမမြင်ရအောင် လုပ်ထားတာပါ။ လင်းလင်းချင်းချင်းကြီးဆိုတော့အထဲ
ဘာလုပ်လုပ် အပြင်က အကုန်မြင်နေရတာ မကောင်းပါဘူး"

ဖေဖေမျက်နှာ ရှုံ့မဲ့သွားသည်။

"ဟ . . . ကားပေါ်မှာ ကားထိုင်စီးတာ အပြင်က မြင်တော့
ဘာအရေးစိုက်ရမှာလဲကွ၊ ငါတို့အိမ်မှာ ကားထိုင်စီးရင်း မဟုတ်ကဟုတ်
လုပ်တဲ့သူ ဘယ်နှစ်ယောက် ရှိလို့လဲ၊ ရှိခြင်းရှိ မင်းပဲရှိမှာ"

"ဟာ . . . သားက ဘာမဟုတ်ကဟုတ်က လုပ်ရမှာလဲ ဖေ

"အေး . . . မလုပ်ရင်လဲ၊ အဲဒါကြီး ပြန်ခွာထားလိုက်စမ်းပါ
ကြည့်ရတာ ကျက်သရေကို မရှိဘူး၊ ကားက နဂိုကမှ ကပ်ထားတော့
တွေကဝါ မည်းနေရော၊ ကပ်ချင်ရင် မင်း ပလတ်စတစ်ပြားတွေ အိမ်
ချေးယိုအိမ်သာက မှန်တွေမှာ သွားကပ်ထား၊ အပြင်က တကယ်မမြင်
လိုအပ်တဲ့နေရာ အဲဒီ တစ်နေရာပဲ ရှိတယ်"



ဤသို့ဤနှယ် ပြဿနာသော များသည် တကယ်တမ်းကျတော့
ဤနည်းကလည်း သိပ်အသုံးဝင်လှသည်မဟုတ်။ လေအေးစက် မပါသော
ကားမို့ ကားမောင်းနေရင်းနှင့်လည်း မှန်တွေပိတ်မထားနိုင်။ ပြီးတော့
သူတို့နှစ်ယောက်ကလည်း ကားပေါ်မှာချည်း အချိန်ပြည့် နေရသည်
မဟုတ်။

ကြာတော့ မြိုင့်ကို မဂိုကုလားမတွေလို အဝတ်မည်းကြီး ခေါင်းမြီး
ခြုံပေးထားရ ကောင်းမလားဆိုသော အဆင့်အထိပင် စဉ်းစားလာရတော့
သည်။

ကံကောင်းချင်တော့ သကြန်မတိုင်မီ တစ်ပတ်လောက်က မြိုင်နှင့်
ခေါင်းစွပ်အပိုတစ်လုံးဆောင်၍ မြိုင့်အား ဆောင်းစေပြီး နောက်ခုံတွင်
တင်၍သွားသည်။

အဆင်ပြေလိုက်သည်မှာ ပြောစရာမရှိ။

သွားချင်ရာသွား၊ လမ်းတစ်လျှောက်လုံးမှာ ဆိုင်ကယ် ခေါင်းစွပ်
ကြီးတွင်ရှေ့က လေကာမှန်အနက်ပါတပ်ပြီး ဆောင်းထားသဖြင့် နှစ်
ယောက်စလုံးကို ဘယ်သူဘယ်ဝါမှာ ဘယ်သူမှမသိနိုင်တော့။ မြန်မာပြည်
မှာကလည်း ဆိုင်ကယ်နံပါတ်ကို၊ ကားနံပါတ်ကို အလွယ်တကူ မှတ်မိသူ
တွေ ခပ်ရှားရှား၊ ပြီးတော့ ကိုယ်လုံးကိုယ်ပေါက်သာကြည့်၍ ဒီလူဘယ်သူဟု
မှန်းဆနိုင်သည့် စုံထောက်အတတ်ပညာမျိုးကလည်း ကမ္ဘာမှာပင် ပေါ်သေး
ဟန်မတူ။

ဆိုင်ကယ်ရပ်၍ တစ်နေရာဝင်လည်၊ ဝင်စားသောက်၊ ရပ်စကား
ပြောသည့် အချိန်လောက်သာ အန္တရာယ် ရှိတော့သည်။

သို့သော် ခုလိုသကြန်မိုးကျတော့ ဆိုင်ကယ်စီးရတာ နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာ ကောင်းတာတလွဲ၍ လူတစ်ကိုယ်လုံး ထွက်လည်ပြီး မျက်
လူမမြင်အောင် လုပ်ထားနိုင်သည့် အကျိုးကျေးဇူးက မဟာရောမ။

"ချမ်းပြီ မောင်ရဲ့ မပြန်ကြသေးဘူးလား"

"ဘာလို့ပြန်ဦးမှာလဲ မြိုင်ရဲ့၊ ချမ်းရင်တစ်နေရာရာမှာ ခဏနား
မေ့"

"အို . . . ချမ်းတာ၊ တစ်နေရာရာမှာ ဝင်နားလို့ ရမလား
အဝတ်တွေက ရှိနေတာ"

"အဲဒါ မပူနဲ့ အဝတ်တွေ ခဏလဲထားလို့ ရတဲ့နေရာမှာ နားမ

"အဲဒီနေရာ ဘယ်မှာလဲ"

ပြောစာနီးက စွတ်ရွတ် ပြောထည့်လိုက်သော်လည်း ခု မြိုင်
ပြန်မေးမှ သက်ဆွေ နည်းနည်း ခေါင်းခြောက်သွားသည်။ သူငယ်ချ
မိန်းကလေး အိမ်တွေတော့ ရှိသည်။ သို့သော် အဲဒီအိမ်မျိုး ဝင်နားသ
အတွက် ပြဿနာ မရှိဘူးဟု မပြောနိုင်။ ဆွေမျိုးအိမ်တွေကတော့ ထည
မစဉ်းစားရဲ။

အဲ . . . တစ်အိမ်တော့ ရှိသည်။

မိန်းကလေး အဝတ်အစားကတော့ ရဖို့မလွယ်၊ သို့သော် ဒါ
ပြဿနာ မဟုတ်။ ယောကျ်ားအဝတ်အစားများ ခဏလဲထားလိုက်လျ
လည်း ပြီးသည့်ကိစ္စ။

ထိုအကြံအစည်အတိုင်း လိုက်နာဆောင်ရန် ဆုံးဖြတ်လိုက်
ကိုလှိုင့် အိမ်။





"ဟာ . . . ဟေ့ . . . ကိုသက်၊ ဘယ်လိုလဲကွာ၊ မင်း
. . . ပျောက်နေလိုက်တာ၊ ခုတော့လဲ သကြၤန်တွင်း ရေစိုကြီးနဲ့ နေဦး
. . . နေဦး . . . အဝတ်အလျှင်လဲလိုက်ဦး"

ဆိုင်ကယ်ကိုစက်သတ်၍ ခြံဝင်းထဲဝင်လာပြီး တစ်ယောက်တည်း
အလျှင်တက်လာခဲ့သဖြင့် ကိုလှိုင်က သက်ဆွေမှာ ချည်သည့် အဝိတစ်
ယောက် ပါလာသေးမှန်း မသိ။

သက်ဆွေက လက်ကာရင်း . . .

"လဲမယ် ကိုလှိုင်၊ တစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက်စလုံး
လဲရမှာ၊ ကိုလှိုင့်မှာ မိန်းကလေး အဝတ်အစား တစ်စုံလောက် မရှိဘူးလား"

"ဟာ . . . ငါက မိန်းကလေး အဝတ်အစားဝတ်ပြီး ဘယ်ခရီး
သွားစရာလိုလို့ အပိုဆောင်ထားရမှာလဲကွ၊ နေပါဦး မင်းက ဘယ်သူ့ခေါ်
လာလို့လဲ၊ ဘယ်သူပါသေးလဲ"

"ကိုလှိုင် တွေ့ရမှာပေါ့ဗျာ၊ ကျွန်တော် . . . ကျွန်တော် ရည်းစား
ခေါ်လာတယ်"

"ဟေ့ . . ."

"ဘာ့နေနိုးလာ . . . အပြင်မှာ ကောင်မလေး ရှိတယ်၊ မိတ်
ဆက်ပေးမယ်၊ ပြီးရင် သူ့ရေစိုအဝတ်တွေ လဲထားဖို့ပါ ကိုလှိုင့် အဝတ်အစား
တစ်စုံပေး"

"ဟာ . . . ဒီကောင် လုပ်လိုက်ရင် ဒါမျိုးချည့်ပဲဟု တွေ့၍
ကိုလှိုင် ဟာယီးဟားယားနှင့် သက်ဆွေနောက်ကနေလိုက်ရင်း အပြင်ထွက်လာ
သည်။

"ဒါ . . . လာ မြိုင်၊ မြိုင်နဲ့ မိတ်ဆက်ပေးမယ်၊ ဒါ မောင့်

www.burmeseclassic.com

အစ်ကိုဝမ်းကွဲ ကိုလှိုင် . . . တဲ့၊ ကိုလှိုင် ဒါ ကျွန်တော့် ချစ်ချစ်ပဲ"

ကိုလှိုင် ရယ်ရမလို ပြုံးရမလို ဖြစ်နေဆဲ မြိုင်က သူ့ခေါင်းစွပ်ပြ ကို မရှ ချွတ်လိုက်သည်။ ကိုလှိုင် အံ့အားသင့်စွာ ကြည့်နေဆဲ မြိုင် ပြုံး၍ . . .

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုလှိုင်"

"ဟုတ် . . . ဟုတ်ကဲ့ ကျွန်တော်လဲ ဝမ်းသာပါတ မမေသင်းခိုင်"

"မြိုင်ပဲခေါ် ကိုလှိုင်၊ မြိုင်ဆိုတာ မြိုင့်နာမည်ရင်းပဲ၊ ကဲ . . . သွားကြပြီဆိုရင် အဝတ်လဲဖို့ လုပ်ရအောင်၊ ကိုလှိုင် ခုန ကျွန်တော် မှာ တာ လုပ်ဗျာ၊ အဝတ်နှစ်စုံလောက်"

"ဩော် . . . အေးအေး၊ လာကြကွာ . . . အထဲဝင်ကြဦး အဝတ်အစားတွေ သွားယူပေးမယ်"

ကိုလှိုင် သုတ်သီးသုတ်ပျာနှင့်အခန်းထဲ ပြန်ဝင်သွားရင်း . . .

"မောင်"

"ဘာလဲ မြိုင်"

"အစ်ကိုလှိုင်က အိမ်ထောင်နဲ့လား"

"ဟင့်အင်း . . . မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒါဖြင့် ညီမတွေ အစ်မတွေ ရှိလို့လား"

"မရှိပါဘူး၊ ဒီအိမ်မှာ သူတစ်ယောက်တည်းနေတာ ဖြစ်လို့လဲ မြိုင်"

"ဟာ . . . ဒါဖြင့် အားနာစရာကြီးကွာ မောင်ကလဲ၊ ယော လေး တစ်ယောက်တည်းနေတဲ့အိမ်မှာ မြိုင်ဝတ်ဖို့ အဝတ်အစား သ





လုပ်ရှိမလဲ"

"အို . . . မြိုင်ကလဲ၊ သူ့ဝှဆိုးတွေ အကျီတွေ ရှိတာပဲ၊ အဲဒါတွေ ကာဝတ်ထားပေါ့"

"မောင်ကလဲ ခက်လိုက်တာ၊ သူ့အဝတ်အစားတွေ မြိုင် ဝတ်မှာ ဒို သူက ကြိုက်ပါ့မလား၊ သူ့ဘုန်းနိမ့်မှာ စိုးတာတို့ ဘာတို့ ဖြစ်နေရင် ခက်ဘူးလား၊ မောင်ကလဲလေ လုပ်လိုက်ရင် အလိုချည်း ပဲ"

"အဲလိုမဟုတ်ဘူးမြိုင်၊ ကိုလှိုင်နဲ့ မောင်နဲ့က သိပ်ချစ်တဲ့ညီအစ်ကို တွေ၊ သူကလဲ ဒါမျိုး အယူသည်းတတ်တာ မဟုတ်ဘူး၊ သည်းရင်လည်း ဘိစ္စမရှိဘူး မြိုင်၊ ဂျီအီးဂျီအီး များနေရင် အဲဒီအဝတ်အစားအတိုင်း သူကို သစ်နှစ်စုံ ဝယ်ပေးလိုက်မယ်၊ လောလောဆယ် မြိုင်ကသာ သူ့အဝတ် စားတွေ ဝတ်ဖို့မသတီမှာစိုးတာ၊ အဲဒီ လူကြီးက လူပျိုကြီး မြိုင်ရဲ့၊ သူ့အ တ်အစားတွေက သန့်ချင်မှသန့်မှာ"

"ဟာ . . . မောင်ကလဲ၊ လူပျိုကြီး ဖြစ်တာနဲ့ အဝတ်အစား တွေက မသန့်ရတော့ဘူးတဲ့လား၊ ဘာဆိုင်လို့လဲ"

သက်ဆွေက ရယ်သည်။

"မြိုင် မသိပါဘူး၊ လူပျိုကြီး အဝတ်အစားဆိုတာ ညစ်ပတ်တယ် သိရဲ့လား"

"ဘာဖြစ်လို့လဲ"

"လျှော်ပေးမယ့်လူ ရှိမှမရှိတာ မြိုင်ရဲ့၊ အဲဒါပြောတာပါ၊ မြိုင်ဟာကြောင့် မဟုတ်ပါဘူး"

မြိုင်က ရယ်ရင်း အောက်နှုတ်ခမ်းလေးကို ကိုက်၍ သက်ဆွေကို ဆုံးရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမောင်ဟာလေ တော်တော်ဆိုးတယ်၊ သူများ အဝတ်အစားလည်း ငှားဝတ်သေးတယ်၊ ပေါက်ကရလဲ လျှောက်ပြောသေးတယ်၊ ဟိုကကြားရင် စိတ်ဆိုးမှာ"

ထိုစဉ် ထိုအကြောင်းများ ဘာမှမသိသော ကိုလှိုင်ကတော့ သူ့ရှိစုမဲ့စု အဝတ်အစားလေးများထဲမှ အကောင်းဆိုသည့် ဝတ်စုံနှစ်စုံကို ထုတ်ယူကိုင်ရင်း ပျာပျာမျှာမျှာနှင့် ပြန်လာသည်။

သက်ဆွေက မြိုင်ကြားသာ့ရဲ့ လေသံ တိုးတိုးလေးဖြင့် . . .

"မြိုင် မဝတ်ခင် အဝတ်အစားတွေကို သေချာ နမ်းကြည့်ဦးနော်"

"ကြည့် . . . ဒီ လုပ်ဖြန်ပြီ၊ မောင်နော်၊ တော်တော့၊ ဟိုက ကြားပါဦးမယ်"

သက်ဆွေကတော့ အလွန်သဘောကျနေသော မျက်နှာဖြင့် တဟားဟား ရယ်နေ၏။

မှတ်မှတ်မိမိ ထိုနေ့က သင်္ကြန် အကျနေ့။

* * *



# စတုတ္ထ ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

(၈)

"မင်းကွာ နေနိုင်လိုက်တာ၊ သင်္ကြန်တွင်း တစ်တွင်းလုံးကို ပေါ်မလာတော့ဘူး၊ ငါနဲ့မာန်အောင် နှစ်ယောက်စလုံး ချာရပတ်ကို လည်နေတာပဲ၊ တစ်နေ့လုံး မအားတောင် ခဏဖြစ်ဖြစ် လာကူပေးဖို့ ကောင်းတယ်"

တင်းတင်း ပြောလိုက်တိုင်း သူငယ်ချင်းနှစ်ယောက် ထ, စကားများလုနီးပါးအထိ ဖြစ်ဖြစ်သွားတတ်သည်ကို ကျော်ဇောလည်း သတိရနေပုံရသည်။ ဒီတစ်ခါတော့ ခါတိုင်းလို ခနီးရောက်မဆိုက် ပြဿနာလုပ်တာမျိုး မလုပ်တော့။

သက်ဆွေ အခန်းကို ရောက်ပြီး အချိန်အတော်ကြာကြာအထိ ပုံမှန်အတိုင်း ဆက်ဆံနေသေးသည်၊ စိတ်အေးလက်အေးရှိလောက်သည့် အချိန်ရောက်မှ လေသံအေးအေးဖြင့် အပြစ်တင်စကားကို ညင်ညင်သာသာ စပြောသည်။

သက်ဆွေ သက်ပြင်းတစ်ချက် ချလိုက်၏။

ကိုယ်အပြစ်နှင့်ကိုယ်မို့ သက်ဆွေကလည်း ဒီတစ်ခါ ငြိမ်နေရသည်။

သူ့စိတ်ထဲမှာလည်း သဘောပေါက်ပြီးသား။ ကျော်ဇော အပြစ်တင်ခြင်းသည် လုံးဝမလွန်။ သင်္ကြန်ရက်များမှာ အလုပ်တွေ အများကြီး ရထားသည်ကို သူလည်း အစောကြီးကတည်းက သိထားသည်။ သင်္ကြန် မကျွပ်သုံး လေးငါးခုက သူတို့မဏ္ဍပ်မှာ ဓါတ်ပုံလာရိုက်ပေးဖို့ကိစ္စကို သင်္ကြန် မတိုင်မီ လေးငါးရက်ကတည်းက ကြိုအပ်ထားသည်။



ဒီမဏ္ဍပ်များကို နေ့ရောညပါ လူနှစ်ယောက်တည်းနှင့် ဟိုပြေးဒီပြေးရိုက်ရသည့် ဒုက္ခသည် ဘယ်လောက်ပင်ပန်းကြီးကျယ်မှန်း သက်ဆွေ သိသည်။

သို့သော် သက်ဆွေ တစ်ခေါက်မှ မရောက်ဖြစ်။ သင်္ကြန်တွင်းရှိသမျှ အကျ၊ အကြတ်၊ အတက်ရက်များအားလုံး ငြိမ်နှင့်သာအချိန်ကုန်ခဲ့သည်။

"မင်း မှားလိမ့်မယ် သက်ဆွေ၊ တော်ရုံတန်ရုံ ဘာကိစ္စမှ ငါ ဝင်မပြောတတ်တာ မင်း သိပါတယ်၊ ဒါပေမယ့် ဒီကိစ္စမှာတော့ သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ ငါ အကြံပေးပါရစေကွာ၊ မင်းလုပ်နေတဲ့ လုပ်တွေကို မင်း သေချာ ပြန်စဉ်းစားဖို့ ကောင်းပြီ"

မာန်အောင်က ထူးထူးခြားခြား စကားရှည်ရှည် စိတ်ရှည်ရှည်ဖြင့် ပြောလိုက်ခြင်းကြောင့် သက်ဆွေ အံ့ဩသွား၏။

သက်ဆွေ ဘာမှ မပြောရခင် ကျော်ဇောက ဝင်၍ . . .

"ငါက ဘာတွေလုပ်နေလို့လဲဆိုတဲ့ မေးခွန်းမျိုးကို ပြန်မမေးနဲ့ သက်ဆွေ၊ မင်းကိစ္စ ငါတို့ အားလုံးနီးပါး သိပြီးသား၊ မင်းနဲ့ မေသင်းခိုင် ဘယ်အဆင့်အထိ ရောက်နေကြပြီဆိုတာလဲ ငါတို့ သိတယ်"

ဒီစကားသည်လည်း မမှားနိုင်။

ဒီအချိန်အထိ သူ့ကိစ္စ ဘာမှ မသိနိုင်လောက်အောင် ကျော်ဇော တို့ မအ။

သက်ဆွေ သူတို့အပေါ် လျှော့တန်သလောက် အလျှော့ပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်၍ လေသံပျော့ပျော့နှင့်ပင် ပြန်ပြီး . . .

"မင်းတို့ ဘယ်လို သိထားလို့လဲ ကျော်ဇော"

"မင်း မေသင်းခိုင်တို့ အတော်လေး စွဲစွဲလမ်းလမ်း ဖြစ်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား သက်ဆွေ၊ မင်းတို့ချင်းလည်း အတော်ရင်းနှီးတဲ့ ရည်းစားတွေ ဖြစ်နေကြပြီ မဟုတ်လား"

သက်ဆွေ ဒုတိယမ္ပိ သက်ပြင်းချလိုက်ရင်း . . .

"ဟုတ်တယ် ကျော်ဇော၊ ငါနဲ့ မြိုင်နဲ့ ချစ်နေကြပြီ၊ မြိုင့်ကိုလဲ ငါအရမ်းချစ်တယ်၊ သူ့ကို ဦးစားပေးမိလို့ ငါ့ဘက်က တာဝန်ပျက်ခဲ့တဲ့ကိစ္စတွေအတွက်လဲ ငါတောင်းပန်ပါတယ်ကွာ၊ ဒီဘက်ပိုင်းမှာ မင်းတို့ နည်းနည်းမြန်နားပြီး ငါ့ကို ပိုနိုင်းပါ၊ ငါ အစားပြန်ဖြည့်ပြီး လုပ်ပေးပါ့မယ်"

"အလုပ်ကိစ္စနဲ့ ပတ်သတ်လို့ ငါတို့ဘက်က ဘာမှ ပြဿနာ မရှိဘူး သက်ဆွေ၊ ဒါက အရေးမကြီးဘူး"

သက်ဆွေ မာန်အောင့်ကို လှမ်းကြည့်သည်။ မာန်အောင်က ဆက်၍ . . .

"အရေးကြီးတာက အဲဒီမင်းသမီးနဲ့ ဖြစ်တဲ့ကိစ္စ အဲဒီကိစ္စကို ငါ လုံးဝ မကျေနပ်ဘူး၊ အဲဒီလို ပြောလို့ မင်းစိတ်တော့ မဆိုးနဲ့"

ပြဿနာကို သူထင်မထားသူ ဖြစ်သည့် မာန်အောင်က စတင်ပြီး ဖောက်ခွဲတော့သည်။

လက်ခံတာ လက်မခံတာ အပထား ပြန်ရှင်းပြရမည့် တိုယ့်တာဝန် အတိုင်း ပြန်ရှင်းပြတာ မမှားဟု တွက်၍ သက်ဆွေက . . .

"ကိစ္စမရှိဘူး မာန်အောင်၊ မင်းတို့စိတ်ထဲမှာ ရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ ငါ စိတ်မဆိုးပါဘူး၊ ဒါပေမယ့် မင်းတို့ဘာလို့ မကျေနပ်ဘူး ဆိုတာကိုတော့ ငါ့ကို သေချာရှင်းပြ"

"မင်း ရှင်းပြလိုက် ကျော်ဇော"

မာန်အောင်ထံသို့ မူလလက်တောင်း တုံးတိတိ လေသံများ





ရောက်သွားပြီး အသေးစိတ်တာဝန်ကို ကျော်ဇောနှင့် လွှဲလိုက်သည်။

သက်ဆွေက ဟိုးအစောပိုင်း မြကွဒိန်ထုတ်ဖို့ လုံးပန်းကြစဉ်က ပြီးခဲ့ထားပြီး ဘယ်မှာမှ မသုံးဖြစ်သဖြင့် ဆိုင်မှာ အလှချိတ်ထားလိုက် တာ မြိုင့် ဓါတ်ပုံကြီးကို တစ်ချက်လှမ်းကြည့်မိသည်။

"မြိုင် ဝိုးရိမ်ခဲ့တယ်ဆိုတဲ့ ပြဿနာရဲ့ တစ်စိတ်တစ်ဒေသကတော့ ထင်တယ် မြိုင်၊ ဒီကောင်တွေကလဲ ပုံကြီးချဲ့တဲ့ကိစ္စကို တောင်းတောင်း းကျင်ပြီးသား"

စိတ်ထဲကနေ မြိုင့်ကို ရည်ရွယ်လျက် ခပ်တိုးတိုး ပြောလိုက်၏။

"ပွင့်ပွင့်လင်းလင်း မင်းကို ငါပြောရမယ် သက်ဆွေ၊ မင်း မေသင်း ကို အပျော်အနေနဲ့ ကြံတာဆိုရင် မင်း ကြိုက်သလိုနေ၊ ငါတို့ဘက်က ကန့်ကွက်စရာ မရှိဘူး၊ ဒါပေမယ့် ခံစားချက်ကြီးနဲ့ အပီအပြင် ကြိုက် တာဆိုရင်တော့ ငါတို့ လုံးဝ သဘောမတူဘူး"

"မင်းအိမ်ကလဲ ဒီကိစ္စကို သိတာနဲ့ ငါတို့ကိုပဲ အပြစ်တင်မှာ"

ကျော်ဇောကော မာန်အောင်ပါ ညှပ်ပြောသည်။

သက်ဆွေ ခေါင်းခါလိုက်ပြီး . . .

"ငါ မြိုင့်ကို တကယ်ချစ်တာ ကျော်ဇော၊ ပန်းသရဖူဆိုတဲ့ သန်းနုတွန်းကလို ရလဲရ မရလဲ ပြီးရောဆိုပြီး အပျော်သွားပိုးတာ တ်ဘူး"

"တကယ်ချစ်တယ်ဆိုတော့ မင်းကတကယ်ယူမှာပေါ့ ဟုတ်လား"

"တကယ် မယူဘဲ ငါက ဒီကိစ္စနဲ့ တကယ်သွားချစ်မှာလဲ မာန်



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ဒီမှာ မင်းတို့နှစ်ယောက်စလုံး သေချာသဘောပေါက်ကွာ၊ မြိုင့်
ငါ ချစ်တဲ့အတွက် ပြဿနာတွေ အများကြီးရှိတယ် ဆိုတာ ငါသိတယ်
မင်းတို့မှ မဟုတ်ဘူး၊ ငါ့အသိုင်းအဝိုင်းက ဒီကိစ္စ သိတာနဲ့ ကန့်ကွက်ကြမှာ
ငါ နားလည်တယ်၊ ဒါပေမယ့် အဲဒါတွေ အားလုံးကို ငါရင်ဆိုင်မယ်
စဉ်းစားထားပြီးသား၊ တားတာတော့ မတားကြနဲ့တော့ကွာ၊ မရတော့ဘူး

ကျော်ဇောက ခေါင်းကို သွက်သွက်ခါသည်။

"မင်းကကွာ . . . ပြောခါမှ ပိုတောင် ဆိုးလာသေးတယ်၊ ပွင့်
လင်းလင်းတွေ ပြောရင်လဲ မင်း စိတ်ဆိုးဦးမယ်၊ မင်း ပြောတဲ့ မြိုင်ဟာ
မင်း ယူသင့်တဲ့ မိန်းကလေး မဟုတ်ဘူး သက်ဆွေ၊ မင်း နာလိမ့်မယ်"

သက်ဆွေ ပြုံးသည်။

"ရပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းတို့ကို ငါ လုံးဝ စိတ်မ
တော့ဘူးလို့ ဆုံးဖြတ်ပြီးပါပြီ ကျော်ဇော၊ မင်းတို့ ပြောချင်တာ ပြော
ရတယ်၊ ပြောစရာရှိတဲ့ စကားကို ကုန်အောင်သာပြော၊ ဒါပေမယ့် ငါ
ပြောလို့ မရရင်လဲ မင်းတို့က ငါ့ပြန်စိတ်မဆိုးနဲ့၊ ငါ မြိုင့်ကို ချစ်တဲ့အ
နည်းနည်း များနေတယ်"

ကျော်ဇောက ခေါင်းညိတ်သည်။

"အေး . . . အဲဒါဆို ငါ တည့်တည့်ပဲ ပြောမယ် သက်ဆွေ
သူများကြိုက်သလို သုံးပြီးသား ပစ္စည်းအဟောင်း ပန်တော်ကျကြီးကို မင်း
ဘာဖြစ်လို့ ဒီလောက် မက်မောနေရတာလဲ သက်ဆွေ၊ မင်း သူ့လိုပဲ လှ
အပျိုစစ်စစ် မိန်းမကောင်းလေးတွေကို ရအောင် မရှာနိုင်တော့ဘူးလား"

"မင်း စကားလုံးတွေက သိပ်မကြမ်းလွန်းဘူးလား ကျော်ဇော
အေးလေ . . . ထားပါတော့၊ စကားလုံးက အရေးမကြီးပါဘူး၊ ဒါပေမယ့်



မြိုင့်ကို ပန်တော်ကျလို့ စွပ်စွဲနိုင်လောက်အောင် မင်းမှာ ခိုင်လုံတဲ့ အထောက်
အထား ရှိလို့လား၊ နောက်ပြီး အပျိုစစ်စစ်နဲ့ မိန်းမကောင်းဆိုတဲ့စကားကို
တွဲသုံးထားတော့ အပျိုမစစ်ရင် မိန်းမကောင်း မဟုတ်တော့ဘူးလား၊
မြိုင်ကကော အပျိုမစစ်ပါဘူး၊ မိန်းမကောင်း မဟုတ်ပါဘူးလို့ မင်း
သက်သေသာဓကပြပြီး ပြောနိုင်လို့လား"

"ဒီကိစ္စမျိုးဟာ အချက်အလက်နဲ့ ဆက်စပ် စဉ်းစားရတာမျိုးပဲ
သက်ဆွေ၊ ဘယ်သူမှ ဒီကိစ္စတွေ လုပ်နေတုန်းက သက်သေသာဓက အစုံ
အလင်နဲ့ လုပ်နေကြတာမဟုတ်ဘူး၊ အခု မင်း မြိုင်နဲ့ပတ်သက်တဲ့ သတင်း
စကားကလဲ ငါတို့က လုပ်ကြံပြောနေတာ မဟုတ်ဘူး၊ မင်းနဲ့မြိုင်နဲ့ လူချင်း
မတွေ့ဖူးခင်ကတည်းက သူတို့အတွင်းရေးကို အသိနိုင်ဆုံးဖြစ်တဲ့ သူတို့
လောကသားတွေထဲမှာ ဒီစကားဟာ သူ့ဟာသူ ရှိနှင့်ပြီးသား၊ မင်းနဲ့ ကြိုက်မှ
မနာလိုဖြစ်ပြီး ဘေးလူတွေက ခုမှတီထွင်ပြောကြတာလဲ မဟုတ်ဘူး"

"မင်း ပြောတာ ဦးမြတ်ထွန်းနဲ့ ပတ်သက်တဲ့ကိစ္စ မဟုတ်လား
ကျော်ဇော၊ ဒီကိစ္စ မြိုင့်ကို ငါ သေသေချာချာ မေးပြီးပါပြီကွာ၊ မဟုတ်ပါဘူး၊
သူတို့နှစ်ယောက်က သားအဖလို နေကြတာပါ"

ကျော်ဇော ရယ်သည်။ ရယ်သည်မှ မပြုံးပဲ ဝါးလုံးကွဲအောင်
ထရယ်ခြင်း ဖြစ်၏။ မာန်အောင်ကတော့ စိတ်သိပ်မရှည်တော့ဟန်ဖြင့်
တစ်ချက် မဲ့ပြုံး ပြုံးရင်း ဝိုင်းထဲမှ ထသွားသည်။

သက်ဆွေ စိတ်ထဲ ထောင်းခနဲ မေါသဖြစ်သွားသော်လည်း
စိတ်ကို ထိန်း၍ . . .

"မင်း ဘာရယ်တာလဲ ကျော်ဇော"

"ရယ်ချင်လို့ပေါ့ကွာ၊ ဒီမှာသက်ဆွေ၊ ငါတို့စကား အများကြီး

www.burmeseclassic.com

www.burmeseclassic.com



လွန်နေမှန်း ငါတို့ သိပါတယ်၊ ဒါပေမယ့် ...င်းက အမှန်အတိုင်း... စိတ်မဆိုးဘူးဆိုလို့ ပြောတာ၊ အဖြေက ရှင်းရှင်းပဲကွာ၊ အပြစ်ရှိလား ... လားဆိုတာကို မင်းက တရားခံသွားမေးတာကိုး၊ ကဲလေ၊ ဒီလိုလု... ဦးမြတ်ထွန်းနဲ့ ပတ်သက်တဲ့ကိစ္စကို မင်းဟာမင်း အမြင်မှာ ဘယ်နှစ်ခါ... ပြီပလဲ"

သက်ဆွေ သက်ပြင်းတစ်ချက်ချရင်း ခေါင်းခါသည်။

"ငါ မစုံစမ်းရသေးဘူး"

"အေး . . . ဒါဖြင့် စုံစမ်းကြည့်ကွာ၊ စုံစမ်းကြည့်လို့ မဟုတ်ဘူး... ရင်တော့ တစ်မျိုးပေါ့၊ ငါတို့ သိသလောက်တော့ မင်းကိုသာ ဒုပတ်ချင်... ပတ်နေတာ၊ ခုဆိုတောင် သူတို့နှစ်ယောက်က လွတ်လွတ်ကင်းကင်း မပျော်... ဘူးလို့ ကြားတယ်"

"ဟော့တော့ သက်ဆွေ၊ ဒီပြင်ဟာမစဉ်းစားနဲ့၊ ကိုယ်တိုင်ငွေထု... ရိုက်တာ မဟုတ်ဘဲ မင်းသမီးသစ်တစ်လက်ကို ဒါရိုက်တာ ကုမ္ပဏီပိုင်... တစ်ယောက်က ဘာအတွက် ခေါင်းဆောင်မင်းသမီး တင်ရိုက်သလဲ ဆို... ကိုပဲ စဉ်းစားကြည့်၊ ရုပ်ရှင်လောကဆိုတာ တစ်ခါတလေ ငါးမူးဇာ နှစ်... ကိုတောင် အလယ်ကလွှနဲ့ခွဲပြီး သုံးလို့ရရင် သုံးချင်ကြတဲ့ လောကမျိုး... ကားတစ်ကားကို အရင်းထုတ်ပြီး ရိုက်ရတာ ကျောက်ခဲတွေနဲ့ မဟုတ်ဘူ...

ခပ်ဝေးဝေး ရောက်နေသော မာန်အောင်က ကုလားထိုင်ပေါ်... ခပ်စောင်း... စာင်းထိုင်ရင်း လှမ်းပြောသည်။

မာန်အောင့်အသံက နားထဲသို့ ဝါးကြောကို ဓားသွားဖြင့် ခွဲ... လိုက်သော အသံမျိုးအဖြစ်ဖြင့် ဝင်လာ၏။

ᨗ ᨗ ᨗ

(၂)

တိမ်တောက်ချိန် နေရည်မြန်းထားသဖြင့် သစ်ပင်ထိပ်ဖျားများ အားလုံး ရွှေရောင်တောက်နေကြသည်။

သီတင်းကျွတ်လပြည့်ရန် သုံးရက်လောက်သာ လိုတော့သည်မို့ မိုးက သူ့နေရပ်သို့ပြန်ရန် အထုပ်အပိုးပြင်စ ပြုနေပြီ။ ခါတိုင်းလို မည်းမည်း ညိုသော တိမ်လိပ်တိမ်စိုင်ကြီးများဖြင့် ခြိမ်းခြောက်မှောင်မည်း မနေတော့ပဲ တိမ်မှျင် တိမ်ဖြူပါးကလေးများဖြင့်သာ နွတ်ဆက်လေပြေညင်းလျက် ရှိနေသည်။

ဒီအချိန် တိမ်တောက်ကာလ ရှုခင်းလေးက ကမ္ဘာပေါ်ရှိ မည်သည့် တန်ဖိုးကြီး ပန်းချီကားကမှ လိုက်မမီသော သဘာဝရောင်စုံခါတ်ပုံ တစ်ခုပင်။

စိတ်ကူးလေး လှုပ်ရှားလာသဖြင့် ကိုလှိုင်က သိပ်ထုံ့ဆိုင်းမနေတော့ဘဲ အိမ်ထဲမှ ကုလားထိုင်တစ်လုံး ...ယူကာ စားပွဲကိုပါ ရွှေ့စိနပ်ချွတ် ဆုတ်လိုက်သည်။

ထို့နောက် စာရွက်လွတ်တချို့ကို ယူလာပြီး မြင်နေရသော ...င်း ...င့် ရင်တွင်းမှ စိတ်ကူးများကို စာလုံးများအဖြစ် ပြောင်းလဲ၍ စာရွက်ပေါ် ...နေတင်ရန် ကြိုးစားသည်။

www.burmeseclassic.com

ကိုလှိုင့် အိမ်ကလေးက ဝင်းတလေးခြံကလေးနှင့်မို့ သေးသေ
တာတာ ဖြစ်သော်လည်း သပ်သပ်ရပ်ရပ်နှင့် ကြည့်ကောင်းသည်။ ဆင်
ဖုံးမြို့နယ်၊ အေးအေးလူလူရှိသော ရပ်ကွက်ကလေးမို့ အနားပတ်ဝန်း
မှာ စိတ်အနှောင့်အယှက် ဖြစ်စရာလည်း ဘာမှမရှိ။

မျက်နှာချင်းဆိုင် လမ်းတစ်ဘက်မှာကျတော့လည်း အိမ်ခြေ
သိပ်နေသော ရှုပ်ရှုပ်ပွပွ မြင်ကွင်းမဟုတ်၊ နှင်းဆီတို့ စံပယ် သစ်ခွတို့ စိုက်
ကြသော ဥယျာဉ်ခြံလေးများ။

ကိုလှိုင် ဒီနေရာလေးကိုသဘောကျသည်မှာ ထိုအကြောင်းအ
များအပြင် ဆင်ခြေဖုံး ဆိုသော်လည်း မြို့လယ်ခေါင်နှင့် သိပ်ဝေးဝေ
အရပ် မဟုတ်။ မြို့နှင့် သိပ်မဝေးဆိုသဖြင့်လည်း အိမ်ခြေ မွစာကျဲနေသ
လူပျံကျများ ပေါများစွာ အရပ်မဟုတ်ပြန်။

ဒီရပ်ကွက်လေးအနေအထားကို သဘောကျသဖြင့် အမေမှ
ကြီး ဆုံးပြီးကတည်းက တစ်ယောက်တည်း ကိုယ့်ဘဝကိုယ် ဖန်တီးရမ
မည့်အရွယ်တူ စိတ်ကြိုက် ဖန်တီးရမည်ဟု ဆုံးဖြတ်၍ တောင်ညွန့်ထဲမှ
ကလေးကို ဈေးကောင်းကောင်းရတုန်း ရောင်းပစ်လိုက်သည်။

ထို့နောက် ဒီရပ်ကွက်လေးထဲမှာ သောင်းဂဏန်း ပတ်ဝန်း
မျှသာ ပေးရသော ဒီပျဉ်ထောင်အိမ်သွပ်မိုး သုံးပင်နှစ်ခန်း၊ ခြံနှင့် ဝင်
လေးကို ဝယ်၍ တစ်ယောက်တည်းပင် လာနေလိုက်သည်။

အလုပ်ကိုလည်း အိမ်နှင့် မနီးမဝေးအရပ်ရှိ မူလတန်းကျော
လေးကိုရအောင် ပြောင်းယူ၍ အေးချမ်းနေသောဘဝကို ရေခဲတုံး
ယပ်တောင်လေးပါ ထပ်ခပ်လိုက်ပြီး သန်းကြွယ်သူဌေးများထ
ကြီးမြင့်သော စည်းစိမ်ဖြင့် တစ်ကိုယ်တည်း စံမြန်းနေခြင်းပင်။





မြွေရသုံးသွင်းပက်
သစ်ရွက်မိုးမျှား ငါ့ဘူးပေါက်အုပ်
ဆိုးဆုတ်ခွာစ တိမ်တောင်ဘွဲ့နှင်း
နှင်းဆီသဖြာ
လမ်းကျဉ်းတစ်ခါက ခင်သိမ်းကျော့
ငှက်ပျောကလေး ...

မြင်ကွင်း၏ ဖမ်းစားမှုကြောင့် လျှောလျှောရှုရှု ထွက်လာသဖြင့်
စာရွက်ပေါ် ဆက်တိုက်ချ ရေးနေမိသော ကာရန်တေးများသည် ငှက်ပြော
တလေးကျမှ တုံ့ခနဲ ရပ်သွား၏။

တိပ်ဆိတ် ငြိမ်းချမ်းခြင်း အားလုံးကို ဖျက်ဆီးလိုက်သော
မော်တော်ဆိုင်ကယ်သံတစ်ခုက သူ့ခေါင်းထဲမှ ကာရန်အချိတ်အဆက်များ
ကို ခလုတ်တိုက် လဲပြိုသွားအောင် လုပ်ပစ်လိုက်သည်။

ဒီပွစကျွမရသော်လည်း ကြုံနေကျမို့ ဘာဖြစ်တော့မည် ဆိုသည်
ကို တန်းသိလိုက်၏။

ဆိုင်ကယ်သံက သက်ဆွေ၏ ဆိုင်ကယ်သံ။

တစ်ယောက်တည်းလား၊ နှစ်ယောက်ပူးလားတော့ မသိ။

တစ်ယောက်ပဲ လာလား၊ နှစ်ယောက်ပဲ လာလား၊ ပြဿနာက
တော့ တစ်ခုမဟုတ် တစ်ခု ပါလာမှာ သေချာသည်။ ဒီပုဂ္ဂိုလ်က ပြဿနာ
များ၏ ဥက္ကဋ္ဌ။

သက်ဆွေ ဆိုသော ဒီကောင်လေးကို ဘယ်လိုပြော၍ ဘယ်လို
ချောင်းဖျရမှန်းလည်း မသိတော့။

ပြဿနာမှန်သမျှ လက်လီလက်ကား ဝယ်ယူသိုလှောင်ထားနေ

သော သက်ဆွေကိုစွကို သူလည်း ကြားထဲက ရင်မောနေသည်။ ခုလည်း မည်သည့် ပြဿနာမြင်းမိုရ်တောင်တစ်ခုကို သယ်ဆောင် ယူငင်လာမြန်ပြီ မဆိုနိုင်။

စောစောက လှုပ်ရှားနေသော ကာရန်အလှလေးများသည် ယခု မှစ၍ ပျက်စီးသွားပြီဟုလည်း နှမြောတသစွာ သဘောပေါက်လိုက်၏။

⌅

"ဘာလုပ်နေလဲ ကိုလှိုင် . . . ဟာ . . . စာရေးနေလား"

ဆိုင်ကယ်ကို လှေကားရင်း၌ ရပ်လိုက်ပြီး ထုံးစံအတိုင်း ပျာယ် ပျာယာတက်လာသော သက်ဆွေက ကိုလှိုင့်ကိုမြင်မြင်ချင်း လှမ်းပြောသည်။

ကိုလှိုင်က ပြုံးလိုက်ပြီး . . .

"ကဗျာစပ်နေတာပါ ကိုသက်ရာ၊ အားနေတာနဲ့ စိတ်ကူးလေ လည်း ပေါက်လာလို့"

"ကျွန်တော် လာတာနဲ့ အနှောင့်အယှက် ဖြစ်သွားပြီ ထင်တယ် ဗျာ၊ ဆောရီး ကိုလှိုင်ရ . . . ၊ ကိုလှိုင့်ကဗျာ ဆက်စပ်ချင်စပ်ပါ၊ ကျွန်တေ စောင့်နေပါ့မယ်၊ အေးအေးဆေးဆေးပါ၊ အချိန်ရပါတယ်"

သက်ဆွေ စကားကြောင့် ကိုလှိုင် ရယ်လိုက်၏။

လုပ်ချင်တာသာ အဆင်ခြင်မဲ့ လျှောက်လုပ်တတ်သည်။ ဒီ အပြောမျိုး။ ဒီလို အလိုက်သိချင်ယောင် ဆောင်တတ်ပုံမျိုးက ချစ်စရာေ အကောင်းသားဟု တွေး၍ . . .

"ရပါတယ်ကွာ၊ ကဗျာက ဘယ်အချိန်စပ်စပ် ရပါတယ်၊



. . မင်းလာတဲ့ကိစ္စကို ပြောပါဦး၊ ပြဿနာ ထပ်တက်မြန်ပြီလား"

"တက်တာမှ အကြီးအကျယ်ပဲ ကိုလှိုင်၊ ရေရေလည်လည် ရှုပ်ထွေးနေပြီ"

ကြီးကျယ်မှာ ရှုပ်ထွေ့ သေချာပါတယ် ကိုသက်ရာဟု စိတ်ထဲက ပြောလိုက်သည်။ မကြီးကျယ်စရာ မရှုပ်ထွေးစရာလည်း အကြောင်းမရှိ။ ပြီးခဲ့သည့် သကြန်ရက်ပိုင်းလောက်ကတည်းက တရစပ် တက်လာခဲ့သော ပြဿနာသည် ခုဆိုလျှင် ခြောက်လသက်တမ်းလောက် ရှိလာပြီ။

ကလေးတစ်ယောက် မွေးရင်တောင် ခြောက်လလောက်ဆို မှောက်ပြီ ထိုင်ပြီ၊ တောင်ဆွဲ မြောက်ဆွဲနှင့်ပက်လက်ကလေး ငြိမ်နေသော ဘဝကနေ လူကြီးများကိုပြဿနာစပေးတတ်ပြီ ဖြစ်ခဲ့သည်။ ခုံ ပြဿနာ ကလေးထက် အဆပေါင်းစွာ အကြီးမြန်မည့် အနေအထား၌ ရှိနေ သည်၊ ဒုက္ခကလည်း ကောင်းကောင်းပေးမည့် အကျမြဲပုံး။

ကိုလှိုင် သဘောကျစွာ ပြုံးရင် . . .

"ကဲ . . . ပြောစမ်း ကိုသက်၊ ပြဿနာက ဘယ်လောက် ကြီးကျယ်နေပြီလဲ၊ ဘာတွေ ဖြစ်နေပြီလဲ၊ ငါက ဘာလုပ်ပေးရမလဲ"

ပတ်ဝန်းကျင်နှင့် ခံစားမှုသည် စောစောက အေးငြိမ်းချမ်းသာနေ ခြင်းနှင့် ဘာမှမဆိုင်သော တစ်ဘက်စွန်းသို့ ကူးပြောင်း ရောက်ရှိသွားပြီ ဖြစ်၏။

⌅ ⌅ ⌅

www.burmeseclassic.com

(၃)

သကြံန်ပြီးကတည်းက ဖြည်းဖြည်းချင်း စခဲ့သော ပြဿနာများသည် လေးငါးခြောက်လအတွင်း ဘယ်လိုရှုပ်ထွေးမှန်း မသိအောင်ပင် ရှုပ်ထွေးလာခဲ့၏။

သက်ဆွေ၊ ကျော်ဇောတို့ မာန်အောင်တို့နှင့် စိတ်မဆိုးကြေးမှု နှစ်သက်သဘောတူ လက်ခံပြီး ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီးစ ကိုလှိုင့်ဆီ တစ်ခါရောက်သေးသည်။

ထိုစဉ်ကတည်းက ကိုလှိုင်ကတော့ ဖြစ်လာနိုင်သည့် အလား အလာများနှင့် အသင့်ပြင်ဆင်ထားရမည့် သတ္တိများအကြောင်းကို ကြို တင်တင် ပြောပြခဲ့သည်။

"အဲဒါပဲ ကိုလှိုင်၊ ဒီကောင်တွေက ဦးမြတ်ထွန်းနဲ့ဖြစ်ခဲ့တဲ့ ပြဿနာ ကို အကြီးအကျယ် ပုံကြီးချဲ့ပစ်နေတယ်"

ထိုစဉ်က သက်ဆွေ၏ စကားများ ကြားသောအခါ ကိုလှိုင် ရယ်သည်။

"ပုံကြီးချဲ့တယ်လို့လဲ မပြောနဲ့ဦး ကိုသက်၊ ဒီပြဿနာက မင်းထ သလို သေးသေးမဟုတ်ဘူး၊ မင်းတို့ ခါတ်ပုံသမားစကားနဲ့ပြောရရင် သူ့မှာ အဖြစ်အပျက်ကတော့ နဂ္ဂတစ်ကိုနဂ္ဂတစ်အတိုင်း ကြည့်ရင်တော့ သေး





လေးပေါ့၊ ဒါပေမယ့် နဂ္ဂတစ်ကထွားလာတဲ့ပုံတွေကျတော့ အနည်းဆုံးပို့စ တက်တစ်ဝက် အရွယ်ကနေ တစ်လံလောက်ပုံကြီးတွေအထိ ကြိုက်သလို ချဲ့ယူလို့ရတယ်၊ ခု မင်းပြဿနာလဲ ဒီအတိုင်းပဲ မင်းကတော့ ချဲ့ကြည့်ချင်တဲ့ သူကိုး၊ အဲဒီတော့ နဂ္ဂတစ်အရွယ်လောက် ပို့စတက်တစ်ဝက်အရွယ် လောက်ပဲ မြင်မှာပေါ့"

"မဟုတ်ပါဘူး ကိုလှိုင်၊ ကျွန်တော် မြှင့်တို့ သေသေချာချာ မေးပြီး သားပါ"

"ဟုတ်ပြီလေ၊ မြှင့်က မဟုတ်ဘူးပြောတယ်၊ မင်းက လက်ခံတယ်၊ ဒီအဆင့်မှာတော့ ဘာပြဿနာမှ မရှိဘူးပေါ့၊ ဒါပေမယ့် အဲဒီစကားကို ခု မင်းသူငယ်ချင်းတွေကျတော့ ယုံလို့လား၊ ယုံအောင်ကော မင်း ဘာနဲ့သွား သက်သေပြမလဲ"

"ဪ . . . အဲလိုဆို သူတို့ကကော ဘာသက်သေ ပြနိုင်လို့ စွပ်စွဲရတာလဲ ကိုလှိုင်"

ကိုလှိုင် ခေါင်းခါ၍ ပြုံးလိုက်ပြန်သည်။

"စွပ်စွဲတဲ့လူမှာ သက်သေ မလိုဘူးဟ . . . ကိုသက်ရဲ၊ သူတို့က ဒီလိုပဲကြားတာပဲ၊ လူတွေကလည်း ဒီအတိုင်းပဲ ပြောနေကြတာပဲလို့ ပြော တာနဲ့ကို သူတို့ဘက်က လုံလောက်နေပြီ၊ အဲဒါကို မင်းဘက်က ပိုင်ပိုင်နိုင်နိုင် ချေနိုင်ရင် သူတို့ ထင်ကြေးတွေ၊ စွပ်စွဲချက်တွေက ပိုမို ခိုင်မာသွားမှာပဲ"

"အထောက်အထားမရှိဘဲ ခုလိုစွပ်စွဲတာတော့ မကောင်းပါဘူး ဗျာ"

"အဲလိုဆိုရင် သူတို့တလည်း ပြောမှာပေါ့၊ ခိုင်လုံတဲ့အကြောင်း ရှိဘဲနဲ့လည်း ဒီစကားတ ထွက်မလာနိုင်ပါဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် အဲဒါမဟုတ်ဘူးဆိုတာ သေချာအောင် ကျွန်တော့်ဘက်က နည်းနည်းစုံစမ်းသင့်တယ်ပေါ့ ဟုတ်လား"

"နည်းနည်းမဟုတ်ဘူး ကိုသက်၊ များများ စုံစမ်းထား၊ ခုဟာက မင်း သူငယ်ချင်းတွေအဆင့်ပဲ ရှိသေးတယ်၊ သူတို့ကိုလည်း မင်း သွားစိတ်မဆိုးနဲ့ ကျော်ဇောတို့ မာန်အောင်တို့အကြောင်းကို ငါ သိတယ်၊ မင်းကို တကယ်မေတ္တာနှောထားခင်ကြတာပါ၊ အရေးကြီးတာ က ခုန ငါပြောတဲ့ကိစ္စကို မင်း နိုင်ငံမှာမဖြစ်အောင် ရှာထား၊ မင်း အဖေနဲ့အမေကို ရှင်းရမယ့်အဆင့်ကျ ဒီထက်ဆိုးမယ်"

"ဖေဖေနဲ့ မေမေကတော့ ဒီကိစ္စ မသိပါဘူး"

"ခု မသိဘူး၊ ဒါပေမယ့် နောင် သိလာမယ်လေကွာ၊ ခုဟာက မြိုင်ဆိုတဲ့ ကောင်မလေးနဲ့ မင်းနဲ့ ပတ်သက်နေမှန်းမှ မသိသေးတော့ သူတို့ မြိုင့်ကို ဘယ်စိတ်ဝင်စားဦးမလဲ၊ မင်းနဲ့ပတ်သက်ပြီဆိုတာ သိတာနဲ့ ဘဘကော၊ ကြီးကြီးကောက မြိုင့်ရာဇဝင်ကို မြေလှန်တူးဖော်ပြီး ရှာတော့မှာ မင်း မယုံမရှိနဲ့ ကိုသက်၊ ငါ့ဘကြီးနဲ့ ကြီးကြီးအကြောင်း ငါ အရမ်းသိတယ်ဖေးလေ၊ မင်းက ပိုသိပါတယ် ကိုသက်ရာ"

အမှန်လည်း သက်ဆွေက ပိုသိသည်။ ကိုလှိုင် ပြောတာကနည်းချင် နည်းနေဦးမည်။ ဖေဖေတို့ မေမေတို့ ဒီအတိုင်း မလုပ်မှာကတော့ နည်းနည်းမှ ပူစရာမရှိ။

သက်ဆွေ အဖေနှင့်အမေကလည်း သူတို့၏ ဒီတစ်ဦးတည်းသော သားမိုက်တွင်းနက်တလေးကို ရွှေလို ဥထားသည့် မိဘများ။

"အဲဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ ကိုလှိုင်"

ကိုလှိုင် သက်ပြင်းချသည်။





"ဘာလုပ်ရမလဲဆိုတော့ အဲဒီကိစ္စကို ဟုတ်မဟုတ် သေချာအောင် မြိုင့်စကား တစ်ခုတည်းနဲ့ မင်းမယုံဘဲ မင်းကိုယ်တိုင် လှေလာစုံစမ်းကြည့်ပေါ့ကွာ"

"ကျွန်တော်က ဘယ်သွား စုံစမ်းရမှာလဲ"

ကိုလှိုင် ရယ်၍ . . .

"စုံစမ်းရင် သိနိုင်မယ်လို့ ထင်တဲ့နေရာတိုင်း စုံစမ်းရမှာပေါ့ကွာ၊ အထူးသဖြင့် ဦးမြတ်ထွန်း အသိုင်းအဝိုင်းထဲလည်း မင်း ဝင်ကြည့်ရမှာပေါ့"

ကိုလှိုင့်ဆီကတော့ ဒီထက်ပို၍ အကြံဉာဏ်မရနိုင်တော့ပြီဟု သဘောပေါက်လိုက်သည်။ သို့အတွက် ဒီအပိုင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ ဆက်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

သက်ဆွေ ရင်ထဲ မောလာ၏။

ဒါတောင် ကိုအေးဖေကိစ္စကို ဒီဘက်က လူများ၊ ကျော် ဇောတို့ ကိုလှိုင်တို့ အပါအဝင် ဘယ်သူမှ မသိကြသေး။ သိလျှင် ဘာတွေ ဖြစ်ကုန်ကြဦးမည်နည်း။

သက်ဆွေ မစဉ်းစားရဲတော့။

⁂

သက်ဆွေ စုံစမ်းထောက်လှမ်းရေးကိစ္စအတွက် ကျော်ဇောကလည်း ဝိုင်းဝန်းကူညီပေးသည်။

မာန်အောင်ကတော့ သိပ်စိတ်မဝင်စား။

"မင်း အဲဒီ မင်းသမီးကို ဖြတ်လိုက်တာထက် ကောင်းတဲ့ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး သက်ဆွေ၊ မင်း အလုပ်ပိုတွေ လျှောက်လုပ်မနေနဲ့" ဟု ယဉ်ကျေးသိမ်မွေ့စွာပင် ရှင်းပြပြီး ပြတ်ပြတ်နေလိုက်သည်။

ပထမဦးဆုံး အဆင့်အနေနှင့် ကျော်ဇောက သက်ဆွေကို စိုးသိန်းတို့နှင့် တွေ့ပေးသည်။

စိုးသိန်းက တခြားမဟုတ်။ ဦးမြတ်ထွန်းနှင့် မြိုင်တို့သတင်း ကို ပထမဦးဆုံး ကျော်ဇောတို့ထံ သယ်ဆောင်ယူငင်လာသူ ဖြစ်၏။

စိုးသိန်းက ရုပ်ရှင်လောကတွင် အဝင်အထွက်ရှိသူ။

* * *



၄)

"တာလဲ သက်ဆွေ မင်းက ငါပြောတဲ့သတင်းကို မယုံလို့ လိုက် ...ခမ်းကြည့်ဦးမှာလား"

စိုးသိန်းနှင့်က သူငယ်ချင်းတွေမှ ကွယ်ဝှက်ကွေ့ရှောင်နေစရာ ...လို့၊ သက်ဆွေ အမှန်အတိုင်းပင် ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်တယ် စိုးသိန်း၊ အဲဒီကိစ္စဟာ ဘေးက လူတွေမဟုတ် ...ယုတ် လျှောက်ပြောတာလို့ ထင်တယ်၊ ဒီသတင်း အမှန်လို့ ငါ မယုံဘူး"

"အေး . . . ကောင်းပြီ၊ ဒါဖြင့် မင်းကို ငါ အဘိုးကြီးရဲ့ သားနဲ့ ...တ်ဆက်ပေးမယ်၊ သူ့သားကိုတော့ မင်း သိတယ်မဟုတ်လား သက်ဆွေ၊ သူရကျော်ကျွာ၊ ရုပ်ရှင်မင်းသားပဲ၊ မင်း မေသင်းခိုင်နဲ့တောင် တွဲပြီး နှစ်ကား ...ိုက်ဖူးတယ်၊ မင်းထက် လေးနှစ်လောက် စောပြီး မေသင်းခိုင်ခေါ် မင်းရဲ့ ...ိုင်ကို ဖက်ဖူး ကိုင်ဖူးတဲ့ကောင်၊ သူရနဲ့ ငါနဲ့ အရမ်းခင်တယ်၊ မင်း မေးချင် ...တာ ရှိရင် ပွင့်ပွင့်လင်းလင်း မေး"

ကြားနေရသော စကားများက ကြားရချက် မသက်သာ။

တချို့စကားလုံးများက သူတို့ဘက်က မပေါ်ခုပ်နှင့် နောက်သလိုလို ...ပြောင်သလိုလို ပြောနေသည့်တိုင် ကြားရသူ ရင်ထဲမှာတော့ နှလုံးသားကို ...သမ်းကြိုတ်စက်နှင့် အကြိတ်ခံရသလို ဖြစ်နေ၏။ စကားတချို့က နားထဲ

www.burmeseclassic.com



ရစ်ဝဲနေသည်။

"မင်းထက် လေးနှစ်လောက် စောပြီး မေသင်းခိုင်ခေါ် မင်းရဲ့ မြိုင်ကို ဖတ်ဖူး ကိုင်ဖူးတဲ့ကောင်"

ဒီမှာ ခံရချက်နာနေ၍မှ မဆုံးသေး စိုးသိန်းက နောက်ဆက်တွဲ စကားလုံးလေး ဖြည့်လိုက်သေး၏။

"သူရဆိုတဲ့ ကောင်ကလည်း လွယ်တာမဟုတ်ဘူးနော် သက်ဆွေ ဒီကောင်ကလည်း ဒီလိုင်းမှာ သိပ်လက်ရွေးတာ မဟုတ်ဘူး၊ စုံစမ်းရင်း စုံစမ်းရင်းနဲ့ ဒီကောင်နဲ့ပါ မလွယ်ဘူး ကြားလာရင်တော့ မင်း လုံးဝ ဆွေးပြီ သာမှတ် . . . တားဟား"

ᛉ

လုပ်တုန်းကတော့ သူရကျော်နှင့် ချက်ချင်းတွေ့ဖို့ အစီအစဉ် လုပ်သော်လည်း ကုသိုလ်ကံက ခိုးလိုးခုလု ဖြစ်ချင်တော့ ထိုအချိန်မှာ သူရကျော်က မန္တလေးကို ကားရိုက်သွားနေသည်။

ဘယ်အချိန် ပြန်လာမလဲ မသိ၊ တစ်လလောက် ကြာနိုင်သည်ဟု သာ ခန့်မှန်းပေးသည်၊ သေချာသည်ကတော့ သူရကျော်နှင့် တော်တော်နှင့် တွေ့ရဖို့ မလွယ်။

လောကကြီးက စဉ်းစားလျှင် ရယ်ရမလား၊ စိတ်နာရမလား မဝေ ခွဲတတ်၊

ပြဿနာရှင်းဖို့ လိုက်ရှာသည့် သူရကျော်ကို မတွေ့ရသော်လည်း ပြဿနာတကော့ သက်ဆွေဆီ တကူးတက လိုက်ရှာပြီး ရောက်လာ၏။

ᛉ

ငွေ



"ဟေ့ကောင် သက်ဆွေ လာဦး"

ဒီကြားထဲမှာ ရက်နှစ်ဆယ်လောက် သူရကျော် ပြန်အလာကို စိတ်တိုတိုနှင့် စောင့်နေရသည်၊ ရွှေမင်းသားတလည်း မန္တလေးမှာ ကားရိုက် ရင်း ကားတိုက် သေနေပလား မသိ၊ တော်တော်နှင့် ပြန်မလာ။

မြိုင်ကလည်း သူ့အဖေနှင့်အမေ ရှိသာမှ နေအိမ်ပြန်ရောက် လာသဖြင့် ခဏခဏ ထွက်လို့ မကောင်းဘူးဆိုကာ ဖုန်းလောက်နှင့်သာ ပြောနေရသည်။

ဒီလို စိတ်တိုစရာလေးများ စုမိဆောင်းမိနေဆဲ တစ်ရက် အလုပ် ခန်းမှနေ အိမ်အပြန် အိမ်ပေါ် ရောက်ရောက်ချင်း အဖေလုပ်သူက သက်ဆွေဘဝမှာ တစ်ခါမှ မမြင်တွေ့ဖူးသော အမူအရာလေသံဖြင့် ခပ် တင်းတင်း လှမ်းခေါ်လိုက်သည်၊ သက်ဆွေ ရင်ထဲ ထိတ်သွား၏။

ဧည့်ခန်းထဲမှာ ဖေဖေလည်း ရှိသည်၊ မေမေကလည်း ရှိသည်၊ မေမေ့မျက်နှာကလည်း လုံးဝမကောင်း။

"ဟုတ်ကဲ့ ဖေဖေ"

သက်ဆွေ နှစ်ယောက်စလုံး ရှေ့ကုလားထိုင်တွင် ဝင်ထိုင်လိုက် ရင်း ဘာပြောမလဲ စောင့်သည်၊ ဖေဖေကပင် ဆက်၍ . . .

"မင်း အခု ဘာတွေ လုပ်နေတယ်ဆိုတာ မင်းကိုယ်မင်း သိလား သက်ဆွေ"

ပြဿနာကတော့ ဒီကိစ္စပဲ ဖြစ်ဖို့များသည်ဟု တွက်သည်၊ သို့ သော် ဟန်ကိုယ့်ဖို့ ဆိုတာလေးတလည်း ရှိသေးသည်မို့

"သား ဘာလုပ်နေလို့လဲ ဖေဖေ၊ ဖေဖေ မေးတာ သား နားမ လည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အော . . . နားမလည်ရင် နားလည်အောင် ပြောပြမယ်၊ မင်း အခု ဟိုရုပ်ရှင်မင်းသမီးနဲ့ ရှုတ်ရှုတ်ရှုတ်ရှုတ် လုပ်နေတယ်လို့ ကြားတယ် ဟုတ်လား"

"ဘယ် ရုပ်ရှင်မင်းသမီးလဲ ဖေဖေ"

ဖေဖေမျက်နှာ မည်းခနဲ ဖြစ်သွားသည်။

"ဟေ့ကောင်၊ မင်း ငါ့ကို ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့နော်၊ ငါ ဘယ်သူ့ကို ရည်ရွယ်ပြီး မေးနေတယ်ဆိုတာ မင်း မသိစရာ အကြောင်း ကို မရှိဘူး"

"ဖြည်းဖြည်းပေါ့ ကိုကိုရယ်၊ သားကလည်း ဝေ့လည် ကြောင်ပတ် လုပ်မနေနဲ့လေ၊ ယောကျ်ားပဲ ကိုယ် လုပ်ထားတာ ရှိရင် ရဲရဲရင်ဆိုင်ရမှာပေါ့ သား မင်းသမီး မေသင်းခိုင်နဲ့ တစ်တွဲတွဲ လုပ်နေတယ်ဆို၊ အဲဒါ ဟုတ်လား"

ပေါက်ကွဲလု ဖြစ်နေသော ဖေဖေ့ကို ဝင်ထိန်းရင်း မေမေက လေသံအေးအေးဖြင့် မေးသည်။ သက်ဆွေ ပုံစံတစ်မျိုးပြောင်းရန် ဆုံးဖြတ် လိုက်ပြီး . . .

"မေသင်းခိုင်နဲ့တာ၊ လေးလေးတို့ရုံးက ပြက္ခဒိန်ကိစ္စလုပ်ဖို့ စီစဉ်ရင်း ခင်သွားတာပါ မေမေ၊ ခုလည်း မိတ်ဆွေနေနဲ့ ဆက်ဆံနေတာပါပဲ၊ တစ်တွဲ တွဲ လုပ်နေတယ်ဆိုတာတော့ မဟုတ်ပါဘူး"

"မင်း ပြောတာ သေချာလား သက်ဆွေ"

"ဟုတ်ပါတယ် ဖေဖေ၊ သား မညာပါဘူး"

"အေးလေ၊ အဲဒါဆိုလဲ ပြီးရောပေါ့"

ဖေဖေက ပြောပြီးနောက် ကျေနပ်သွားဟန်ဖြင့် တစ်ဖက်သို့ လှည့်လိုက်သည်။





သက်ဆွေစိတ်ထဲ ဒီတော့မှ အေးသွားသည်။ မိဘကို မညာချင် သော်လည်း လောလောဆည်တော့ ဖေဖေနှင့် မေမေလည်း စိတ်သက်သာ ရာရစေ ကိုယ်လည်း ရှင်းရမည့် ပြဿနာမှ နည်းစေဟု တွေးပြီး မုသားလေး အနည်းငယ်ထည့်၍ လက်ခချောသွားအောင် လုပ်လိုက်ရခြင်း ဖြစ်သည်။

ထိုစဉ် ဖေဖေက သူ့ဘက်သို့ ညင်ညင်သာသာ ပြန်လှည့်လိုက်ပြီး ပြုံး၍ . . .

"ဒီမှာသား၊ မင်းကို ဖေဖေ တစ်ခု ပြောမယ်"

"ဟုတ်ကဲ့၊ ပြောပါ ဖေဖေ"

"ရှေးလူကြီးတွေ ပြောဆိုဆုံးမခဲ့တဲ့ စကားတစ်ခုရှိတယ်၊ လူတစ် ယောက်ဟာ အမှားတစ်ခုကို မကျူးလွန်မိဖြစ်အောင် ဂရုစိုက်တဲ့၊ ဘာဖြစ်လို့ လဲဆိုတော့ အဲဒီလူဟာ တစ်ခုမှားပြီးရင် အဲဒီအမှားကို အကြောင်းပြုပြီး နောက်ထပ် အမှားတွေ အများကြီး ဆက်လက် ကျူးလွန် ဖြစ်သွားရောတဲ့"

"ဗျာ . . . ဖေဖေ၊ ဘာပြောတာလဲ"

သက်ဆွေ၏ဖေဖေ ဒါရိုက်တာ မှူးဆွေက ထူးဆန်းသော အပြုံး တစ်ခုကို ပြုံးသည်။ ပြီးမှ လေအေးအေးဖြင့် . . .

"မင်းကိစ္စတွေ မင်း သေချာ ပြန်စဉ်းစားဦးပေါ့ကွာ၊ ဖေဖေလည်း ချက်ချင်းတော့ မင်းနဲ့ ဘာမှ မပြောချင်သေးဘူး၊ အချိန်ယူ လေ့လာပြီးမှ အေးအေးဆေးဆေး ထပ်ပြောမယ်၊ ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့"

သက်ဆွေ အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်သည်။ ဖေဖေက မရပ်သေးဘဲ ဆက်၍ မေမေ့ဘက် လှည့်လိုက်ပြီး . . .

"ကဲ . . . ဒေါ်ခင်သက်လွင်၊ ခင်ဗျား သားကို ပြစရာရှိတာလေး

www.burmeseclassic.com



တွေ့ ပြလိုက်ပါဦး"

မေမေ သက်ပြင်းချသည်။

ထို့နောက် သူထိုင်နေသော ကုလားထိုင်ရှေ့ စားပွဲအောက်မှ စာအိတ်ရှည်ကြီးတစ်ခုကို ဆွဲထုတ်လိုက်သည်။

"ရော့ . . . သားဘာသာ သား ဖွင့်ကြည့်"

ပြောပြီးသည်နှင့် အခန်းပြင် ထွက်သွားသော ဖေဖေ့ နောက်သို့ မေမေပါ လိုက်သွားသည်။

စည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ခဲ့မှ သက်ဆွေက စာအိတ်ရှည်ကြီးကို အထိတ်တလန့်နှင့် ကြည့်လိုက်ပြီး စာအိတ်ထဲမှ စာရွက်များကို ဆွဲထုတ်လိုက်သည်။

"ဟင် . . ."

ရင်ထဲမှာ ဆူခနဲ ဒေါသများ လှိုက်တက်လာ၏။

ooo



(၅)

ကျော်ဇောက တွင်တွင် ခေါင်းခါသည်။

"မင်း ငါတို့ကို အရမ်း အထင်လွဲသွားပြီ သက်ဆွေ၊ ငါတို့ အဲလောက် မညစ်ပတ်တတ်ပါဘူးကွာ၊ မင်းကြိုက်တဲ့နည်းနဲ့ စစ်ဆေးနိုင်တယ်၊ အဲဒီလောက်ကြီး ကယိကထခဲ လုပ်နိုင်လောက်အောင်လည်း ငါတို့မှာ အချိန်အား မရဘူး၊ ငါဆို မင်း ရှိရှိ မရှိရှိ ဆိုင်က ခွာရတယ်လို့တောင် ရှိတာ မဟုတ်ဘူး၊ မာန်အောင်က မင်းလုပ်ရမယ့် အလုပ်တွေပါ တွဲလုပ်နေလို့ ပိုတောင် မအားသေးတယ်၊ စိတ်ချ သူငယ်ချင်း၊ အဲဒီ ဓါတ်ပုံတွေ ငါတို့ ရိုက်တာ လုံးဝ မဟုတ်ဘူး"

မာန်အောင်ကလည်း မဲ့ပြီး ခေါင်းခါ၍ . . .

"မင်း မယုံရင် အဲဒီရက်တွေတုန်းက ငါတို့ တောက်လျှောက် ဝင်ခဲ့ရတဲ့ မင်္ဂလာဆောင်တွေ အချိန်ဇယား ဆွဲပေးလိုက်မယ်၊ အဲဒီ နာရီအတိုင်း အဲဒီမင်္ဂလာဆောင်တွေမှာ ရှိမရှိ မင်း လိုက်စုံစမ်းကြည့် သက်ဆွေ၊ မဟုတ်ဘူးဆိုရင် မင်း ငါတို့ကို ကြိုက်သလိုလုပ်၊ သတ်မစ်ချင်လဲ သတ်ပစ်"

ဒီနှစ်ယောက်က ညာနေတာ မဟုတ်သည်ကတော့ သေချာလောက်သည်။

ပြီးတော့ ဒီရက်ပိုင်းတွေတုန်းက သူတို့ အရမ်းအလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလည်း ကိုယ် သိပြီးသား။

ကျော်ဇောတ ဝင်ပြီး . . .

"ဒီကိစ္စကို ငါတို့က မင်း အဖေနဲ့အမေ သိပြီး ပြဿနာတက်

မှာ ကြောက်လို့ မင်းကို အသေအလဲ ဝိုင်းတားနေတဲ့ ကောင်တွေ

သက်ဆွေရာ၊ ဒီလောက်တော့ ငါတို့က မိုက်ရိုင်းပါ့မလား"

သက်ဆွေ သက်ပြင်းချပြီး ဓါတ်ပုံများကို ငုံ့ကြည့်လိုက်သည်

ဒီဓါတ်ပုံများက မနေ့ညက ဖေဖေနှင့်မေမေတို့ နှစ်ယောက်

ကို ခြောက်လိုက်ချော့လိုက် လုပ်မေးပြီး နောက်ဆုံးကျမှ စာအိတ်ရှည်ကြီး

ထုတ်ပြလိုက်သည့် ဓါတ်ပုံများ ဖြစ်သည်။

ဓါတ်ပုံများက ၃၅ မမ တစ်လိပ်စာရိုက်ထားတာ ဖြစ်မည်။ ဒီ

အိတ်ထဲမှာ ပါလာတည်ချည်း ပုံသုံးဆယ်လောက်။

အားလုံး သူနှင့်မြိုင်တို့ နှစ်ယောက်တွဲပုံများ။

ဘယ်က စသလဲဆို သကြံန်အတက်နေ့လောက်က စ၍ ဒီဖ

ဝိုင်း သူနှင့်မြိုင် သွားလာခဲ့သည်များကို အဝေးရိုက် မှန်ဘီလူးသုံး၍ ရိုက်ထာ

သည့် ပုံများ။

ပုံများတွေ့တွေ့ချင်းကတော့ ဓါတ်ပုံလည်း ဓါတ်ပုံတွေ ဖြစ်

သည်မို့ ကျော်ဇောနှင့် မာန်အောင်တို့ လက်ချက်ပဲ ဖြစ်မည်ဟု သက်ဆွေ

မှာရမ်းခေါ်သထွက်ခဲ့သည်။

ခုတော့ ကျော်ဇောနှင့် မာန်အောင်တို့ မဖြစ်နိုင်ကြောင်း သိရ

မက ရင်ထဲမှာ အုံ့သြထိတ်လန့်လာသည်။

ဒါဖြင့် ဒီဓါတ်ပုံတွေ ဘယ်သူ ရိုက်သလဲ။

ပြီးတော့ ဖေဖေနှင့်မေမေထံ ဘာကြောင့်ပို့ရသလဲ။



ဒီကိစ္စ သူနဲ့ ဘယ်လိုပတ်သက်နေသလဲ။

မြင်ရသောရန်သူက ရှောင်၍တိမ်း၍ ရသည်။ ကိုယ်က မမြင်ရ ဘဲ သူကချည်း ကိုယ့်ကိုမြင်ရသော ကိုယ်ပျောက်ရန်သူကို ခုခံကာကွယ်ရန် နည်းလမ်းမရှိ။

ဒီတိုင်းသာ ဆက်လုပ်နေလျှင် သူနှင့်မြိုင် ဆုံတွေ့ဖို့ပင် ခက်တော့ မည်။

မေးခွန်းပေါင်း အတွေးပေါင်း မြောက်မြားစွာ ပေါ်လာပြီး သက်ဆွေ ရင်ထဲ ချောက်ချားလာ၏။

အဓိကကတော့ သူ ဘယ်သူလဲ။

ဘာကြောင့် ဒီအလုပ်ကို သူလုပ်ရသလဲ။

"ဩော်"

စိုးသိန်းက မိတ်ဆက်ပေးသော စကား။

"ဒါ ကျွန်တော့်သူငယ်ချင်း သက်ဆွေပါ ကိုသူရ၊ သူနဲ့ မြိုင်နဲ့က နည်းနည်းနီးစပ်နေတယ်၊ အဲဒီအတွက် ကိုသူရဆီမှာ သူ မေးချင်တာလေး တွေ နည်းနည်းပါးပါး ရှိတယ်ဆိုလို့ ကိုသူရနဲ့ တွေ့ပေးတာပါ" အဆုံး သူရကျော်က အံ့အားသင့်သလို လှမ်းကြည့်ရင်း အာမေဋိတ် တစ်ချက် ရေရွတ်သည်။

ပြီးမှ အမူအရာ ချက်ချင်း ပြောင်းလိုက်ပြီး . . .

"တွေ့ရတာ ဝမ်းသာပါတယ် ကိုသက်ဆွေ၊ ကာမ်းမွန် ရှိတ်ဟင်း"

သာမန် အမူအရာမျိုးမှနေ ရုပ်ရှင်မင်းသား အိုက်တင်ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မြောင်းသွား၍ လက်ကိုလည်း ဆန့်ပေးပြီး ဘိုလိုပါ ရောမှုတ်သည်။

သက်ဆွေတ သူရကျော် ကမ်းပေးသော လက်ကို ဆွဲနှုတ်ဆ
ရင်း . . .

"ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ် ကိုသူ
ကျွန်တော့်အတွက် ကိုသူရမှာ အနှောင့်အယှက် ဖြစ်သွားရင် ခွင့်လွှတ်

"အာ . . . မဖြစ်ပါဘူး၊ ကျွန်တော့်မှာ ဘာအနှောင့်အယှက်
မဖြစ်ပါဘူး ကိုသက်ဆွေ၊ ကိုသက်ဆွေ မေးချင်တာမေး အားမနာနဲ့
. . . ထိုင်ဗျာ၊ ဘာသောက်မလဲ၊ အပြင်းလား အပျော့လား၊ အပြင်းကြို
ရင် ဝီစကီ၊ ဘိုး၊ ရမ်အစုံရှိတယ်၊ အပျော့ကြိုက်ရင် ဘီယာ၊ ဂျင်၊ ဗိုင်ရမယ်

သွားတွေ့ရသည့်နေရာကမူ သူရကျော် ထိုင်နေကျ သမ္မ
ဟိုတယ်မှ ဘားနှင့် ရက်စတောရင့် အခန်း။

ဖြစ်ချင်တော့ ဖေဖေ ချိန်းဆိုထားသည့် ရက်မရောက်ခင်မှ
သူရကျော်က မန္တလေးမှ ပြန်ရောက်လာသည်။ စိုးသိန်းက ဘယ်ပုံဘ
နည်း သွားတွေ့ပြီး ချိန်းလာသည်မသိ။ သမ္မတဟိုတယ်မှာ တွေ့မည်ဆို
ဖြင့် သည်ညနေဘက် သွားတွေ့ရခြင်း ဖြစ်သည်။

ဘားထဲမှာ လူကျနေသော်လည်း သူတို့နေရာလေးက
သန့်နေရာလေးလို ဖြစ်နေသဖြင့် တော်သေးသည်။

သက်ဆွေ ပြုံး၍ ခေါင်းခါလိုက်ပြီး . . .

"ကျွန်တော် မသောက်တတ်ပါဘူး ကိုသူရ၊ စပတ်ကလ
အချိုရည်ပဲ သောက်ပါ့မယ်"

"အာ . . . ဘီယာလောက်တော့ ချပါဗျ၊ မမူးပါဘူး၊ ဘီယာ
အရက်မှ မဟုတ်တာ"



သက်ဆွေ ရှိုရှိုတို့နှုတို့နှ အမူအရာဖြင့် တောင်းပန်ရင်း . . .

"ကျွန်တော် လုံးဝကို မလုပ်တတ်လို့ပါ ကိုသူရ၊ ကိုသူရ တိုက်တာ
ကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို စပတ်ကလင်ပဲ သောက်ခွင့်ပေးပါ"

သူရကျော်က ဘာသဘောကျသည်မသိ တဟားဟား ရယ်
သည်။ ပြီးမှ . . .

"ကောင်းပါပြီဗျာ၊ ကိုသက်ဆွေ ကြိုက်တာပဲ သောက်ပါ။ စကန့
မြိုင်က တားထားလို့တော့ ဟုတ်မယ် မထင်ဘူးနော်၊ မြိုင်က အရက်သောက်
တာကို ဘာမှ ပြောလေ့ပြောထ မရှိဘူး၊ ကျွန်တော်တို့ သောက်တဲ့ ဝိုင်းတွေ
မှာ အများကြီး ထိုင်ဖူးတာပဲ"

သက်ဆွေ သက်ပြင်းတစ်ခု ခိုးချသည်။

"မဟုတ်ပါဘူး ကိုသူရ၊ ကျွန်တော် နဂိုကတည်းက မသောက်
တတ်တာပါ"

"ရက်စ် ရက်စ် . . . ဒါဆိုရင် မြိုင် ကံကောင်းတာပေါ့ဗျာ၊ ဒီခေတ်
မျိုးမှာ ဒီလို လိမ်လိမ်မာမာ ယောကျ်ားတစ်ယောက်ရဖို့ မလွယ်ဘူး၊
ကိုသက်ဆွေ အရက်မသောက်တတ်တာကို ဂုဏ်ပြုသောအားဖြင့် ဒီတစ်ခါ
မြိုင်နဲ့ တွေ့ရင် အရက်တိုက်ခိုင်းရဦးမယ်၊ ဪ . . . အပိုစကားတွေ
များနေတာနဲ့ လိုရင်းတောင် မရောက်တော့ဘူး၊ ခင်ဗျား ကျွန်တော့်ကို
တစ်ခုခု မေးမလို့နော်၊ မေးဗျာ . . . မေး . . . ဘာမေးမလို့လဲ"

သူရကျော်က သက်ဆွေကို မရောက်ခင်တည်းက သောက်နေ
ပုံရသည်။ ကြည့်ရတာ နည်းနည်း တွေနေသလို ဒါမှမဟုတ် စကားကိုပဲ
တမင် အိုက်တင်လုပ်ပြောနေသလိုလို ပုံပန်းကို သိမ်းမထမ်းမ
ဒီအခြေအနေမျိုးနှင့် အရေးကြီးသောစကားကို ပြောသင့် မပြော

www.burmeseclassic.com

www.burmeseclassic.com



သင့်၊ မေးချင်တာ မေးသင့်မမေးသင့် ဝေခွဲမရ၊ လာမိတာ မှားများနေ
လား၊ဟုမင် စိတ်ထဲ စိုးရိမ်လာသည်။

သို့သော် လာမိမှတော့ မေးစရာရှိတာ မေးမှသာအကြောင်း
ထူးတော့မည်မို့ သက်ဆွေ စိတ်ကို တင်းလိုက်ရင်း . . .

"ဒီပြင်ကိစ္စ မဟုတ်ပါဘူး ကိုသူရ၊ မြိုင်နဲ့ပတ်သက်တဲ့ကိစ္စလေ
တချို့ ကိုသူရဆီက ကျွန်တော် သိချင်လို့ပါ"

"ရတယ်၊ ဘာသိချင်လဲ မေး၊ မြိုင်က ကျွန်တော့်ညီမပဲ၊ ကျွန်တေ
ဖြေရမှာပေါ့"

အဲ . . . မေးတော့ဆို၍ မေးမည်ကြံကာမှ သက်ဆွေ ခေါင်း
ဖြတ်ခနဲ အသိတစ်ခု ဝင်လာသည်။ မေးရမည့် မေးခွန်းက သူရကျော်အ
နှင့် ပတ်သက်သော ဖိုမ အရှုပ်အထွေးကိစ္စ၊ 'ခင်ဗျားအဖေနဲ့ မြိုင်နဲ့ ဖြ
တယ်ဆိုတာ ဟုတ်လားဗျာ' ဆိုသော စကားကို သားဖြစ်သူအား မေြ
ကောင်းပါ့မလား။

ပြီးတော့ သူရကျော်နှင့် သူကလည်း ခုမှ သိသည့်ကိစ္စ၊

တစ်လျှောက်လုံး မေးမည်ဟု အားခဲလာသော မေးခွန်းသ
ပါးစပ်ဖျားရောက်လာမှ ချည့်နဲ့စွာ လဲကျသွားသည်။ နှုတ်ခမ်းအစုံကို
ထွက်ရန် ခွန်အား မရှိတော့။

"တား . . . မေးလေဗျာ၊ လုပ်ပါ၊ အားမနာပါနဲ့"

သူရကျော်၏ အားပေးသံ . . .

"ဟုတ်သားပဲ သက်ဆွေ၊ မင်း မေးချင်တာ မေးလေ"

စိုးသိန်း၏ တိုက်တွန်းချက်၊

သက်ဆွေ ဝင့်သက်ရှိုက်လိုက်သည်။





"ဒီလိုပါ ကိုသူရရာ၊ ကျွန်တော်နဲ့ မြိုင်နဲ့က ခုနောက်ပိုင်းကျမှ
သိပြီး ရင်းနှီးရတာဆိုတော့ ဟိုတုန်းက မြိုင် ဘယ်လိုနေခဲ့ထိုင်ခဲ့တယ်ဆိုတာ
ကျွန်တော် မသိဘူး၊ အဲဒါ ဟိုတုန်းက မြိုင့်အကြောင်းတွေ နည်းနည်းပြောပြ
ပါလို့ မေးချင်လို့ပါ"

"ဟိုတုန်းက မြိုင်၊ ဟိုတုန်းက မြိုင်က ဘာဖြစ်လို့လဲ၊ ကောင်းပါ
တယ်၊ အင်မတန် သဘောကောင်းတဲ့ ကလေးမပဲ"

"ဒီလိုလေ၊ သဘောတော့ ကောင်းပါတယ်၊ ဒါပေမယ့် . . .
နည်းနည်းပါးပါး ရှုပ်ခဲ့တာ ဘာညာများ ရှိသေးလားလို့"

"ရှုပ်ခဲ့တာ၊ ဘာရှုပ်ခဲ့တာကို ပြောတာလဲ ကိုသက်ဆွေ"

သက်ဆွေ တွန့်ဆုတ်ဆုတ်ဖြစ်နေသည်ကိုကြည့်၍ စိုးသိန်း အား
မရတော့။ သူ့ရှေ့မှ အရက်ထည့်ထားသော ခွက်ကို ကောက်မော့လိုက်ပြီး
. . .

"ကဲ . . . ခင်ဗျားတို့ဟာ ရှည်ဝေးနေကြမယ် ကိုသူရ၊ သူ့အစား
ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ မေးပေးမယ်၊ ဆရာကြီးနဲ့ မြိုင့်ကိစ္စ သူလည်း
အပြင်ကနေ တစ်စွန်းတစ်စ ကြားထားတယ်၊ အဲဒါ သူက သေချာ ဟုတ်မ
ဟုတ် သိချင်လို့"

စိုးသိန်း စကားကြောင့် သူရကျော်က မျက်မှောက် ကုပ်လိုက်ပြီး
. . .

"ဩော် . . . အဖေ့ကိစ္စလား၊ အဖေ့ကိစ္စ ခေါင်းထဲ ထည့်မနေပါနဲ့
ဗျာ၊ ဘယ်သူ ပြောပြော၊ ပြောချင်ရာ ပြောပေစေပေါ့၊ နေပါဦး အခု ခင်ဗျား
နဲ့ မြိုင်နဲ့က ဘယ်အခြေအနေ ရောက်နေကြလို့လဲ"

"သူတို့ချင်း ရည်းစားဖြစ်နေကြတယ် ကိုသူရ"



www.burmeseclassic.com

သက်ဆွေ တွန့်နေသမျှ စိုးသိန်းကချည်း ဒိုင်ခံပြောင်းပေးတော့သည်။

"အို . . . ဒါများ ခင်ဗျားက မလိုအပ်တာတွေ လျှောက်မေးနေရသေးတယ်ဗျာ၊ ခင်ဗျား မြိုင့်ကို တကယ် မချစ်လို့လား"

"ကျွန်တော် မြိုင့်ကို တကယ်ချစ်လို့ပါ ကိုသူရ"

"တကယ်ချစ်ရင် သူ့ဟာသူ ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ကိုယ်က ဂရုစိုက်စရာလားဗျ၊ ဒါတွေအားလုံး ပြီးပြီးသားတွေပါ၊ ခင်ဗျား ခေါင်းထဲ ထည့်စရာ မလိုဘူး"

"မဟုတ်ဘူး ကိုသူရ ဘေးကပြောတဲ့ အဲဒီသတင်းဟာ ဟုတ်မဟုတ် ကျွန်တော် အရမ်းသိချင်တယ်"

"မဟုတ်ဘူးလို့သာ သဘောထားလိုက်စမ်းပါဗျာ၊ အလကား စိတ်ရှုပ်မခံစမ်းပါနဲ့"

"ကျွန်တော်က အမှန်တရား သိချင်တာပါ"

"အမှန်တရားဆိုတာ ရှိကောရှိလို့လား ကိုသက်ဆွေ၊ အားလုံးဟာ ကျိုးကြောင်းဆက်နွယ်မှုသဘော ရိုလေတစ်ဝီတီချည်း မဟုတ်ဘူးလား။ မှန်တော့ မှန်တယ်၊ ဒါပေမယ့် သူ့ထက် မှန်တာနဲ့လည်း တွေ့ရော အဲဒီအမှန်ဟာ အမှားဖြစ်မသွားဘူးလား၊ အမှားဆိုတာကော သူ့ထက် မှားတာမရှိမှ တကယ်မှားတာပါ၊ သူ့ထက် မှားတာရှိရင် အဲဒီအမှားကလဲ အချိန်တစ်ချိန်အတွက်တော့ အမှန် ဖြစ်နေမှာပဲ"

"ကျွန်တော် တောင်းပန်ပါတယ် ကိုသူရ၊ အဲဒီသဘောတရားကိစ္စတွေ ကျွန်တော် သိပ်နားမလည်ပါဘူး၊ ဖြစ်နိုင်ရင် ကျွန်တော့်ကို ကိုသူရရဲ့ ထင်မြင်ချက်လေး တစ်ခုကိုပဲ ပြောပြပါ၊ အဲဒီကိစ္စ ဖြစ်နိုင်သလား၊ မဖြစ်နိုင်





လားဆိုတာ ကိုသူရတို့က အနီးကပ် နေလာခဲ့တဲ့သူတွေဆိုတော့ အမှန်ကို များထက် ပိုသိနိုင်ပါတယ်"

သူရကျော် ခေါင်းခါသည်။

"ဒီလိုရှိတယ် ကိုသက်ဆွေရ၊ ကျွန်တော်နဲ့ ကျွန်တော့်အဖေနဲ့တ ည်း သိပ်အစေးကပ်တာ မဟုတ်ဘူး၊ တစ်ခါတလေ သူ ဘာလုပ်လို့ ုပ်နေတယ်ဆိုတာ ကျွန်တော် လုံးဝနားမလည်ဘူး၊ အဲဒီ အဘိုးကြီးအ ကြောင်း ထည့်မစဉ်းစားပါနဲ့ဗျာ"

"ဟင် . . ."

သက်ဆွေ သက်ပြင်းချလိုက်သည်။

သူရကျော်က ဆက်ပြီး . . .

"တစ်ခုတော့ ခင်ဗျားကို အကောင်းဆုံး အကြံဉာဏ်ပေးလိုက်မယ် ိုသက်ဆွေ၊ ခင်ဗျားက အနုပညာလောက" က ဟုတ်ပုံမရဘူး၊ အနုပညာ လောကကို နားမလည်ရင် အနုပညာသမားတစ်ယောက်ကို မချစ်ပါနဲ့ဗျာ၊ ိတ်ထဲမှာ သံသယတွေ ရှိနေရင် မြိုင့်ကို ဖြတ်သာဖြတ်လိုက်"

"ကျွန်တော် သံသယ မရှိပါဘူး၊ ဟိုလူပြော ဒီလူပြောကိစ္စတွေကို ခံချင်လို့ ဖြေရှင်းချင်လို့ပါ"

"ဒါ . . . ဖြေရှင်းစရာ ပြဿနာ မဟုတ်ဘူး ကိုသက်ဆွေ၊ လိုက် ဖြေရှင်းနေရင် ခင်ဗျား အရူးကြီး ဖြစ်သွားလိမ့်မယ်၊ အဲဒါကို ခင်ဗျားက ကျွန်တော် ပြောလို့ ဒီကိစ္စ မဖြစ်နိုင်ပါဘူးလို့ သွားပြောရင် ကျွန်တော်ပါ အရူးကြီး ဖြစ်ရော"

"ဒါဖြင့် ဟုတ်နေလို့လား"

"ကျွန်တော် ပြောတာ ဒီအဓိပ္ပါယ် မဟုတ်ဘူးဗျာ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စကားကို နားမလည်ဘူး"

"ကောင်းပါပြီ ကိုသူရ ကိုသူရ ပြောတာကို ကျွန်တော် နားတော့ မလည်သေးဘူး။ ဒါပေမယ့် ကျွန်တော် နားလည်အောင် ကြိုးစားသွားပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူရကျော်ထံမှ တိကျသော စကားတစ်ခု မရနိုင်တော့ပြီ ဆိုသည်ကို သက်ဆွေ သဘောပေါက်လိုက်သည်။

သူ နှုတ်ဆက်ပြီး ပြန်ရန်အထတွင် ရိုးသိန်းပါ လိုက်ထ၍ ပြန်လာ၏။

✲✲✲

(၆)

"နေမကောင်းဘူးလား မောင်၊ မောင့်ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့"

ကရဝိတ်ခန်းမ၏ ဒီမှာဘက်ကမ်း ပန်းကန်လုံး တိုင်ခုံလေးများနှင့် ကျွန်းဆွယ်လေးမှာ နေ့လယ်ခင်းမို့ လူသူသိပ်မရှိ။

သက်ဆွေက ခဲတစ်လုံးကို ရေထဲ လှမ်းပစ်လိုက်ပြီး . . .

"နေကောင်းပါတယ် မြိုင်၊ မောင် ပြဿနာတစ်ခုကို အဖြေ ရှာမရလို့ စဉ်းစားနေတာ"

"ပြဿနာ ဘာပြဿနာလဲ မောင်"

"မြိုင်နဲ့ မောင် လျှောက်လည်ကြတာကို တစ်ယောက်ယောက်က ဓါတ်ပုံ ချောင်းရိုက်ပြီးတော့ ဖေဖေနဲ့မေမေ့ဆီ ပို့လိုက်တယ်"

"ဟင်"

"အဲဒီလူ ဘယ်သူမှန်းလဲ မသိဘူး၊ အဲဒီလူက မောင့်အိမ်ကို ဒီမြိုင် ဘာတွေ ပြောထားသေးလဲ မသိဘူး"

"မောင့်ကို အိမ်က ဆူလို့လား"

"ဆူလည်း မဆူဘူး၊ ဘာမှလည်း မပြောဘူး မြိုင်၊ မောင် စကြိုက်တာ အဲဒါပဲ၊ မေမေနဲ့ ဖေဖေက မောင့်ကို အဲဒီဓါတ်ပုံတွေ ပြတယ်၊ ပြီးတော့ အဲဒီကိစ္စ နောက်မှ ပြောမယ်ဆိုပြီး ဒီအကြောင်း မပြောတော့တာ ခုထက်ထိပဲ၊ လေးငါးဆယ်ရက် ရှိပြီ၊ ခုထိကို ဘာမှ ထပ်မပြောဘူး"





www.burmeseclassic.com

www.burmeseclassic.com



"မပြောတာ မကောင်းဘူးလား မောင်၊ မောင်က ဘယ်လိုထင်လို့လဲ"

"မောင်က ပြောစေချင်တယ် မြိုင်၊ သူတို့ဘက်က ကျေနပ်လည်း ကိစ္စမရှိဘူး၊ မကျေနပ်လည်း ကိစ္စမရှိဘူး၊ ဘာဖြစ်ဖြစ် တစ်ခုခု လုပ်ရရာရှိသေးလို့ အချိန်ယူနေသလိုပဲ၊ အဲဒါ မောင်မကြိုက်ဘူး"

"ခါတ်ပုံတွေ ဘယ်လိုပို့တယ်ဆိုတာကော မောင် မေးမကြည့်ဘူးလား"

"မေးတယ် မြိုင်၊ မပြောဘူး၊ မေမေ့ကို မောင်တစ်ယောက်တည်း ကပ်မေးပြီးပြီ၊ မေမေကလည်း သားမသိချင်ပါနဲ့လို့ပဲ ပြောတယ်"

မြိုင်က ရယ်လိုက်သည်။

"အဲဒါများ ပူနေရသေးလား မောင်ရယ်၊ မသိချင်ပါနဲ့ဆိုတော့လည်း မသိဘဲ နေလိုက်ပေါ့၊ သူတို့ မပြောချင်သေးတဲ့ စကားဆိုလည်း မပြောဘဲ နေပစေပေါ့၊ ဘာထူးမှာလဲ"

"ဘာကို ဘာထူးမှာလဲလို့ ပြောတာလဲ မြိုင်"

"မြိုင် ထင်တယ်လေ၊ မောင့်အိမ်က မြိုင်ကို မောင်နဲ့ သဘောတူမှာကို မဟုတ်ပါဘူး၊ သဘောမတူတာကို သဘောမတူဘူးလို့ မပြောသေးတာ မောင် အများကြီး သက်သာနေသေးတာပေါ့၊ နို့မို့ မောင် အိမ်နဲ့အတိုက်အခံ လုပ်နေရတော့မယ်"

"မောင် တစ်ခု သိချင်တယ် မြိုင်"

"မေးလေ၊ မောင် ဘာသိချင်လို့လဲ"

"အိမ်က ပြဿနာတွေ ဘာတွေ ရှုပ်လာလို့ မလွဲသာ မရှောင်သာ ဖြစ်လာရင် မောင် မြိုင့်ကို ခိုးမယ်၊ အဲဒီအချိန်ကျ မြိုင် မောင့်နောက်





တ်ရဲပါ့မလား"

"ဘာလဲ မောင်က မြိုင် မလိုက်ရဲဘူး ထင်လို့လား"

"မသိဘူးလေ မြိုင်၊ အဲဒီအချိန်ကျ မောင် အိမ်ပေါ်က လက်ချည်းင်းခဲ့ရမှာ၊ မြိုင့်အတွက် လုံလောက်တဲ့ ဘဝအာမခံချက် ဘာတစ်ခုမှာင် ပေးနိုင်မှာ မဟုတ်တော့ဘူး"

"အဲဒီလိုဆိုရင်တော့ နှစ်ယောက်စလုံး ဒုက္ခရောက်ခံပြီး မြိုင်ယ်လိုက်မလဲ မောင်၊ ဒီကြားထဲမှာ အိမ်က အဆင်ပြေလာတ်မယ့် အနေထား တစ်မျိုးမျိုးနဲ့ လှည့်ပတ်နေပြီး မြိုင်ကော၊ မောင်ကော၊ အလုပ်လေးစ်ခုခု အဆင်ပြေအောင် လုပ်ထားရဦးမှာပေါ့၊ မောင် အဆင်မပြေတောင်င် အဆင်ပြေအောင် လုပ်မယ်လေ၊ မြိုင် ကားပြန်မောင်းရရင် အဲဒီကိစ္စရာ မလိုတော့ပါဘူး"

"ဘာလဲ ဦးမြတ်ထွန်းနဲ့ နိုက်လက်စ ကားကြီးလား"

"အဲဒါလဲ ပါတာပေါ့၊ အဲဒီအပြင်လဲ ဒီပြင် ကားရှိတ်နိုင်အောင်ယ်ရမှာပေါ့၊ မောင်၊ နှစ်ကား သုံးကားလောက် လက်ခံလိုက်နိုင်ရင် ဒီပြင်ာင် ပြေးစရာ မလိုဘူး၊ မြိုင့်အိမ်မှာ မောင်လိုက်နေရုံပဲ"

"မြိုင်က ဆင်းရဲမှာ အရမ်းကြောက်နေတယ် ထင်တယ်"

"မှန်တာပြောရရင် ကြောက်တယ် မောင်၊ မြိုင်လည်း ဆင်းရဲမှာကြာက်တယ်၊ မောင့်ကိုလည်း မြိုင့်ကြောင့် ဆင်းရဲမှာ ကြောက်တယ်၊ ခရွယ်တွေကျမှ ကလေးတွေလို ဆင်ကန်းတောတိုး လျှောက်လုပ်နေကြဖြစ်မလား"

"မောင်ကတော့ လုပ်သင့်ရင် လုပ်ပစ်လိုက်မှာပဲ မြိုင်"

"မြိုင်ကလည်း ထိန်းသင့်ရင် မောင့်ကို လိုက်ထိန်းပေးဖို့ အသင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ မောင်၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုတာ ဒီနေရာမျိုးနဲ့လဲ ဆိုင်ချင်ဆိုင်မှာ"

သက်ဆွေ မဲ့ပြုံးပြုံးသည်။

"မြိုင့် ချစ်သမျှကိုထဲမှာ ဘယ်လိုဘဝမျိုး ရောက်ရောက် ဆင်းရဲအတူ ချမ်းသာအမျှ ချစ်နေမှာပဲ၊ သစ္စာရှိမှာပဲဆိုတာတွေ မပါဘူးလား မြိုင်"

မြိုင်က ရယ်သည်။

"မပါဘူး မောင်၊ ပါတာက 'သံသာလေကမ်းတိုင် တူမြိုင်လေ ကူးမယ်၊ ဆုထူးငယ် ပန်းရွှယ်သွန်း' တဲ့ သံသရာဝဋ်ဆင်းရဲရဲ့ တစ်ဘက်ကမ်း နိဗ္ဗာန်ချမ်းသာကို မောင်နဲ့မယ် အတူတူ ကူးမယ်၊ ဘဝဒုက္ခတွေက လွတ်မြောက်ပါစေဆိုတဲ့ ဆုထူးတွေပန်ဖို့ ရည်ရွယ်ချက်နဲ့ အလှူအတန်းတွေ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး ရေစက်သွန်းကြမယ်ဆိုတာပဲ ပါတယ်"

"သံသရာကူးဖို့က နောက်မှ လုပ်ယူရင်ရတယ် မြိုင်၊ မနက်ဖြန်သန်ဘက်ခါ အဘိုးကြီး အဘွားကြီးက ပြဿနာ ထတက်ရင် ဘာလုပ်မလဲ ဆိုတာက လောလောဆယ် အရေးကြီးနေတယ်"

"စိတ်မမြန်နဲ့မောင်၊ မြိုင့်ဘက်က မောင့်ကို ကတိတွေအားလုံး ပေးပြီးသား၊ မြိုင့်ဘက်ကို ဘာမှမပူနဲ့၊ မောင် စိတ်မြန်လွန်းပြီး ထင်ရာ လျှောက်လုပ်ရင် ဟိုတစ်ခါ ဖလင်လိပ်လို မြိုင့်တို့ မောင်တို့ ဘဝတွေ ကြားထဲက ပျက်စီးကုန်မယ်၊ အဲဒီတုန်းကလည်း မြိုင် ကတိပေးထားလျက် မောင်လိုချင်တဲ့ မြိုင့်ဓါတ်ပုံတွေ မောင် မရလိုက်ဘူး မဟုတ်လား၊ တစ်ခုခု စိတ်မြန်လက်မြန် လုပ်တော့မယ်ကြံတိုင်း အဲဒီအဖြစ်အပျက်လေးကို ပြန်သတိရပါ မောင်ရယ်၊ မောင့်ကို အဲဒီကိစ္စကို မမေ့စေချင်လို့ ဖလင်လိပ် ကလေးကိုတောင် မြိုင် တမင်သိမ်းထားခဲ့တာ၊ ဒီတစ်ခါ ပျက်စီးရင် ဖလင်



လိပ်လောက် မဟုတ်တော့ဘူး၊ ဘဝတွေ ပျက်မှာ"

သက်ဆွေ ခေါင်း ရှုပ်ထွေးသွားဟန်ဖြင့် ခေါင်းကို ဖွလိုက်သည်။

"မပြောတတ်တော့ဘူး မြိုင်၊ မောင့်စိတ်ထဲမှာ မြိုင်နဲ့ မပေါင်းရမှာကို အရမ်းပူနေတယ်"

"မပူပါနဲ့ မောင်ရယ်၊ မောင်မေးတဲ့ ချစ်သမျှကိုထဲမှာ ဒီအချက် ပါပါတယ်၊ "ရှုံးညာပိုင် . . . အိုးမြိုင်သဥ္စာကြွေမှာလ ကြိုးမည် နောင်တာ၊ ရှိုးပြာမြေဝယ်မြေစေတော့လေးတဲ့"

"အဲဒါ ဘာအဓိပ္ပါယ်လဲ မြိုင်"

"ရှုံးညာပိုင်ဆိုတဲ့ မောင်ရဲ့ ဘုန်တန်ခိုးနဲ့ ပြည့်စုံတဲ့ ညာလက်ရုံးကို ပိုင်ဆိုင်တဲ့ မောင့်ဇနီးဘဝနဲ့ ခေါင်းအုံးနှစ်လုံး ပြိုင်ချထားတဲ့ သဥ္စာဆောင်ခန်း ထဲမှာ ပေါင်းဖော်ပြီး နောင်အရေး အနာဂတ် လုပရေးတွေ ကြိုးစားပါ့မယ်၊ ဘယ်အထိလဲဆိုတော့ အသက်သေပြီး အရိုးပြာတွေ မြေကြီးထဲမှာ ချေး မြည့်သွားတဲ့ အထိပါပဲတဲ့"

"မြိုင့်မှာ အဲဒီရည်မှန်းချက် တကယ်ရှိတယ်နော်"

"ရှိတာပေါ့ မောင်ရယ်၊ မောင့်ကို မြိုင်က ချစ်တာပဲ၊ ဒါကလွဲပြီး မြိုင့်မှာ ဘာမျှော်လင့် ရည်မှန်းစရာ ရှိသေးလို့လဲ"

"အဲလိုဆို တော်သေးတာပေါ့ မြိုင်ရယ်၊ မြိုင်က မောင့်နောက် မလိုက်ချင်ဘူး ပြောလိုက်တော့ မောင့်ရင်ထဲ အရမ်းပူသွားတာပဲ၊ မြိုင်က မောင်ချစ်သလို မချစ်ဘူးလို့တောင် အောက်မေ့လိုက်မိတယ်"

မြိုင်က သက်ဆွေ၏ လက်မောင်းကို ဖက်တွယ်လိုက်သည်။

"မောင့်ကို လောလောလောလောနဲ့ ထင်ရာမလုပ်စေချင်လို့ပါ၊ မြိုင့်ကို အဲလိုတော့ မအောက်မေ့ပါနဲ့ မောင်ရယ်၊ မောင့်စိတ်ထဲမှာ မြိုင်က

www.burmeseclassic.com

www.burmeseclassic.com



အချစ်များ ပေါ့သလားလို့ ဘယ်တော့မှ မထင်ပါနဲ့၊ မြိုင့်အချစ်က မော
အပေါ်မှာ ဘာအကြောင်းနဲ့မှ လျော့စရာမရှိဘူး၊ ကြော် . . . မြိုင် တ
သတိရပြီ"

"ဘာလဲ . . . မြိုင်"

"မောင့်မှာ ရေးစရာတစ်ခုခု မပါဘူးလား"

"ပါတယ် မြိုင်၊ ဟိုကတ်မရာအိတ်ထဲမှာ ဘောလ်ပင်ပါတ
ဘာလုပ်မလို့လဲ"

"တစ်ခုခု ရေးမလို့ပါ၊ စာရွက်တို့ ဘာတို့ကော"

"နေဦး မောင်ကြည့်လိုက်ဦးမယ်၊ မြိုင် ရေးစရာက အများကြီ
လား"

"မဟုတ်ပါဘူး သုံးလေးကြောင်းပါ"

"တယ်လီဖုန်းနံပါတ်တို့ လိပ်စာတို့ မှတ်တဲ့ စာအုပ်လေးပေ
ပါတယ်၊ အဲဒီ စာရွက်အရွယ် ရလား"

"ရတာပေါ့၊ ဒါ မောင့်စာအုပ်လား"

"အင်း"

"အဲဒါဆို စာရွက်မဆုတ်နဲ့တော့၊ အဲဒီအထဲမှာပဲ ရေးပေးထား
မယ်၊ ဒါမှမောင်လည်း အမြဲဖတ်ကြည့်လို့ရအောင်"

သက်ဆွေက သူ့နိုင်ငံခြားဖြစ်၊ သားရေအနက်ဖုံး မှတ်တ
စာအုပ်လေး ပေးလိုက်သည်။ မြိုင်က စာအုပ်လေးကို ဖွင့်၍ နောက်ဆုံ
စာမျက်နှာလေးပေါ်တွင် ကဗျာလေးတစ်ပုဒ် ရေးချလိုက်သည်။

[illegible]

[illegible]





[illegible]

[illegible]

ငွေဝန်းသော်တာယန်သို့

[illegible]

[illegible]

မြိုင်

✻

မြိုင်က စာအုပ်လေးကို ဖွင့်လျက်နှင့်ပင် ဘောလ်ပင်လေး ညှပ်၍
ပြန်ပေးရင်း . . .

မြိုင်က မောင့်ကို မောင်ချစ်သလို ချစ်ပါ့မလားလို့ ထင်တိုင်း
ဒီကဗျာလေးကို ဖတ်ကြည့်ပါ မောင်၊ ဒါချစ်သမျှကိုပတ်မျိုးအဆုံး
ဒွေးသမြန်လေးပါ၊ မမြကလေး ရေးတာပဲ၊ အဲဒီကဗျာကို မောင် ဘယ်
လောက် နားလည်သလဲ၊ နားလည်သလောက် မောင် မြိုင့်ကို ယုံမှာပဲ"

"မောင့်ကို အဓိပ္ပါယ် နည်းနည်းတော့ ရှင်းပြဦးလေ"

"နောက်မှ ရှင်းပြတော့မယ် မောင်၊ ဒီကြားထဲမှာ မောင်ဟာ
မောင်ပဲ နားလည်အောင် ဖတ်ကြည့်ထားဦး၊ အချိန်သိပ်မရတော့ဘူး၊ ပြန်ကြ
ရအောင်"

သက်ဆွေ ခေါင်းညိတ်သည်။

ဘယ်သူတွေ ဘာပြောပြော မြိုင့်အနားမှာ နေရ၊ မြိုင့်စကားလေး
များကို နားထောင်နေရသော အချိန်သည် ဘဝမှာ အပျော်ဆုံးနှင့် စိတ်အ
ချမ်းသာဆုံး အချိန်များ ဖြစ်၏။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

(၇)

"ဟုတ်ပါတယ်၊ ညြော် . . . အေး . . . စန္ဒီ၊ အန်တီပါ၊ ပြော
ရှိလို့ ဟုတ်လား၊ ပြောလေ၊ ရပါတယ်၊ သား အိမ်ပေါ်မှာ မရှိဘူး၊ ခြံထဲ
ကားရေဆေးနေတယ်"

တစ်ရက် ညနေဘက် သက်ဆွေ ကားရေဆေးနေရင်း၊ ကား
များကို ကြွေသုတ်ဆေးမှုန့်ဖြင့် ဆေးရန် စိတ်ကူး၍ မီးဖိုခန်းတွင် ဆေး
ဖို့ ထွက်အလာ၊ ဖုန်းပြောနေသော မေမေ့အသံကြောင့် ခြေလှမ်းများ
သွားပြီး နားစွင့်လိုက်သည်။

"မပြောရသေးဘူး စန္ဒီ၊ အန်ကယ်က ဒီကောင့်ကို ဆူဆူပူပူ
လုပ်လို့ မဖြစ်ဘူး၊ အချိန်ယူပြီး တစ်နည်းတစ်ဖုံလုပ်မှ ရမယ်ဆိုပြီး
စန္ဒီပို့လိုက်တဲ့ ဓါတ်ပုံတွေမြင်ပြီးကတည်းက ဒီကိစ္စ ထပ်မပြောသေးဘူး

သက်ဆွေ အံကို တင်းတင်းကြိတ်လိုက်သည်။

"ဟုတ်လား . . . နောက်ထပ် ကြားတာတွေလဲ အများကြီး
သေးတယ်၊ အင်း . . . ပြောဦး သမီးရယ်၊ ဟင် . . . ဟုတ်လား
. . . အင်း . . . အင်"

နောက်ပိုင်း စကားများကတော့ ဒီဘက်က နားထောင်ရုံး
သက် ဖြစ်သွားပြီမို့ ဘာတွေပြောသည် မမှန်းဆနိုင်တော့။

လတ်စသတ်တော့ တရားခံက မိစန္ဒီပါလား။



မြစ်နိုင်သည်ဟု တွေးမိသည်။ ဓါတ်ပုံထဲမှာပါသော သကြံန်အကျ
နေ့၊ နေ့လည်ကန်တော်ကြီးဘက်မှာ ထမင်းဝင်စားစဉ် ဆိုင်ထဲက ပြန်အ
ထွက် စန္ဒီတို့ ကားတလေးကို ရိပ်ခနဲ မြင်လိုက်သည်။ သို့သော် ကိုယ်က
သူနှင့် ဘာမှ မပတ်သက်သူမို့ ဟုတ်မဟုတ်ပင် သေချာ လိုက်မကြည့်တော့။

စန္ဒီမ အဲဒီတုန်းကတည်းက တွေ့သွားပြီး နောက်ယောင်ခံ လိုက်
နေခဲ့တာ ဖြစ်နိုင်သည်။ စန္ဒီ ဒီကိစ္စလုပ်ဖို့က ဘာမှမခက်၊ သက်ဆွေ မသိ
သော ကားတစ်စီးနှင့် မြင်တို့အိမ်ရှေ့နားက မနက်ပိုင်း ရပ်စောင့်နေလျှင်ပင်
တစ်နေကုန် လည်သည့် မတ်သည့် ခရီးတစ်လျှောက် နောက်က တကောက်
ကောက် လိုက်နေနိုင်၏။

ကိုယ်ကလည်း ဟဲလ်မက်ခေါင်းစွပ်ကြီးနှင့်မို့ နောက်တွေ
ဘာတွေလည်း လှည့်ကြည့်ဖြစ်တာ မဟုတ်။

ခုန မေမေ ပြောစကားအရ နောက်ထပ် ကြားတာတွေလည်း
အများကြီး ရှိသေးတယ်ဆိုတော့ ရှေ့က ကြားပြီးတာတွေလည်း အများကြီး
ရှိနိုင်နေပြီ။ စန္ဒီ ဘာတွေကြားပြီး ဘာတွေ ကတုန်းကတိုက် ဝင်လုပ်ထားပြီး
ပြီ မသိ။

စန္ဒီ့မှာ အပေါင်းအသင်းကလည်း များများ၊ စပ်စပ်စပ်စပ်က
လည်း ဝါတတ်မို့ မြို့သတင်းတွေ အလွယ်တကူ ရှာပြီး ကြားနိုင်မှာ
သေချာသည်။

"ဝိုး . . ."

လောကကြီးက တယ်စိတ်ပျက်ဖို့ ကောင်းပါလားဟု သက်ဆွေ
ညည်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူများတွေဘက်က သတင်းမလင်းရှာဖို့ လွယ်သလောက် တို့ဖို့ဘက်က ငြင်းကွက်ရှာဖို့ကျတော့ အတော်ကို ခက်သည်။

တွေ့ရတော့လည်း ကိုယ့်ကို ဖျောင်းဖျသလိုလိုနှင့် ချောက်တွန်းသလိုလို လူများချည်း ဖြစ်နေ၏။

သူရကျော်ဆိုသောကောင်ကအစ ဟုတ် . . . ဟုတ်တယ်၊ မဟုတ် . . . မဟုတ်ဘူး ပြောလိုက်လျှင် မြွေပွေးကိုက်သွားမှာ ကျနေသည့်အလား ဟိုကွေ့ သည်ပတ် လုပ်ပစ်သည်။

တို့ကွေ့သည်ပတ်တောင် မှီရုံမဟုတ်၊ စေ့စေ့စပ်စပ်လိုက်မေးလျှင် မြို့ကို ပိုအထင်လွဲစရာ ဖြစ်နေသည့် စကားလုံးများ ပါနေသည်။

"တကယ်ချစ်ရင် သူဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဂရုစိုက်စရာလိုသလား ဒါတွေအားလုံးက ပြီးပြီးသားတွေပါ"

"မဟုတ်ဘူးလို့သာ သဘောထားလိုက်စမ်းပါဗျာ"

"ဖြေရှင်းနေရင် ခင်ဗျား အရှုံးကြီး ဖြစ်နေမယ်" စသဖြင့် . . .

ဒါဖြင့် ဟုတ်လားဟု တည့်တည့် မေးတော့လည်း မဟုတ်ဘူး လိုလို ငေ့ဝိုက်ပစ်ပြန်သည်။

သို့အတွက် ထိုနေ့က အပြန်လမ်းမှာ စိုးသိန်းနှင့် ထပ်စကားများရသေးသည်။

"မင်း သူရကျော်ဆိုတဲ့ကောင်က ဘာလုပ်တာလဲ စိုးသိန်း၊ ဒီကောင် မြန်မာစကား မတတ်ဘူးလား"

"တ သူကတော့ ဒီလောက်ပဲ ပြောမှာပေါ့ကွ၊ သူပြောနေတာ ရှင်းနေတာပဲ၊ သူပြောတဲ့အထဲမှာ မဟုတ်ဘူးလို့ အတိအကျ ပါလို့လား၊ တည့်တိုးကြီး မင်းကို မပြောချင်လို့ သဘောလောက် ပြောလိုက်တာပေါ့"





"မဟုတ်ဘူး စိုးသိန်း၊ မင်းပြောသလို ပြောရရင် ဟုတ်တယ်ဆိုတဲ့ စကားကလဲ တစ်လုံးမှ မပါဘူး၊ ဒီကောင်လုပ်တဲ့အချိုးကို ငါသိတယ်၊ သူ့ဘက် တာဝန်ကင်းကင်းနဲ့ ငါ့စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်လိုက်တာ၊ အဲဒီကောင် မရိုးသားဘူး"

"မရိုးသားတာကတော့ အစတည်းက မရိုးသားပါဘူးလို့ မင်းကို ငါ ပြောခဲ့သားပဲ၊ ဒီကောင်က ဒီကိစ္စမျိုးမှာ လက်မရွေးပါဘူးလို့ ဒါ[illegible]ယ် ကိစ္စကိုတော့ မင်း စိတ်ချပေါ့ချသာ ယုံလိုက်ပါကွာ၊ အဲဒီကိစ္စ မျက်မြင်တွေ့ကြုံဖူးတဲ့ ငါ့သူငယ်ချင်းတွေ ရှိပါတယ်"

"ဘာတွေ မျက်မြင်ကြုံလဲ၊ ငါ့ကိုပြော"

"အပေါ်ထပ်က အဘိုးကြီးခန်းမှာ အဘိုးကြီးတစ်ယောက်တည်းရှိတုန်း မြို့င်ထက်သွားပြီး ဇော်တော်နဲ့ ဆင်းမလာတာတို့၊ ကားရိုက်နေရင်းနဲ့ ကနားချိန်မှာ 'ညောင်းတယ် အရမ်းပဲ၊ ဟိုကောင်မလေး ငါ့ကို နှင်းပေးစမ်း' ဆိုပြီး အခန်းထဲ ခေါ်သွားတာတို့၊ ငါ့သူငယ်ချင်း တစ်ယောက်ကဆို အဘိုးကြီးက မြို့င့်ကို ဖက်ထားတာတောင် တွေ့တယ်"

"ဒါပဲလား"

"ဟာ . . . အဲဒါဆို ပြီးနေပြီပ"

"ပြီးမလားကွ၊ မင်းပြောတဲ့အချက်တွေအားလုံးဟာ သားအဖလို နေတဲ့ အဘိုးကြီး တစ်ယောက်နဲ့ မိန်းကလေး တစ်ယောက်မှာ ရှိနိုင်တဲ့ အချက်တွေချည်းပဲ၊ အဲလိုကြေးသာ အထင်လွဲရရင် တကယ့်သားအဖ၊ မြေးအဘိုးတွေ ဘယ်လိုနေမလဲ"

"သူတို့နှစ်ယောက်က သားအဖမှ မဟုတ်တာ"

"တော်ပါတော့ကွာ၊ နောက်ကို ငါနဲ့ ဘယ်သူနဲ့မှ တွေ့မပေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဒီကိစ္စ ငါ စုံလဲ မစုံစမ်းတော့ဘူး၊ မေးလဲ မမေးတော့ဘူး၊ ငါ မြိုင့်
ယုံတယ်"

"အေး . . . အဲလောက် ပြောပြီးမှ ယုံရင် မင်း နွားပဲ သက်ဆွေ
နွား မကလို့ ဘာဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်ဟု သဘောထား
ထိုစုံစမ်းကိစ္စကို သက်ဆွေ စွန့်လွှတ်လိုက်သည်။

အိမ်ကို ဓါတ်ပုံတွေရိုက်ပို့ဘာပို့ လုပ်နေသော အန္တရာယ်တ
ကိုသာ ဘယ်သူ ဘယ်ဝါမှန်း မသိ၍ စိုးရိမ်ပူပန်ခဲ့သည်။

ခုတော့ တရားခံ အန္တရာယ်ကိုပါ ဘယ်သူမှန်း သိပြီ။

စန္ဒီနှင့် တွေ့ပြီး ရှင်းရဦးမည်ဟုလည်း ဆုံးဖြတ်လိုက်၏။

ᘛ

ထိုရက်များကျမှ ဆိုင်က အလုပ်တွေ ဖိကျနေသည်။

တစ်ဘက်က မြိုင့်ကိစ္စကြောင့် အချင်းချင်း ကသိကအောင့်
ဖြစ်နေရသည့် ကြားထဲမှာ အလုပ်တွေ ပစ်ထားလျှင် ပိုအပြောခံရဦးမည်
ဆိုင်က သိပ်မခွာရဲ။

မြိုင်နှင့်လည်း ဖုန်းဆက်ရုံသာ ဆက်နိုင်၍ စန္ဒီဆီသွားဖို့
တောင် မစဉ်းစားနိုင်သေး။

ဒီအခြေအနေမှာ မမျှော်လင့်သောထောင့်မှ နောက်ထ
ပြဿနာ တစ်ခုကလည်း ထပ်ဝင်လာပြန်သည်။

ᘛ

"မောင်လား"





"ပြော် . . . မြိုင်၊ ဟုတ်တယ်"

"မောင် . . . မောင် အခု ခဏလေး အချိန်မရဘူးလား"

"ရပါတယ် မြိုင်"

"ရရင် မြိုင့်ဆီ ခဏလာခဲ့စမ်းပါ၊ မြိုင် ဖုန်းထဲက မပြောချင်ဘူး၊
အရေးကြီးတဲ့ကိစ္စတစ်ခု မောင့်ကို ပြောစရာရှိလို့၊ အိမ်နဲ့ နီးနီးနားနား
တစ်နေရာ ခဏသွားပြီး စကားပြောလိုက်ရအောင်"

"ကောင်းပြီလေ၊ မောင် အခု လာခဲ့မယ်"

ဖုန်းချပြီးသည်နှင့် သက်ဆွေ ကျော်ဇော်တို့ကိုပင် ဘာမှ မပြော
တော့ဘဲ ဆိုင်ကယ်ခေါင်းစွပ် အပိုတစ်ခုကိုပါယူ၍ ဆိုင်ကယ်နှင့် ချက်ချင်း
ထွက်ခဲ့သည်။

အသင့်စောင့်နေသော မြိုင့်ကို ဝင်ခေါ်ခဲ့ပြီး သိပ်ဝေးဝေး မသွား
တော့ဘဲ တိရစ္ဆာန်ရုံနားက လူရှင်းသော အအေးဆိုင်လေးတစ်ခုတွင်ပင်
ဝင်ထိုင်ကြသည်။ အလွယ်တကူ ကြံရည်နှစ်ခွက်ပင် မှာလိုက်ပြီး သက်ဆွေ
က . . .

"ကဲ . . . ဆို၊ မြိုင် ဘာအရေးကြီးလဲ"

မြိုင်က သက်ဆွေမျက်နှာကို တစ်ချက် အကဲခတ်လိုက်ပြီး . . .

"မောင် ကိုသူရကို ဘာတွေသွားပြောလဲ"

သက်ဆွေ မျက်မှောင် ကုပ်သွားသည်။ ဒီကိစ္စ မြိုင် ဘယ်လို
သိသွားရသနည်း။

"မောင် ဘာတွေပြောလို့လဲ မြိုင်၊ မြိုင့်ကို ဘယ်သူက ဘာပြော
လဲ"

"မြိုင်ကတော့ မဖုံးတတ်ဘူး မောင်၊ အမှန်အတိုင်းပဲ ပြောမယ်၊

မြိုင့်ကို ကိုသူရ ပြောတာ၊ ကြာတော့ကြာပြီ ဆိုလားပဲ၊ သာမှုတာပိုတယ်မှာ သူ အရက်သောက်နေတုန်း မောင်ရောက်လာပြီး သူ့ကို မဟုတ်တမ်းတရား တွေ လာပြောတယ်တဲ့၊ ဘာတွေပြောလဲဆိုတော့ သူက မြိုင့်ကို မပြောဘူး ဒါပေမယ့် မောင် အခုလုပ်နေတာတွေက သူ့အဖေနဲ့ သူတို့မိသားစုသိက္ခာ ကို အရှမ်းထိခိုက်တယ်တဲ့"

"နေဦး . . . မြိုင်"

သက်ဆွေက မြိုင့်စကား မဆုံးခင် ဖြတ်၍ လက်ကာပြီး . . .

"ဒီကိစ္စ မောင်အရင်ရှင်းပြမယ်၊ မောင် သူရကျော်နဲ့ သွားတွေ့တဲ့ ကိစ္စက ဒီလို"

မထူးတော့ပြီမို့ သက်ဆွေက အစအဆုံး ရှင်းပြလိုက်သည်။ ဘေးက စကားများ ဖြစ်နေပုံ၊ ဒီကိစ္စအတွက် မဟုတ်ကြောင်း ဖြေရှင်းနိုင်ရန် သက်သေများ ရှာချင်သည့်အတွက် သူရကျော်နှင့် သွားတွေ့ပုံ၊ သူရကျော် ကို ဘာမေး၍ သူရကျော်က ဘာတွေပြန်ဖြေပုံ၊ အမှန်အတိုင်းပင် ပြောပြ လိုက်သည်။

"သူ အရက်သောက်နေတုန်း မောင် သွားတာ မဟုတ်ဘူး မြိုင် သူ ချိန်းထားလို့ မောင် သွားတဲ့အချိန်မှာ သူက အရက်ကြိုသောက်ထားနှင့် နေတာ"

သို့သော် သူ့ဘက်က ဘာမှမထူးခြား။ စိတ်ထဲမှာလည်း ဘာမှ မပြောင်းလဲသဖြင့် ဒီကိစ္စကို ခေါင်းထဲက ဖယ်ထုတ်လိုက်ကြောင်း၊ မြိုင့်ကို လည်း ဘာမှမထူးခြားသောကိစ္စမို့ ပြောမပြတော့ကြောင်း အစအဆုံး ရှင်းပြ သည်။

မြိုင်က သူ့စကားများကို ငြိမ်၍ နားထောင်သည်။ မျိုးမှ ဘာမှ





မဖြစ်သလို လေသံအေးအေးဖြင့် . . .

"မဟုတ်ဘူး မောင်၊ ဒီကိစ္စ မောင့်ကို မြိုင် အပြစ်တင်နေတာ မဟုတ်ပါဘူး၊ မောင် ဒီလိုလုပ်တာလဲ မှားတယ်လို့ မြိုင် မပြောဘူး၊ မောင့် ဟာမောင် နားလည်သွားတဲ့ကိစ္စ မြိုင်က ဘာပြောစရာ လိုတော့မလဲ၊ အခု ကိစ္စက တစ်မျိုး"

"အင်း . . . ပြောပါဦး မြိုင်"

"မောင်က သူ့ မေးခွင့်ပေးလို့ ရိုးရိုးသားသား မေးတာ၊ ဒါပေမယ့် သူက အဲဒီကိစ္စကို အရှမ်း စိတ်ဆိုးတယ်တဲ့၊ မြိုင့်ကိုလည်း နှစ်က ဘယ်လို ကောင်မျိုး သွားကြိုက်ထားရတာလဲ၊ ဒီလောက်မှ နားလည်မှုမရှိတဲ့လူကို သွားကြိုက်ရင် နင် ဒုက္ခရောက်မယ်၊ ဘာညာနဲ့ ပြောလိုက်တာ မောင်ရယ်"

"ဟာ . . . အဲဒီတော့ မြိုင်က ဘာမှ ပြန်မပြောဘူးလား"

"သူတို့နဲ့ မြိုင် ဖြစ်မပြောတော့ပါဘူး မောင်ရယ်၊ မြိုင်နဲ့ မောင့် ကြားမှာ အားလုံး ရှင်းနေပြီပဲ၊ ဒီပြင်ကိစ္စတွေ မြိုင် ဘာမှ အရေးမစိုက်ပါဘူး၊ ဒါပေမယ့် မြိုင် တစ်ခုတော့ ပြောလိုက်ပါတယ်"

"ဘယ်လို ပြောလဲ"

"ကိုယ့်ဘက်က မဟုတ်လို့ မဟုတ်ဘူး ပြောတာ ကိုသူရတို့ဘက် က ဘာသိက္ခာကျစရာမှ မရှိပါဘူး၊ ရှိခြင်းရှိ မြိုင့်ဘက်ကပဲ ရှိရမှာ၊ မြိုင် တောင် ဒီကိစ္စ သိပြီးတဲ့အချိန်မှာ ဘာမှမဖြစ်ရင် ကိုသူရတို့လဲ ဘာမှမဖြစ်ပါ နဲ့၊ မြိုင့်ဟာမြိုင် ဘယ်သူ့ ချစ်ချစ် ကိုသူရတို့ကိစ္စ မဟုတ်ဘူးလို့"

"ကောင်းတယ် မြိုင်၊ နောက်တို့ ဒီထက် ပက်ပက်စက်စက် ပြော ပစ်၊ အဲဒီကောင် ရိုးရိုးစိုင်းစိုင်း မြိုင့်ကို ပြောရင် မောင် သွားသတ်ပစ်မယ်"

"ရော် . . . ခက်နေပြန်ပြီ မောင်ကလဲ တစ်မျိုး၊ မြိုင်ပြောမှာက



www.burmeseclassic.com

www.burmeseclassic.com



မောင် စိတ်ရှည်ရှည်နေဖို့ ပြောမလို့ ခက်တော့တာပဲ၊ မြိုင် ဆက်တောင် မပြောရဲတော့ဘူး"

မြိုင် စိတ်ညစ်သွားမှန်း သိ၍ သက်ဆွေ စိတ်လျှော့လိုက်ပြီး ပြုံးကာ . . .

"ကဲ . . . ပြောမှာတော့ ဆက်ပြောပါ မြိုင်၊ မောင် မြိုင့်စကားကို နားထောင်ပါ့မယ်၊ စိတ်ရှည်ဆိုလဲ ရှည်ရမှာပေါ့၊ ခုချိန်မှာ မြိုင်က သေမြလို့ နိုင်းရင်တောင် မောင်က သေမြမှာပါ"

"ရော် . . . လာပြန်ပြီ၊ သူက အရေးထဲ လာချွဲနေရသေးတယ်၊ တော်ပါတော့ ကိုပတ်ကျိုရယ်၊ မြိုင်က စိတ်ရှည်ဖို့က လွဲရင် ဒီပြင်ဟာ မခိုင်းပါဘူး၊ အဲ . . . မောင့် ပြောရတာနဲ့ ခုနစကားတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

"မြိုင်က ပြောလိုက်တယ်လေ၊ ကိုသူရတို့ကိစ္စ မဟုတ်ဘူးလို့"

"အင်း . . . အင်း . . . အဲဒီတော့ သူက ပိုစိတ်ဆိုးမှာပေါ့"

"အဲဒီမှာတင် မြိုင့်ကို ကြိမ်းမောင်းသွားတယ်၊ နင့်ကောင်ကို နင် သတိပေးထား မြိုင်၊ ငါတို့ သိက္ခာကျမယ့် အလုပ်တွေ ဆက်လုပ်ရင် ငါတို့ အားလုံးကလည်း သည်းညည်းခံနေမှာ မဟုတ်ဘူး၊ ပြန်ပြဿနာ ရှာရလိမ့်မယ်တဲ့"

"တောက် . . . အဲဒီကောင်က အဲလို ပြောလား မြိုင်"

"ဟော . . . ပြောရင်းဆိုရင်း မောင် စိတ်တိုလာပြန်ပြီ၊ မြိုင် ပြောချင်တာက မောင် တို့လုပ်ဟာကိုယ် အေးအေးပဲနေပါလို့၊ မောင် သိချင်တာ မြိုင်နဲ့ ပတ်သက်လို့ မေးချင်တာရှိရင် မြိုင့်ကို တိုက်ရိုက်သာမေး၊ အဲဒီလူတွေနဲ့ သွားမပတ်သက်နဲ့၊ အဲဒီလူတွေက တစ်မျိုး၊ ခု တောင်းချင်



တာင်း၊ ခု မကောင်းချင် မကောင်း၊ သူတို့ထင်ရာ သူတို့လုပ်နေကြတဲ့ လူတွေ"

"ဟုတ်တယ် မြိုင်၊ မောင်နဲ့တွေ့တုန်းက ပြောပုံကတစ်မျိုး၊ မြိုင့်ကိုတွေ့တော့ ပြောတာက တစ်မျိုး၊ ဒီလူတွေစိတ်က မိန်းမစိတ်ပဲ"

မြိုင်က ရယ်သည်။

"မတည်ငြိမ်တဲ့စိတ်၊ ဗလောင်ဗလဲ လုပ်တတ်တဲ့ စိတ်လို့ ပြောပါ တောင်ရယ်၊ မိန်းမတိုင်း ဒီစိတ်မျိုး မရှိပါဘူး၊ အထူးသဖြင့် မောင့် မြိုင်ဟာ မိန်းမတော့ မိန်းမပါပဲ၊ ဒါပေမယ့် ဒီစိတ်မျိုး မရှိပါဘူး"

မြိုင့် စကားကြောင့် သက်ဆွေပါ ရယ်သည်။

"ဆောရီး . . . ဆောရီး မြိုင်၊ မြိုင့်မှာ ဒီစိတ်မျိုး မရှိမှန်း မောင် သိပါတယ်၊ မြိုင် ပြောတဲ့စိတ်ကို ပြင်ဆင်ချက် ထုတ်ပါတယ်"

"ကဲ . . . ဒါဆို သွားစို့ မောင်၊ ကြာနေရင် အိမ်က တစ်မျိုး ထင်လိမ့်မယ်၊ နောက်ပြီး အိမ်မှာက မေမေလည်း ကောင်းကောင်းနေ ကောင်းဘူး၊ မေမေနဲ့ မြိုင်နဲ့ တစ်လှည့်စီ မြုစုနေရတာ"

အမှန်က ပြဿနာ ဒီမျှနှင့် ပြီးသွားရမှာ ဖြစ်သည်။

သို့သော် တစ်ဘက်မှ မြိုင့်စကားများ နားထောင်ပြီး ငြိမ်နေခဲ့ သေး၊ တစ်ဘက်မှ ပြန်ကြားရသော စကားတစ်ခုကြောင့် ပြဿနာက တတ်ဖို့ ဖြစ်လာပြန်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၈)

"ပြဿနာကတော့ ရှုပ်ထွေးနေတာပဲ ကိုလှိုင်၊ ရှေ့နောက် အ
အစဉ် မှန်အောင်တောင် မနည်းစဉ်းစားပြောနေရတယ်၊ ဒါတောင် မပြီ
သေးဘူး၊ ဆက်ရန် ရှိသေးတယ်"

သက်ဆွေ စကားကြောင့် ကိုလှိုင်က ရယ်သည်။

"အေးပေါ့ကွာ၊ ဖြစ်လာမှတော့ ဘယ်တတ်နိုင်မှာလဲ၊ ဒီလို
ရင်ဆိုင်ရတော့မှာပေါ့"

ပြောရင်းနှင့် ကိုလှိုင်က အပြင်ကို ကြည့်သည်။ သက်ဆွေ စကာ
ထဲ စိတ်ဝင်စားနေသဖြင့် အပြင်ဘက်မှာ နေဝင်သွားတာပင် မသိလိုက်
ခုကြည့်မှ စောစောက ရွှေရောင်တောက်နေသော သစ်ပင်ထိပ်ဖျားများ
သည် အမှောင်ထဲ၌ ဘီလူးသဘက်ကြီးများလို အရိပ်မည်းမည်းကြီးများ
ဖြစ်လျက် ငြိမ်သက်နေကြပြီ။ နှင်းဆီခင်းတစ်ဘက် စည်းရိုးထက်မှ ငှက်ပြ
လေးလည်း မရှိတော့။

သက်ဆွေက ခဏနားလိုက်ပြီး ရေထသောက်သည်။ ရေသောက်
က ပြန်လာမှ ဆက်၍ . . .

"ဒီနေ့တော့ မိုးချုပ်ချင်လဲ ချုပ်ပစေတော့ ကိုလှိုင်ရာ၊ ကျွန်တော်
တော့ ရင်ထဲကကိစ္စတွေ မကုန်မချင်း ပြောပြတော့မယ်၊ ကိုလှိုင် နားထောင်
အားရဲ့လား၊ ဆုပ်စရာရှိရင် လုပ်နေဦး၊ ကျွန်တော် ထိုင်စောင့်မယ်"

"ရပါတယ် ကိုသက်ရာ၊ ငါ့မှာ ကလေးတွေ စာသင်ချိန်က လွဲပြီး
မအားတာ မရှိပါဘူး၊ မအား အားအောင် တမင်လုပ်ထားရတာ"

"ဒါဖြင့် ကျွန်တော် ဆက်ပြောမယ်နော်၊ ခုနတုန်းက ကျွန်တော်
ဘယ်ရောက်သွားပြီလဲ ကိုလှိုင်"

"မြိုင်က မင်းကို ခေါ်ပြောတယ်လေကွာ၊ သူ့ရကျော်က သူ့ကို
ပြဿနာရှာလွှတ်လိုက်လို့ မင်းကို ဒီလူတွေနဲ့ မပတ်သက်ဖို့ အကြောင်းနဲ့၊
စိတ်ရှည်ရှည်ထားဖို့အကြောင်း"

"ဪ . . . ဟုတ်ပြီ၊ နောက် လေးငါးရက်လောက်အကြာမှာ
စိုးသိန်းကနေ တစ်ဆင့် သူ့ရကျော်က ကျွန်တော့်ကို လှမ်းမှာတယ်၊ သူနဲ့
ခဏလာတွေ့ပါဦး၊ မြိုင့်ကိစ္စနဲ့ ပတ်သက်လို့ ရှင်းစရာတစ်ခု ရှိလို့တဲ့"

"အဲဒီတော့ မင်းက သွားမြန်ရော"

"ပထမတော့ မသွားဘူးလို့ ဆုံးဖြတ်တာပဲ ကိုလှိုင်ရဲ့၊ မြိုင် ပြော
ထားလို့ ကျွန်တော်ကလည်း ဒီလူတွေနဲ့ မပတ်သက်ချင်တော့ဘူး၊ ဒါပေမယ့်
စိုးသိန်းကို ပြောလိုက်တဲ့ စကားတစ်ခွန်းကို ကျွန်တော် မကျေနပ်ဘူး"

"ဘာပြောလိုက်လို့လဲ"

"စိုးသိန်းကို သူက ပြောတယ်၊ ကျွန်တော့်ကို သူနဲ့ မြန်မြန်ဆုံပေးစမ်း
ပါပေါ့၊ မြိုင်ဟာ သူတို့နဲ့ ပတ်သက်နေတဲ့ သူတစ်ယောက်၊ သူတို့ကိစ္စတွေ
ကြားထဲမှာ ဒီလိုမျိုး ကဖျက်ယဖျက်တွေ ဝင်မလုပ်ဖို့နဲ့ အကောင်းဆုံး နည်း
လမ်းအနေနဲ့ ကျွန်တော်က မြိုင့်ကိစ္စမှာ နောက်ဆုတ်ပေးဖို့ ပြောရမယ်တဲ့"

"ဟာ . . . ဒီကောင်က ဘယ်လိုကောင်လဲကွ"

"အဲဒီမှာ ကျွန်တော်နဲ့ တွေ့တာပေါ့ ကိုလှိုင်၊ ဒီစကားလဲ ကြား
ရော ကျွန်တော်လည်း ဘယ်နေတော့မလဲ၊ မင်းကောင် ခု ဘယ်မှာရှိသလဲ

www.burmeseclassic.com



စိုးသိန်း၊ လာ အခုသွားတွေ့မယ်ဆိုပြီး ချက်ချင်းထသွားတာပေါ့"

"ဘယ်မှာ သွားတွေ့လဲ"

"သူ့အိမ်မှာပေါ့၊ သူ့အိမ်က အဘိုးကြီးနေတဲ့ ခြံထဲမှာပဲ ကိုလှိုင်ရေ သူတို့ခြံက အကျယ်ကြီး၊ အဲဒီမှာ အိမ်တွေ ခွဲဆောက်ပြီး နေကြတာ၊ ဦးမြတ်ထွန်းဆိုတဲ့ အဘိုးကြီးက တစ်အိမ်၊ နောက် သူတို့အမျိုးအိမ်တွေ ရှိသေးတယ်၊ ဘယ်သူတွေလဲတော့ ကျွန်တော် မသိဘူး"

"အင်း . . . ထားပါတော့၊ အဲဒီကို သွားတွေ့တော့"

သက်ဆွေက ရယ်သည်။

"အဲဒီလို သွားတွေ့တာပေါ့ ကိုလှိုင်ရာ၊ အဲဒီလဲ ရောက်ရော"

ဆက်ပြောရင်းနှင့် ထိုနေ့က အဖြစ်အပျက်များကို ပြန်မြင်သည်။

စိတ်ရှုပ်ရသည့်ကြားက ရယ်လည်း ရယ်ချင်၏။

✖

ခြံထဲဝင်၍ အိမ်ရှေ့ရောက်သည်နှင့် စိုးသိန်းက သက်ဆွေ လက်မောင်းကို ကိုင်ရင်း . . .

"မင်း ဒီက ခဏစောင့်ကွာ၊ ငါ အထဲဝင်ပြီး သွားပြောလိုက်မယ်၊ သူရှိ မရှိလည်း မသိသေးဘူး"

စောင့်တာလောက်ကတော့ ဘာမှကိစ္စရှိစရာအကြောင်း မရှိသဖြင့် သက်ဆွေ ခေါင်းညိတ်ပြီး နေခဲ့သည်။

အတော်လေးကြာမှ စိုးသိန်း ပြန်ထွက်လာပြီး . . .

"သူ မအားသေးလို့ နောက်မှတွေ့မယ်တဲ့ကွာ၊ ကိစ္စကလဲ ဒီပြင်



ဟာ မရှိပါဘူး၊ မင်းကို ငါကနေတစ်ဆင့် ပြောလိုက်တဲ့ စကားတွေ ပြောဖို့ပါပဲတဲ့၊ အမှန်တော့ တွေ့ဖို့တောင် မလိုတော့ပါဘူးတဲ့"

သက်ဆွေ ကျွမြီးတိုသွားသည်။

"နေဦး စိုးသိန်း၊ မင်းကောင် အခု အိမ်ထဲမှာ ရှိလား"

"ရှိတယ်"

"ဘာလုပ်နေလဲ"

"ဗွီဒီယို ကြည့်နေတယ်"

"ဩော် . . . မင်းကောင်က ဒီလိုလား စိုးသိန်း၊ သွား၊ မင်း အခု သွားပြီး အဲဒီကောင်ကို ရအောင်ခေါ်လာခဲ့၊ မင်းခေါ်လို့ အပြင်ထွက်လိုက် မလာရင် အထဲကို ငါ ဝင်လာခဲ့မယ်လို့လဲ ပြောလိုက်၊ ငါ အထဲဝင်ရရင်တော့ နှစ်ယောက်စလုံး ရေခဲတိုက်နဲ့ ရဲစခန်း တစ်ယောက် တစ်နေရာစီ အဆင်မြေသလို သွားရမှာပဲလို့လဲ သေသေချာချာ ပြောပြလိုက်ဦး"

စိုးသိန်း မျက်စိမျက်နှာပျက်စပြုပြီး . . .

"မလုပ်ပါနဲ့ သက်ဆွေရာ၊ လာပါ၊ သူများအိမ်ထဲမှာ ဖြစ်ရင် ကိုယ်က အရှုံးချည်းပဲ၊ သူပြောသလို နောက်မှပဲ တွေ့လိုက်ပါ"

သက်ဆွေ စိတ်ပေါက်ပေါက်နှင့် စိုးသိန်းအင်္ကျီကို ရင်ဘတ်မှ စုကိုင်လိုက်သည်။

"ဟေ့ကောင်၊ မင်း အခုမှလာပြီး ငါ့ကို အီညက်အီညက် လာလုပ်မနေနဲ့၊ အစကတည်းက အဲလိုကြောက်တတ်ရင် မင်းပထွေး ပြောခိုင်းတိုင်း ငါ့ဆီ ကလေကတ်စကားတွေ သယ်လာရတာလဲ၊ ဒီကိစ္စမှာ ငါ့ဘက်က ပြီးပြီးသား၊ ပြတ်ပြီးသား၊ မင်းကောင် လူ့ဝါးဝ လူလည်ကျလို့ ဒီအထဲ ငါ လိုက်လာရတာ၊ မင်း သွားမလား၊ မသွားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေးစရိုက္ကာ၊ ငါသွားပြောပေးပါ့မယ်"

ကုတ်ကုတ်ကုတ်ကုတ်နှင့် စိုးသိန်း ပြန်ဝင်သွားပြီး ခဏအကြာမှာ ပြန်ထွက်လာသည်။ သူ့နောက်က လိုက်လာသူက သူရကျော်။ ထုံးစံအတိုင်း သူရကျော်က ကင်မရာရှေ့ သရုပ်ဆောင်နေသော ဟန်မျိုးဖြင့် ပျာပျာသလဲ လုပ်ရင်း . . .

"ဟာ . . . ကိုသက်ဆွေ၊ လာလေဗျာ၊ အိမ်ထဲဝင်ပါဦး၊ ကျွန်တော် ခင်ဗျားပါလာမှန်း မသိလို့ဗျာ၊ စိုးသိန်းကလဲကွာ . . . အထဲ တစ်ခါတည်း ခေါ်လာခဲ့ ပြီးရော"

အကြောင်း မသိခင်က ဒီအမူအရာမျိုးကြောင့် စိတ်ပြောင်းချင် ပြောင်းသွားနိုင်သော်လည်း ခုကတော့ အကြောင်းသိပြီးသားမို့ . . .

"လုပ်မနေနဲ့ ကိုသူရကျော်၊ ဒါမျိုးက ရိုးသွားပြီ၊ ခင်ဗျားက ဗွီဒီယိုကြည့်နေလို့ မအားတာ၊ ကျုပ်က အလုပ်နဲ့အကိုင်နဲ့ကို ဖျက်ပြီး တမင် လာရတာ၊ ကျုပ်အတွက် အချိန်က ပိုအရေးကြီးတယ်၊ ကဲ ပြော၊ ခင်ဗျား ကျုပ်နဲ့တွေ့ပြီး ပြောချင်တယ်ဆိုတာ ဘာလဲ"

"အိုး . . . ကိုသက်ဆွေက ကျွန်တော့်ကို အထင်လွဲနေပြီကိုး၊ ကျွန်တော်က တွေ့ပြီး ပြောချင်တယ်လို့ ပြောလိုက်တာ မဟုတ်ပါဘူး၊ ခင်ဗျားနဲ့တွေ့ရင် ပြောလိုက်ပါလို့ စိုးသိန်းကို မှာလိုက်တာပါဗျ"

"ကိစ္စမရှိဘူး ကိုသူရကျော်၊ ခင်ဗျား ဗလောင်းဗလဲ ပြောတတ်မှန်း ကျွန်တော် သိပြီးသား၊ ဘယ်လိုပုံစံနဲ့ ပြောပြော ပြောတာဟာ ပြောတာပဲ၊ ကဲ . . . ပြော၊ ကျုပ်က မြိုင်နဲ့ပတ်သက်လို့ ဘာလုပ်ရမှာလဲ"

"မလိုပါဘူး ကိုသက်ဆွေ၊ မလိုပါဘူး၊ ခင်ဗျား ဘာမှလုပ်စရာ မလိုပါဘူး၊ ကျွန်တော် ဆိုလိုတာက ကျွန်တော်တို့မှာ ကျွန်တော်နဲ့ ကျွန်တော့်



အဖေတို့မှာပေါ့ဗျာ၊ မြိုင်ပါတဲ့ကားက ရိုက်လက်စ တန်းလန်းကြီး ဖြစ်နေတယ်၊ ဒီကားကလည်း ရှေ့လလောက်ဆို ပြန်ရိုက်တော့မှာ၊ အဲဒီ အချိန်မှာ ကိုသက်ဆွေက ကျွန်တော်တို့ကိစ္စ စိတ်မရှင်း၊ မြိုင်နဲ့ အထင်အမြင် တွေ လွဲကြလို့ မြိုင်ကပါ ကျွန်တော်တို့ကို အထင်လွဲပြီး ကားဆက်မရိုက်ရင် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားရတဲ့ ငွေကြေးတွေ အလဟဿ ဖြစ်သွားမှာ စိုးလို့ပါ"

"ဪ . . . အဲဒါကြောင့် မြိုင်ကို ကျွန်တော်က ဖြတ်ပြီး နောက်ဆုတ်ပေးရမယ်လို့ ပြောတာပေါ့"

"ဒါက ဒီလိုပါ၊ ကိုသက်ဆွေများ မြိုင့်အပေါ်မှာ သံသယ ဝင်နေ လားလို့ပါ"

"သံသယ ဝင်တယ်ထင်ရင် ခင်ဗျားက ခင်ဗျားသိတဲ့အတိုင်း ဟုတ်မဟုတ် ရှင်းပေးဖို့ပဲ တာဝန်ရှိတယ်၊ ကျွန်တော့်ကို နောက်ဆုတ် ခိုင်းတဲ့စကားမျိုး ခင်ဗျား ပြောစရာ အကြောင်းမရှိဘူး ကိုသူရကျော်"

"မဟုတ်ပါဘူးဗျာ၊ ကိစ္စ မရှိပါဘူး၊ ခင်ဗျား သဘောပါ၊ ကျွန်တော် ဒီကိစ္စမှာ ဘာမှဝင်မပါတော့ပါဘူး၊ ကျွန်တော် ပိုက်ဆံလည်း မဟုတ်ပါဘူး၊ အဘိုးကြီး ပိုက်ဆံပါ"

သက်ဆွေက ရယ်သည်။

"ဒီမှာ ကိုယ့်လူ၊ ကျုပ်ကို ဒါမျိုး . . . လုပ်မနေနဲ့တော့၊ ခု ကျုပ်နဲ့ တွေ့တဲ့အချိန်မှာ ခင်ဗျား ဒီစကားမျိုး ပြောပေမယ့် မြိုင်နဲ့တွေ့ရင် တစ်မျိုး ပြောဦးမယ်၊ ကျုပ် သိပ်သိတယ်၊ ခင်ဗျားတို့အချိုးတွေ သဘောပေါက်ပြီး သား၊ ဒီတော့ ကျုပ်တစ်ခုပဲ ပြောမယ်၊ ခင်ဗျားတို့နဲ့လဲ ကျုပ် မပတ်သက်ချင် ဘူး၊ ခင်ဗျားတို့ကိုလဲ အရှုပ် ခံဘ်မဝင်စားတော့ဘူး၊ ခင်ဗျား အဖေလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၊ ခင်ဗျားလဲ မှတ်ထား၊ ကိုယ့်နေရာနဲ့ ကိုယ်နေ၊ ကိုယ့်အလု
ကိုယ်လုပ်၊ မြို့ကို တတုန်းကတိုက် သွားလုပ်ရင်ပဲဖြစ်ဖြစ် မြို့နဲ့ပတ်သက်
ကျုပ်နဲ့ ပတ်သက်လို့ နောက်ထပ် တောင်ပြောမြောက်ပြော လျှောက်ပြ
ရင်ပဲဖြစ်ဖြစ် ကျုပ် သည်းမခံတော့ဘူး၊ ခင်ဗျားလဲ သတိထား၊ ခင်ဗျ
အဖေလဲ သတိထား၊ တစ်ခြံလုံးကို မီးလောင်တိုက်သွင်းပစ်မယ်၊ ခင်ဗျာ
တစ်မျိုးလုံးကို ကျုပ် ဂရုမစိုက်ဘူး၊ ကြားလား၊ ကျုပ်နာမည် သက်ေ
ဒီပြင်ကောင် မဟုတ်ဘူး၊ ဒါပဲ၊ ပေ့ကောင် စိုးသိန်း လာ သွားမယ်"

ᨀ

"ဟာ . . . မင်း အဲဒီအတိုင်းပြောခဲ့တာပဲလား ကိုသက်"

"တစ်လုံးမှ မလွဲဘူး ကိုလှိုင်၊ အဲဒီကောင်က အလကား
ကြောက် ကိုလှိုင်ရဲ့ ဒီကောင်သာ သတ္တိရှိရင် သူ့ခြံထဲသွားပြီး ကျွန်တေ
ဒီလိုပြောရဲမလား၊ ဒီကောင် ကြောက်တတ်မှန်းသိလို့ ကျွန်တော် တမင်
ခြောက် ပေါက်ထားခဲ့တာ၊ ဒီကောင် လှုပ်တို မလှုပ်ရဲဘူး"

"အဲဒီကိစ္စကော မြို့ သိပြီးပလား ကိုသက်"

"ကျွန်တော် ပြောပြလိုက်ပြီးပြီ"

"မြို့က ဘာပြောလဲ"

"ကျွန်တော် မလုပ်သင့်ဘူးလို့တော့ ပြောတာပေါ့ ကိုလှိုင်ရ
ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ ကျွန်တော်က လုပ်ပြီးနေပြီ၊ ဒါပေမ
ကျွန်တော် မြို့ကိုလဲ ခုနက ကျွန်တော် ပြောသလို သက်သက်ခြောက်ခဲ့တာ
တာကယ်ပြဿနာ မရှာပါဘူး ဒီကောင်တွေ ကိစ္စလဲ စိတ်မဝင်စားတော့ဘူ



တတိပေးလိုက်ပါတယ်"

"ဖိုးကောင်တွေကတော့ တစ်ခါတည်း ငြိမ်သွားတာပဲလား"

"ခုတော့ ဘာမှ လှုပ်ရှားမကြားရသေးဘူး ကိုလှိုင်၊ သူတို့က မလှုပ်
ဘဲ လှုပ်တာက တစ်နေရာက ဖြစ်နေတယ်၊ ခု ကိုလှိုင့်ဆီလာတာ အဓိကက
အဲဒါပြောချင်လို့"

"ဟ . . . ဒါဖြင့် ပြဿနာက ကျန်သေးတာပေါ့"

"တစ်ခုပဲ ကျန်ပါတော့တယ်၊ ဒါပေမယ့် အဲဒီတစ်ခုလဲ တစ်
ခုဆိုသလောက် ခေါင်းခဲရတယ်နော်၊ ကိုလှိုင် နားထောင်ရင်း စိတ်တော့
ညစ်မနေနဲ့"

ကိုလှိုင်က ရယ်သည်။

"ခုမှတော့ ထူးပြီး ညစ်မနေတော့ပါဘူးကွာ၊ ကဲ . . . လက်စနဲ့
ဆုံးအောင်သာ ပြောတော့၊ အဲဒီပြဿနာက ဘာလဲ"

"ဘာလဲဆိုတော့ အဲဒီကိစ္စကတော့ ဒီနေ့မနက်မှ ဖြစ်တာ ကိုလှိုင်၊
နောက်ဆုံးပေါ် အသစ်ကျပ်ချွတ်ပဲ"

သက်ဆွေက အကြောင်းစုံပြောရန်အတွက် ပဏာမအခင်းအ
ကျင်းလေး စလိုက်သည်။

ဘာတွေဆက်ဖြစ်သလဲဆိုတာ ဆက်ပြောဖို့သာ လိုတော့သည်။

ᨀ ᨀ ᨀ

www.burmeseclassic.com

www.burmeseclassic.com

(၉)

"မင်း ဖေဖေဆီ ခဏ သွားလိုက်ဦးသား၊ ဖေဖေက သားနဲ့ ပြောစရာ စကားရှိလို့တဲ့ ခေါ်ခိုင်းလိုက်လို့"

မေမေ့စကားကြောင့် ရင်ထဲမှာထိတ်ပျာသွားမိသော်လည်း စောင့်ဆိုင်းနေသောရက် ရောက်လာပြီမို့ စိတ်ကျေနပ်သလိုလိုတော့ ဖြစ်မိ၏။

ဖေဖေ့ဆီက ဘယ်လိုအဖြေမျိုး ထွက်လာသည် ဖြစ်စေ၊ ပြဿနာ ဆိတ်ကျကျ ပေါ်လွင်သွားပြီဆိုပါက နောက်ကိစ္စများအတွက် ဆက်စဉ်းစား၍ ရနိုင်သည်။ ဘာမှန်းမသိ ညာမှန်းမသိနှင့် တဖုံ့နွေးနွေး စောင့်နေရသော ဒုက္ခကသာ ပိုကြီးသည်။

ဒီကြားထဲမှာ သူရကျော် ဝင်ရှုပ်သဖြင့် မေ့တော့တော့ပင် ဖြစ်သွားသော ရှေ့ကိစ္စကိုလည်း ခုမှ သတိရသည်။ ဒီပုဂ္ဂိုလ်မလေးကလည်း ဘာတွေ ရှာဖွေ စူးစမ်း၍ နောက်ထပ် အဘယ်မျှ အစီရင်ခံစာတွေ တင်သွင်းထားပြီးပြီ မသိ။

ဖေဖေ့ရှေ့သို့ သွားသော ခရီးသည် တရားသူကြီးရှေ့သို့ သွားနေသော အပြစ်ကျသည့် တရားခံပုံစံမျိုး ဖြစ်နေသည်။ အပြစ်တစ်ခုကတော့ မုချကျတော့မည် ဖြစ်သည်။ ပြစ်ဒဏ်အနည်းအများကိုသာ တို့ယ်ဘက်က မျှော်လင့်စရာ ရှိ၏။



"လာ . . . သား ထိုင်"

ဖေဖေ့အသံက သဘာဝမကျစွာ ချိုသာနေသဖြင့် သက်ဆွေ ပြသွားသည်။ သို့သော် နားထဲသို့ တစ်ခါက မေမေ စနို့ကို ဖုန်းဖြင့် ပြောနေသော စကားတစ်ခုကို ဖြန်ကြားလိုက်မိသဖြင့် သိမ် မအုံ့ဖြိုရန် ယ်ကိုယ်ကို သတိပေးလိုက်နိုင်သည်။

"ဒီကောင့်ကို ဆူဆူပူပူ သွားလုပ်လို့ မဖြစ်ဘူး၊ အချိန်ယူပြီး စ်နည်းတစ်ဖုံလုပ်မှ ရမယ်ဆိုပြီး"

ဖေဖေလည်း ရှပ်ရှင်မင်းသား မဟုတ်ပေမယ့် အိုက်တင်တော့ ကောင်းသားပဲဟု စိတ်ထဲမှ ပြစ်မှားမိလိုက်သေးသည်။ သို့သော် ဖေဖေ့ကို တော့ သူ မကြောက်၍ မရ။

သို့အတွက် ဖေဖေပြသည့် ထိုင်ခုံသို့ ကျုံ့ကျုံ့ရှုံ့ရှုံ့ ဝင်ထိုင်လိုက်ပြီး

"ဟုတ်ကဲ့ ဖေဖေ"

"အေး . . . မင်းကို ဖေဖေ ဟိုတစ်ခါ ပြောခဲ့တယ် မဟုတ်လား။ င်းကောင်မလေးနဲ့ ပတ်သက်တဲ့ကိစ္စမှာ ဖေဖေ အေးအေးဆေးဆေး လုလာပြီးမှ ဒီအကြောင်း ထပ်ပြောမယ်လို့ ပြောခဲ့တယ်၊ မင်း မှတ်မိလား"

"မှတ်မိပါတယ် ဖေဖေ"

"ဒါဖြင့် ဖေဖေ တစ်ခုမေးမယ်၊ မင်းတို့ နှစ်ယောက် ချစ်သူရည်း းတွေ ဖြစ်နေကြပြီလို့ ဖေဖေ သိရတယ်၊ အဲဒါ ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

"အေး . . . အဲလို ပွင့်ပွင့်လင်းလင်းပြော ဖေဖေ့ကို မညာနဲ့ န်တာပြောရင် ဖေဖေနဲ့ စိတ်ရှည်ရှည် ဆွေးနွေးလို့ ရတယ်၊ အဲဒါတော့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေးဦးမယ်"

"ဟုတ်ကဲ့ . . . မေးပါ ဖေဖေ"

"မင်း အဲဒီကောင်မလေးကို အပျော်အချင်းနဲ့ လွယ်လွယ်ကူကူပဲ အချိန်အဆက်လုပ်ရလို့ ရည်းစားထားတာလား၊ ဒါမှမဟုတ် တကယ်ယူမယ့် အဆင့်အထိ သေချာစဉ်းစားပြီး လေးလေးနက်နက် ရည်ရွယ်တာလား၊ အမှန်အတိုင်း ပြောနော်၊ အဲဒါ အရေးကြီးတယ်"

"သား . . . လေးလေးနက်နက် ရည်ရွယ်တာပါ ဖေဖေ"

"ဒါဖြင့် တကယ် ယူမယ်ပေါ့"

"ဟုတ်ကဲ့"

"ကောင်းပြီ မင်း အဲဒီကောင်မလေးအကြောင်း ဘယ်လောက်သိလဲ"

သက်ခွေ ကျိတ်ပြုံးလိုက်သည်။ ပြီးမှ . . .

"စန္ဒီကတော့ ဖေဖေတို့ကို ဘာတွေ ပြောထားလဲတော့ မသိဘူး ဖေဖေ၊ သားကတော့ မြိုင့်အကြောင်း အကုန်လုံးသိပြီးမှ သူနဲ့ချစ်သူဖြစ်ရတာပါ၊ ချော် . . . မြိုင်ဆိုတာ မေသင်းနိုင်ရဲ့ နာမည်ရင်းပါ ဖေဖေ"

ဖေဖေက မျက်နှာ ဘာညာမပျက်သော်လည်း မျက်နှံဝင့်ကြည့် . . .

"ငါတို့တို့ စန္ဒီက ပြောတယ်လို့ မင်း ဘယ်လိုလုပ်သိလဲ သက်ခွေ"

"ကျွန်တော် ကံကောင်းထောက်မလို့ အမှတ်တမဲ့ သိလိုက်ရတာပါ ဖေဖေ၊ စန္ဒီဟာ သားကို ကျောင်းတတည်းက တစ်ဘက်သတ် မျှော်လင့်နေမှန်း ဖေဖေတို့လည်း သိမှာပါ"

"ကောင်းပြီလေ . . . ဒါက သား ကျွှာက်လဲချက်ပေါ့၊ စန္ဒီကို





ထားလိုက်ပါ၊ သေချာတာတစ်ခုကတော့ မင်း ကောင်မလေး အဲ . . . မြိုင့်အကြောင်း မင်း သေချာသိပြီးသားဆိုတာ အမှန်ပဲပေါ့"

"သေချာပါတယ် ဖေဖေ၊ မြိုင်ကိုယ်တိုင် သားကို အစအဆုံး ဖွင့်ပြောပြထားတာပါ"

"ဖေဖေတို့ သိထားတဲ့ အထဲမှာ ဦးမြတ်ထွန်းဆိုတဲ့ ဒါရိုက်တာနဲ့ ပတ်သက်တဲ့ ကိစ္စကော၊ မောင်အေးဖေဆိုတဲ့သူငယ်နဲ့ ဖြစ်ခဲ့တာကော နှစ်ခု ရှိတယ်နော်"

"နှစ်ခုစလုံး သား သိပါတယ် ဖေဖေ"

ဖေဖေက ခေါင်းညိတ်သည်။

"ဒါတွေနဲ့ ပတ်သက်လို့လဲ မင်း ခွင့်လွှတ်တယ်ပေါ့"

"ဟုတ်ကဲ့"

"အေး . . . ဒါဖြင့် ဖေဖေတို့ဘက်က သိပ်ပြောစရာ မလိုတော့ဘူး၊ တစ်ခုပဲ ရှိတယ်၊ သားဟာ ဖေဖေတို့ရဲ့ တစ်ဦးတည်းသောသား၊ အမွေစား အမွေခံအားလုံး တစ်ယောက်တည်း ရမယ့်သူ၊ ပြီးတော့ ဖေဖေကော၊ မင်း မေမေကော နှစ်ယောက်စလုံးက ရှိသမျှ မေတ္တာတွေ စုပုံပြီး ချစ်ထားရတဲ့ သား၊ ဒီတော့ကာ မင်း သဘောကျပါတယ်ဆိုတိုင်း ဖေဖေတို့က အရမ်း လက်မခံချင်ဘူး၊ ဒီအထိ သား လက်ခံလား"

"လက်ခံပါတယ် ဖေဖေ"

"နောက်တစ်ခုက မင်း ထင်ရာလုပ်သွားလို့ ဖေဖေတို့က စိတ်ဆိုးပြီး အမွေပြတ် ကြေငြာတာတို့ သားအဖြစ်က စွန့်လွှတ်တာတို့လဲ အဓိပ္ပါယ်မရှိ မလုပ်နိုင်ဘူး၊ ငါ့သားဟာ ငါ့သားနဲ့ ထိုက်တန်တဲ့ အိမ်ထောင်ဖက် လိမ္မာကောင်းတစ်ယောက် ရရမယ်၊ အတယ်၍ အဲဒီ မိန်းကလေးဟာ မြိုင်

www.burmeseclassic.com



ဖြစ်နေတယ် ဆိုရင်လဲ ဖေဖေတို့ မငြင်းဘူး၊ အဲဒါဆို သား ကျေနပ်မလား

"ကျေနပ်ပါတယ် ဖေဖေ"

"အဲဒီတော့ သားဆီက ဖေဖေ ကတိတစ်ခုပဲ တောင်းမယ်၊ အဲ

ဘာလဲဆိုတော့ သားရဲ့အိမ်ထောင်ရေးကိစ္စမှာ သားရဲ့ဆန္ဒနဲ့ အတတ်နိုင်

ကိုက်ညီအောင် ဖေဖေတို့ စဉ်းစားပေးမယ်၊ အဲလို စဉ်းစားတဲ့အခါမှာ၊ အ

ယူချင်လည်း ယူရမယ်၊ လောလောလောလော မလုပ်နိုင်ဘူး၊ အဲဒီအတွ

ဖေဖေတို့ဘက်က တိတိကျကျ ဆုံးဖြတ်မပေးခင်မှာ ဖေဖေတို့ဆန္ဒနဲ့ ဆ

ကျင်ပြီး ဖေဖေတို့လည်း မျက်နှာ မပျက်ရအောင်၊ သားမိုက် မဖြစ်အော

နိုးပြေးတာတို့ တိတ်တိတ်ပုန်း လက်ထပ်တာတို့ သားမလုပ်ရဘူး၊ ဘယ့်နှ

လဲ၊ အဲဒီကတိကို သား ပေးနိုင်မလား"

"သားဆန္ဒနဲ့ ဆန့်ကျင်ပြီး ဖေဖေတို့က သား အိမ်ထောင်ရေး

မစွက်ဖက်ရင် အဲဒီကတိကို သားပေးပါတယ် ဖေဖေ"

"အဲဒါကြောင့် သားစိတ်မပါဘဲ ဘယ်သူနဲ့မှ အိမ်ထောင်ပြု မပေး

ဘူး၊ သားစိတ်ပါတဲ့သူကိုပဲ ဖေဖေတို့ အတတ်နိုင်ဆုံး လိုက်လျောပြီး စဉ်း

ပေးမယ်"

"အဲဒါဆို သားကတိ ပေးပါတယ် ဖေဖေ"

"ကောင်းပြီးသား၊ တို့သားဟာ ယောကျ်ားကောင်းတစ်ယော

ဖြစ်တယ်လို့ ဖေဖေယူဆတဲ့အတွက် အဲဒီကတိကိုဖေဖေလေးစားမယ်၊

ဖေတို့ဘက်ကလဲ စကားမပျက်စေရဘူး၊ နောက်ဆုံးတစ်ခုပဲကျန်တော့တယ်

"ဟုတ်ကဲ့၊ ပြောပါ ဖေဖေ"

"ဒီအတောအတွင်းမှာ ရက်တွေ အချိန်တွေကတော့ သား ကြို

အချိန် အဆင်ပြေတဲ့ရက်သာ ရွေး၊ သားရဲ့ချစ်သူဆိုတဲ့ မြိုင်နဲ့ ဖေ



တွေ့ချင်တယ်၊ အဲဒီကိစ္စ သားစီစဉ်လိုက်"

"ဗျာ"

"မဗျာနဲ့ သက်ဆွေ၊ ဖေဖေတို့ လေ့လာရမယ့် မိန်းကလေးကို ဖေဖေကိုယ်တိုင်တွေ့ပြီး၊ ဖေဖေတို့စိတ်ကြိုက် မေးစမ်းလေ့လာချင်တယ်၊ ဖေဖေတို့ လူရိုင်းတွေ မဟုတ်ဘူး၊ မင်း မိန်းကလေးကို ဖေဖေတို့ ဘာတစ်ခုမှ ရိုင်းရိုင်းပျပျ ဆက်ဆံစရာ အကြောင်းမရှိဘူး၊ သား အဲဒီကိစ္စ အမြန်ဆုံး စီစဉ်ပေးပါ"

"ဟုတ် . . . ဟုတ်ကဲ့၊ ဖေဖေ"

ပြဿနာက မထင်သည့်ပုံစံ ချိုးပြီး ထေင်သလို ဖြစ်ကုန်ပြီမို့ သက်ဆွေ ဘာလုပ်ရမှန်း မသိတော့။

နောက်ဆုံး ဘာလုပ်ရမှန်း မသိဖြစ်လျှင် ကမန်းကတန်း ပြေး၍ အကြံယူရ တိုင်ပင်ရသော ကိုလှိုင့်ဆီ ပြေးဖို့သာ စဉ်းစားရတော့၏။

"အဲဒါပဲ ကိုလှိုင်၊ ကိုလှိုင် အကြံပေးဖို့သာ လုပ်တော့"

သက်ဆွေ စကားအဆုံးမှာ ကိုလှိုင် စိတ်သက်သာရာ ရသွားတာန် ဖြင့် ပြုံး၍ ခေါင်းညိတ်ရင်း . . .

"အင်း . . အဲဒါကပြဿနာမဟုတ်ဘူး တိုသက်ရ ဒါ မင်းအတွက် အင်မတန်ကောင်းတဲ့ အခြေအနေပဲ မြိုင်ကို ဒီအကြောင်း ပြောပြီးပြီလား"

"ကိုလှိုင်နဲ့ တိုင်ပင်ပြီးတာနဲ့ ပြောမယ်လို့ စဉ်းစားထားတယ် ကိုလှိုင်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဒါဆိုလဲ မြိုင့်ကို အကျိုးအကြောင်း သေချာပြောပြပြီး တစ်ရက် အိမ်ခေါ်သွားလိုက်ပါ၊ ဘာပြဿနာမှ မရှိပါဘူး၊ ငါ့စိတ်ထဲမှာ မင်းအဘိုးကြီး၊ အဘွားကြီး အခြေအနေ ဒီလောက် ကောင်းမယ်တောင် မှ ထင်ဘူး ကိုသက်ရ၊ ခုလိုဆိုတော့ မင်း ဘာပူစရာလိုတော့လို့လဲ"

"ပူစရာမလိုဘဲ နေမလား ကိုလှိုင်ရဲ့၊ အဘိုးကြီး အဘွားကြီးက သဘောတူမယ်လို့ ပြောသေးတာမှ မဟုတ်ဘဲ"

"သဘောတူတယ် မပြောပေမယ့် သဘောမတူဘူးလို့ ပြောတာမှ လဲ မဟုတ်ဘဲကွ၊ တစ်အချက်က ဘယ်တော့မှ မင်းကို မင်း မကြိုက်ဘဲ သူတို့သဘောတူတဲ့ တစ်ယောက်ယောက်နဲ့ ပေးစားမှာ မဟုတ်တော့ဘူး နှစ်အချက်က မြိုင့်ကို သူတို့ သဘောမတူသည့်တိုင်အောင် အချိန်ယူ စဉ်းစားပြီး သူတို့စိတ်ကို လျှော့နိုင်သလောက် လျှော့မယ်၊ မတတ်သာရင် မင်းနဲ့ ပေးစားမယ် ဆိုတာပဲ၊ ပြီးပြီပေါ့ကွာ၊ ဘာလိုသေးလဲ"

"သူတို့ အချိန်ယူတာ မတရား ကြာနေရင်ကော"

"ဒါလည်း မပူပါနဲ့ကွာ၊ အချိန်ဆိုတာ ယူချင်တိုင်း ယူလို့မရပါ ဘူး၊ အကန့်အသတ် ရှိပါတယ်၊ သူတို့မသေခင် မင်းကို မိန်းမတော့ ပေးစားခဲ့ ရမှာပါ၊ နောက်ဆုံးအချိန်အထိ မင်းက မြိုင်ကလွဲပြီး ဘယ်သူ့ကိုမှ မယူဘူး ဆိုရင် မင်းကို မပေးစားလို့ ရတော့မလား"

"ဗျို ကိုလှိုင်၊ အရမ်းကျေးဇူးတင်တယ်၊ ကျွန်တော် အဲဒီအဖြေကို သိချင်တာ၊ ကျွန်တော့်စိတ်ထဲမှာ ဖေဖေနဲ့ မေမေက ဒီပြင်လှည့်ကွက် တစ်ခုခုများ လုပ်ဦးမလားဆိုပြီး စိတ်ထဲတထင့်ထင့် ဖြစ်နေတာ၊ တစ်နေ့လုံး ပဲ၊ ခုတော့ စိတ်အေးသွားပါပြီ၊ မနက်ဖြန်ကျ မြိုင့်ကို ဒီအကြောင်းတွေ ပြောပြမယ်၊ ပြီးတော့ မြိုင် အဆင်ပြေတဲ့ တစ်ရက်ရက်ချိန်းပြီး ဖေဖေတို့နဲ့



တွေ့ပေးမယ်၊ နောက်ပိုင်း ဖြစ်ချင်ရာဖြစ်ဗျာ၊ ကျွန်တော် မကြောက်ဘူး၊ ကျွန်တော်ကလည်း ဒီတစ်သက်မှာ မြိုင်ကလွဲပြီး ဘယ်သူမှ မယူတော့ဘူး၊ မြိုင့်ကို ပဲ မရရတဲ့နည်းနဲ့ ယူမယ်"

စိတ်အား ထက်သန်ခြင်းနှင့် ပျော်ခြင်းများ တစ်ပြိုင်တည်း ဖြစ်နေသော သက်ဆွေကို ကြည့်၍ ကိုလှိုင် စိတ်ချမ်းသာစွာ ပြုံးသည်။

ဒီလောက်ဖြစ်နေမှာတော့ ဒီကောင်လေး သူ့စိတ်တိုင်းကျ ဖြစ်သွားပါစေဟုလည်း စိတ်ထဲက ဆုတောင်းပေးလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌမ ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ကျွန်တော် မြိုင့်ကို ပြောပြီးပြီ ကိုလှိုင်၊ မြိုင်က သူသွားတွေ့ပါမယ်တဲ့၊ ကိုလှိုင့်ဆီ အဲဒီသတင်းလဲ ပြောရင်း တခြားကိစ္စလေးတစ်ခုလဲ ရှိလို့ ဝင်ခဲ့တာ"

နောက်တစ်ရက်ကျော်မှာ သက်ခွေ တစ်ခေါက်ပြန်ရောက် လာသည်။ ကိုလှိုင်က ပြုံး၍ ခေါင်းညိတ်ရင်း . . .

"အေးကွာ . . . အဆင်ပြေပါစေလို့ ငါလည်း အမြဲ ဆုတောင်းပေးပါတယ်၊ ပြော . . . မင်း လာတဲ့ တခြားကိစ္စဆိုတာ ဘာလဲ"

သက်ခွေ ရှက်ရယ်ရယ်သည်။ သူ့ကင်မရာ အိတ်ထဲမှ သားရေဖုံးစာအုပ်အနက်ကလေး ထုတ်လိုက်ရင်း . . .

"ကဗျာလေးတစ်ပုဒ်ကို အစီပွါယ်ရှင်းခိုင်းမလို့ ကိုလှိုင်ရေ ကျွန်တော့်ကို အဲဒီကဗျာလေး ဘာသာပြန်ပြစမ်းပါ"

"ပြစမ်းပါဦး၊ မင်းကဗျာက ဘယ်လိုတာမျိုးမို့လဲ"

ကိုလှိုင်က ကဗျာကို ယူကြည့်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ မြိုင့်လို မိန်းကလေးမပြောနှင့် ကိုယ်ယောကျ်ားလေးတောင် ခုနေခါ မြိုင့်မိဘများနှင့် သွားတွေ့ရမည်ဆိုပါ



က အနည်းနှင့်အများတော့ တုန်လှုပ်မိမှာ အမှန်။

မြိုင်နှင့် ညှိနှိုင်း၍ မနေ့ညနေက ဖေဖေ့ကို ဒီနေ့ နေ့လည် ဆယ့်နှစ်နာရီလောက် မြိုင်နှင့် တွေ့ပေးရန် ချိန်းထားခဲ့ပြီးသား။

သို့အတွက် မနက်တတည်းက မြိုင့်ကို ဆိုင်ကယ်ဖြင့် သွားခေါ်ကာ နှစ်ယောက်သား စိတ်ငြိမ်ငြိမ်းချမ်းချမ်း ကြည်ကြည်လင်လင်လေး ဖြစ်နေရန်အတွက် ကျိုက္ကလို့ဘက် ခရီးထွက်ခဲ့သည်။

မြိုင်ကတော့ သိပ်မလိုက်ချင်။

"တွေ့ခါနီးကျမှပဲ မောင်တို့အိမ် တန်းသွားလိုက်ရင် မကောင်းဘူးလား မောင်ရယ်၊ မနက်ပိုင်း ဟိုသွား ဒီသွားနဲ့ မောင့် ဖေဖေနဲ့ တွေ့ချိန်မှာ မြိုင်က ဆံပင်တွေဖွ၊ အလှတွေပျက်နေရင် မြိုင့်ကို အထင်သေးနေဦးမယ်"

သက်ခွေက ရယ်သည်။

"လှတာပတာ မောင့်ဖေဖေနဲ့ မဆိုင်ပါဘူး၊ အဲဒါတွေက မောင်နဲ့ပဲ ဆိုင်တာပါ"

ဘာပြောပြော မြိုင် ပျော်ပျော်ရွှင်ရွှင် ဖြစ်လာခြင်းအတွက် သက်ခွေ စိတ်ချမ်းသာသည်။ ဒီနေ့မနက် တစ်မနက်လုံးမှာ မြိုင့်ကို စိတ်ကြည်ကြည်လင်လင် ပျော်ပျော်ရွှင်ရွှင်လေး ရှိနေစေချင်၏။

ကျိုက္ကလို့ဘုရားရောက်၍ ထိုင်နေကျ တရုပ်စကားပင်အောက်တွင် ထိုင်ရင်း မြိုင်က ညည်းညည်းညူညူလေး မေးလိုက်သောအခါ သက်ခွေ ပြုံးရင်း . . .

"ဒီအတွက် ဘာမှ မပူပါနဲ့ မြိုင်၊ သူ မေးချင်တာမေးပစေ၊ မေးရင်လည်း အမှန်အတိုင်းသာ ဖြေ၊ ခုချိန်ကစပြီး မောင်တို့အခုမှ ဖူးမီလိုက်ရတဲ့နေတော့ဘဲ လောကကြီးကို အမှန်အတိုင်း ရင်ဆိုင်ကြမယ် မြိုင်၊ ဘာမှ

www.burmeseclassic.com



မကြောက်နဲ့"

"မောင့်မေမေက မြိုင့်ကို ဆူတော့ဆူမှာ မဟုတ်ပါဘူးနော်"

"ဟာ . . . ဘယ်လိုလုပ် ဆူရမလဲ မြိုင်ရဲ့ ဆူဖို့ကိစ္စဆို မောင် လာခေါ်ပါ့မလား။ အစကတည်းက အဲဒီလို စိုးရိမ်မှာစိုးလို့ မေမေက ကြို ပြောထားပါတယ်၊ မြိုင့်ကို နိုင်းနိုင်းဖူဖူ ဘာတစ်ခုမှ မဆက်ဆံပါဘူးတဲ့"

"ဟင်း . . . ရင်မောလိုက်တာ မောင်ရယ်၊ မောင့်ကို ချစ်လို့သာ မြိုင် သွားတွေ့ရတာနော်၊ မြိုင့်နေရာက စဉ်းစားကြည့်၊ ဘယ်လောက် ရင်ထိတ်ရတယ် မှတ်လဲ"

သက်ဆွေ ခေါင်းညိတ်သည်။

"မောင် သဘောပေါက်ပါတယ် မြိုင်၊ မြိုင် မောင့်ကို ဘယ် လောက် ချစ်တယ်ဆိုတာ မောင်သိနေပါပြီ၊ ဒါကြောင့် ချစ်တာချင်း မြိုင်ရို့ တောင် အစော်ကြောက်နေပြီ၊ သိရဲ့လား"

မြိုင်က မျက်မှောင်ကြုတ်၍ . . .

"မောင် ဘာပြောတာလဲ"

"မြိုင်ကပဲ ပြောတယ်လေ၊ ချစ်ချင်းငယ်မြိုင်၊ မြစ်မင်း အဂ္ဂဝါက ပြန်တစ်ရာကဲဆို"

မြိုင့်မျက်နှာမှာ အပြုံးလေးတစ်ပွင့် ချက်ချင်း လက်သည်။

"မောင် အဲဒီကဗျာကို နားလည်သွားပလား"

"အင်း . . . အရမ်း နားလည်သွားပြီ"

"တကယ်"

"တကယ်ပေါ့"

"အဲဒါဆို မြိုင့်ကို အဓိပ္ပါယ် ပြန်ပြောပြမလား၊ မောင် ဘယ်



လောက် နားလည်လဲဆိုတာ သိရအောင်"

"မြိုင် နားထောင်ချင်ရင် မောင် ပြောပြမှာပေါ့"

"အင်း . . . ဒါဆိုပြောပြ"

သက်ဆွေက မဟာပညာရှိ စတိုင်မျိုးဖြင့် ပြုံးသည်။ အရင်က ဆိုလျှင်တော့ ရောကောသောကောလောက်သာ ပြောနိုင်မည် ဖြစ်သော် လည်း ခုခါကတော့ သူမမှူးပြီ ဟိုတစ်ရက်က ကိုလှိုင့်ကိုမေး၊ ကိုလှိုင် ပြောပြ သည်များကို ဂရုစိုက်နားထောင် သေချာမှတ်သားထား၍ ကဗျာတိုဝါ အလွတ်ကျက်ပြီးပြီဖြစ်ရာ၊ စာမေးပွဲသော ကျောင်းသား စာမေးခံရသလို မြှာက်ကြွကြွဖြစ်နေသည်။

မပြောခင် လေသန့်သန့် အေးအေးလေးများကို တဝရှူသွင်းလိုက် သေး၏။

"ချစ်ချင်းငယ်မြိုင် မြစ်မင်းပိုင် အဂ္ဂဝါက ပြန်တစ်ရာကဲတဲ့ ဒါက အမပိုဒ်နော် မြိုင်"

"အင်း"

"အဓိပ္ပါယ်က အချစ်ချင်းမြိုင်ရင် မြစ်မင်းကို ပိုင်တဲ့ အဂ္ဂဝါက သာလေးနဲ့နိုင်သလို သူ့ဘက်က အဆတစ်ရာမက သာပါတယ်တဲ့"

"သူဆိုတာ ဘယ်သူလဲ"

"ရှေ့တုန်းကတော့ မမြတ်လေးပေါ့၊ ခုတော့ တော်ဇီက ဖောင် ဒ်ပေါ့"

www.burmeseclassic.com



"သွားပါ . . . ဘာ မောင့်မြိုင်လဲ၊ အဲဒီမောင်က သိပ်အသားယူ တတ်တာပဲ"

"ဟား . . . ဟား၊ အသားတင် မဟုတ်ဘူးနော်၊ မောင်က အရို လေးတော အရေကော ခြေသည်းလက်သည်းတော အမွေးအမျှင်တွေ တော အကုန်လုံးယူမှာ"

"လုပ်ပြန်ပြီ၊ မောင်ကတော့ တာကယ့်ကို ကဲ . . . ပါဆိုတာမျိုးပဲ ကဲပါ၊ ယူပါယူပါ၊ ပြီးတော့ ကဗျာလဲ ဆက်ပါဦး"

"အဲဒီအပိုဒ်ကို တချို့က မြစ်မင်းပိုင် အစ္ဆရာဝါက ပြန်မသာကဲ့ဆိုပြီး ဒီပြင်အဓိပ္ပါယ်တစ်မျိုးနဲ့ ဖြန့်ကြသေးတယ်လို့ ပြောတယ်၊ ဒါပေမယ့် မောင်ကတော့ ဒီအဓိပ္ပါယ်ပဲ ကြိုက်တယ်၊ အစ္ဆရာဝါဆိုတာက ပင်လယ် သမုဒ္ဒရာကို ပြောတာ မဟုတ်လား၊ မြစ်တွေ စီးဝင်ပြီးမှ ပင်လယ်သမုဒ္ဒရာ ဖြစ်လာတော့ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာကို မဟာသမုဒ္ဒရာက ပိုင်တယ် အချစ်ချင်းမြိုင်ရင် မောင်က မြစ်မင်းပဲ ဖြစ်ပြီး မြိုင်က သမုဒ္ဒရာပေါ့၊ မြိုင်က အပြန်တစ်ရာမက သာပါတယ်တဲ့၊ အဲဒါ မှန်ပြီနော်"

"မှန်ပြီ၊ နောက်အပိုဒ်ဆက်"

"နောက်အပိုဒ်က ယွင်းစေဝသုန်၊ ငွေဝန်းသော်တာယုန်သို့ ကမ္ဘာ ကုန်ကျယ်သရွေ့ငယ်မှာ၊ ဘယ်မေ့လိမ့်လဲတဲ့ . . ၊ တွေ့လား မောင် ဘယ်လောက်တော်လဲ အလွတ်တောင် ရနေပြီ"

မြိုင်က ရယ်၏။

"ဟုတ်ပါပြီ မောင်တော်တော်ကြီးရယ်၊ အဓိပ္ပါယ်လေး လင်းစမ်း ဦး"

"အင်း . . . အဓိပ္ပါယ်က ကျယ်ဝန်းလေးနက်တယ် မြိုင်





ပေါ့ပေါ့ပြောလို့ မရတော့ဘူးကွယ့်၊ အဲဒီတော့ လေးသွားအောင် မြိုင် မောင့်ပေါင်ပေါ် လာထိုင်ပေးစမ်းပါ"

"အို . . . ဘယ်လိုကြီးလဲဟ၊ ခုရောက်နေတာ ဘုရားပေါ်မှာ နော်၊ ကိုယ်တော်လေး သတိလဲထားဦး"

"ကိုယ်တော်လေး မဟုတ်ပါဘူး မြိုင့်ရဲ့ မောင်တော်ဘုရားပါ"

"မှန်ပါ့ . . . မောင်တော်ဘုရား ရွှေနှုတ်တော် ဖွင့်ဟာလို့ ရှင်းပြ တော် မူစမ်းပါဦး"

"အင်း . . . ယွင်းစေဝသုန် ဆိုတာက ဒီလိုလေ၊ ဝသုန်ဆိုတဲ့ ဟောဒီ မြေကြီး ပျက်စီးယိုယွင်းချင် ယွင်းသွားပါစေတဲ့၊ ငွေဝန်းသော်တာ ယုန်သို့ ငွေလမင်းကြီးပေါ် မှာရှိတဲ့ ယုန်ရုပ်လိုပဲ ကမ္ဘာကုန် ကျယ်သရွေ့ငယ်၊ ဒီကမ္ဘာကြီး တည်ရှိနေသမျှ ကာလပတ်လုံး၊ ဘယ်မေ့လိမ့်မလဲ၊ မြိုင်က မောင့်ကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူးတဲ့ဗျ၊ ရှင်းရဲ့လား မြိုင်လေး ရယ်"

"ရှင်းတော့ ရှင်းပါတယ်၊ ဒါပေမယ့် လ,ပေါ်က ယုန်ရုပ်လို့ ဆိုရုံ လေးနဲ့ ဘယ်ယုံမလဲ၊ မောင်ရဲ့ လ,ပေါ်က ယုန်ရုပ်က ဘာဖြစ်သလဲဆိုတာ လဲ ပြောဦးမှပေါ့"

"ဪ . . . ဟုတ်ပြီ၊ အဲဒါက ထုံးမတိမ်၊ ငုံးအိမ်ကျူလဆိုတဲ့ ကမ္ဘာတည်သရွေ့ မဖျောက်ဖျက်နိုင်တဲ့ ကမ္ဘာ့ဌီတရားလေးပါးထဲက တစ်ခုပဲ လေ မြိုင်၊ ငုံးဆိုတာက ဘုရားအလောင်း ငုံးမင်း အမိဌာန်ကြောင့် တောမီး ကွင်းသွားတဲ့နေရာမှာ ကမ္ဘာတည်သရွေ့ ဘယ်တော့မှ မီးမလောင်ဘူး"

"အင်း . . . အိမ်ဆိုတာကရော"

"အိမ်ဆိုတာက ကဿပဘုရားလက်ထက်က အဓိဋ္ဌာန်ခဲ့တဲ့

www.burmeseclassic.com

ယနေ့ကာလ ဖိုးထိန်းသည်ရဲ့အိမ်ဟာ ဒီကမ္ဘာ မပျက်သုန်းသရွေ့ မှိုး
မရှိဘူးတဲ့"

"အင်း . . . ကမ္ဘာ ဆိုတာကတော့"

"ကမ္ဘာဆိုတာက ဘုရားအလောင်းလျောက်မင်းဘဝက ဒီလူတော
တဲ့ ရေကန်ကနေ ကမ္ဘာရိုးကို အဆစ်ပျောက်အောင် အမိငွာန်ပြီး ရေ
သောက်ခဲ့ရတော့ အဲဒီနေရာက ကမ္ဘာပင်တွေဟာ ကမ္ဘာတည်သရွေ့ အဆ
အပိတ် မရှိတော့ဘူးတဲ့"

"ဟဲ . . . လကို ပြောတော့"

"အင်း . . . ငွေရန်းသော်တာ လမင်းကြီးမှာလဲ ယုန်ရုပ်ကလေး
တစ်ရုပ်ရှိတယ်၊ ဘုရားလောင်း ယုန်မင်းဖြစ်တုန်းက ဒါနပါရမီ ဖြည့်ချင်တော
ပုဏ္ဏားယောင်ဆောင်ပြီး အလှူလာခံတဲ့ သိကြားမင်းကို သူ့မှာ လှူစရာ
လည်းမရှိ လှူကလည်း လှူချင်တော့ နောက်ဆုံးတော့ သူ့ကိုယ်သူ မီးပုံ
ခုန်ချပြီး သိကြားမင်း ပုဏ္ဏားကို ယုန်ကင်လှူလိုက်တယ်၊ အဲဒီမှာ သိကြားမင်
ယုန်မင်းရဲ့ အသက် အလှူကို ဂုဏ်ပြုမှတ်တမ်း တင်ချင်လှန်းလို့ လပေါ် မှ
ယုန်ရုပ်ကလေး ရေးထားခဲ့တာတဲ့၊ အဲဒီယုန်ရုပ်လေးကလည်း ကမ္ဘာတည်
သရွေ့ အမြဲတမ်း တည်ရှိနေမှာပဲတဲ့ မြိုင်"

"အင်း . . . အဲဒီတော့"

"အဲဒီတော့ ခုန မြေကလေးတို့ မမြိုင်ကလေးတို့ အချစ်ကလည်
အဲဒီယုန်ရုပ်လေးလိုပဲ ကမ္ဘာ့တရားဖြစ်နေပြီး ဝလုန်မြေကြီးသာ ပျက်ယွင်
သွားချင်သွားမယ်၊ ဒီကမ္ဘာကြီး တည်ရှိနေသရွေ့ ဘယ်တော့မှ မမေ့နိုင်
အချစ်မျိုးနဲ့ ချစ်နေပါမယ်လို့ ပြောတာတဲ့ ဟုတ်လား မြိုင်၊ မြိုင်တော
မောင့်ကို တကယ် ဒီလောက်ချစ်တယ်နော်"



"ချစ်တာပေါ့ မောင်ရယ်၊ ကမ္ဘာကြီး ရှိနေသရွေ့ ကမ္ဘာကုန်ကျယ်
သရွေ့ဆိုတဲ့ စကားဟာ ဖေါ့ပေါ့တွေးရင်သာ ဘာမှမဟုတ်သလိုပဲ၊ ဒါပေမ
မယ့် သိပ်လေးနက်တယ်၊ ကမ္ဘာတစ်ကမ္ဘာဆိုတာ ကာလဘယ်လောက်ရှိလဲ
မောင်၊ သိလား"

"အဲဒါတော့ မသိဘူး မြိုင်၊ တစ်ကမ္ဘာသက်တမ်းဟာ ဘယ်
လောက်ရှိလဲ"

"မြိုင် ပြောပြမယ်၊ ဒီကမ္ဘာမှာ အာယုကပ်ဆိုတာ ရှိတယ် မောင်၊
အဲဒါက ဘာလဲဆိုတော့ လူတွေဟာ ပထမဆုံးကမ္ဘာတည်စက အသက်
အသင်္ချေတမ်းပဲရှိတယ်၊ ဆယ်နှစ်နေ သေပဲ၊ နောက်တော့ ကမ္ဘာသက်တမ်း
ကြာလာတာနဲ့အမျှ နှစ် ၁၀၀ တမ်း၊ ၁၀၀၀ တမ်း၊ နှစ် ၁၀၀၀၀ တမ်းဆိုပြီး
အသက်တမ်းတက်လာဝဲ ဘယ်အထိလဲဆိုတော့ အသင်္ချေတမ်းအထိပဲ၊
အသင်္ချေဆိုတော့ မရေမတွက်နိုင်တဲ့ဂဏန်း အင်္ဂလိပ် အင်ဖန်နတီးပေါ့၊
အဲလို တဖြည်းဖြည်း သက်တမ်း တိုးလာတာကို တက်ကပ်လို့ ခေါ်တယ်"

ဒီအပိုင်းကတော့ သက်ရွှေ လုံးဝမသိသော အပိုင်းမို့ ဂရုစိုက်
နားထောင်သည်။ မြိုင်ကဆက်၍ . . .

"နောက်ကျတော့ အသင်္ချေ သက်တမ်းကနေ တစ်သောင်း၊ တစ်
ထောင်၊ တစ်ရာ၊ တစ်ဆယ်ဆိုပြီး သက်တမ်းတွေ တဖြည်းဖြည်း ပြန်တိုလာ
တယ်၊ အဲဒီလို ပြန်တိုလာတဲ့ ကာလကိုတော့ ဆုတ်ကပ်လို့ ခေါ်တယ်၊
မြိုင်တို့ အခုအသက်ရှင်နေတာက ဆုတ်ကပ်မှာ နှစ် ၁၀၀ တမ်းပေါ့"

"အင်း"

"အဲဒီလို အာယုကပ် သက်တမ်း ၁၀ ကနေ အသင်္ချေ အသင်္ချေ
ကနေ ၁၀ အထိ တက်ကပ်တစ်ခါ ဆုတ်ကပ် တစ်ခါဖြစ်တဲ့ကာလကို

www.burmeseclassic.com



အခွံရကပ်တစ်ကပ်လို့ ခေါ်တယ်၊ အဲဒီလို အခွံရတဲ့ပေါင်း ၆၄ ကပ်
အသင်္ချေယျကပ် တစ်ကပ်လို့ခေါ်တယ် မောင်၊ အဲဒီ အသင်္ချေယျကပ်ပေါ
လေးကပ်ကိုမှ တစ်ကမ္ဘာတဲ့၊ ဒါကြောင့် ကမ္ဘာတစ်ခုရဲ့ သက်တမ်း ဘယ်
လောက် ကြာတယ်ဆိုတာ မောင် စဉ်းစားကြည့်တော့"

"အားပါ၊ မနည်းပါလား မြိုင်"

"ဘယ်နည်းမလဲ မောင်၊ ဒါကြောင့် တချို့လူကြီးတွေက ကမ္ဘ
သက်တမ်း ဘယ်လောက်ကြာတယ်ဆိုတာ မှန်းရလွယ်အောင် ဘယ်
ဥပမာ ပေးခဲ့သလဲဆိုတော့ အလျား တစ်ယူဇနာ၊ အနံ တစ်ယူဇနာ၊ အမြ
တစ်ယူဇနာ၊ ရှိတဲ့ သေတ္တာကြီး တစ်လုံးထဲမှာ မုန်ညင်းစေ့ ပိစိညောင့်တော
လေးတွေ အပြည့်ထည့်တဲ့ တစ်ယူဇနာ ဆိုတာ ဒီဘက်ပိုင်း အတိုင်းအတာ
ပြောရရင် နှစ်မိုင်ခွဲရှိတယ် မောင်၊ ပေပေါင်း ၁၃၂၀၀ တိတိ ရှိတာ
ပြီးတော့မှ အဲဒီသေတ္တာကြီးမှာ မုန်ညင်းစေ့တစ်စေ့ ထွက်သာရုံ အပေါ
ကလေးတစ်ပေါက် ဖောက်တဲ့၊ အဲဒီအပေါက်ကနေ အနှစ်တရာပြည့်တို
မုန်ညင်းစေ့ တစ်စေ့ထွက်ကျလို့ မုန်ညင်းစေ့ အားလုံး ကုန်နိုင်တဲ့ အချိန်
တစ်ကမ္ဘာရဲ့ သက်တမ်းပဲတဲ့၊ ရေတွက်လို့တော့ မရနိုင်ဘူးမောင်"

"အဲလောက်အထိ မြိုင်က မောင့်ကို ချစ်ရတယ်ပေါ့လေ"

"ပိုရင်သာ ပိုရပါစေမယ် မောင်ရယ်၊ နည်းနည်းမှ မလျော့စေ
ဘူး"

"ဪ မြိုင်၊ ဒါဆိုရင် ဖေဖေ မေးချင်ရာ မေးပစေ၊ မြိုင်လည
ဖြေချင်ရာ ဖြေတော့ ဖေဖေသဘောတူလဲ မောင်အရေးမစိုက်ဘူး၊ သဘော
မတူလည်း မောင် အရေးမစိုက်ဘူး၊ မောင့်မြိုင်ဟာ မောင့်မြိုင်ပဲ၊ ဟ
. . . မြိုင်ရယ် ဒီပေါ်မှာ မနေတော့ဘူး၊ ဘေးတစ်နေရာ သွားရအော



"ဘာလုပ်မလို့လဲ"

မြိုင့်ကို ချစ်လွန်းအားကြီးလို့ လွတ်ရာ ကျွတ်ရာ တစ်နေရာသွား
ပြီး တစ်အား ဖက်နမ်းလိုက်ဦးမယ်၊ ဒီပေါ်မှာကျတော့ ဒါ လုပ်လို့ မဖြစ်ဘူး"

မြိုင့် မျက်နှာလေး ရဲသွားသည်။

"အို . . . ဘာမှန်းလဲ မသိဘူးကွာ၊ မောင်ကလည်း နေစမ်းပါ၊
ဒီမှာ ယောကျ်ားမလောင်းနဲ့ တွေ့ရမှာ ကြောက်နေလို့ ဘုရားထရားတဖို့
စိတ်ကျွေးနေတာ သူက တစ်မျိုး၊ နေဦး မြိုင် ဘုရားရှိခိုးဦးမယ်၊ မောင်လည်း
ရှိခိုးချင်ခိုး၊ မခိုးချင်ရင် မြိုင့်ဘေးနားမှာ ငြိမ်ငြိမ်ထိုင်နေ၊ မဟုတ်တာယုတ်တွေ
လျှောက်ကြံစည်မနေနဲ့"

ပြောရင်းနှင့် မြိုင်က သန့်ရှင်းနေသော ရင်မြင်တော် ကျောက်ပြား
ခင်းပေါ်မှာ ကျုံ့ကျုံ့လေး ထိုင်၍ စေတီတော်ကို အာရုံ ပြုသည်။

သက်ဆွေ့ ရင်ထဲမှာ မပြောတတ်သော ခံစားကြည်နူးမှုလေးများ
ဖြင့် အေးမြသွား၏။

အချစ်ဆုံးပါ မြိုင်၊ ပြီးတော့ မြိုင် ချစ်တာကိုလည်း ယုံပါတယ်။

✱✱✱

www.burmeseclassic.com

(၂)

"အော် . . . စန္ဒီလာ ထိုင်"

ဗေဗေမှုခေါ်းနားတွင် ထိုင်စောင့်ရင်း အတွေး လွန့်သွားသဖြင့် အခန်းထဲသို့ စန္ဒီ ဝင်လာသည်ကိုပင် မသိလိုက်။ ကိုယ့်ရှေ့၌ ခြေစုံလာရပ်တော့ မော့ကြည့်ရင်း မှာမှာသလိုလို တိုင်နှုတ်ဆက်လိုက်သည်။

စန္ဒီက သူ့လွယ်လွယ်ရှုးရှုး ထုပ်လိုက်လျှင် အသံဗလ ထွက်ပေါ် သွားမည်ကို စိုးရိမ်သည့်အလား လက်ကာပြလိုက်ပြီး . . .

"ရတယ် သက်ဆွေ ငါ မထိုင်တော့ဘူး၊ အန်တယ့် အခြေ အနေ ဘယ်လိုလဲ"

စန္ဒီအမေကြောင့် သက်ဆွေက ခေါင်းခါပြရင်း အခန်းအပြင် ဘက်သို့ ထွက်ရန် လက်ပြသည်။ စန္ဒီနှင့်အတူ သူပါ လိုက်လာ၍ အခန်းပြင် ရောက်မှ . . .

"ဆရာဝန်က နောက်ထပ် နှစ်ရက်လောက်ရှိလောက်တော့ စောင့်ကြည့်ရဦးမယ်လို့ ပြောတယ် စန္ဒီ၊ အဲလောက်ကျမှပဲ အခြေအနေ ကောင်းမကောင်း ပြောနိုင်မယ်တဲ့"

"ဟင်"

စန္ဒီက သက်ပြင်းချသည်။

"အန်တယ် ဘယ်လိုဖြစ်သွားတာလဲ သက်ဆွေ၊ အရင်ထဲက နှလုံး ရောဂါအခံ ရှိလို့လား"



သက်ဆွေ ခေါင်းညိတ်သည်။

"ရှိတော့ ရှိတယ် စန္ဒီ၊ ဒါပေမယ့် ဒီရောဂါနဲ့တင်သက်လို့ အရမ်း သက်သာနေတာ နှစ်နှစ် သုံးနှစ်လောက် ရှိပြီ၊ ဒီကြားထဲမှာ ဘာမှကိုမဖြစ် ဘာ၊ အေးလေ ဘာမှမဖြစ်လို့ ဆေးတွေဘာတွေ မစားတာကြောင့်လဲ ဖြစ်မှာ ပေါ့"

"ဒါ ဖတ်စ် အတက်ခံ နော်"

"ဟုတ်တယ်၊ ဒီလိုဖြစ်တာတော့ ဒါ ပထမဆုံးပဲ"

"ကားမောင်းရင်း ဖြစ်တာဆို"

"မဟုတ်ဘူး၊ ကားမောင်းပြီး အိမ်ပြန်လာရင်း အိမ်ရှေ့မှာ ကားရပ် လိုက်ပြီးမှဖြစ်တာ၊ တော်သေးတာပေါ့၊ ကားမောင်းနေရင်း လမ်းမှာဖြစ်ရင် ပြီးရော"

"အေးဟယ် တကောင်းလိုက်တာ၊ ဒါနဲ့ ဖြစ်ဖြစ်ချင်း တစ်ခါတည်း တန်းသတိလစ်သွားတာပဲလား သက်ဆွေ"

"အေး အဲလိုဖြစ်မယ်၊ အဲဒီအချိန်တုန်းက ငါက အိမ်ထဲမှာဆို တော့ ဘယ်လိုဖြစ်တယ်ဆိုတာ မြင်တောင် မမြင်လိုက်ရဘူး၊ ဖေဖေ ကားရပ် သံကြားပြီး ခဏနေတော့ ဟွန်းသံ အရှည်ကြီးမြည်နေတာ ကြားလို့ ထွက် ကြည့်တော့ ဖေဖေ ဂတီရာရင်ပေါ် မှောက်လျက်ကြီး ဖြစ်နေပြီး သတိမရ တော့ဘူး"

"နှင့်တို့မှကြောင့် အန်တယ် စိတ်ထိခိုက်ပြီး ဖြစ်တာတော့ မဟုတ် ပါဘူးနော် သက်ဆွေ"

"ဟာ . . . ဘာဆိုင်လို့လဲ ဒီကိစ္စ ငါနဲ့ ဘာမှမဆိုင်ဘူး"

"မသိဘူးလေ၊ နှင်ကလဲ မဟုတ်တာ ဟုတ်တာတွေ လျှောက်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိုက်နေတာတို့။ နင်လိမ္မာဖို့ ကောင်းပြီ သက်ဆွေ"

"တော်တော့ စန္ဒီ၊ အဲဒီကိစ္စတွေ ဆက်မပြောနဲ့တော့ နင် အ မေမေ့ဆီ လှူနာလာမေးတာ မဟုတ်လား။ လူနာကိုမေးရင် လူနာအကြောင်း ပဲ ပြော၊ မဆီမဆိုင်တဲ့ကိစ္စတွေ လျှောက်မပြောနဲ့ အဲဒါတွေ ငါ မကြားချင် ဘူး"

"အေး . . . နင်က ပြောလိုက်ရင် ခါးနိုးချည်းပဲ၊ ဟိုဟာမကျေတော့ ထင်လိုက်ရတဲ့ အကောင်း"

"တဲပါ စန္ဒီရာ၊ အဲဒါတွေ မပြောပါနဲ့ ငါ တောင်းပန်ပါတယ် မေမေ့ကိစ္စကြောင့် စိတ်ညစ်ရတဲ့အထဲ၊ ဟဲ . . . လာ အထဲပြန်သွား မယ် မေမေ့နားမှာ စကားသိပ်မပြောနဲ့"

သက်ဆွေက စကားကို ကမန်းကတန်း ဖြတ်ပြီး အခန်းထဲ ပြန်ဝင် သည်။

စန္ဒီက အထဲဝင်လိုက်လာပြီး သက်ဆွေအမေ ဦးမိုးဆွေ ခုတင် ခြေရင်းမှ လူနာမှတ်တမ်းစာရွက်လေးကို ကောက်ယူကြည့်သည်။ ဦးမိုးဆွေ ဆေးရုံစတက်သည့် နေ့စွဲလေးတို့လည်း အမှတ်မထင် ဖတ်လိုက်၏။

၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်။

"မောင်၊ ညနေကျရင် ဒက်ဒီ့ကို မြင့် လာကြည့်ချင်တယ်။

"အင်းလေ . . . မထူးပါဘူး။ လာချင်လာလိုက်လေ။ မြင့်ရယ် မောင်ရှိနေတာပဲ"

"ဟုတ်တယ် မောင်၊ အဲဒီလိုပဲ ဟိုဟာစဉ်းစား ဒီဟာစဉ်းစားနဲ့





တစ်ခုခု ပြဿနာဖြစ်မှာ ကြောက်ပြီး မလာရဲတာ၊ ခုဆို ဒက်ဒီ ဆေးရုံတက် တာ သုံးရက်ရှိပြီ၊ ဒီနေ့တော့ ဖြစ်ချင်ရာဖြစ် မောင်ရယ်၊ မြင့် လာခဲ့မယ်"

ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဆေးရုံ လူနာလာမေးတာပဲ ဘာဖြစ်စရာ ရှိတာ မှတ်လို့ရှု တွေးကာ သက်ဆွေက . . .

"လာခဲ့ မြင့်၊ အဲလိုဆို ဘယ်လိုလုပ်မလဲ၊ မြင့်အိမ်ကို မောင် လာခေါ် ပေးရမလား"

"ရတယ် မောင်၊ မလာနဲ့၊ မောင်က ဒက်ဒီ့နားမှာပဲ နေပါ။ မြင့် ကိုယ့်အစီအစဉ်နဲ့ကိုယ် လာခဲ့မယ်"

"အင်း . . . အင်း"

တယ်လီဖုန်း ပြန်ချလိုက်ပြီး သက်ဆွေက သက်ပြင်းတစ်ချက်ပါ ဆက်ချသည်။

စိတ်ထဲမှာလည်း ယခုတစ်ကြိမ် မေမေနှင့် မြင့် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းသည် ဒုတိယအကြိမ် ဖြစ်သည်ဟု အမှတ်ရ၏။ ပထမအကြိမ် က လွန်ခဲ့သည့် တစ်နှစ်ကျော်လောက်က မေမေက မြင့်ကို တွေ့ချင်သည် ဆိုသဖြင့် သူကိုယ်တိုင် အိမ်ခေါ် ပို့ပေးရသည့် အကြိမ်။

ရက်ပြန်တွက်ကြည့်တော့ တစ်နှစ်နှင့် တစ်လလောက် ရှိပြီ။

အချိန်ကာလတို့သည် ဘယ်လိုကုန်သွားကြပါလိမ့်၊ စိတ်ထဲမှာ ထိုရက်များကို မနေ့တစ်နေ့ကဟုပင် အောက်မေ့နေသေးသည်။

သို့သော် ထိုမနေ့တစ်နေ့ကဟု ထင်ရသော ရက်များနှင့် ဒီနေ့ ဒီရက်များကြားမှာ အဖြစ်အပျက်တွေက မိုးစုံမြစ်ပြွားပြောင်းလဲသွားကြပြီ။

သူနှင့်မြင့်ကြားက အခြေအနေများစွာတို့သည်လည်း ဘာနှင့် မတူကြတော့။ ဟိုတုန်းက ပြဿနာများစွာ ရှိပါသည်ဆိုသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



"ထိုမြသနာများကို လွယ်ကူစွာပင် ကျော်နင်းဖြေရှင်းနိုင်ပြီး အဆုံးသတ်မှာ အပျော်လေးတစ်ခုတော့ ရစေတော့သည်။

ဤမြသနာများက လွယ်ကူစွာ ကျော်နင်း ဖြေရှင်းနိုင်နေသော ခက်ခက်ခဲခဲ ကုတ်ကတ်ဖြေရှင်းနိုင်သည့်တိုင် နောက်ဆုံးကျန်ခဲ့သည့် အဖြေမှာ ပျော်ရွှင်မှုမှ ဟုတ်ပါ့မလား။ သံသယ ဝင်နေရပြီ။

မြင့်အချစ်ကို သူ့အားသံသယမှ မရှိပါ။

နှစ်ပေါင်း မရေတွက်နိုင်အောင် များပြားကြာမြင့်သော ကမ္ဘာ သက်တမ်းနှင့်အမျှ ချစ်သက်ရှည်နေမည်ဟု ဆိုခဲ့သော မြင့်အချစ်သည် တစ်နှစ်သက်တမ်းအတွင်းမှာပင်လည်း ဘာမှ ထူးခြားပြောင်းလဲသွားစရာ မရှိ။

ကမ္ဘာနှင့်အမျှ တည်နေမည့် လပေါ်က ယုန်ရုပ်အရေးသို့ပင် မြင့်မေတ္တာ သူ့အပေါ် ထာဝရရှိနေမှာလည်း သေချာသည်။

သို့သော် . . .

စင်စစ်လောကသည် ရုပ်ထွေးလှ၏။

ဒီရှုပ်ထွေးခြင်းများကို တစ်စုတစ်ယောက်ကသာ စိတ်ရှည် လက်ရှည် နားထောင်ချင်သည်ဆိုလျှင် ဒီတစ်နှစ်အတွင်း ဖြစ်ပျက် ပြောင်းလဲခဲ့သည့် ဖြစ်စဉ် ဖြစ်ရပ်များကို အားလုံးကို အားရပါးရ ရင်ဖွင့် ပြောပြလိုက်ချင်လှသည်။

စတင်ပြောရမည့် ကာလကတော့ မြင့်နှင့်မေမေ ပထမဆုံး တွေ့သည့် အချိန်ကာပင် ဖြစ်စရမည်ဖြစ်၏။

(၃)

"ဖြော် . . . ဟုတ်ပြီ သမီး လာ . . . လာ . . . ထိုင် . . . ထိုင်"

မြင့်ကို မေမေရှေ့သို့ ခေါ်သွားပြီး မိတ်ဆက်ပေးသည်တွင် မေမေ့ မျက်နှာ ကောင်းစွာ ရှိသာနေသည်။ စခေါ် ကတည်းက သမီးဆိုသော အသုံးအနှုန်းကြောင့် မြင့်မျက်ထဲမှ စိုးရိမ်ပူပန်စိတ်များကို တစ်ခါတည်း ဆွဲနုတ်ပယ်ရှားပြီးသားလည်း ဖြစ်သွားသည်။

"သမီး ဘာမှမစိုးရိမ်နဲ့နော်၊ ဒက်ဒီကို သမီးမေမေလိုပဲ သဘော ထား။ ဒက်ဒီ သမီးတို့ကိစ္စမှာ တစ်ခုခု အနှောင့်အယှက် ပေးချင်လို့ ခုလို ခေါ်တွေ့တာ မဟုတ်ဘူး"

"ဟုတ် . . . ဟုတ်ကဲ့ . . . ဒက်ဒီ"

သေးက ရပ်ကြည့်နေသော သတ်ဆွေ ပြုံးချင်ချင် ဖြစ်သွားသည်။ အစတုန်းကတော့ တစ်ယောက်ကလည်း ထိန့်လိုက် ပေါက်လိုက်၊ နောက် တစ်ယောက်ကလည်း စိုးရိမ်လိုက် ကြောက်လိုက်နှင့်၊ ခုတော့လည်း ဒက်ဒီ တွေ သမီးတွေ ဖြစ်ကုန်ပြီး သူ့တောင် လှည့်ကြည့်ဖော်မရတော့။

လုံးလုံး လှည့်မကြည့်တာတော့ မဟုတ်၊ ခဏကြာမှ ဆေးပေးတာ လှည့်ကြည့်ပြီး . . .

"သား . . . မင်းမေမေကို သွားပြော၊ သမီး ရောက်နေတယ်၊ ကော်ဖီရယ်၊ မုန့်ရယ်၊ မေမေရယ် သုံးခုစလုံး တစ်ခါတည်း လာခဲ့လို့ ပြီးရင် မင်းတာ ထားချင်ပြီး ကျောက်ကုန်း ခဏသွား၊ မင်းကြီးကြီးမေမေ့ကို



www.burmeseclassic.com

မှာထားတဲ့ဆေးတွေသွားဝယ်ပေး၊ မေမေ အရေးကြီးတဲ့ ဧည့်သည်တစ်ယောက် ရောက်နေလို့ မလာနိုင်ဘူးဆိုတာလဲ ပြောလိုက်"

"ဟုတ် . . . ဟုတ်ကဲ့ မေမေ"

ဒီပုံစံအတိုင်း မြင့်ကို တစ်ယောက်တည်း ထားပစ်ခဲ့ရမည့်အရေး စိတ်ထဲတစ်မျိုး ဖြစ်သွားသည်။ မြင့်ကို လှမ်းကြည့်လိုက်သောအခါတွင် လည်း မျက်နှာလေး ငယ်နေ၏။

"အမယ် . . . မင်းက ဘာလဲ၊ မင်းရည်းစားကို တို့လက်ထဲ ထား ရမှာမို့ စိတ်မချလို့ ပြန်လှည့်ကြည့်နေတာလား၊ စိတ်ချလက်ချ သွားပါကွ၊ တို့လက်ထဲမှာက မင်းလက်ထဲမှာထက် အများကြီး စိတ်ချရပါတယ်၊ သွား စမ်းပါ"

သွားစမ်းပါ ဆိုသော်လည်း ချက်ချင်း မသွားနိုင်၊ မြင့်ကို တစ်ချက် လှမ်းကြည့်ပြီး . . .

"မြင့် ခဏနေဦးနော်၊ မောင် ခုချက်ချင်း ပြန်လာခဲ့မယ်"

မြင့်က အသံမထွက်တော့ဘဲ ခေါင်းသာ ညိတ်ပြသည်။

သက်ဆွေ မေမေ့ကို သွားပြောပြီး တာဖြင့် ကျောက်တုန်း ထွက်လာခဲ့သည်။

ဘဝမှာ ပထမဆုံးအကြိမ်ဖြစ်သော စိတ်ကို အိမ်မှာထား၍ ကိုယ်ချည်း အားမောင်းထွက်ခဲ့ရသည့်အဖြစ်မျိုး ကြုံဖူးသွား၏။

"ဒီမြင့်အကြောင်းတော့ မရှိပါဘူး သမီးရယ်၊ ဒက်ဒီ သမီး စကားလေး တစ်ခွန်းနှစ်ခွန်းလောက် မေးချင်လို့ပါ"





"ဟုတ်ကဲ့ . . . မေးပါ ဒက်ဒီ"

"သမီးနဲ့ ဒက်ဒီသား မောင်သက်ဆွေတို့ ချစ်သူဖြစ်ကြတာ ကြာပြီလား"

"ပြီးခဲ့တဲ့ မတ်လ ကိုးရက်နေ့ကစပြီး ချစ်သူဖြစ်ခဲ့ကြတာပါ"

"ဩော် . . . စတွေ့ခဲ့တာကော"

"မနှစ်က စက်တင်ဘာလ ကိုးရက်နေ့က စ,ခင်မင်ခဲ့တာပါ"

"ဒါဆို တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခဲ့တဲ့ ကာလက အတော်ကြာပြီပဲ၊ ဒါနဲ့အခုလို တစ်ယောက်နဲ့ တစ်ယောက် လေ့လာနေတဲ့ အချိန်အတွင်းမှာ သားနဲ့ပတ်သက်လို့ သမီးစိတ်တိုင်းမကျတဲ့ အချက် အလက် ဘာတွေများ တွေ့ထားသလဲ သမီး"

"မရှိပါဘူး ဒက်ဒီ၊ သမီး မောင့်ကို ဘာအပြစ်အနာအဆာမှ မမြင် ပါဘူး၊ စိတ်တိုင်းမကျတာလည်း မရှိပါဘူး"

"သမီးမိဘတွေကော ဒီကိစ္စ သိပြီးပြီလား၊ သိတော့ကော ကန့် ကွက်တာတို့ ဘာတို့ လုပ်သေးလား"

"သမီး အသိပေးထားပါတယ် ဒက်ဒီ၊ မေမေတို့ကတော့ ဘာမှ မပြောပါဘူး"

"အင်း . . . ဒီလိုရှိတယ် သမီးရယ်၊ ဒက်ဒီတို့ဘက်ကလဲ ကန့် ကွက်စရာတော့ မရှိပါဘူး၊ ဒါပေမယ့် တစ်ခုရှိတာက အချိန်တော့ ရွှေ့ပေး ချင်တယ်၊ လက်ထပ်ဖို့ အချိန်ကို ပြောတာပါ"

"ဟုတ်ကဲ့ ပြောပါ ဒက်ဒီ"

"ဒက်ဒီတို့ သဘောကတော့ မလောစေချင်ဘူး၊ အဲဒီလိုရာမှာ ဘယ်သူ့ကို ပိုစိုးရိမ်သလဲဆိုတော့ သားကို ပိုစိုးရိမ်တယ်၊ ဒက်ဒီသားက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ စိတ်မြန်လက်မြန်နဲ့ ထင်ရာလုပ်တတ်တယ်၊ အဲဒါတော့ သမီးလည်း ရိုပ်မိမှာပါ"

"ဟုတ်ကဲ့ သမီး သတိထားမိပါတယ် ဖက်ဒီ၊ မောင့်ကိုလည်း စိတ်ရှုပ်ရှုပ်ထားဖို့အကြောင်း သမီး အမြဲ သတိပေးပါတယ်"

"ဟုတ်တယ် သမီး၊ ဒီကောင့်ကို သမီး ကိုင်တွယ်မှုရမှာ၊ ဖက်ဒီတို့ စကားကိုတောင် သမီးစကားလောက် နားထောင်မှာ မဟုတ်ဘူး၊ အဲဒီတော့ ဒီကောင့်ကို သမီးလက်ထဲပဲ အပ်ရမှာပဲ၊ ဖက်ဒီ ဖြစ်စေချင်တာက ခု သမီးတို့ သိခဲ့တာ တစ်နှစ်ကျော်ပြီ နောက်ထပ် နှစ်နှစ်လောက် အနည်းဆုံးထားပြီး လက်မထပ်သေးဘဲ ကိုယ့်ဘဝတိုးလေးတွေ ကိုယ်တိုးတက်အောင် လုပ်ကြစေချင်သေးတယ်"

"ဟုတ်ကဲ့"

"သားဆိုလည်း ခုထက်ထိ ကိုယ့်ထမင်းကိုယ် ဖြည့်နိုင်အောင် ရှာမစားတတ်သေးဘူး သူတို့အလုပ်ကလည်း သူငယ်ချင်းတွေနဲ့ပြီး အပျော်လုပ်နေကြသလို အဆင့်မျိုးပဲ ရှိသေးတယ်၊ တကယ့်ပနိုင်မက်ရှင်နယ် မဖြစ်သေးဘူး"

"ဟုတ်ပါတယ် ဖက်ဒီ"

"ဒီတော့ကာ ဒီကြားထဲမှာ သမီးကပဲ သူ့ကို ဘဝတိုးလေးတွေ နားလည်အောင် သွန်သင်ပေးရင်း သူက အလကားနေရင်း လက်ထပ်ဖို့ လောနေရင်လည်း ထိန်းပေးထားစေချင်တယ်၊ သူ့ကိုလည်း အချိန်တန်ရင် ဖေဖေတို့ကိုယ်တိုင် လက်ထပ်ပေးပါ့မယ်လို့ ကတိပေးပြီးသား ပါဖေမယ် သားက သိတဲ့အတိုင်းပဲ၊ တစ်ခါတလေ မိဘကို တိုဟာလေး မကျေနပ်၊ ဒီဟာလေး မကျေနပ်တာနဲ့ ထင်ရာလုပ်ချင် လုပ်တတ်တယ်၊ အဲဒီတော့

ဖက်ဒီ သမီးဆီက ကတိတစ်ခု လိုချင်တယ်"

"ပြောပါ ဖက်ဒီ"

"အဲဒီကတိက အခြားမဟုတ်ဘူး၊ ခုနပြောသလို နှစ်နှစ်ဆိုပါတော့ကွာ၊ အဲဒီနှစ်နှစ်ပြည့်ပြီးရင် သမီးတို့ ကြိုက်တဲ့အချိန်မှာ ဖက်ဒီတို့ လက်ထပ်ပေးမယ်၊ အဲဒါက ဖက်ဒီ့အာမခံချက်၊ ဒီကြားထဲမှာ ဘာအကြောင်းနဲ့ဖြစ်ဖြစ် သားက လက်ထပ်ချင်တာတို့ ခိုးပြေးချင်တာတို့ သိပ်နိုးနိုးစပ်စပ် ပွန်းပွန်းတီးတီးနေချင်တာတို့ ပူဆာလာရင် သမီးက ထိန်းထားပေးပါ၊ လက်မခံပါနဲ့၊ ဒီကြားထဲမှာ ဘာကိစ္စကြောင့်နဲ့မှ အဲဒီလို အလွန်အကျွံ အမှားအယွင်းတွေ မဖြစ်စေရပါဘူးလို့ သမီး ကတိပေးစေချင်တယ်၊ ဖက်ဒီ လိုချင်တာ အဲဒါပါပဲ"

"ရပါတယ် ဖက်ဒီ၊ သမီး ကတိပေးပါတယ်"

"နှစ်နှစ်အတွင်းတင်ပါ သမီး၊ နှစ်နှစ်ကျော်ရင် သားတို့ သမီးတို့ စိတ်တိုင်းကျ ဖြစ်ရစေမယ်"

"ဟုတ်ကဲ့၊ သမီး သဘောပေါက်ပါတယ် ဖက်ဒီ၊ ဖက်ဒီတို့ စိုးရိမ်သလို လုံးဝမဖြစ်စေရပါဘူး၊ သမီး တာဝန်ယူ ကတိပေးပါတယ်"

မြိုင် မြန်လည်ပြောပြချက် စကားအဆုံးတွင် သက်ရှေ့က ခေါင်းညိတ်သည်။

"ဟုတ်တယ် မြိုင်၊ မောင့်ဆီကလည်း ဖေဖေ ဒီလိုကတိပဲ တောင်းပါတယ်၊ မေမေ့ဆီကလည်း ဒီမြိုင်တစ်ယောက်နဲ့ အတင်းစိတ်ညစ်ပြီး လေတွေ ချစ်ချင်းတို့ ခွဲတာတို့ ဘာတို့ မလုပ်ပါဘူးဆိုတဲ့ ကတိလည်း မေမေ ရထား





www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အင်း . . . ဒါဆို ဒီဘက်ကိစ္စကတော့ မြိုင်တို့ စိတ်အေးသွား

ပါပြီ ခုက်ဒီပြောသလိုပဲ ဘဝကိစ္စလေးတွေဘက် မြိုင်တို့ အာရုံပြောင်းလို

ကြရအောင်၊ ကြော် . . . ဘဝကိစ္စဆိုမှ မြိုင်လည်း အခုမှ သဲတိရတယ်

မောင့်ကို ပြောဖို့မေ့နေလို့ တစ်နေ့က အိမ်ကို ဆရာမြတ်ထွန်း လာသွား

တယ် မောင်"

"ဟုတ်လား . . . ဘာကိစ္စလဲ"

"ဖေဖေ နေမကောင်းတာကိုလည်း လာမေးရင်း ဖိုကျွှာကျ

ကျယ်သရွေ့လို ရိုက်လို့ မပြီးနိုင်သေးတဲ့ သူ့ချစ်သမ္မကို ဇာတ်ကားကြ

ကိစ္စလည်း လာပြောတာပါ၊ အဲဒါ ရှေ့လလောက်ကျရင် ပြန်ရိုက်မယ်တဲ့

မြိုင့်ကိုလည်း ဇာတ်ညွှန်း ပြန်ဖတ်ပြီး ရိုက်ဖို့ကျန်တဲ့အခန်းတွေအတွ

နည်းနည်း ပြင်ဆင်ထားတဲ့"

"အဲဒီတော့ မြိုင်က ဘာပြောလိုက်လဲ"

"ဘာပြောရမလဲ မောင်ရယ်၊ မြိုင်လည်း ဝမ်းသာ သွားတာပေ့

ဒါနဲ့မနေ့ကတောင် ဇာတ်ညွှန်းတွေ ပြန်ဖတ်ကြည့်သေးတယ်၊ တချို့

မေ့တောင်မေ့ကုန်ပြီ"

သက်ဆွေ ခေါင်းခါလိုက်သည်။ ပြီးမှ လေသံငြိမ်ငြိမ်ဖြင့် . . .

"အဲဒီကားကို မြိုင် လုံးဝ ဆက်မရိုက်ရဘူး မြိုင်၊ နောက်ထပ်

သူတို့နဲ့ ပတ်သက်မယ့်ကိစ္စ မှန်သမျှ မြိုင် ဘာတစ်ခုမှ မလုပ်ရဘူး"

"ဟင်"

မြိုင် အလန့်တကြား မော့ကြည့်လိုက်၏။

ᨏ



"အာ . . . အဲဒီလိုတော့ မလုပ်နဲ့လေ မောင်ရယ်၊ အားက

ရိုက်လက်စ တန်းလန်းကြီး၊ နောက်ထပ် ရိုက်ပေးလိုက်ရင် ဘယ်နှစ်ရက်မှ

မကြာတော့ဘူး"

"ဘယ်နှစ်ရက် ကြာတာ မကြာတာက အရေးမကြီးဘူး မြိုင်၊

ဒီကိစ္စက မြိုင်နဲ့ မောင်ကြားမှာ ပြဿနာတွေ ဝိုရှုပ်လာနိုင်တယ်၊ ဒီကောင်

တွေကလည်း မောင့်ကို သိမ်ကြည့်ရတာ မဟုတ်ဘူး တနည်းနည်းနဲ့ မောင့်

ကို ပြန်ကလဲ့စားချေကြမှာပဲ၊ မြိုင် ကားရိုက်ရင် နောက်ထပ်သတင်းတစ်ခုခု

ထွက်လာအောင် ဒီကောင်တွေ မလုပ်ဘူး မပြောနိုင်ဘူး၊ အဲဒီကျ အကုန်လုံး

မကောင်းဘူး ဖြစ်ကုန်မယ်"

မြိုင်က ဟျာဟျာသလဲ ခေါင်းခါရင်း . . .

"မဖြစ်စေရပါဘူး မောင်ရယ်၊ မြိုင်လည်း သတိထားနေမှာပါ၊

နောက်ဆုံး မတော်တဆရင် ရိုက်ကွင်းတိုင်းကို မောင်လိုက်ခဲ့ပေါ့၊ နောက်

တစ်ခုက ကားပြီးရင် မြိုင် သူတို့နဲ့ လုံးဝ အလုပ် ဆက်မလုပ်တော့ဘူး

ဆိုတာလဲ မြိုင် ကတိပေးတယ်"

"အင်းလေ၊ ဒါဆိုလဲ ကြည့်သေးတာပေါ့၊ အရေးကြီးတာက

ဒီကောင်တွေပါ၊ ဒီကောင်တွေ ရှုတ်ရှက် ရှုတ်ခေါ် မလုပ်ရင် မောင့်ဘက်က

ဘာပြဿနာမှ မရှိဘူး၊ ဒီကောင်တွေ အကျင့်ယုတ်လို့ကတော့ ရိုက်ကွင်း

ပေါ်မှာတင် မောင်က သတ်မှာပဲ"

မြိုင့်ထံမှ သက်ပြင်းချသံ အတော်ကျယ်ကျယ်လေး ထွက်လာ၏။

ᨏ ᨏ ᨏ

www.burmeseclassic.com

www.burmeseclassic.com

(၅)

"အဲဒီကောင်တွေ အဲလိုပြောတာ အမှန်ပဲလား စိုးသိန်း"

"ဟာ . . . မင်းကို ငါက ညာရမှာလား သက်ဆွေရာ၊ ငါနဲ့ပါ[illegible] တဲ့ ထွန်းစံ သူတို့ ရုပ်ရှင်ပြွထဲက အလုပ်ရှိသမား၊ မြိုင်နဲ့လည်း သိ[illegible] မယုံရင် သူ့ပါ ခေါ်မေးကြည့် သူရကျော် အဲဒီစကားပြောတုန်းက ဒီ[illegible] လည်း ရှိတယ်"

စိုးသိန်း စကားအဆုံးတွင် သက်ဆွေ ခေါင်းတစ်ချက် ဆတ်[illegible] သည်။

"ကောင်းပြီ၊ မင်းသူငယ်ချင်းကိုပါ ဒီခေါ်ခဲ့ စိုးသိန်း။ မြ[illegible] အဲဒီအကြောင်းကို မင်းတို့နှစ်ယောက်လုံးက ငါ့ကို အစအဆုံး သေချ[illegible] ပြောစမ်းပါ၊ မင်းကျေးဇူးကို ငါ မမေ့ပါဘူး"

စိုးသိန်းက ဆိုင်အပြင်တွင် ရပ်စောင့်နေသော သူ့ သူငယ်[illegible] ထွန်းစံကို မြန်မြန်ထွက်ခေါ်သည်။ သက်ဆွေက ခပ်လှမ်းလှမ်းမှ သူတို့ [illegible] အနေကို အကဲခတ်နေသော ကျော်ဇောကို လှမ်း၍ . . .

"ကျော်ဇော သူတို့ပြောတုန်း မင်း အဲဒီ ဟတ်ဆက်နဲ့ ဖမ်း[illegible] လိုက်စမ်းပါ၊ ရှိတဲ့အခွေနဲ့သာ ဖမ်းလိုက်၊ ဖျက်သွားတဲ့ အခွေကို ငါ [illegible]



မြန်ဝယ်ပေးမယ်"

ကျော်ဇော ခေါင်းညိတ်ရင်း ထိုကိစ္စကို ကမန်းကတန်း ဆောင်ရွက်လိုက်၏။

မြသန္တာ ဦးဘက်ပိုင်းမှာ တစ်မျိုး ရှုပ်လာသည်။

အလျင်တုန်းက ဖြစ်ခဲ့သည့် မြသန္တာများက ပေါ်ပေါ်လွင်လွင်တွေနှင့် ရှင်းရှင်းပြောင်ပြောင်တွေ ဖြစ်သော်လည်း ခု ဖြစ်လာသည့် ကိစ္စများက များစွာ မရှိယာယ်ပါသည်။ အတော်သတိထားပြီး မြေရှင်းမှ ရမည်ဟုလည်း သဘောပေါက်မိ၏။

မြိုင်နှင့် မေမေ တွေ့ပြီး မြန်ဝိုမ်ဖေးစဉ်က မြိုင် ကားအတ်ရိုက်မည့်ကိစ္စ ဆွေးနွေးခဲ့သည်။ တားတောင် တားခဲ့သေး၏။ သို့သော် မြိုင်က ဘာမှ မဖြစ်စေရပါဟု ကတိပေးသောကြောင့် သူ အတင်းအကျပ် ဘာမှမပြောခဲ့။

ခုကျတော့ ထိုကိစ္စပြောပြီး နှစ်ရက်အတွင်းမှာပင် သတင်းက နှစ်ခုလေးဘယ် ဝင်လာပြီ၊ ဘာမှ မဖြစ်နိုင်ဘူးဟု ပြောစရာ မရတော့။

ခု စိုးသိန်းဆီက သိရသည်က ဒုတိယ သတင်း၊ သူရကျော်တို့နှင့် ပတ်သက်သည်။

ပထမသတင်းက အိမ်က ကြီးကြီးမေဆီက ရသည့်သတင်း။ ဖေဖေတို့ မေမေတို့နှင့် ပတ်သက်၏။

ထိုနေ့က မြိုင်ကို ခြိမ်းပြီး ထိုက်တန်းသွားသည်။ ညသက် [illegible] နာရီခွဲလောက် ဖိုမ်ပြန်အရောက်မှာ အိမ်တွင် [illegible] မေမေကော မရှိကြ။ [illegible] သွားနေကြသည်ဟု ဆိုသည်။

ထိုစဉ် ကြီးကြီးမေက သူ့ကိုခေါ်၍ တိုးတိုး ပြောပြသည်။

"သား . . . သားရဲ့ မိန်းကလေးကို ဘိုင်စကုတ် ဆက်မရို

ပြောလိုက်ပါလားကွယ်"

"ဘာဖြစ်လို့လဲ ကြီးကြီး"

"နေ့ခင်းက သားတို့ပြန်သွားတော့ သားအဖေနဲ့အမေ ပြော

တာကို ကြီးကြီး ခိုးနားထောင်ထားတယ်၊ ရုပ်ရှင်ဆက်ရိုက်ရင် သားနဲ့

ကောင်မလေး ကွဲမှာပဲတဲ့"

ကြီးကြီး၏ ပြန်ပြောစကားကို သူ လုံးဝမရှင်း၊ သို့အတွက် ကြီ

လက်ကိုဆွဲ၍ ထိုင်ခိုင်းရင်း . . .

"ကဲ . . . ထိုင်စမ်းပါဦး ကြီးကြီးရာ၊ ကျွန်တော့်ကို အဲဒီလို ဖြ

ပြောနဲ့ နေ့ခင်းက ကြီးကြီး နားထောင်ထားတာတွေကို အစအဆုံး ပြန်

ပြစမ်းပါ"

ထိုအခါ ကြီးကြီးက ပြန်ပြောပြ၏။

သက်ဆွေနှင့်မြိုင်တို့ ပြန်ထွက်သွားသည်နှင့် မေမေက ဖေဖေ

မကျေနပ်သောစကားကို ပြောသည်ဆို၏။

"ကိုကို ဘာတွေလုပ်နေတာလဲ၊ လွင်တော့ ဘာမှနားမလည်

သားနဲ့ အဲဒီကောင်မလေး ဖြစ်နေတာကို မကြိုက်ဘူးလဲ ပြောသေးရဲ့၊ အ

နှစ်နှစ်ကြာရင် လက်ထပ်ပေးမယ်တို့ဘာတို့ ကတိတွေ ဘာဖြစ်လို့လျှော

ပေးနေရတာလဲ၊ ခုတော့ ကလေးတွေက ပျော်နေကြတယ်၊ ကော်

ကတိပေးထားသလို မဖြစ်ရင် ကလေးတွေ အရမ်း စိတ်နာကျန်မှာ





ဖေဖေက ရယ်သည်။

"မင်း မသိပါဘူး လွင်ရာ၊ ဒီကောင့်ကိစ္စကို ဒီလိုကိုင်မှရမှာ၊ နှစ်နှစ်

တာ နည်းတဲ့အချိန်လား၊ အဲဒီလောက်သာ အချိန်ရ သူတို့ကိစ္စကို ကိုကိုတို့

ကမှ ဝင်လုပ်စရာ မလိုဘဲနဲ့ သူ့အလိုလို ပြဿနာတက်ကုန်ကြလိမ့်မယ်

င်၊ ဒီကိစ္စတို့ ကိုကိုတို့ ဒီနည်းနဲ့ပဲ ရှင်းရမှာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ကောင်မလေးကမကြာခင် ရုပ်ရှင်ပြန်ရိုက်တော့

အဲဒီအခါကျ ကောင်မလေးရဲ့ မူလမျိုးရိုးသွေး နောက်ကြောင်းတွေရယ်၊

ကောင်မလေး ရုပ်ရှင်ပြန်ရိုက်လို့ ဆက်ဖြစ်လာနိုင်းမယ့် ကိစ္စတွေနဲ့ဆိုရင်

ငသား တစ်နှစ်ပြည့်အောင်တောင် ခံနိုင်ရည် ရှိမှာမဟုတ်ဘူး၊ ရုပ်ရှင်မင်း

မီးတစ်ယောက်ရဲ့ ရည်းစားအနေနဲ့ နှစ်နှစ်ပြည့်အောင်နေဖို့ဆိုတာ

ယ်မယ် ထင်လို့လား လွင်"

"အဲဒါဆို ခုကတည်းက သားကို သေချာ ရှင်းပြလိုက်ပါလား

ကို"

"ရှင်းပြရုံနဲ့ လက်ခံရင် ငါက ဒီလောက်အထိအောင် အစီအစဉ်

ဆွဲနေစရာကို မလိုဘူး လွင်၊ အစောကြီးကတည်းက ကိစ္စပြတ်တယ်၊

ဘာက သက်ဆွေဆိုတဲ့ကောင်ကို အဲလိုမျိုးစပ်နဲ့ ရှင်းပြလို့ လက်ကိုခံမှာ

ဟုတ်ဘူး၊ သူ့ဟာသူ ထိမှ သိမှာ"

"ဒါပေမယ့် ဒီကြားထဲမှာ ကောင်မလေးက ရုပ်ရှင် မရိုက်ဖြစ်တော့

သူတို့ချင်း အဆင်ပြေသွားနိုင်တယ် ကိုကိုရဲ့၊ အဲလို အဆင်ပြေသွားရင်

ယ်နှယ်လုပ်မလဲ"

"အဲဒီကျတော့လဲ ဘယ်နှမှ လုပ်စရာ မလိုတော့ဘူး၊ ပေးစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ် ရှင်းနေတာပဲ"

"အဲလိုမပြောတော့ သားရဲ့ကြီးကြီးက သာရန်ကောင်မလေးကို သနားတယ်၊ ဒါကြောင့် သားကို တိုးတိုး တိတ်တိတ် မြန်မြန်ပြောပြထားတာ၊ ကောင်မလေးကို လုံးလုံးဘိုင်စကုတ် မချိတ်နိုင်အောင်လို့နော်၊ သားသေချာ ပြောပြ"

ဒီသတင်းရပြီးလို့မှ နှစ်ရက်မကြာသေး ခုနိုးသိန်းဆီက တစ်ဆင့် သူရကျော်တို့ဘက်က ဖြစ်နေသည့် အခြေအနေများကို ကြားရပြန်သည်။

ကျော်ဇော မင်းထားသည့် ကက်ဆက်ခွေထဲမှ ထွန်းစံ၏ အသံများကို နားထဲ ပြန်ကြားနေမိ၏။

"ကိုသူရက ပြောတယ်၊ ကားပြန်ရိုက်တာနဲ့ မြိုင် သူတို့လက်ထဲ ပြန်ရောက်ပြီတဲ့၊ အဲဒီကျ သက်ဆွေမျိုးတဲ့ကောင် ငါတို့အကြောင်း သိရမှာ ပေါ့တဲ့၊ ကိုသက်ဆွေနဲ့မြိုင် ဖြစ်တာကို သူတို့နည်းနည်းမှ မကျေနပ်ကြဘူး ကိုသက်ဆွေ အမှန်က မြိုင်ကို သူတို့က သူတို့ အပိုင် မင်းသမီးအနေနဲ့ လုံးဝ ကျူးသွင်းထားချင်ကြတာ"

"အဲဒါ ကိုဘလောက အဘိုးကြီး ငွေမြတ်ဖြိုး ကားဆက်မရိုက်နိုင်လို့ တသိကအောက်ဖြစ်နေတုန်း ကိုသက်ဆွေနဲ့တွေ့ပြီး မြိုင် ပါသွားတာ အဲဒါတို့လည်း သူတို့က နည်းနည်းမှမခံနိုင်ဘူး အခုတာကြွန်ရိုက်တာနဲ့ မြိုင်ကို တစ်နည်းမဟုတ်တစ်နည်း ကြံစည်ပြီး ကိုသက်ဆွေနဲ့ ကွဲအောင် လုပ်ကြမှာပဲ၊ နောက်ပြီးတော့ ကိုသူရက ပြောသေးတယ်၊ မြိုင် အဲဒီကောင်နဲ့ရရင် အရှမ်းစိတ်ဆင်းရဲ ရမယ်တဲ့"





"ဒီကောင်နဲ့ ဘာဆိုင်လို့လဲ ကိုထွန်းစံရာ၊ ဘာလဲ သူက မြိုင်ကို ကြိုက်နေလို့လား၊ သူ့မှာလည်း မိန်းမရှိရဲ့သားနဲ့"

"အဲဒါတွေကတော့ မမေးနဲ့ ကိုသက်ဆွေ၊ ကျွန်တော်လည်း မသိဘူး၊ သူတို့အုပ်စုမှာ အဲဒီကိစ္စတွေက ရှုပ်ယှက်ခတ်နေတာပဲ၊ ဖအေက …ည်း တစ်မျိုး၊ သားကလည်း တစ်မျိုး၊ သူတို့ဇာတ်လမ်းတွေက သမွတ်အရှုပ် …ပြီး၊ ကျွန်တော်လည်း ဘာတွေမှန်းတို့ မသိဘူး"

ဒီစကားများ အားလုံး ကက်ဆက်ခွေထဲမှာ ရှိသည်။ မြိုင်ကို ဒီတစ် …ခါ ကားဆက်မရိုက်ဖို့ ပြောလျှင် ဖွင့်ပြနိုင်အောင် တင်မရာဟိတ်ထဲ ကက် …ဆက် အသေးစားတစ်လုံးနှင့်အတူ အမြဲထည့်ထား၏။

"ဟုတ်လား မောင်၊ ပြီးသနားက အဲလောက် ဖြစ်နေလား၊ အဲဒါဆို …လည်း မြိုင် ပြန်စဉ်းစားပါဦးမယ် မောင့်ရယ်၊ ခုတော့ မောင်ရဲ့ လာတွေ့ …မရသေးဘူး၊ ကက်ဆက်ခွေလည်း သိမ်းထားပါဦး၊ နောက်တော့ မြိုင် …ထောင်မှာပါမယ်"

"ဘာဖြစ်လို့လဲ မြိုင်၊ မအားလို့လား"

"မအားလို့ မဟုတ်ဘူး၊ ဖေဖေ အဖျော် အသည်းအသန်ဖြစ်နေ …မနေ့ညက ဆေးရုံတင်လိုက်ရတယ်၊ ညက မြိုင်ရော မေမေရော တစ်ည …မအိပ်ရဘူး၊ ခုတောင် မောင်လေးက ဆေးရုံမှာ စောင့်နေပြီး ဆယ်နာရီ …ရင် မြိုင်ပဲ ထမင်းသွားပို့ရမှာ"

"ဟာ . . . အဲဒါဆို စောစောက မောင့်ကို ပြောပါလား မြိုင်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စတွေ မောင် လိုက်လုပ်ပေးမှာပေါ့၊ မောင် အခုလာခဲ့ရမလား"

"ခုမလာပါနဲ့ မောင်ရယ်၊ မြိုင်တူ ချက်ချင်းသွားပြီး ချက်ချင်း ပြန်လာမှာ၊ ညနေကျမှ လူနာမေးရင်း ဆေးရုံကြီးကို အေးအေးဆေးဆေး လာရင်လာခဲ့"

"ညနေလည်း လာခဲ့မယ်၊ ခုလည်း မြိုင့်ကို မောင် လိုက်ပို့ပေးပါ့မယ်၊ ကဲပါလေ၊ ခုနကိစ္စတွေခဏမေ့ထားလိုက်ပါဦး၊ ဒက်ဒီကိစ္စက အရေးကြီးပါတယ်၊ မြိုင် စိတ်ရှုပ်မခံနဲ့ဦး၊ ပြီးတော့ အိမ်ရှေ့တွေ ဘာတွေလည်း မြန်မြန်ပိတ်ဦး၊ တကယ်လို့ မောင့်ဟာမောင်ပဲ ထမင်းချိုင့် သွားပေးလို့ ရရင် မြိုင် မလိုက်နဲ့တော့၊ အိမ်မှာပဲအိပ်နေ၊ ကြားလား"

"ဟုတ်ကဲ့ မောင်၊ မောင့်ကို အရမ်းကျေးဇူးတင်ပါတယ်"

"အာ . . . မဟုတ်တာ၊ မြိုင်ကလဲ"

ခဏအကြာတွင် သက်ဆွေ တယ်လီဖုန်းခွက်ကို ပြန်ချသည်။

ကျော်ဇောက ဘာဖြစ်လို့လဲဟု မေးသောအခါ အကျိုးအကြောင်း ပြန်ရှင်းပြနေရသေး၏။

✻ ✻ ✻

(၁၁)

ဒီကြားထဲမှာ နောက်ထပ် ပြဿနာတစ်ခုက ထပ်ဝင်လာပြန်သည်။

သက်ဆွေ စိတ်လည်း တိုင်၏၊ ပြဿနာဆိုတာတွေက ဒီမြိုင်လှဆီ သွားတော့ဘဲ ကိုယ့်ဆီပဲ စုပြုံတိုးဝှေ့ပြီး ရောက်ရောက် လာကြသည်။ ပြဿနာကလည်း ငြိမ်သလိုလို ဖြစ်ပြီးမှ ထပေါက်သော မီးဖြစ်၏။

မြိုင့်ဖေဖေ ဆေးရုံတက်ပြီး တစ်သပ္တာ(?)ကြာမှာ ဖြစ်သည်၊ တစ်ရက် သက်ဆွေ ဆိုင်မှာရှိနေတုန်း အိမ်က မေမေ့ဆီက ဖုန်းလာသည်။

"ဟုတ်ကဲ့ မေမေ၊ ပြောပါ"

"သားအခု အိမ်ကို ခဏ ပြန်ခဲ့စမ်းပါ၊ အရေးကြီးလို့"

"ဟုတ်ကဲ့၊ သားအခု ပြန်လာခဲ့မယ် မေမေ"

ဘာအရေးကြီးလဲ ဘာအကြောင်းလဲဆိုတာတွေပင် ရှည်ရှည်ဝေးဝေး မေးမနေတော့ဘဲ သက်ဆွေ ဖုန်းပြန်ချလိုက်သည်။

ကြာတော့ သက်ဆွေလည်း လောကကြီးကို စိတ်ကုန်ချင်သလိုလို ဖြစ်လာပြီ ဖြစ်၏။

ခု ဒီဘက်ပိုင်းမှာ ပျော်စရာရယ်လို့ကို မရှိတော့၊ တစ်နေ့ တစ်မျိုး အရေးကြီးတာနှင့် စိတ်ညစ်ရတာနှင့် ချာရပတ်လည်နေသည်။

www.burmeseclassic.com

မြိုင်နှင့်ကလည်း အပြင်မှာ တွေ့တိုတွေ့ရသည် မရှိတော့။ မြိုင်လေးမှာ အချိန်အနေကမကောင်း၊ ဆေးရုံမှာ ရက်နှစ်ဆယ်လောက်တက်ပြီး အကျြအနေမဟန်၍ အိမ်ပြန် ခေါ်ခဲ့သည်။ အိမ်မှာ အင်္ဂလိပ်ဆရာဝန်ကော မြန်မာဆရာဝ ကော တတ်နိုင်သလောက်တော့ ရှိုးမလားဆိုပြီး ကုတော့ ကုနေကြသေးသည်။

သို့သော် ရောဂါကလည်း ဆေးရုံရောက်၍ စစ်ဆေးကြည့်ပြီးမှ ကင်ဆာမှန်း သိရသည်။ အသက်ကလည်း ကြီးပြီ၊ လူကလည်း နဂိုကတည်းက ပိန်ပိန်မို့ အားကလည်း သိပ်မရှိတော့။

အမှန်တော့ အိမ်ပြန်ပြီး အသက်အဆုံးသတ်မည့်နေ့ကို စောင့်နေကြခြင်းသာ ဖြစ်သည်။ ဒီကိစ္စမှာလည်း မြိုင်နှင့် အတော့တူရော၍ စိတ်ထိခိုက်နေရသေးသည်။

အပြင်မှာ တွေ့ပြီး ဟိုတုန်းကလို လျှောက်မှိုင်ရှင်မို့ လေ၍ ဖုန်းပြောလျှင်၊ အိမ်ခဏတစ်ဖြတ်သွားတွေ့လျှင်ဝင် အလျင်အလို နောက်နောက်ပြောင်ပြောင် ရယ်ရယ်မောမောတွေ မလုပ်နိုင်တော့။

မြိုင့်အိမ်ထဲမှာ ဖြစ်နေသော ပြဿနာကြောင့် ဦးမြတ်ထွန်းတို့နှင့် ပတ်သက်သည့် ကိစ္စကတော့ နည်းနည်း ငြိမ်သွားသည်။ မှုပ်ရှင်ပြန်ရိုက်ဖို့ ကိစ္စကလည်း ဘာသံမှ ပြန်မကြားရသေး။ သို့သော် ဒီအိ က ငြိမ်ပြီဟုတော့ ပြောလို့မရ၊ အချိန်တန်လျှင် သူ့ခွန်အား ရှိသလောက်တော့ ဒုက္ခပေးဦးမည့် မိန်းမပင် ဖြစ်သည်။

သတ်ဆွေ ခေါင်းထဲတွင် ဟိုသည်လျှောက်စဉ်းစားရင်း ကျော်လေတို့ကို အကျိုးအကြောင်း ပြောပြ၍ ဆိုင်တယ်နှင့် အိမ်ပြန် ပြေးခဲ့သည်။

အရေးကြီးသည်ဆိုတာကတော့ မေမေ ပြော၍ သိပြီးပြီ ဖြစ်သည်။ ဘာအရေးကြီးမှန်းတော့ မသိရသေး။

အိမ်နားရောက်လာမှ ဒီကိစ္စကို စိတ်ဝင်စားလာ၏။

ဟာ . . . ဒီကိစ္စ နင်နဲ့ ဘာဆိုင်လို့လဲ ခန့်၊ နင် ဘာဖြစ်လို့ သက်သက်မဲ့ ဝင်ရှုပ်နေရတာလဲ"

အိမ်ရောက်တော့ ဒေါသက ပွိုင့်ဖောက်ပြီးသည်။ ပြဿနာက ခန့် ခေါ်မဆိုင် ဝင်ရှုပ်သည့်ကိစ္စ။ သူ့ဆီ မေမေက ဖုန်းမဆက်ခင် ဆယ့်ငါးမိနစ်လောက်က ခန့် အိမ်ရောက်လာသည် ဆို၏။

အိမ်ရောက်လာပြီး ခန့်က မေမေ့ကို ဖွင့်ပြောတော့သည်။

"အန်တီတို့က အရမ်းပေါ့တာပဲ၊ ဘာဖြစ်လို့ သက်ဆွေကို ဒီအတိုင်းလွှတ်ထားရတာလဲ၊ ဖြစ်လာရင် အန်တီတို့ပဲ စိတ်ဆင်းရဲရမှာ၊ သက်ဆွေက ငအ၊ ဟိုကောင်မက လှည့်တိုင်းခံနေရတာ အန်တီ၊ ဒီကောင်က ဘာမှ သိတာ မဟုတ်ဘူး"

မေမေက ဒေါသဖြစ်နေသော ခန့်ကို ချော့မော့ရင်း . . .

"အန်တီတို့က မပေါ့ပါဘူး ခန့်ရယ်၊ အန်တီကိုယ်တိုင် ဒီကိစ္စကို သေချာ ကိုင်တွယ်ပြီး အကောင်းဆုံး ဖြစ်အောင် လုပ်နေပါတယ်"

မေမေက ဘယ်လို ရှင်းပြရှင်းပြ ခန့်က ခေါင်းခါမြဲခါသည်။

"မဟုတ်ဘူး အန်တီ၊ တချို့ကိစ္စတွေက အန်တီတို့ အန်ကယ်တို့ကို ချို ပြောပြရခက်လို့ မပြောမပြတာ၊ အဲဒီကောင်မ အကြောင်းကို ခန့် ပြောနေတာ နည်းနည်းနောနော မဟုတ်ဘူး၊ တချို့ကိစ္စတွေ အန်တီတို့







www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်တို့ကြားရင် တတ်တောင် သေသွားနိုင်တယ်၊ အဲဒီကောင်မက ကြေးစားသာသာ ဖြစ်နေတဲ့ကောင်မ"

ကြာတော့ မေမေပင် ဆက်ပြောလာသည်။

"ကဲ . . . ဒါဖြင့်လဲ ဒီလိုလုပ်ပါလား၊ စန္ဒီ အန်တီတို့ကို ပြောရခက်တဲ့ စကားတွေရှိနေရင် အဲဒီစကားတွေ သားကို တည့်တည့်ပြောလိုက်ပါလား၊ မောင်သက်ဆွေကို အခု အန်တီ လှမ်းခေါ် လိုက်မယ်"

"ခေါ်လိုက် အန်တီ၊ အဲဒီကောင်ကို စန္ဒီကိုယ်တိုင် ပြောမယ်၊ အရေးကြီးတယ်၊ ခုချက်ချင်း လာခဲ့ပါလို့"

ဤနည်းဖြင့် သက်ဆွေ အိမ်ရောက်လာရခြင်းပင်။

စန္ဒီက တွေ့တွေ့ချင်းပင် . . .

"နင့်ကို ငါ ပြောစရာရှိလို့ အန်တီ့ ခေါ်ခိုင်းလိုက်တာ သက်ဆွေ၊ နင့်ကောင်မနဲ့ ပတ်သက်တဲ့ကိစ္စတွေ အများကြီး ပြောစရာရှိတယ်"

ဤတွင် သက်ဆွေ စိတ်ပေါက်ပေါက်နှင့် စောစောကအတိုင်း "ဟာ . . . ဒီကိစ္စ နင်နဲ့ ဘာဆိုင်လို့လဲ" ကစ၍ ပြောချလိုက်ခြင်း ဖြစ်သည်။

သို့သော် စန္ဒီက သက်ဆွေစကားကို မှုပုံမရ၊ သက်ဆွေက ဘုမသိ စရာအကြောင်း ရှိသလို သူ့ဘက်ကလည်း ပြောစရာ အကြောင်းတွေက ရှိနေသည်မို့ ခပ်တည်တည်မင် ပြန်ကြည့်ရင်း . . .

"ငါ ရှုပ်တာလား၊ နင်ဳ အသုံးမကျတာလားဆိုတာ သေချာသိရအောင် ငါ ရှင်းပြမယ် သက်ဆွေ၊ အဲဒီမှာ နင် ခဏထိုင်၊ နင့် ဒေါသကို ခဏလေး သိမ်းထား၊ ငါ ပြောမယ့်စကားကို ဆုံးအောင် နားထောင်၊ ပြီးရင် နင်ကြိုက်သလို ဆုံးဖြတ်၊ ငါလည်း နင့်ကို ဒီတစ်ခါပဲ ပြောတော့မယ်၊ နောက်ထပ် နင့်ကို ဘာမှမပြောတော့ဘူး ရှင်းလား"





"ရှင်းလဲ ပြမနေနဲ့တော့ဟာ၊ နားလည်း မထောင်ချင်တော့ဘူး" ဟု ပြောမည်ကြံခါရှိသေး၊ မေမေတပါ ဝင်၍ . . .

"ကဲပါ သားရယ်၊ စန္ဒီ ပြောတာ တရားသားပဲ၊ သူပြောပြတာ သားနားထောင်ပြီးရင် ကြိုက်သလို ဆုံးဖြတ်ဆိုတာပဲ၊ အကျိုးအကြောင်း သိရအောင် နားထောင်လိုက်ပါ" ဟု ပြောသဖြင့် သက်ဆွေ ငြိမ်ပြီး ထိုင်နေလိုက်သည်။

စန္ဒီက . . .

"ငါ ပြောမယ် သက်ဆွေ၊ နင့်ကောင်မနဲ့ ပတ်သက်လို့ နင်သိတာက ဦးမြတ်ထွန်းကိစ္စ တစ်ခုပဲ ရှိတယ်၊ ဒီပြင်တစ်ယောက် ရှိသေးတာကော နင် သိလား"

"သိတယ်၊ ကိုအေးဖေ ကိစ္စ ပြောတာ မဟုတ်လား"

"အေး . . . ဟုတ်တယ်၊ အဲဒီ ကိုအေးဖေဆိုတဲ့ လူနဲ့ကော ဘယ် လောက်အထိ ဖြစ်ခဲ့ကြတယ်ဆိုတာ နင်သိလား၊ ငါ ထင်တယ်၊ နင် အလွန် ဆုံးသိရင် သူနဲ့ရည်းစားဖြစ်ဖူးတယ်၊ နောက်တော့ ကွဲသွားပြီး ကိုအေးဖေက လက်ထပ်သွားတယ်ဆိုတာလောက်ပဲ ရှိမယ်၊ အဲဒါ ဟုတ်လား"

"ဟုတ်တယ်"

"ကိုအေးဖေနဲ့ မေသင်းခိုင်တို့ နှစ်ယောက်တည်း အိမ်တစ်လုံးမှာ အပတ်တိုင်း စနေ၊ တနင်္ဂနွေဆို အမြဲတမ်း တစ်နေ့တွန် သွားသွားနေကြတာ ကော နင် သိလား"

"သူတို့က ဘာလုပ်ဖို့ သွားတာလဲ"

"ဘာလုပ်ဖို့ သွားတာလဲ ဆိုတာကတော့ သူ့ဘိုမေးကြည့်မှ သိမှာပေါ့ဟာ၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

ချည်းစားကလည်း မြစ်နေတယ်၊ ဘယ်သူမှမရှိတဲ့ အိမ်တစ်လုံးမှာ
ယောက်တည်းသွားပြီး တစ်နေ့လုံး နေနေကြတာ၊ စိတ်ပုတီး သွားစိပ်တာ
တရားသွားထိုင်တာတော့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ဘူး သက်ဆွေ
အဲဒီ ကိုအေးဖေဆိုတဲ့ လူကလည်း ဒါမျိုးတို့စွေမှာ ဘာအတွေ့အကြုံ
မရှိတဲ့လူ မဟုတ်ဘူး မေသင်းခိုင် အလျင်ကလည်း ချည်းစားပေါင်း သော
ခြောက်ထောင်နဲ့ ဒီလိုပဲ အဲဒီအိမ် လာနေကျတဲ့ နောက်ပြီး မေသင်းခိုင်
တွဲနေ့ချိန်မှာကို ဒီမြင်မိန်းကလေးတွေနဲ့လည်း အဲဒီအိမ်ကို လာနေသေးတ
ပဲတဲ့"

သက်ဆွေ ငိုင်နေသည်၊ ဘာမှ မပြော။

စန္ဒီက ဆက်၍ . . .

"ငါ ကြားသလောက်က မေသင်းခိုင်ဟာ အဲဒီ ကိုအေးဖေနဲ့ ပ
သက်ပြီး ကလေးဖျက်ဆီး ဖျက်ချရဖူးသလိုလိုပဲ၊ သိပ်အတိအကျတော
မဟုတ်ဘူး၊ ငါကြားတာ ပြောတာ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မေသင်း
က နင့်ကို အချဉ်ဖမ်းပြီး တွဲနေတာတော့ အမှန်ပဲ သက်ဆွေ သ
နစ်သွားယုံရင် နင်မှားမယ်၊ သူ့မှာ စိတ်ရှုပ်ပတ်သက်လို့ အတွေ့အကြုံ
က များလွန်းတယ်၊ ငါပြောတာ စိတ်မဆိုးနဲ့ တချို့က ဘယ်အထိ ပြောလဲ
ဆို အဲဒီအချိန်သမီးကို ဝိုက်ဆံပေးရင်တောင် ရတယ်လို့ ပြောကြတာ
အဲဒါ ပြောချင်တာ အတုန်ပဲ၊ ကျန်တာတော့ နင့်သဘောပဲ"

သက်ဆွေ အံကြိတ်လိုက်သည်။ ပြီးမှ . . .

"တဲ . . . နင်ပြောချင်တာ ပြောပြီးရင် ပြန်တော့ စန္ဒီ နောက်
လဲ အဲဒီအကြောင်းတွေ ငါ့ကို ဘာမှ မပြောနဲ့တော့ ငါ မကြားချင်တော့

"မဟုတ်ပါဘူး သက်ဆွေရာ ငါက စေတနာနဲ့ပါ"





"အေးပါ . . ၊ အဲဒါ . . ငါနားလည်ပါတယ်၊ ဒါပေမယ့် ငါ့စိတ်ခွ
ကိုငါ့အာသာ ငါပဲ ဆုံးဖြတ်မယ်ကွာ၊ ငါ့ဘာသာငါ ဆက်သိချင်သေးတာ
ရှိရင် ဆက်စုံစမ်းမယ်၊ နင်ဘာမှမပြောနဲ့တော့"

"အေးလေ၊ ဒါဖြင့် ပြီးရော၊ ငါပြန်မယ်၊ အန်တီ့ကိုလည်း နှုတ်
ဆက်သွားတယ်လို့ ပြောလိုက်ပါ"

သက်ဆွေ ခေါင်းညိတ်သည်။

ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိ သွားပြန်ပြီ။

※ ※ ※

www.burmeseclassic.com

(၆)

စနိ ပြန်သွားပြီး လေးငါးရက်အကြာမှာ မြိုင့်ဖေဖေ ဆုံးသည်။

အသုဘကိစ္စမှာ အစအဆုံးလိုလို သက်ဆွေ သွားကူလုပ်ပေ
သည်။ ဒီရက်ပိုင်းလေးတွေမှာတော့ ညဘက်လုပ်စရာရှိတာ ဝိုင်းကူလုပ်ပေ
ရင်း မြိုင်နှင့် စကားပြောဖြစ်သည်။

မှတ်မှတ်ထိထိ ထိုရက်များသည် ဖေဖော်ဝါရီလ၊ ဆောင်းတွင်းကြီး
မီးသာမိုမထား။ အနွေးထည်သာ လုံလုံလဲလဲ ဝတ်မထားလျှင် ခိုက်ခိုက်တု
အောင် ချမ်းနေသော ညများ ဖြစ်၏။

"မောင် မအိပ်ချင်ဘူးလား။ ဆက်တိုက်တွေ အိပ်ရေးပျက်နေတာ
ခဏတစ်ဖြုတ် မြစ်မြစ် အိမ်ပေါ်မှာ သွားအိပ်နေလိုက်ပါလား မောင်"

"ရပါတယ် မြိုင်၊ နေ့ခင်း နေ့ခင်းမှာ မောင် မြန်အိပ်အိပ်ထားတာ
ပဲ။ မြိုင် အိပ်ချင်ရင် သွားအိပ်လေ၊ မောင် ရှိနေမယ်"

"မြိုင် မအိပ်ချင်ပါဘူး မောင် ပင်ပန်းနေလို့ မောင့်ကို ကြည့်ပြီး
သနားတာနဲ့ နားချင်လည်း နားရအောင် ပြောတာပါ၊ မောင် မအိပ်ချင်တော့
လဲ ကောင်းပါတယ်၊ စကားပြောရတာပေါ့"

အိမ်ရှေ့ တနုဖျင်းထဲမှာတော့ မီးချောင်းရောင်ဖြင့် ကျော်ဇောတို့
အုပ်စုက ငါးမူး တစ်ကျပ်ကြေး အချော်ပိုကာဆွဲနေကြသည်။ အသုဘ၏





သည့်နေ့တနင့် နောက်တစ်ညမှာတော့ တိုလှိုင် လာသေးသည်။ ဒီနေ့တော့
တိုလှိုင် မလာ။

သက်ဆွေနှင့် မြိုင်တို့ ခါတိုင်း ညများလိုပင်၊ တိုက်ခေါး မြေကွက်
တွင် မီးဖို၍ ရေနွေးအိုးတည်ထားရင်း မီးလှုံပြီး စကားပြောကြသည်။

"မောင့်ကို မြိုင် တစ်ခုပြောချင်တယ်"

"ပြောလေ မြိုင်၊ ဘာပြောမလို့လဲ"

"ဒီလိုမောင်၊ အစကတော့ ဒီကိစ္စကို ခုကိစ္စဝိစ္စတွေ အားလုံးပြီးမှ
ပြောမလို့ပဲ၊ ဒါပေမယ့် ဒီညက မောင်နဲ့ အေးအေးဆေးဆေး ပြောချိန်ရလို့
ကြိုပြီးပဲ ပြောလိုက်တာပါ၊ မနက်ဖြန် ညကျတော့လည်း မနက်ဆွမ်းကျွေးဖို့
ချက်ပြုတ်ရနဲ့ အချိန်ရမှာ မဟုတ်ဘူး"

မြိုင် စကားပလ္လင် ခံနေသည်ကို သက်ဆွေ ငြိမ်းပြီး စောင့်နား
ထောင်သည်။ မြိုင်က ဆက်၍ . . .

"မြိုင် ကားပြန်ရိုက်ချင် ရိုက်၊ မရိုက်တော့ဘူးဆိုရင် ဒီမြင်အလုပ်
တစ်ခုလုပ်မှ ဖြစ်တော့မယ် မောင်၊ ဒီအတိုင်း အိမ်မှာ ထိုင်နေလို့ မရတော့
ဘူး"

"ဘာဖြစ်လို့လဲ"

"ဖေဖေ မရှိရင် အိမ်မှာ ဘာဝင်ငွေမှ မရှိတော့ဘူး မောင်၊ မမ
အိမ်ပြန်ထောက်နေတဲ့ ပိုက်ဆံလောက်ပဲ ရှိတော့မယ်၊ အဲဒါ ဆရာဦးမြတ်
ထွန်းက ဟိုနေ့က ငွေသုံးထောင် လာပေးတယ်၊ ကားရဲ့ ကျန်တဲ့အပိုင်းတွေ
ဆက်ရိုက်ဖို့တဲ့"

"မြိုင် လက်ခံလိုက်ပြီပေါ့"

"လက်မခံသေးပါဘူး နေပါဦး ဆရာ၊ မြိုင် မောင်နဲ့ တိုင်ပင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဦး မယ်ရဲ မောင်က တာရိုက်တာ သိပ်မကြိုက်ဘူး သူ့ဆီက ခွင့်ပြုချက်ရမှ မြိုင် ဒီတာဝန်ကိုဆက်ယူချင်တယ်လို့ ပြောလိုက်တယ်"

"သူက ဘာပြောသလဲ"

"သူကတော့ မြိုင့်ကို ဆုံးမတာပေါ့ အနုပညာသမားဟာ အဲဒီလို ကိုယ်ရေကိုယ်သွေးနဲ့ အနုပညာကိစ္စကို မရောထွေးမယှက်နဲ့တဲ့ သူတို့ဘက်က မြိုင် ဒီဇာတ်ကို ဆက်မရိုက်ရင်လည်း တိုစွာမရှိဘူး ရိုက်ပြီးသား မြိုင့်အခန်းတွေ နည်းပါသေးတယ်တဲ့ ရိုက်ပြီးသား လေင်လောက် အခန်းလေးပြီး ဒီမြိုင်နေရာမှာ ကြီး မင်းသမီးနဲ့ လူစားထိုးရိုက်ရင် ပြီးသွားတာပဲ မြိုင့်အရင် ဒီလိုလုပ်ရင် ဒီမြိုင်ကလူငါးတွေကလည်း မြိုင့်ကို ရိုက်ရဲတော့မှာ မဟုတ်ဘူး မြိုင့် အနုပညာ လောကက တစ်ခါတည်း ထွက်သွားနိုင်လို့လားတဲ့"

"ခုမပြောတာ အမှန်ပဲလား မြိုင်"

"ဘာကို ပြောတာလဲ မောင်"

"အဲဒီကာအကို ဒီမြင်မင်းသမီးနဲ့ ဖြန့်ရိုက်ရင် ပိုဝင်ငွေကောင်းနိုင်တယ်ဆိုတာ"

"ဖြစ်နိုင်တယ် မောင်၊ ရှေ့ကရိုက်ထားတာ ကားက ပေတာယ် လောက်မှ မကျသေးဘူး ခုချိန်မှာ မြိုင်က နာမည်နည်းနည်းရှည်း ပေါက်သလို ဖြစ်နေတော့ ခု နာမည်အရမ်းကြီးနေတဲ့ မိန်းကို မိုးခပ်ဦးလို့ ပြောင်းရိုက်ရင် ပို ပိုက်ဆံရနိုင်တာပေါ့"

"ဒါဆို အဲဒီကိစ္စကို ဖျက်လိုက်တော့ မြိုင်၊ မောင်က သူတို့ကိစ္စ မေ့ ထိခိုက်လောက်အောင်ပြီး နည်းနည်းအားနာနေတာတွေပါလို့ ဒီကိစ္စ ဘာမှ အကျယ် မပြောတာ၊ အခုလို မောင်က စဉ်းစားရာကောင်း မလိုတော့ဘူး အဲဒီကား ဆက်မရိုက်တော့ဘူးလို့သာ ပြောလိုက်တော့"





"ဒါဖြင့် မြိုင်က ဘာဆက်လုပ်ရမလဲ မောင်"

"ကောင်းတာကတော့ ရုပ်ရှင် ဆက်မရိုက်တော့ဘဲ ဒီမြင်ရုပ်ဝင်နေ လုပ်စေချင်တယ် မြိုင်၊ ရုပ်ရှင်လုပ်ငန်း ဆက်လုပ်ရင် တစ်ချိန်မဟုတ်တစ်ချိန် မြိုင်နဲ့မောင်ကြားမှာ ပြဿနာတစ်ခုခု ပေါ်လာမှာပဲ"

မြိုင်က သက်ပြင်းချသည်။

"မြိုင် မောင့်ကို ချစ်တာ မှားများသွားပလားလို့ မသိဘူး မောင်၊ တာဖြစ်လို့လဲဆိုတော့ မြိုင် နဲ့ရည်မှန်းချက်က မြိုင့်ဘဝတစ်လျှောက်လုံးကို အနုပညာ နယ်ထဲမှာပဲ မြှုပ်နှံထားလိုက်ဖို့ ဆုံးဖြတ်ခဲ့တာကြောင့် မြိုင် ကနိုက်တာ ဘာသက်ဖြတ်ရှိ ရုပ်တုတ် ထိုင်နေရတာတောင် ဒီမြင်အလုပ် လုပ်တဲ့ ဒီတိုင်းယိုင်စောင့်နေခဲ့တာပေါ့၊ မှန်တာပြောရရင် ဒီမြင်အလုပ်တွေလည်း မြိုင် ဘာတစ်ခုမှ စိတ်မဝင်စားဘူး"

"အနုပညာအလုပ်ပဲ ဒီမြင်နည်း တစ်ခုခုနဲ့ ကြိုးစားရင်တော့ မြိုင်"

"မြိုင် တစ်ခုတော့ စိတ်ကူးမိတယ်"

"ပြောလေ မြိုင်"

"ရုပ်ရှင်မှာတော့ ခုတိုင်းဆို မြိုင် အရမ်းနောက်ကျနေပြီ၊ ဒီမြင် ဘူမာတွေက စိတ်ဝင်စားလို့ ဖြန့်ရိုက်ရင်တောင် ခု လျှမ်းလျှမ်းတောက် ပ်နေတဲ့ မင်းသမီးတွေကြားမှာ မြုပ်မြုပ်သွားမှာပဲ"

"အဲဒီတော့ . . ."

"အဲဒီတော့ ခု ခေတ်စားလာတဲ့ ဗွီဒီယို ရုပ်ရှင်တွေဘက်ကို မြိုင် တ်ဝင်စားတယ်၊ အဲဒီမှာကျတော့ နာမည်ကြီးတွေကလည်း ဆင်းမရိုက် သေးဘူး၊ ရိုက်နေတဲ့ အသစ်တွေကလည်း ပညာသမှာ မရှင်ကြသေးဘူး ဒီဘက် လှည့်ရကောင်းမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကျတော့ ဘယ်လိုလုပ်မလဲ"

"မြိုင် စဉ်းစားတာက ဒီမြင်လူတွေနဲ့ လှောက်လုပ်လဲ မောင် ကြိုက်မှာမဟုတ်ဘူး၊ မောင်အခုလုပ်နေတဲ့ ခါတ်ပုံလုပ်ငန်းနဲ့လဲ သိပ် တာမှမဟုတ်ဘဲ၊ မောင်က မရိုးရှူးလာသည်၊ မြိုင်က ကားမြစ်မြောက် တာဝန်ယူပြီး နှစ်ယောက်အတူတူလုပ်ရင် အဆင်ပြေ မလားလို့"

"အဲဒါ မဆိုးဘူး၊ မြိုင် ကားရိုက်တာပြုတာ ဘာညာကို မြိုင် နားလည်လား"

"နားလည်တယ်လို့တော့ မဟုတ်ဘူးပေါ့ မောင်၊ ဒါပေမယ့် မြိုင် အဆက်အသွယ်တွေ ရှိတာပေါ့၊ တင်မရာမင်းတွေ သရုပ်ဆောင်တွေ မြို သိရှုတာပဲ၊ သူတို့ အကူအညီတောင်းပြီး လုပ်ရင် သူတို့ကလည်း မြိုင် ဝိုင်းကူပေးမှာပါ"

"အေးလေ၊ အဲဒါဆိုရင် အဲဒီကိစ္စ စဉ်းစားမယ် မြိုင်၊ မောင် ဒီမြ လူတွေနဲ့လဲ တိုင်ပင်ပြီး ဘာလုပ်ရမယ် ဘာလုပ်သင့်တယ်ဆိုတာ အတွက်ချကြည့်မယ်၊ ပြီးရင် မြိုင့်ကို အကြောင်းပြန်မယ်"

မြိုင် ခေါင်းညိတ်သည်။

မြိုင့်မျက်နှာပေါ် တွင် အားတက်သရောရှိခြင်းနှင့် မျှော်လင့်ခြ အရိပ်အယောင်များ သိသိသာသာ တွေ့မြင်လိုက်ရ၏။

[illegible]

(၇)

"ငါတို့ကတော့ အဲဒီအလုပ် မလုပ်ဘူး သက်ဆွေ၊ လုပ်ချင်ရင် မင်းဟာမင်း ခွဲလုပ်၊ အဲဒီလို လူပေါင်းသောင်းခြောက်ထောင်နဲ့ ဟိုလူက ပညာပြ၊ ဒီလူက ပညာပြ၊ ကိုယ်က တစ်ယောက်တည်း ဒိုင်ခံပြီး ဖတ်သိ လိုက်နေမယ့်အလုပ်မျိုးကို လုံးဝ စိတ်မဝင်စားဘူး"

"ကျော်ဇောကတော့ စကတည်းကတိခံနဲ့မြှတ်ချသည်။ သက်ဆွေ က မာန်အောင့် အခြေအနေဘယ်လိုရှိသလဲသိရန် တစ်ချက်လှမ်းကြည့် သည်။

မာန်အောင်က ပြုံးရယ်း ခေါင်းခါ၍ . . .

"ငါက ပိုဆိုးတယ် သက်ဆွေ"

"မဟုတ်ဘူးလေကွာ၊ လုပ်ငန်းကိုင်ငန်း လုပ်ရမယ့်ကိစ္စကို ငါ လုပ်ပါ့မယ်၊ ငါ တစ်ယောက်တည်းလုပ်ရင် ငွေမနိုင်မှာစိုးလို့ မင်းတို့ကို ရှယ်ယာသဘောမျိုး ဝင်ခိုင်းတာပါ၊ အနည်းဆုံးတစ်ကား ဖြစ်ဖြစ်တော့ စမ်းလုပ်ကြည့်တာပေါ့"

ကျော်ဇောက အကဲခတ်သလို ကြည့်ရင်း . . .

"မင်းအိမ်ကိုကော ဒီကိစ္စ ပြောပြီးပြီလား"

"မပြောရသေးဘူး၊ ပထမဆုံး မင်းတို့နဲ့ငါ အရင်ဆွေးနွေး ကြည့်တာပဲ၊ မင်းတို့နဲ့ အဆင်ပြေမှ အိမ်ကို ပြောမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . အဲဒါဆို မင်းအိမ်ကိုမင်း သေချာပြောပြ ပြီး၊ မင်းအိမ်ကလဲ ကျေနပ်တယ်ဆိုရင်တော့ တစ်ယောက်ကို နှစ်သော သုံးသောင်းလောက်စုပြီး မင်းကို ပေးလာရတာ မခက်ပါဘူး၊ တို့ကတော ဘာမှမလုပ်နိုင်ဘူးနော်၊ ငွေပဲဝင်ပေးမှာ၊ ကျန်တာတော့ လက်ရှိ တို့အလုပ် တို့လုပ်မှာပဲ"

"အေးပါကွာ၊ မင်းတို့ ငါ့ကို ကူညီတယ်လို့ပဲ သဘောထားပြ လုပ်ပေးပါ"

"ငါကတော့ ကူညီတာ သက်သက်ပဲ ဖြစ်နိုင်မယ်နော် သက်ဝေ မင်းလုပ်ငန်းထဲမှာလဲ စွက်ဖက်မဝင်ဘူး၊ မင်းကို ငါ အတိုးမပါဘဲ ငွေထု ပေးမယ်၊ အချိန်တန်ရင် ငါပေးတဲ့ငွေပဲ ငါ့ပြန်ပေး၊ မြတ်လည်း ငါမယူ ရှုံးလည်း ငါမခံဘူး"

"အေးပါကွာ စေနံအောင်ရာ၊ အဲလောက် ကူညီရင်ပဲ ငါ ကျေးဇူး တင်ပါတယ်"

"ဒါပေမယ့် မင်းအိမ်ကိုတော့ သေချာပေးဦးနော်၊ မင်းအိမ်က မကြိုက်ဘဲနဲ့တော့ ငါတို့ လုပ်မပေးချင်ဘူး၊ အဲဒါ အစောကြီးကတည်းက ပြောထားတာ"

သက်ဝေ ခေါင်းညိတ်သည်။

ခေါင်းသာ ညိတ်ရသည်။ ဇုံမေနှင့် ဒီအကြောင်းပြောရမှာ အတော် ဝန်လေးမယ်ကောင်းသည်ဟု စိတ်ထဲက လေးနေ၏။

ဆင်သည်ထက်ဝင် တစောင်ကျတော့ ပိုဆိုးနေ၏။



"ရုံးဝ မလုပ်ရဘူး သက်ဝေရာ မင်းကို ဒီလောကထဲ ရုံးဝ ငါတို့ အရောက်မခံနိုင်ဘူး မင်းကို ဒီအရွယ်အထိ ကြီးအောင်မွေးလာတာ ပညာ တွေ သင်ပေးထားတာ ဒီအလုပ်လုပ်ဖို့ မဟုတ်ဘူး"

"မဟုတ်ဘူး မေမေ မြို့မှာလည်း အခက်အခဲ ဖြစ်နေပြီပါ သူ့အမေကလည်း ဆုံးတော့ မိသားစု စီးပွားရေးအခက် အခက်အခဲ ဖြစ်လာပြီ"

"ဇာ . . အဲဒါ သူ့တို့ သူ့ဟာသူ ရှင်းစေပေါ့ကွာ၊ လောလော ဆယ် မင်းမိန်းမမှ မဟုတ်သေးဘဲ သမီးရည်းစားပဲ၊ သမီးရည်းစားဘဝမှာ မင်းက သူတို့တစ်အိမ်လုံး ထမ်းပိုးဆောင်ရွက်ဖို့ ဝန်ထုပ်ရွက်နေရမှာတော့ ဘယ်ဖြစ် မလဲ"

"မှုတ်ဘူးပဲ မေမေရယ်၊ သူ့ဟာသူ ရုပ်ရှင်ဆော်ရိုက်ချင်သဲ ရိုက်ပါစေပေါ့ သားက ဘာတို့ကြားထဲက ဝင်ပြီး တာဝန်ယူရမှာလဲ။ သား နားလည်တဲ့ အလုပ်လဲ မဟုတ်ဘူး"

မေမေကပါ ထပ်ပြောသည်။ သက်ဝေ ခေါင်းကုတ်လိုက်ပြီး . . .

"အမြန် ရုပ်ရှင်ကြီးရိုက်ဖို့ မေမေတို့ သဘောတူလား၊ သဘောတူ ရင် သား ထွက်ပေးလိုက်မယ် နောက်မှ သားတို့ အဲဒီကိစ္စ အကြောင်းမပြီး အဖြစ်မပြောနဲ့"

မေမေက ရယ်သည်။ တားတိုက်ရယ်လိုက်ပြီးမှ . . .

"ဒီမှာ သက်ဝေ မေမေတို့ကတော့ ဘယ်တာ သဘောတူလား ဘယ်ဟာ သဘောမတူဘူးလား မေးမနေနဲ့ မှန်တာပြောရရင် ဘယ်ဟာမှ သဘောမတူဘူး၊ ရှင်းလား၊ မင်း ဒီနေ့ အဲဒီကောင်မလေးနဲ့ ပြတ်ပြီး ငါတို့ ပေးစားတဲ့သူနဲ့ယူ၊ ဒီတစ်လောကလုံးမှာ ပေးကြိုက်တာတွေ့၊ ဖောသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖို့တာစီးလယ်ပြီး ကမ္ဘာပတ်ချင်ရင်တောင် ဖြစ်အောင် လုပ်ပေးလိုက်ဦးမယ်"

သက်ဆွေ စိတ်ထဲ မကောင်းခြင်းနှင့် ဒေါသ ထွက်သွားသည်။

"ဟာ . . . ဒီမြို့ အစကတည်းက ဒီလိုပဲ ပြောပါလား ဖေဖေရဲ့ ခုတော့ ဖေဖေတို့က ကောင်းမီကောင်းရဲ့နဲ့ မြို့လည်း ခေါ်တွေ့၊ နှစ်နှစ်နေရင်ပေးစားမယ် ဘာညာပြော၊ သားလည်း ဘာကတိတွေတောင် ညာကတိတောင်းနဲ့၊ အဲဒါ ဖေဖေတို့က ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲဆိုတော့ မင်းကို လွှတ်ထားလိုက်ရင် မင်း ထင်ရာလုပ်သွားမှာ စိုးလို့ပေါ့ကွာ၊ ဒီမှာသား မင်းအတွက်နဲ့ ဖေဖေတို့မှာ ဘယ်လောက် စိတ်ဆင်းရဲရတယ် မှတ်လဲ၊ ဒါပေမယ့် သားကိုချစ်တဲ့စောနဲ့ ကိုယ့်စိတ်ကိုယ် အရမ်းချုပ်တည်းထိန်းသိမ်းထားရတယ်၊ ငါတို့မှာ စုစုပေါင်းမှ ဒီသားတစ်ယောက်ပဲ ရှိတာကွ၊ ရှင်းရှင်းပြောရရင် ဒီသားကို သူနဲ့ဂုဏ်တူ ဖြစ်တဲ့ မိန်းကလေးမျိုးနဲ့ပဲ ပေးစားချင်တယ်၊ ဟုတ်တာမဟုတ်တာ အပထား ဒီလောက် နာမည်ပျက်နေတဲ့ မိန်းကလေးနဲ့တော့ မပေးစားနိုင်ဘူး၊ နာမည်မပျက်လည်း ကိုယ့်မျက်စိရှေ့မှာတင် ဟိုလူနဲ့ဖတ်၊ ဒီလူနဲ့ သားပြော မယားပြော၊ ဖြစ်ချင်တိုင်း ဖြစ်နေတာကို ထိုင်ကြည့်ပြီး စိတ်ညစ်နေရတဲ့ မင်းသမီးယောက်ျားလည်း အဖြစ်မခံနိုင်ဘူး၊ ဈေးအစ ဇာတ်အလယ် ဘာအဆုံးဆိုတာ မင်း ကြားဖူးတယ် မဟုတ်လား၊ ဇာတ်သမယောက်ျား လုပ်တယ်ဆိုတာ လွယ်တယ်မှတ်လို့လား သက်ဆွေ"

"ဒါပေမယ့် ခက်တာက မြို့ကိစ္စကို ကျွန်တော် တာဝန်ယူ မယ်လို့ အကုန်လုံး ပြောပြီးပြီ ဖေဖေ၊ ခုမှ အဲလိုကြီး ပြန်ပြောလို့ ကောင်းမလား"

"မကောင်းစရာ ဘာမှမရှိတော့ဘူး၊ မင်း ရိုးရိုးသားသားပဲ ပြော၊ ဒီကိစ္စကို ဖေဖေတို့က သဘောမတူဘူး၊ သူငယ်ချင်းတွေကိုလည်း အဖော်ညှိ





လို့ မရဘူး၊ မင်းမှာလည်း ပိုက်ဆံမရှိဘူး၊ အဲဒီတော့ မြို့ အခုဆင်ပြေမယ့် လုပ်ငန်းကိုလုပ်၊ မောင် ဘာမှ လုပ်မပေးနိုင်တော့ဘူး၊ မြို့လုပ်ငန်းမှာလည်း မောင် ဘာမှအနှောင့်အယှက် ပေးမပေးဘူး၊ ရှင်းနေတာပဲ၊ အဲဒီအတိုင်း ပြောလိုက်"

ႀ

"ငါပြောမယ် ကိုသက်၊ မင်း ဘာမှ စိတ်ရှုပ်ခံမနေနဲ့၊ အားလုံး တရင်းချုပ်ပြီး မြန်စဉ်းစားလိုက်ရင် မြို့ကို မင်း စွန့်လွှတ်လိုက်တာ အကောင်းဆုံးပဲ၊ မင်းနဲ့မြို့ဟာ ဘယ်လိုမှ လက်တွဲလို့ မဖြစ်နိုင်တော့ဘူးဆိုတာ ကြာလေ ထင်ရှားလေ ထင်ရှားလာပြီ"

ဒီအကြိမ်က စိတ်အားဖျက်မှုယ်များကြောင့် အားပေးစကား ထွက်ပေါက်ကောင်းလေးများ ရမလားတွေး၍ ကိုလှိုင်နှင့်ဆီ အားကိုးလာခဲ့သည်။ ကိုလှိုင့်ထံမှ ပိုဆိုးနေသဖြင့် သက်ဆွေ စိတ်ညစ်သွားပြီ။

"အဲဒီကိစ္စကို မပြောပါနဲ့ ကိုလှိုင်ရာ၊ ဖြစ်နိုင်မယ့် လမ်းကြောင်းတွေ ရနိုင်သလောက် ရှာပေးစမ်းပါ၊ မြို့ကို ကျွန်တော် မစွန့်လွှတ်နိုင်ဘူး၊ ကျွန်တော် စွန့်လွှတ်တဲ့အချိန်မှာ ကျွန်တော်နဲ့ မဖြစ်စေချင်လို့ လိုက် ကဖျက်ယဖျက်လုပ်နေတဲ့သူတွေ ထအောင်ပွဲခံတုန်မှာလည်း ကျွန်တော် မခံချင်ဘူး၊ ကျွန်တော့်ကို ဘာလုပ်သင့်တယ်ဆိုတဲ့ နည်းကောင်း လမ်းကောင်းလေး တစ်ခု ရှာပေးစမ်းပါ ကိုလှိုင်၊ ကျွန်တော် တောင်းပန်ပါတယ်"

ဟူးခနဲ ကိုလှိုင်က လေပူတစ်ချက် မှုတ်ထုတ်သည်။

"ခက်တာပဲ ကိုသက်၊ မင်း လောလောဆည် စိတ်ချမ်းသာရုံလောက် တွေးပြီး ရှေ့ရှည်မှာ ဒုက္ခဒုက္ခ ပြန်ရောက်မယ့် အကြံမျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ မပေးချင်ဘူး။ မင်း ခုတောင် ပဲ့ကတက်ကတ်။ ဒီကတက် ရှုပ်ထွေးနေတဲ့ ပြဿနာတွေကြားမှာ ဘယ်လောက် စိတ်ညစ်နေရပြီလဲ၊ မင်းတို့ကိစ္စက ကြာလေ ဒီထက်ဆိုးလေ ဖြစ်မှာပဲ၊ မင်းတို့နှစ်ယောက်မှာ ရှေ့ရှင်းစရာ လမ်းကုန်နေပြီ ကိုသက်"

"မဟုတ်ပါဘူး ကိုလှိုင်ရာ၊ ဒီကိစ္စလေး ပြေလည်သွားရင် နောက်ပိုင်းမှာ ပြဿနာ ဆိုတာမရှိတော့ပါဘူး"

"ဘယ်မှာမှမရှိရမှာလဲ ကိုသက်၊ ခုတောင် မင်းမှာ တို့လို့တန်းလန်း ဖြစ်နေသေးတဲ့ ပြဿနာတွေ အများကြီး ရှိသေးတယ်၊ ဘယ်ပြဿနာတစ်ခုကိုမှ မင်း တရင်းမြစ် ဖျောက်လို့ မရသေးဘူး"

"ဘာတွေလဲ"

"ဘာတွေလဲဆိုတော့ ခင်ဦးမြတ်ထွန်းနဲ့ ပတ်သက်တဲ့ ပြဿနာ"

"ဪ . . . အဲဒီကိစ္စက ရှင်းသွားပါပြီ၊ ကိုလှိုင်ကလည်း"

ကိုလှိုင်က ခေါင်းညိတ်သည်။

"ကောင်းပြီ ကိုသက်၊ ဒါဖြင့် မင်းကို ငါ တစ်ခုမေးမယ်၊ ဦးမြတ်ထွန်းနဲ့ မြို့ငှက်စုမှာ အဲဒီ နှစ်ယောက် ဘာမှမဖြစ်ခဲ့ဘူး၊ တကယ့်သားအဖ ဆက်ဆံရေးလောက်နဲ့ နေခဲ့တယ်ဆိုတာ ဘယ်သူတွေ ဘာပြောပြော ငါ မယုံဘူးလို့ မင်း အနိုင်အမာ ယုံကြည်နေပြီလား၊ ဒါမှမဟုတ် စိတ်ရှုပ်လာပြီလား၊ ဒီကိစ္စ လုံးဝ စိတ်မဝင်စားတော့ဘူး၊ သူဟာ သူဖြစ်ဖြစ် မဖြစ်ဖြစ် ပြီးပြီးသားကိစ္စ ငါနဲ့မဆိုင်ဘူး၊ ငါ့လက်ထဲ ဘာမှမဖြစ်ရင် ပြီးရောဆိုပြီး စိတ်ညစ်ညစ်နဲ့ ပယ်ထား လိုက်တာလား"

"ကျွန်တော် စိတ်ညစ်ညစ်နဲ့ ပယ်ထားလိုက်တာ၊ သူ့ ကိစ္စကြီးက ရှုပ်ထွေးနေတာ ကိုလှိုင်ရဲ့ တကယ့်အဖြစ်မှန်ကို ကျွန်တော် ဘယ်လိုလုပ်



သိအောင် လုပ်လို့ရတော့မှာလဲ၊ တိုကတစ်မျိုးပြော၊ ဒီက တစ်မျိုးပြော ဘာတွေမှန်းကို မသိတော့ဘူး"

"အေး . . . အဲဒါကြောင့် ပြောတာပေါ့၊ ဒီပြဿနာက တကယ် မရှင်းသေးဘူး၊ ဒါဖြင့် သူ့ထက်ပိုအရေးကြီးတဲ့ ပြဿနာကပေါ်နေလို့ ခဏ ထုပ်နေတာပဲ ရှိသေးတယ်၊ တစ်ချိန်မှာ တစ်ခုခုအကြောင်း တိုက်ဆိုင်လာရင် မင်းစိတ်ကို လိုက်အနှောင့်အယှက် ပေးနေဦးမှာပဲ"

"ခု အဲဒီကိစ္စမျိုးက တစ်ခုတောင် မဟုတ်ဘူး ကိုလှိုင်၊ ကိုအေးမေ ဆိုတဲ့လူနဲ့ ပတ်သက်တဲ့ကိစ္စကလည်း ခုနှ လာပြောသွားတာနဲ့ အစတစ်ခု ပေါ်နေပြန်တယ်၊ အဲဒါလည်း ကျွန်တော် စိတ်ညစ်ပြီး ပယ်ထားတာပဲ"

ကိုလှိုင် သက်ပြင်းချသည်။

"ပြဿနာက မြို့နဲ့ပေါင်းရလို့ ရလာမယ့် စိတ်ချမ်းသာမှုနဲ့ကို မကာမိအောင် များနေတယ် ကိုသက်၊ မင်းမှာ အဲဒီလိုမျိုး ဆံသဲ့ရှင်း အောင် လုပ်ရမယ့်ကိစ္စတွေအပြင် မိသားစုမှာ ချုပ်ချင်းမိတ်ဆွေ အပေါင်းအသင်း ဘာသိုက်အဝန်းမှာ မြို့ကို ကြည်ကြည်ဖြူဖြူ လက်ခံလာအောင် လုပ်ယူရဦးမယ့်ကိစ္စတွေကလည်း မြို့မှာ ကြုံနေရတဲ့ အခက်အခဲတွေအတွက် မင်းစိတ်ပူရဦးမယ်၊ အဲဒီတော့ မင်းတို့အချစ်ရေးဟာ ဘယ်အချိန်မှာ သွားပျော်ကြမလဲ၊ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာအောင်နေကြမလဲ"

သက်ဆွေ ခေါင်းညိတ်သည်။

"အဲဒါတော့ အမှန်ပဲ ကိုလှိုင်၊ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ပျော်စရာဆိုတာ ရှာမရတာ ဘယ်လောက်ကြာပြီလဲ မသိဘူး၊ စိတ်ညစ်တာနဲ့ စိတ်ရှုပ်တာနဲ့ ပြဿနာဆိုတာတွေပဲ ရှိတယ်၊ ဒါပေမယ့် ခုတော့ ကျွန်တော် မြို့ကို သနားတယ်၊ ပြီးတော့ ချစ်လည်း ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ ငါသိသလောက် မြိုင်တလည်း မင်းကို တကယ် ချစ်တာပါ၊ သူ့ဘက်က တောက်လျှောက် မင်းအလိုပဲ လိုက်ခဲ့သလို ခုထက်ထိလည်း မင်းစိတ်တိုင်းကျ ဖြစ်နိုင်ဖို့ပဲ သူကြိုးစားရှာတယ်၊ အဲဒီတော့ ဒီလိုလုပ်ကွာ၊ ကိုသက်ရာ မင်းစိတ်ထဲမှာ ဘာဖြစ်ချင်သလဲ ငါ့ကိုပြော"

"လောလောဆယ် ဘာမှ မဖြစ်ချင်တော့ဘူး ကိုလှိုင်ရာ၊ ကျွန်တော် မြိုင်နဲ့ သွားတွေ့ဦးမယ်၊ ပြီးတော့ ကျွန်တော့်ဘက်က အခြေအနေတွေ ကျွန်တော် အကုန်ပြောပြလိုက်မယ်၊ အဲဒီပေါ်မှာ မူတည်ပြီးတော့ သူ့မိသားစုကိစ္စ အဆင်ပြေအောင် သူလုပ်ချင်တာ လုပ်ပစေတော့၊ ကျွန်တော် သူ့ကို သိပ်ချုပ်မထားချင်တော့ဘူး၊ ပြီး တော့မှ နောက်ကိစ္စကို နောင်ခါလာ နောင်ခါရေး၊ နောက်မှ ကြည့်ရှင်းတော့မယ်၊ ခုတိုင်းက ကျွန်တော်လည်း ရှုပ်တော့မယ်၊ သူလည်း ဒုက္ခရောက်မယ်"

ကိုလှိုင် ခေါင်းညိတ်၍ . . .

"အေးကွာ၊ အဲဒီအတိုင်းပဲ လုပ်ပြီး အချိန်ယူလိုက်ပါဦး၊ ကံကောင်းရင်လည်း နောက်ပိုင်းမှာ သူ့ဟာနဲ့သူ ပြေလည်သွားချင်သွားမှာပါ"

ခဏအကြာတွင် ကိုလှိုင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

ကိုလှိုင် ပြောသလိုပင် ဘာနာဂတ်အရေးကိစ္စကို ကုသိုလ်ကံပေါ်မှာသာ ပုံချထားလိုက်ရန် ဆုံးဖြတ်လိုက်၏။

* * *

(၈)

မြိုင့်ကို ဗွီဒီယိုလုပ်ငန်းနှင့် ပတ်သက်သည့် အခြေအနေများကို အသေးစိတ် ရှင်းပြလိုက်သည်။

"အဲဒါပဲ မြိုင်၊ မောင် အင်မတန် လုပ်ချင်ပေမယ့် ခုတိုင်းက မောင် လက်လျှော့လိုက်ရမလို ဖြစ်သွားပြီ၊ ခက်တာက မြိုင့်အိမ်အတွက် မြိုင် လုပ်ပေးရမယ့် တာဝန်တွေကလည်း ရှိနေသေးတယ်၊ အဲဒီတော့ မြိုင် အဆင်ပြေသလိုသာ လုပ်ပါ၊ မောင့်ဘက်က ဟိုဟာ မလုပ်နဲ့ ဒါမလုပ်နဲ့ ဆိုတာမျိုးတွေ မပြောချင်တော့ဘူး၊ မြိုင် လုပ်စရာ ရှိတာသာ လုပ်၊ မောင် မြိုင့်ကို ခွင့်လွှတ်ပါတယ်"

မြိုင့်မျက်လုံးအိမ်တွင် မျက်ရည်စလေးများ ရစ်ဝိုင်းလာသည်။ ခေါင်းငိုက်စိုက်ကျနေသော သက်ဆွေကို မျက်ရည်ကြားမှ ကြည့်လိုက်ပြီး သက်ဆွေ မျက်နှာကို လက်နှစ်ဘက်ဖြင့် မြှန်မော့စေ၍ . . .

"မောင် သိပ်စိတ်ညစ်နေပလား မောင်ရယ်၊ မြိုင့်အတွက်နဲ့ မောင် အရမ်းစိတ်ဆင်းရဲနေပြီလား"

သက်ဆွေက မြိုင့်မျက်ရည်များကို ကြည့်သည်၊ သူ့ကိုယ်တိုင်လည်း မျက်ရည်များ ဝဲလာပြီး အံကို ကြိတ်လိုက်၍ . . .

"လောကကြီးကို မောင် အရှုံးပေးရတော့မလား မသိဘူး မြိုင်

www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘက်က အကုန်လုံးရှုံးနေပြီ မောင့်မှာ ဘာတစ်ခုမှ အားကိုးစရာ မရှိတော့ဘူး"

"မောင်ရယ်"

မြိုင့်ရင်ထဲ နင့်သွားသည်။ အင်မတန် ထက်ကြွတတ်ပြီး ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ ဆက်ဆက်ထိမခံ၊ အရှုံးမပေးတတ်သော လူတစ်ယောက်က ဒီလိုစကားမျိုးအထိ ပြောလာသည့် မြင်ကွင်းကို မြိုင် ဘယ်လို ကြည့်ရက်မည်နည်း။

မြိုင် ရင်ထဲ အရှုံးထိုးခိုက်လာသည်။ မောင့်ပါးပြင်ပေါ်တွင် မျက်နှာအပ်၍ မြိုက်ကြီးတင်း ဖိချလိုက်ပြီး . . .

"စိတ်ချပါ မောင်ရယ်၊ မောင် မဖြစ်စေချင်တဲ့ကိစ္စမျိုး မြိုင် လုံးဝ မလုပ်ပါဘူး၊ မြိုင့်ဘဝကို မြိုင်နည်းနဲ့ ဖန်တီးယူပါ့မယ်၊ မြိုင့်ကြောင့်တော့ မောင် စိတ်ဆင်းရဲမခံပါနဲ့၊ မြိုင်လေ မြိုင့် မောင့်ကို သနားတယ်၊ မြိုင့်ကို ချစ်ရှာတာ မောင် အရှုံးကဲဆိုးတာပဲ"

ပွင့်ရွှေးသော မြိုင့် မျက်ရည်စက်များက ပါးဝေါ်သို့ ကူးစက်ရောက်ရှိလာသည်။ သက်ရွှေသည်။ မျက်ရည်ကို ထိန်းထား၍ မရတော့၊ အကြိတ်ထားသည့်ကြားက မျက်ရည်များ စီးဆင်းလာပြီး စီးကျနေသည့် မြိုင့်မျက်ရည်များနှင့် ပူးပေါင်းသွားသည်။

မြိုင့်ကျောပြင်လေးကိုလည်း တင်းကျပ်စွာ ဖက်နှောင်ထားမိသည်။

"မငိုပါနဲ့ မြိုင်ရယ်၊ မောင် ကံမဆိုးပါဘူး၊ မောင့်ကို ဒီလောက် ချစ်တဲ့ မြိုင့်အချစ်ကို ရထားတာ မောင်ဘာလို့ ကံဆိုးရမှာလဲ၊ မောင် မြိုင့်ကိုချစ်တယ် မြိုင်၊ မောင် သိပ်ချစ်တယ်၊ ခဏလေး သည်းခံလိုက်ပါ



မြိုင်ရယ်၊ မောင် ကြိုးစားပါ့မယ်၊ မြိုင်နဲ့မောင် ဒီလောကကြီးကို ပြန်အနိုင် ယူနိုင်အောင် ကြိုးစားပါ့မယ်"

"ချစ်တယ် မြိုင်ရယ် . . . သိပ်ချစ်တယ်"

ဣ

သက်ဆွေက ဖေဖေ့ လူနာနားတင်ဘေးတွင် ထိုင်ရင်း လွန်ခဲ့သည့် တစ်နှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် ပြဿနာများကို ပြန်တွေး ကြည့်နေမိသည်။

ဒီဘက်ပိုင်းမှာတော့ ယာယီစစ်မြေပြင်ငြိမ်းနေလုပ်ထားသော စစ်မြေပြင်တစ်ခုလို ပြဿနာအားလုံးက ဖေးဖေးတည်ငြိမ်နေသည်။

သို့သော် တစ်နည်းအားဖြင့် မုန်တိုင်းမကျခင် ခဏငြိမ်သက်သွားတတ်သော ပင်လယ်ပြင်၏ သဘာဝမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

သက်ဆွေခေါင်းထဲမှာ ဘာမှ ပီပီပြင်ပြင်မရှိ။

ဖေဖေ ခုလို မဖြစ်မီ လွန်ခဲ့သည့် လေးငါးဆယ်ရက်ခန့်က ကိုလှိုင်နှင့်သူ နောက်ဆုံးဆွေးနွေးခဲ့သည် ဆွေးနွေးပွဲကလေးမှာ ပြောခဲ့သည့် စကားများသည် သူ့နောက်ဆုံး အခြေအနေကို အတိအကျ ဖော်ပြနိုင်သည့် စကားများ ဖြစ်ကောင်း ဖြစ်နိုင်သည်။

တနည်းအားဖြင့် ထိုဆွေးနွေးပွဲသည် မြိုင်နှင့်သူ မျက်ရည်ရှင်း လေးယက်ခဲ့ကြပြီး နောက်ပိုင်းကာလများကို အကျဉ်းချုပ် ဖြတ်သုံးသပ်သည့် ဆွေးနွေးပွဲဟုလည်း ဆိုနိုင်၏။

ဣ

ဖော်ဝေမြိုင်နှင့်လှိုင်မြင်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်လုချည်လား ကိုသက်၊ ငါ ထင်တယ်၊ မင်းငါ့ဆီ မရောက်တာ အနည်းဆုံး နှစ်လလောက်တော့ ရှိမယ်ထင်တယ်"

သက်ဆွေက အားလျော့လျော့ပြုံးပြီး ခေါင်းညိတ်သည်။

"ရှိနိုင်တာပေါ့ ကိုလှိုင်၊ နှစ်သတောင် မကဘူး၊ သုံးလလောက် ရှိမယ် ထင်တယ်၊ ဒီကြားထဲမှာ ကျွန်တော်လည်း လေနေတာနဲ့ ပြီးတာပါပဲ ကိုလှိုင်ရာ"

"ဘယ်လိုဖြစ်နေရတာလဲကွာ၊ ယောက်ျားလေး တစ်ယောက်ဟာ လေနေတာ ကောင်းတာ မဟုတ်ဘူး၊ အဖိုးတန်တဲ့ အချိန်တွေ အလကား အလဟဿ ဖြစ်ကုန်တယ်"

"သိပါတယ် ကိုလှိုင်၊ သိတယ်၊ ဒါပေမယ့် စိတ်က လေနေတော့လည်း လူက ဘယ်လိုလုပ် တစ်ခုခုမှာ စူးစူးစိုက်စိုက် လုပ်နေချင်လို့ ရတော့မလဲ၊ ခုအတောအတွင်းမှာ အကျိုးရှိတဲ့ အလုပ်ရယ်လို့ မယ်မယ်ရရ ဘာတစ်ခုမှကို မလုပ်ဖြစ်ဘူး"

"အဲဒါ မကောင်းဘူး ကိုသက်၊ ကဲလေ . . . အဲဒါထားပါဦး၊ ခု လောလောဆယ် မင်းတို့ အခြေအနေကတော့ ဘယ်လိုလဲ၊ ကောင်မလေး မိသားစု စီးပွားရေး ဘာညာကိစ္စတွေကတော့"

သက်ဆွေ ခေါင်းညိတ်လိုက်သည်။

"အဲဒီကိစ္စကတော့ ပြေလည်သွားပြီ ဆိုပါတော့ ကိုလှိုင်ရာ၊ မြိုင်က အခု အလှပြင်ဆိုင် လုပ်ငန်းတစ်ခု လုပ်နေတယ်"

"တော . . . ရုပ်ရှင် မရိုက်ဖြစ်တော့ဘူးလား"

"မရိုက်ဖြစ်တော့ဘူး၊ ကျွန်တော် ကန့်ကွက်လို့ မဟုတ်ပါဘူး ကိုလှိုင်၊ ဟိုတစ်ခါ ကျွန်တော် ကိုလှိုင့်ဆီက သွားပြီးကတည်းက သူ့ကို





အဆင်ပြေတာသာ လုပ်တော့၊ ကျွန်တော် ခွင့်လွှတ်တယ်လို့ ပြောပြီးသားပါ"

"မဆိုးပါဘူးကွ၊ မင်းက လုပ်ချင်တာလုပ် ဆိုတာတောင် မင်းမကြိုက်မှန်းသိတဲ့ အလုပ်ကို မလုပ်တော့ဘဲ လွတ်လွတ်ကင်းကင်း အလုပ်တစ်ခု ရှာလုပ်တာ၊ ဒါနဲ့ အဲလိုလုပ်တော့ ဦးမြတ်ထွန်းတို့ဘက်က ဘာဖြစ်ကြသေးလဲ"

"သူတို့ဘက်ကတော့ အကြီးအကျယ် ပြဿနာရှာသေးတာပေါ့ ကိုလှိုင်ရာ၊ ဒါပေမယ့် မြိုင်က တင်းခံတယ်၊ ခုတော့ သူတို့ဘက်က လက်လျှော့လိုက်ပုံ ရပါတယ်"

"ဒါဖြင့် ပြီးပြီပေါ့ကွာ၊ ဘာပြောစရာ ရှိသေးလို့လဲ"

"အဲဒီကိစ္စမှာ ပြောစရာမရှိပါဘူး ကိုလှိုင်၊ ခု ဖြစ်နေတာက နောက်ထပ် ပြဿနာတစ်ခု"

"ဟောဗျာ . . . ဖြစ်ပြန်ပြီလား နောက်ပြဿနာ"

"ဟုတ်တယ် ကိုလှိုင်၊ ပြဿနာတွေကတော့ ဆုံးကို မဆုံး နိုင်ဘူး ဖြစ်နေတယ်၊ ဒါပေမယ့် ခုပြဿနာကတော့ ကျွန်တော် အရင်လို မပေါက်ကွဲတော့ပါဘူး၊ စိတ်ရှည်လက်ရှည်နဲ့ကို လွှတ်ပေးထားပြီး စောင့်ကြည့်နေတယ်"

"ဟ . . . လုပ်ပါဦးကွာ၊ ဘာဖြစ်နေလို့လဲ၊ ငါ့ကို ရှင်းပြပါဦး"

"ဟင်း . . ."

ဘာမှ မပြောရသေးခင်မှာပင် သက်ဆွေ ရင်မောမောနှင့် သက်ပြင်းချသည်။

ပြောမည့်သာ ပြောရသည်။ ကိုလှိုင်ကို ဘယ်ကစ၍ ပြောရမှန်းပင် မသိ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆိုင်ကဖွင့်စ၊ ပစ္စည်းပစ္စယဆိုလဲ တကယ့် ခေတ်မီကိရိယာ [illegible] တွေ သုံးနိုင်သည်။ အလှပြင်ဆရာမများကလည်း တကယ့် နိုင်ငံခြားပြန် [illegible] များ။ သို့သော် သူတို့က ဖွင့်စမို့ မိတ်မရှိ၊ တဖြည်းဖြည်း တော့ မိတ်များ [illegible] များလာနိုင်သော်လည်း ဒီအတက်မြန်မြန်ဆန်ဆန် အောင်မြင်နိုင်မည့်လမ်း [illegible] သူတို့ရှာတွေ့သည်။

မြိုင်က ရုပ်ရှင်မင်းသမီး၊ လူသိများပြီးသား။

မြိုင့်ကို ဇာနးဖြင့် သူတို့ကြော်ငြာမည်၊ မြိုင်က သူတို့ဆီက ပညာ [illegible] သင်ရင်း လုပ်ငန်းကျွမ်းကျင်အောင်လုပ်၊ မြိုင့်ကို လတ်တလောမှာ စ [illegible] အနေနှင့် လခ လေးငါးရာ ပေးထားမည်။ လုပ်ငန်းတိုးတက်လျှင် ပိုပေးမည် [illegible]

ထိုဆွေးနွေးချက်က မြိုင့်အတွက် ပိုအဆင်ပြေသည်မို့ မြို [illegible] ထိုဆိုင်မှာ ဝင်လုပ်သည်။

ထိုသို့လုပ်ရင်းတစ်ရက် မြိုင်က သက်ဆွေကို ကိုအေးဖေနှ [illegible] ပတ်သက်သော ကိစ္စတစ်ခု ဆွေးနွေး၏။

"မောင် . . . နေ့လည်က ကိုအေးဖေ မြိုင့်ဆီကို လာတယ်"

"ဘာ . . . ဘာပြောတယ် မြိုင်၊ ကိုအေးဖေ လာတယ် [illegible] ဟုတ်လား၊ ဘယ်ကို လာတာလဲ"

"ဟုတ်တယ် မောင်၊ မြိုင် အခုအလုပ်လုပ်နေတဲ့ ဆိုင်ကို လာတာ [illegible]"

"သူက ဘာကိစ္စ လာရတာလဲ မြိုင်၊ ဘာပြဿနာ လာရှာပြန်တာ [illegible] လဲ"

"ပြဿနာ ရှာတာတော့ မဟုတ်ပါဘူး၊ မြိုင် ဒီဆိုင်မှာ ဒီ [illegible] လုပ်နေတယ်ကြားလို့ လာတွေ့တာပါတဲ့"

"မြိုင်က လက်ခံစကား ပြောတာပဲလား"



"ဆိုင်လာတဲ့ ဧည့်သည်ဆိုတော့ မြိုင် ဧည့်ခံစကားတော့ ပြောရ [illegible]တာပေါ့ မောင်၊ ဒါပေမယ့် ကိုအေးဖေ အလျှင်လို မဟုတ်တော့ပါဘူး၊ [illegible]အများကြီး အချိုးပြောင်းသွားပြီ"

မြိုင်က တစ်ဆက်တည်း ကိုအေးဖေ ပြောသွားသည့် သူ နိုင်ငံခြား [illegible]က ပြန်လာရသည့်အကြောင်း၊ အိမ်ထောင်ဘက်က ဘယ်လို အခြေအနေ [illegible]ဖြစ် လာ၍ ကွာလိုက်ရကြောင်း စသည့် အကြောင်းကြောင်းသော [illegible]အကြောင်းများကို သက်ဆွေအား ပြန်ပြောပြသည်။

သက်ဆွေ ခေါင်းခါရင်း . . .

"မဟုတ်ဘူး မြိုင်၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ မြိုင် [illegible]ကိုအေးဖေနဲ့ ပြန်ဆက်သွယ် စကားပြောတာတွေ ဘာတွေ မလုပ်သင့်ဘူး၊ [illegible]ိုင့်ကို ဘေးကနေ မျက်လုံး တောက်တောက်ကြည့်နေတဲ့ လူတွေရှိတယ်"

"ဒီလိုရှိတယ် မောင်၊ မြိုင်ကလည်း ကိုအေးဖေကို ပြောပါတယ်၊ [illegible]ချိန်မှာ သူ မြိုင့်ဆီကို လုံးဝ မလာသင့်ဘူး ဆိုတာကော၊ မောင်နဲ့မြိုင် [illegible]ကြာခင် လက်ထပ်တော့မှာ ဆိုတာကော မြိုင် သေချာ ပြောပြလိုက်ပါ [illegible]တယ်၊ ဒါပေမယ့် သူက တစ်ခုပြောလို့ . . ."

"ဘာပြောလို့လဲ"

"သူက မောင်နဲ့ တွေ့ချင်လို့တဲ့"

"ဟာ . . . ဘာကိစ္စ တွေ့ရမှာလဲ မြိုင်ရာ၊ သူနဲ့မောင်နဲ့ ဘာမှ [illegible]တွေ့စရာအကြောင်း မရှိဘူး"

"အင်းလေ . . . ဒါကတော့ မောင့်သဘောပေါ့၊ မြိုင်ကတော့ [illegible]င်နဲ့တွေ့တာ မဟုတ်ဘဲ မောင်နဲ့တွေ့တာ ဘာပြဿနာမှ မရှိနိုင်ဘူးဆိုပြီ [illegible]ခင့် ဖုန်းနံပါတ်ကော၊ ဆိုင်လိပ်စာပါ ပေးလိုက်တယ်၊ သူ မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ခင်ဗျားက ဘာလုပ်ပေးချင်လို့လဲ ကိုအေးဖေ၊ ဒါမှမဟုတ် ကျွန်တော်က ဘာလုပ်ပေးစေချင်လို့လဲ"

"ကိုသက်ခွေကတော့ ဘာမှလုပ်ပေးစရာ မလိုပါဘူး၊ မြိုင့်ကို သုံးယုံကြည်ကြည် စိတ်ချလက်ချနဲ့ သစ္စာရှိရှိ ချစ်သွားရင်ပြီးတာပါပဲ၊ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင် နိုင်ငံခြားက ပိုက်ဆံရှာလာပြီး ဒီမှာ ပြန်အခြေချဖို့ လုပ်ငန်း မရှိဘူး၊ အဲဒီတော့ မြိုင့်ကို လုပ်ငန်းတစ်ခု ကျွန်တော် တည်ထောင်ပေးချင်တယ်၊ ဘာလုပ်ငန်းဖြစ်ဖြစ်ပါ၊ ကိုသက်ခွေနဲ့ မူလက မြိုင် ကိုင်မင်ထားသလို ဗွီဒီယိုလုပ်ငန်း လုပ်ချင်လည်းလုပ်၊ ဒါမှမဟုတ် အခုအလှမြင်လုပ်ငန်းကိုပဲ ကိုယ်ပိုင်ဆိုင်နဲ့ ကိုယ်ပိုင်ပစ္စည်းကိရိယာတွေနဲ့ ကိုယ်တိုင်ဦးစီးပြီး လုပ်ချင်လုပ်၊ အကျိုးအမြတ်ကို တစ်ဝက်စီ ယူတဲ့ ရှယ်ယာသဘောပေါ့ဗျာ၊ အဲဒါဆို ကျွန်တော်လည်း လုပ်ငန်းရှိမယ်၊ ကိုသက်ခွေတို့ မြိုင်တို့လည်း အဆင်ပြေသွားတာပေါ့၊ အထူးသဖြင့် မြိုင်ပေါ့လေ၊ သူ့အဖေဆုံးတော့ သူတို့အိမ်မှာ မြင်းမိုရ်တောင်ပြိုတာပဲ ကိုသက်ခွေ"

သက်ခွေ သက်ပြင်းချသည်။

"ဒီကိစ္စ မြိုင့်ကို ပြောပြီးပြီလား"

"ပြောပြီးပါတယ်၊ မြိုင်က ကိုသက်ခွေ ခွင့်မပြုရင် ဘာမှ မလုပ်ဘူးဆိုလို့ ကိုသက်ခွေဆီ လာခွင့်တောင်းတာပါ"

"သူ့သဘောကိုသာ မေးကြည့်ပါ ကိုအေးဖေ၊ သူလုပ်ချင်ရင် ကျွန်တော့်ဘက်က ဘာမှ ကန့်ကွက်စရာ မရှိပါဘူးလို့ဘဲ ပြောလိုက်ပါ"

"မဟုတ်ဘူးလေ၊ ကိုသက်ခွေ ဘာမှကန့်ကွက်စရာ မရှိဘူးဆိုရင် ကိုသက်ခွေပဲ သူ့ကို ပြောလိုက်ပေါ့"





"ခင်ဗျားတို့ချင်း ထပ်တွေ့ဦးမှာ မဟုတ်လား ကိုအေးဖေ၊ အဲဒီကျတော့ ကိုယ့်ဟာကိုယ်ပဲ ပြောလိုက်ပါ၊ ကျွန်တော် ဒီထဲမှာ ဘာမှ ဝင်မပါချင်ဘူး၊ မြိုင်က ကျွန်တော့် မိန်းမလည်း မဟုတ်သေးဘူး၊ ကျွန်တော် ထိန်းကျောင်းနေရတဲ့ ကလေးလည်း မဟုတ်ဘူး၊ သူ့အခြေအနေနဲ့ သူ့စိတ်ကြိုက် ဘာမဆို လုပ်ခွင့်ရှိပါတယ်"

ကိုအေးဖေ သက်ပြင်း ချသည်ကို မြင်ရသည်။

"အေးဗျာ . . . ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ကျွန်တော် မြိုင်နဲ့ ထပ်တွေ့ပြီး ဆွေးနွေးလိုက်ပါ့မယ်"

သက်ခွေ ခေါင်းညိတ်သည်။

တအံ့တဩ စောင့်ကြည့်နေကြသော ကျော်ဇေနှင့် မာန်အောင်တို့ကို တစ်ချက် လှမ်းကြည့်လိုက်၏။

"အဲဒါပဲ ကိုလှိုင်၊ ဒီနေ့ကပိုင်းမှာတော့ အဲဒီလူလည်း ကျွန်တော့်ဆီ ထပ်မလာတော့ဘူး၊ ကျွန်တော်လည်း မြိုင်နဲ့တို့ သွားမတွေ့ဖြစ်ဘူး"

"ဖုန်းတွေ ဘာတွေကော ဆက်သေးလား"

"မပြောတတ်ဘူး၊ ကျွန်တော်လည်း ဆိုင်မရောက်တာ ကြာပြီ၊ ကျော်ဇေတို့ကို တောင်းပန်ပြီး ကျွန်တော် ခဏ ခွင့်ယူသွားတယ်ဗျာ၊ ခုတစ်လော ဘာအလုပ်မှလဲ မလုပ်ချင်ဘူး၊ ဒီလိုပဲ ဆိုင်ကယ်လေးစီးနဲ့ သွားချင်တဲ့နေရာ လျှောက်သွားနေလိုက်တယ်၊ အိမ်ကိုလည်း မိုးချုပ်မှ ပြန်ရောက်တယ်"

"မင်း စိတ်ထဲ ဘယ်လိုဖြစ်နေလို့လဲ ကိုသက်"

"ဘယ်လို ဖြစ်သွားမှန်း မသိဘူးဗျာ၊ ဒီပွဲမှာ ကျွန်တော် လက်မြှောက် အရှုံးပေးလိုက်တော့မယ်လို့လဲ ဆုံးဖြတ်လိုက်ပြီ၊ ခြေရှင်မှာ

www.burmeseclassic.com



စရာ မလိုဘူး သူ့သဘာဝကိုက ဖြစ်နိုင်နေတဲ့အတွက် အများနည်းတူ ကြုံရမယ့် အခက်အခဲမျိုးလောက်ပဲ ကြုံရတယ်၊ ဒိုလှုရင်လည်း နည်းနည်းပဲ၊ အဲဒါလည်း ဖြေရှင်းလို့ရတဲ့ အခက်အခဲပဲ ဖြစ်ရမယ်၊ မဖြစ်နိုင်တာကျတော့ ခင်း လိုချင်သလိုလုပ်၊ မဖြစ်နိုင်တာက မဖြစ်နိုင်တာဘဲ သား၊ ဖြစ်ရမယ်ဆိုပြီး ခွတ်တိုးလုပ်လေ၊ ကြုံလာရမယ့် အခက်အခဲ ပိုကြီးလေ ဖြစ်မှာပဲ၊ နောက်ဆုံး ကျတော့လည်း မဖြစ်နိုင်တာက မဖြစ်နိုင်တာဘဲ၊ အဲဒါကို သဘောပေါက်ရင် မင်း တစ်သက်လုံး ဘယ်တော့မှ စိတ်မဆင်းရဲ ရတော့ဘူး"

သက်ဆွေ သက်ပြင်းတစ်ချက် ချလိုက်မြန်သည်။

ခုရက်ပိုင်းတွေမှာ ချခဲ့ရသည့် သက်ပြင်း၊ ရှိုက်ခဲ့ရသည့် ပင့်သက် ပေါင်းသည် ဘယ်နှစ်ခု ဘယ်နှစ်ခါဟူ၍ မမှတ်မိနိုင်တော့၊ ပင်လယ် ကမ်းစပ် တစ်နေရာ၌ ချတာ၊ စုပ္ပံ့ထွေး မင်လယ်တစ်ဝက်လောက်အစုပ် လဲသောင်ကြီး ဖုံးလွှမ်းသွားမည်လား မပြောတတ်နိုင်။

မေ့တာတော့ မမေ့နိုင်ပါဘူး မြိုင်ရယ် . . .

ငွေသန်းသော်တာယုန်လို လပေါ်မှာ ယုန်ရုပ် မရေးနိုင်ပေမယ့် ကမ္ဘာတုန်ကျယ်သရွေ့ကတော့ မမေ့နိုင်တဲ့အထဲမှာ ပါပါတယ်။

***

ဆဋ္ဌမ ကဏ္ဍ
(နိဂုံး)

www.burmeseclassic.com

www.burmeseclassic.com



တီတီ . . . ဟု ဆိုင်ကယ်သံကြားလိုက်ရသဖြင့် ကျော်ဇော ဆိုင်ပြင် လှမ်းကြည့်လိုက်သည်။

သက်ဆွေ။

"ဟား . . . ဖော့ကောင် ဖျောက်လှချည်လား၊ ဘယ်လိုဖြစ်နေ တာလဲ၊ လာဦးလေကွာ"

သက်ဆွေက ခေါင်းခါပြီး . . .

"ငါ မဝင်တော့ဘူး ကျော်ဇော၊ မင်းတို့အတွက် ဗိတ်စာလာပို့တာ ဗိတ်စာတွေ ပေးစရာ အများကြီး ရှိသေးတယ်၊ ရော့ . . . လာယူလို ငါ သွားလိုက်ဦးမယ်"

ကျော်ဇော ဖုံးကြိုချိန်မရ၊ ကမန်းကတန်း ပြေးထွက်ပြီး ဗိတ်စာ လှမ်းယူသည်။ ကျော်ဇော လက်ထဲ ဗိတ်စာရောက်သည်နှင့် သက်ဆွေ ဆိုင်ကယ်ကို ချက်ချင်း မောင်းထွက်သွားသည်။

"ဖော့ကောင် . . . သက်ဆွေ နေဦးလေကွာ"

လှမ်းခေါ် ၍ပင်မရ၊ သက်ဆွေက လက်တစ်ဘက်ကို မြှောက်ပြပြီး ဆက်မောင်းသွားသည်။

ကျော်ဇော အံ့အားသင့်စွာဖြင့် ဗိတ်စာကတ်ကို စာအိတ်တွင်း ဆွဲထုတ်လိုက်သည်။

"သက်ဆွေ ဘာပေးသွားတာလဲ ကျော်ဇော၊ ဗိတ်စာလို့ ငါ ကြား လိုက်ရသလားလို့"

ကျော်ဇောနောက်ကနေ လိုက်ထွက်လာသော မာန်အောင် လှမ်းမေးသည်။ ကျော်ဇောက ခေါင်းညိတ် လိုက်ပြီး . . .

"ဟုတ်တယ် မာန်အောင်၊ မင်္ဂလာဆောင် ဗိတ်စာ"





"ဟေ . . . မင်္ဂလာဆောင် ဗိတ်စာ ဟုတ်လား၊ ဘယ်သူဆောင် တာလဲ"

"သက်ဆွေ"

"ဟင် . . . ဘယ်သူနဲ့လဲ"

"မေးမနေနဲ့ မာန်အောင်၊ ရော့ . . . ကိုယ့်ဟာကိုယ် ဖတ်ကြည့်" မာန်အောင် မျက်မှောက် ကြုတ်လိုက်၏။

ကိုလှိုင်က ဗိတ်စာကို ဖတ်ကြည့်ပြီး စားပွဲပေါ် ပစ်တင်လိုက် သည်။

ထိုနေ့ အိမ်ရှေ့ဖိနပ်ချွတ်တွင် ပက်လက်ကုလားထိုင် ထုတ်လိုက် ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

အချိန်က ဟိုတစ်ခါကလို လှသော တိမ်တောက်ချိန် မဟုတ် တော့၊ တစ်မိုးလုံး အုံ့ဆိုင်းညို့မှိုင်းနေသည်။ ကောင်းကင်က မိုးသည် ပြိုကျတော့မလို ဖြစ်နေသည်။ ဝါတွင်းကြီးမို့ ငှက်များပင် အသိုက်မပြောင်း ကြ၊ ထိုအချိန်မှာ သက်ဆွေက မင်္ဂလာဆောင်တော့မည်။

ဗိတ်စာကတော့ ထွေထွေထူးထူး မဟုတ်၊ ခါပြင် မင်္ဂလာဗိတ်စာ လိုပင် အပေါ်ဘက်က သတို့သား အဖေအမေ မိဘဆွေမျိုးများ အမည်နှင့် လိပ်စာ၊ ပြီးတော့ သတို့သားနာမည် အောက်ဘက်က သတို့သမီးဘက်မှ မိဘဆွေမျိုးများအမည်နှင့် လိပ်စာ၊ ပြီးတော့ သတို့သမီး နာမည်။

ဒီဇအောက်ဆာမှ မိဘတို့ဝတ္တရားရှိသည့်အတိုင်း စသည်ဖြင့် ရေးဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



စီတုံးထားသည်။ မော်လာသောင်က သန်ဘက်ခါ ၉-၈-၈၇ နေ့၊ အချိန်က နေလည်း ဆယ့်နှစ်နာရီမှ နှစ်နာရီ။ ဒါတွေက အံ့ဩစရာမရှိ။

အံ့ဩနေမိသည်မှာ သတို့သမီး၏အမည်။

မန္တလေးမြို့၊ ဝါးတန်းရပ်၊ ၈၅ လမ်းနေ၊ ငွေဝန်းသော်တာ ဖွဲ့ရုံလုပ်ငန်းပိုင်ရှင်၊ ဦးအောင်မြင့် ဒေါ်မြမြတို့၏ သမီး ဒေါက်တာ ခင်နွယ်မြင့် (အမ်-ဘီ-ဘီ-အက်စ်-မန္တလေး) ဖြစ်၏။

ကိုလှိုင် ထိုမိန်းကလေးကို လုံးဝ မသိ။

တစ်ခါမှလည်း မကြားဖူး။

ဘယ်လိုကနေ ဘယ်လို ဖြစ်သွားတာလဲ၊ စဉ်းစားမရ။

ညို့မှိုင်း၍

အုံ့ဆိုင်းမှိုင်းလျှ မိုးလေကျပြီ

ဘာမှ ငါနားမလည်ပါတော့တကား . . . ဟု ကဗျာစပ်ရကောင်း မလားဟုပင် စဉ်းစားနေမိ၏။

* * *

(၂)

၈-၈-၈၇ နေ့။

"အယ်လိုဖုန်း မြည်သံကြောင့် ကျော်ဇေက ကောက်ကိုင်လိုက်သည်။

"ဟယ်လို အမိန့်ရှိပါ"

"ခု ပြောနေတာ ကိုကျော်ဇေလား၊ ကိုမာန်အောင်လား"

"ကျော်ဇေပါ"

"ကိုကျော်ဇေ၊ ကျွန်မ မြိုင်ပါ"

"ဪ . . . မြိုင် ပြော"

"သူ့ အဲဒီကို လာသေးလား"

"မလာဘူး မြိုင်၊ သက်ဆွေ ဆိုင်ကို မလာတာကြာပြီ"

"မြိုင် သတင်းတစ်ခု ကြားလို့ အဲဒါ ဟုတ်သလား သိချင်လို့ပါ"

ကျော်ဇေ ခဏ ငိုင်သည်။ ကျော်ဇေ အမူအရာကိုကြည့်၍ မာန်အောင်က 'ဘာလဲ' ဟု မျက်ရိပ်ဖြင့် မေးလိုက်သည်။ ကျော်ဇေက ခဏနေဦးဟု လက်ကာပြလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းများလဲ မြိုင်"

"သူ မနက်ဖြန် လက်ထပ်တော့မယ်ဆို၊ အင်းလျားလိတ်မှာတဲ့ ဟုတ်လား"

ကျော်ဇော ဗုဒ်သက် မှိုက်လိုက်သည်။

"ဟုတ်တယ် မြိုင်၊ နယ်က ဆရာဝန်မလေး တစ်ယောက်ပဲ၊ အဲ မိန်းကလေးကို ကျွန်တော်တို့ လုံးဝမသိဘူး၊ အချိန်ကတော့ ဆယ့်နှစ်နာရီ နေ့ နှစ်နာရီ"

"ဩော် . . . "

မြိုင့်ဘက်က အသံတိတ်သွားသည်။

ခဏကြာမှ များစွာတိုးညင်းသော လေသံဖြင့် . . .

"မြိုင်နဲ့သူနဲ့ တစ်နေ့ကတောင် တွေ့သေးတယ် ကိုကျော်ဇောရယ် ခြောက်ရက်နေ့က သူ ဘာမှမပြောဘူး"

"သူ ပြောရခက်နေလို့ ဖြစ်မယ် ထင်တယ် မြိုင်၊ မြိုင်နဲ့သူ ဘာဖြစ်ကြသေးလဲ"

"ဘာမှ မဖြစ်ပါဘူး၊ အဲဒီနေ့ကလည်း သူ ကောင်းကောင်း မွန်မွန်ပဲ မြိုင့်ကို ပြောသေးတယ်။ သူ နိုင်ငံခြား သွားရဖို့ နီးပြီ၊ ပတ်( ပို့တောင် ရတော့မယ်တဲ့၊ ခုလဲ အဲဒီကိစ္စတွေနဲ့ အလုပ်များနေလို့ မြိုင့် လာမတွေ့တာတဲ့"

"အဲဒီအလျင်က မြိုင်တို့မတွေ့တာ ကြာပြီလား"

"ကြာတော့ကြာပြီ၊ ဟိုတစ်လောက အင်း . . . ဘယ်နေ့က ဆိုတော့ ဂျူလိုင်လ ၁၈ ရက်နေ့က အာဇာနည်နေ့ မတိုင်ခင် တစ်ရက်ေ တစ်ခါတွေ့တယ်၊ အဲဒီတုန်းကတောင် သူက မေးနေသေးတယ်၊ နိုင်ငံခြား





သူ သုံးနှစ်သွားအလုပ်လုပ်မယ်တဲ့၊ ပိုက်ဆံစုပြီး ပြန်လာရင် လက်ထပ်မယ် တဲ့၊ သုံးနှစ်လုံးလုံး မြိုင့်ကို စိတ်ချမ်း ထားခဲ့လို့ ဖြစ်ပါ့မလား၊ ဘာလားနဲ့၊ မြိုင်ကတောင် ပြောလိုက်သေးတယ်၊ သုံးနှစ် မဟုတ်ဘူး၊ နှစ်သုံးရာထားခဲ့လဲ မြိုင် ဘာမှ ပြောင်းလဲမှာ မဟုတ်ဘူးလို့ ကိုကျော်ဇော"

"ဗျာ"

"မောင် . . . ဘာဖြစ်တာလဲဟင်"

"မသိဘူး မြိုင်၊ ကျွန်တော် တကယ် ဘာမှ မသိတာပါ"

"မြိုင်လည်း ဘာမှနားမလည်ဘူး၊ မြိုင့်ဘက်က ဘာများ မှားတာ ရှိလဲ မသိဘူးနော်"

"တစ်ခုမေးမယ် မြိုင်"

"မေးလေ ကိုကျော်ဇော"

"ဟိုးတစ်လောက ကြာတော့ကြာပြီ တိုးအေးမေ ဆိုင်မှာ သူနဲ့လာ တွေ့ပြီး ပြောတဲ့ကိစ္စ မြိုင် လုပ်ဖြစ်လား"

"ဟင့်အင်း . . . မလုပ်ဖြစ်ပါဘူး၊ ဘယ်လုပ်လို့ ဖြစ်မလဲ ကိုကျော်ဇောရယ်၊ အဲဒါအာ လုပ်လိုက်ရင် မောင် မြိုင့်ကို အထင်လွဲလို့ ဆုံးမှာ မဟုတ်တော့ဘူးဆိုတာ မြိုင် သေချာသိတာပေါ့၊ အဲဒီကိစ္စ ကိုအေးမေ မြိုင့်ဆီ တစ်ခါ ထပ်လာပြောတော့ မြိုင် အပြတ်ငြင်းလိုက်တယ်၊ ပြီးတော့ မြိုင့်ကို နောက်ထပ် လာမတွေ့ပါနဲ့လို့လဲ တိုးအေးမေကို ပြောလိုက် ပြီးသား၊ ဒီကိစ္စ မောင် သိပါတယ်"

"ခု မြိုင်တရော၊ ဘာလုပ်နေလဲ"

"အလှပြင်ဆိုင်မှာပဲပေါ့၊ မြိုင် အများကြီး ကျွမ်းကျင်နေပြီလေ၊ ဆိုင်က မြိုင့်ကို တစ်လ တစ်ထောင်တောင် ပေးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ဒီတောင်းဘာဖြစ်တာလဲ မြိုင်"

"မြိုင် အရမ်း နားမလည်ဘူး ကိုကျော်ဇော၊ မြိုင်လေ ဒီသတင်းကြားတော့ အရမ်း စိုးရိမ်သွားတာပဲ၊ မြိုင် ခုနလေးကမှ သိတာ၊ မောင် ဘာလုပ်သွားတာလဲဆိုတာ မြိုင် အရမ်းသိချင်လိုက်တာ ကိုကျော်ဇောရယ် မြိုင်လေ . . . မြိုင်"

ပြောရင်းနှင့် မြိုင့်အသံ တိမ်ဝင်သွားသည်။

ထို့နောက် ဖုန်းထဲမှ ရှိုက်သံများသာ ပေါ်ထွက်လာတော့၏။

အဖြစ်တင်ချင်တာ မဟုတ်သလို မောင့်ကိုလည်း စွန့်မသွားပါဘူး မောင်ရယ်။ တကယ်တော့ မြိုင် နားမလည်တာပါ။

မြိုင် တိုးအစကတည်းက မောင့်ကို ပြောပြီးသားပဲ၊ မောင့်အမြဲပေးဖို့ စွန့်နိုင်အလို့မှာ ပြောတဲ့စကားတွေ မှောင် ဝေနေလို့ ဖြစ်ပါလိမ့်မယ်။

"တစ်ချိန်တုန်းက ကိုသက်ဆွေ မြိုင့်ကို ပစ်ထားခဲ့ချင်သယ်ဆိုရင် အချိန်မရွေး ပစ်သွားခဲ့ပါ။ ကိုသက်ဆွေတို့ ယောကျ်ားတွေရဲ့ စိတ်ကို မြိုင် မယုံပါဘူး၊ တစ်သက်လုံး ချစ်သွားပါ့မယ်၊ ဘယ်တော့မှ မမုန်းပါဘူး" ဆိုတဲ့ စကားလုံးတွေကို အဟုတ်မှတ်ပြီး မျှော်လင့်တကြီး မြဲမြဲမြံမြံ ဖြစ်ပြီး မြိုင် ရင်မကွဲချင်ဘူးလို့ မြိုင် သေသေချာချာ ပြောထားခဲ့ပါတယ် မောင်။

ခုလည်း မြိုင့်ကို မောင် ဘာကြောင့် ပစ်သွားမှန်း မသိဘူး။

ပါမောက္ခ ဘာကြောင့်ပစ်ပစ် ပစ်ခဲ့တာကော ပစ်ခဲ့တာပဲ။ မြိုင့်ကို



မောင် မလိုချင်တော့လို့ ပစ်ခဲ့ပြီဆိုတာ မြိုင် သဘောပေါက်ပါတယ်။

တစ်ခုခု ပြောပြပြီးမှ ပစ်ခဲ့ပါလား မောင်ရယ်၊ မြိုင့်ကို အကျိုးအကြောင်းလေးတော့ ပြောပြခဲ့ဖို့ ကောင်းပါတယ်၊ ဘာကြောင့်ဖြစ်ဖြစ် မောင့်ကို မြိုင် ခွင့်လွှတ်မှာပါ၊ နားလည်ပြီးမှ ခွင့်လွှတ်ရတာမျိုးလေးက ပိုကောင်းတာပေါ့။

ခုတော့ မြိုင့်မှာ မောင့်ကို အများကြီး ယုံဆဲခဲ့ရတယ်။

မောင့်အတွက်နဲ့လည်း မြိုင့်ဘဝမှ ဖြစ်ချင်တဲ့အရာ အကုန်လုံးနီးပါး စွန့်လွှတ်ခဲ့ပြီးသား။ နောက်ဆုံး မောင် စိတ်ချမ်းသာပါစေတော့ ဆိုပြီး မြိုင်လေ ဘာထင်ပေါ်ကျော်ကြားမှုမှ မရှိဘဲ ရိုးရိုးကုပ်ကုပ် လုပ်ကိုင်စားလို့ရတဲ့ အလုပ်မြင်ဆရာမ ဘဝကိုတောင် ကူးပြောင်းထားလိုက်ပြီးပြီ။

ချိုမွှမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ဆိုတဲ့ မတ်စုန်းကျင်ရဲ့ လိုင်းတံပိုးတွေ ငြိမ်ကျသွားပြီဆိုတာနဲ့ မောင်တစ်ယောက် စိတ်ချမ်းသာအောင် အစစ အပြုပြင်ပြောင်းလဲထားနိုင် မြိုင်ဘက်က အားလုံး လုပ်ကိုင်ပြီးသား။

ပါရှုအား ယောကျ်ားတွေရဲ့ စိတ်က နိုင်မာတည်ကြည်တယ်တဲ့။

မိန်းမတွေရဲ့ စိတ်ကိုလည်း 'ဆောင်းလေပမာညီ' အတွင်းသဘော တည်ကြည်ပြောင်းလဲတတ်သည်' လို့ မောင်တို့ကပဲ သိချင်ရာလုပ်ဆိုရသေးတယ်။

ဆင်ခြင်ပါဦး မောင်ရယ် . . . မောင်တို့ ယောကျ်ားတွေ တရားမတရားဆိုတာ။

ဒါပေမယ့် မြိုင် ခွင့်လွှတ်ပါတယ် မောင်။

အခုတိုင်းက သူ့ အနုပညာလေးတွေနဲ့ သူ ပျော်နေတဲ့ မြိုင်

www.burmeseclassic.com

နှတ်အထင်း ချစ်သူဖြစ်ချင်လွန်းလို့ ချစ်သူအဖြစ် မောင့် တော်ကောက်ခဲ့ရ တော့လည်း မောင့်ကို မြိုင် မချစ်ဘဲ နေခဲ့လို့လား၊ မြိုင့်အပေါ် မောင် မြတ်နိုးသလောက် မြိုင့်ဘက်ကလည်း ထိုက်ထိုက်တန်တန်ကို ပြန်ချစ်ခဲ့ပါ တယ်။

မောင် ထင်ရာတွေ လုပ်နေတော့လည်း မြိုင် ချစ်ခဲ့တာပဲ၊ နောက်ဆုံး အထင်လွဲပြီး စွန့်ပစ်ခဲ့ရပြီဆိုတာတောင် မြိုင် မဖြကလေးလိုပဲ မောင့်အပေါ် အချစ် မလျော့ပါဘူး။

နောက်ဆုံးတော့ မြိုင့်ဘဝမှာ အရမ်းနိုးရိမ်၊ အရမ်းကြောက်ခဲ့တဲ့ မဖြကလေးရဲ့ အဖြစ်မျိုးနဲ့ပဲ ဇာတ်သိမ်းရတာပါပဲ။

မဖြကလေးကတော့ သေအုံးမှူးမှာ ကဗျာလေးတစ်ပုဒ် ရေးခဲ့ တယ် မောင်။

လောကဓံရှစ်ပါး၊ ဘုရားဟောရာ၊ ဖြစ်ပျက်မြဲမမှုတာ၊ သေရာစွာမှတ်စွဲ၊ သတ္တဝါတို့မည်သည် မတည်ကြည် ဖောက်ပြန်တတ်မြဲ။

ငါ မင်းဟု ပြုမြန်၊ ခံရသူအသစ်ပ၊ အဖြစ်ဖြစ်အပြန်ပြန် နှိုင်းထောက်မေတန်၊ သင်္ခါရလမ်းမှန်ကို၊ ရွှေဉာဏ်တော်ရှုဦးရှင့်လေး . . . တဲ့။

လောကဓံရှစ်ပါး ရှိတယ်ဆိုပြီး ဘုရားက ဟောခဲ့တယ်တဲ့ မောင်ရယ်၊ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံများခြင်း၊ အခြွေအရံနည်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဆိုတဲ့ ရှစ်ပါးဟာ လောကထဲက လူတစ်ယောက်မှာ အမြဲတမ်း တစ်လှည့်စီ ခံနေရတာပဲ။ ဖြစ်မယ်၊ ပျက်မယ်ဆိုတဲ့ ဖြစ်ပျက်ပြောင်းလဲနေတဲ့ ဓမ္မတာ ရှိတယ်ဆိုတာ သေချာသိဖို့ ကောင်းပါတယ်တဲ့။





သတ္တဝါဆိုတာ တည်ကြည် နိုင်ခဲ့တယ်ရယ်လို့တော့ ဘယ်တော့ မှ မရှိဘဲ အမြဲဖောက်ပြန်နေတတ်ကြတာပါပဲတဲ့။

ငါ ယောက်ျား၊ ငါ မင်းဆိုပြီး ထင်ရာလုပ်ရင် ဖြစ်ဘဝတစ်ချိန်မှာ ခံရသူဘက်က အသစ် ပြန်ဖြစ်လာတတ်ပါတယ်၊ ဝဋ်ဆိုတာ လည်တတ်တဲ့ အဖြစ်အပျက်တွေကို ,အပြန်ပြန်ကြည့်ပြီး နှိုင်းဆထောက်ရှုတတ်ဖို့ ကောင်းတာပေါ့တဲ့။

ဖြစ်ပျက် ပြောင်းလဲတတ်တယ်ဆိုတဲ့ သင်္ခါရသဘောကို မောင့် ရွှေဉာဏ်တော်နဲ့ ပြန်ရှုပြီး ဆင်ခြင်ပါဦးဆိုပြီး မဖြကလေးက ရေးခဲ့တာပါ။

ဝဋ်ဆိုတာ လည်တတ်တယ်တဲ့နော်။

ကံဆိုတာလည်း အကျိုးအကျေ ရှိတယ်တဲ့။

တစ်ခုခု မတရားလုပ်ရင် လုပ်သူဟာ တစ်ချိန်မှာ အတောင်း ဖြစ်လာပြီး၊ ခံရသူက အသစ်ပြန်ဖြစ်လာတတ်တယ်တဲ့။

မဖြကလေး ပြောတာပါ။

မြိုင်ကတော့ မောင့်ကို ဘာမှ မပြောတော့ပါဘူး။

မောင့်ကိုလဲ ပြန်ဝဋ်မလည်စေချင်တာ အမှန်ပါ မောင်၊ ခံရပေ မယ့် ဘယ်ဘဝ ဘယ်အချိန်မှာမှ အသစ်လဲ ပြန်မဖြစ်ချင်တော့သလို၊ 'ဘယ်မှန်းပါတော့နိုင်၊ ကပ်လုံးဆုံးတိုင်တိုင်' ဆိုတဲ့ ချစ်သူချက်ထဲက စကားလိုပဲ၊ ကပ်ကမ္ဘာကြီး တစ်ခုလုံး ဆုံးသည်အထိ မောင့်ကို မြိုင် မမုန်းပါဘူး။

"ချစ်လို့ငယ်မကုန်၊ ဝသုန်ဘုံမြေ၊ သိကြားစေ သတ်သေညွှန် ဆိုသလိုပဲ မကုန်နိုင်သေးတဲ့ အချစ်တွေ ရှိရမယ်ဆိုတာ ဒေါ်ဘဒီ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးကို အသိသက်သေပြု

www.burmeseclassic.com



ကျိန်တွယ် ရည်ညွှန်းထားခဲ့ပါတယ်"

သံသာလေကမ်းတိုင်၊ ကျူပြင်လေ တူးမယ်လို့ ဆုတူးတွေ ပန်ရှုသ် သွန်းခဲ့ကြပေမယ့်၊ မမြကလေးနေတဲ့ နဝရတ်ကယ်ရောင်နဲ့ ပတ်ချိုးထဲက လိုပဲ၊ မောင်က 'သနားလေမည်။ သစ္စာလေ၊ ဝေ့လွဲခဲ့လေတော့၊ မကြင် ဘယ်တွက်လဲလို့ မေးရမလို ဖြစ်နေပြီလေ။

'ရွှေသည်းမှာ ကျွမ်းအောင်၊ ပြေလဲခု မြေနိုင်ပေါင်' ဆိုတာမျိုး ခံစားရပါတယ် မောင်ရယ် . . .

'သနားငယ်ခံ တင်ရန် တုန်ခက်တဲ့ ရွှေမျက်မှုထား' ဆိုတာလို မောင်က ဖြစ်နေတော့ မြိုင် အသနားလည်း မခံချင်တော့ပါဘူး၊ နားဆောင် ရမှာ ခက်နေတဲ့ မောင့်မျက်မှာ မျက်ရှင်ချင်ကိုလည်း မြိုင် မကြည့်ရပါဘူး . . .

"မနုတ်မြန် ကျင်းမတော့မယ့် မင်္ဂလာပွဲ လူဗိုလ်ပုံအလယ်မှာ၊ မြူရစ်စုံ ဗိုလ်ပုံရွှေပုံက၊ မယ့်နဲ့မညီရှိမည်ကို၊ စိုးမိပြန်သား' ဆိုတာလိုပဲ၊ အခါတော်ပေးလို့ နတ်ရေငယ်ရွှေတနေတုန်း မြိုင် ခံစားနေရသလို မောင် မပျော်မှာအဲ စိုးမိပါတယ် မောင်ရယ် . . .

* * *



၉-၈-၈၇၊ နေ့လည် ၁၂း၃၀ နာရီ

"သက်ဆွေ၊ မပြီးသေးဘူးလား . . . ၊ မြန်မြန် လုပ်လေဟာ၊ တိုက်ပုံအကျီဝတ်တော့၊ ခေါင်းပေါင်းပေါ့ အဆင်သင့်ရှိတယ် မဟုတ်လား၊ ခင်နှယ်မြင့် ပြီးရင် ဒါတို့ လာခဲ့မယ်၊ ဒီပေါ်မှာ သတို့သား၊ သတို့သမီး ဓါတ်ပုံတွဲရိုက်ရမယ်"

အင်းလျားတာန်တိုတယ်၏ ပထမထပ်၊ ဖွဲ့မထုတ်မီ သတို့သား သတို့သမီး ပြင်ဆင်ရာအခန်းတွင် စန္ဒီတစ်ယောက် အတော် ဗျာများ နေသည်။

တော်တော့က သက်ဆွေအား တိုက်ပုံအင်္ကျီလှမ်းပေးရင်း . . .

"အို ဝန္ဒီဆိုတဲ့ဟာမ ဘယ်လိုဖြစ်နေတာလဲ သက်ဆွေ ဂါတ်ထဲ မှာ မင်းသိပြင်ဆောင်မလေးနဲ့ မင်္ဂလာဆောင်သွားလို့ စန္ဒီဟာ ရေရေ

www.burmeseclassic.com



လည်လည် ဆွေးသွားမှာပဲ အောက်မေ့နေတာ၊ သူက သူနဲ့ဆောင်ရတာ ထက်တို ပိုအရေးကြီးနေပုံ ရနေပါလား"

ကျော်ဇော စကားကြောင့် သက်ဆွေက ယုံယုံပြုံးသည်။

"သူ့စိတ်ထဲ သူနဲ့ မဆောင်ရပေမယ့်၊ သူ မဆောင်ချင်တဲ့သူနဲ့ မဆောင်ဖြစ်သွားတာကိုပဲ အရသာတစ်ခု ဖြစ်ချင် ဖြစ်နေမှာပေါ့ကွာ"

သက်ဆွေက စိတ်မပါ လက်မပါ ပြောရင်း တိုက်ပုံအင်္ကျီကို ဝတ်သည်။ ထို့နောက် အနားရှိ ကိုယ်လုံးပေါ် မှန်ထဲ ကိုယ့်ပုံကိုယ် တစ်ချက် မြန်ကြည့်သည်။

မှန်ထဲမှ ပေါ်နေသော ပုံရိပ်သည် သူစိမ်းတစ်ယောက်လို ဖြစ်နေ၏။ သက်ဆွေဆိုသောလူတစ်ယောက် ဒီနေ့ မင်္ဂလာဆောင်သည်။ ဖါပဲ ဖြစ်သည်။ ထိုသက်ဆွေသည် သူမဟုတ်။ သူ ဘယ်ရောက်နေသလဲ။

ခဏကြာလျှင် သူမသိသော သတို့သမီးတစ်ယောက်နှင့် သူ ဓါတ်ပုံတွဲရိုက်ရဦးမည်။ ပြီးလျှင် လူပုံအလယ်၌ လက်ချင်းချိတ်၍ ခမ်းနား သိုက်မြိုက်စွာ လျှောက်သွားရဦးမည်။ ထိုအချိန်တွင် ဧည့်ခံတီးဝိုင်းမှ 'အခါတော်ပေးတာက၊ နတ်ရေးပယ်ရွှေစာ' ဟူသော သီချင်းဖြင့် အလွန် မင်္ဂလာရှိသော အချိန်အခါ ဖြစ်ကြောင်း နှိုးဆော်ပင့်ကြလိမ့်ဦးမည်။

ထို့နောက် ဘိသိက်ဆရာက ရွှေနှစ်ပြားကို ဂဟေသားသလို အစရှိသည့် ချီးမွမ်း ထောမနာများ ပြုဦးမည်။

ထို့နောက် ဧည့်ပရိသတ်များက သူတို့ နှစ်ယောက်လုံး မခွဲမခွာ ပေါင်းသင်းကြပါစေ စသော ဆုတောင်းမင်္ဂလာများပြု၍ စားသောက်ပြီး အိမ်ပြန်သွားကြမည်။ ကျန်ရစ်ခဲ့သော သူတို့နှစ်ယောက်စာ အကြင် လင်မယားအဖြစ် ပေါင်းသင်းကြ၊





လွှယ်လိုက်တာတဲ့ စိတ်ထဲက အောက်မေ့သည်။

ဖေဖေနှင့် မေမေက မှုလေးကို ဖုန်းနှင့်ဆက်ပြော၊ ဘာညာ ချိန်းဆိုပြီးသည်နှင့် ခင်နွယ်မြင့်တို့ မိသားစု ရန်ကုန် ရောက်လာသည်။ ထို့နောက် ပြက္ခဒိန်တစ်ခုတွင် ဗေဒင်ဆရာဆိုသော ပုဂ္ဂိုလ်တစ်ဦးက ဒီရက် လုပ်ဟု ရွေးပေးသော ရက်ကိုယူ၍ ဖိတ်စာများ ရိုက်သည်။

ဝါတွင်း လုပ်ကောင်းပါ့မလားဟု မေးသည်ကိုပင် မြန်မာကိုးရာ အစဉ်အလာ ပိုင်နိုင်သည်ဆိုသော ပုဂ္ဂိုလ်များက မင်္ဂလာဆိုတာ အခါမရွေး လုပ်နိုင်ကြောင်း အဟာတေးတေး လုပ်ပေးကြသည်။ လုပ်ချင်တော့လည်း အစဉ်အလာ တစ်ခုလုံး ဖျောက်ပစ်၍ ရ၏။

ဘာမျှမကြာသော ရက်ပိုင်းအတွင်းကမှ စသိသော ခင်နွယ်မြင့်နှင့် သူ အတူပေါင်းသင်း နေထိုင်ရတော့မည်။ ဒီအခါကျ တော့လည်း တစ်ယောက်သဘော တစ်ယောက် နားလည်အောင်တို့၊ အတိတ်က ဘာဖြစ်ခဲ့သည်၊ အနာဂတ်ကျ ဘာဖြစ်တော့မည် စသည်တို့ မရှိ။

တစ်ယောက်ကို တစ်ယောက် ချစ်ကော ချစ်ကြရဲ့လား၊ ချစ်ကော ချစ်နိုင်ရဲ့လား စသည်တို့ ခုထိပင် မေးသံမကြားသေး၊ ကိုယ့်မိန်းမ ဖြစ်လာမည့်သူနှင့် စကားပြောချိန်တောင် ကောင်းစွာမရ၊ 'ချစ်သမျှကို' အကြောင်းတွေ၊ 'ငွေဝန်းသော်တာယုန်' တွေ ဘာတွေလုပ်ဖို့ အစေးကြီး၊ 'ချစ်' ဆိုသော စကားကိုပင် သူနှင့် ကိုယ်ကြားမှာ တစ်ခါမှ မသုံးဖူးသေး။

ဖြစ်နိုင်သည့် ဟာကျတော့လည်း ဖြစ်နေတာပဲဟု ဖေဖေ့ စကားနှင့် ဆက်စပ်ပြီး တွေးမိသည်။

ကိုယ့်ကို ချစ်လှပါသည်၊ ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်မေ့နိုင်



www.burmeseclassic.com

ပါမလဲ . . . ဟု အကြိမ်ကြိမ် သစ္စာထားခဲ့သော မိန်းကလေးတွေ့နှင့်ကတော့ ဦးမြတ်ထွန်းနဲ့ လွတ်ရဲ့လား၊ ကိုအေးမေနဲ့ ဘာဖြစ်ခဲ့သလဲ၊ မင်းသမီးဆိုတော့ ဘာဖြစ်မှာပေါ့၊ စသည်ဖြင့် သူတစ်ရှု အကြိုးအကျယ် စဉ်းစားခဲ့သည်။ ဘယ်သူမှလည်း သူ့ကို စိတ်မချကြ။

ခု ခင်နှယ်မြင့်ကျတော့ သူလည်း မစဉ်းစားမိ၊ သူ့ကို စဉ်းစားပို့လည်း ဘယ်သူကမှ မတိုက်တွန်း။ အားလုံးက ဘာဖြစ်လို့ အလွယ်တကူ လက်ခံ ကျေနပ်သွားကြရအနည်း။

ဘာတွေနေလဲ၊ ပြီးတော့ ဘာမှားနေလဲ။

ဆရာဝန်မှနှင့် ရုပ်ရှင်မင်းသမီးမှာ ခြေအစ လက်အဆုံး ခေါင်းတစ်လုံး ကိုယ်တစ်ခု ဒါတွေအားလုံး အတူတူပင် ပါဝင်သည်။ မိန်းမတွေကလည်း မိန်းမတွေချည်း၊ ဒီဆရာဝန်မတို့ ရုပ်ရှင်ရိုက်နိုင်းလိုက်လျှင် ရုပ်ရှင်မင်းသမီးဖြစ်သွားရ၍ ဟိုရုပ်ရှင်မင်းသမီးကို ဆေးကျောင်းတက်နိုင်းလိုက်လျှင် ဆရာဝန်မ ဖြစ်မသွားစရာ ဘာအကြောင်းမျှ မရှိ။

ဆေးလိုးအပ်တိုင်လိုက်တာနှင့် မိန်းမကောင်း၊ မိန်းမဖြောင့် ဖြစ်သွားရောလား။ ပြီးမှကျတော့ သူမီတွေ ချမ်းသာတာနှင့်ပင် အပျိုစင် အဖြစ်ကင်းမလေး ဖြစ်သွားရောလား။

ငါမှားဟိုကိုရှိသည်၊ ဖေဖေ ဆေးရုံတ ဆင်းစက . . .

"ဖေဖေလည်း ဒီအတိုင်းဆို ဘယ်အချိန်မှာ ဘာဖြစ်သွားမယ်ဆိုတာ ဘယ်လိုမှ မမှန်းနိုင်တော့ဘူး သား၊ ဖေဖေ မရှိရင် မင်းတို့သားအမိ နှစ်ယောက်တည်း ဂုဏ်ရောက် ကျန်ခဲ့မယ်၊ မေမေ မသေခင် ဖေဖေ့ဆန္ဒ အတိုင်း စိတ်ချလိုက်ပါရစေ"

ဟု ပြောစဉ်အခါ နဂိုကမှ စိတ်ရှုပ်တွေနေသော အခါဖြင့်



ဆိုယ်လုပ်ချင်တာ မလုပ်ရမှတော့ သူတို့ လုပ်ချင်ရာ လုပ်ကြပစေတော့ လည်းစင်းပေးလိုက်ခဲ့သည်။ ထိုစကားကို အကြောင်းပြု၍ ခင်နှယ်မြင့်နှင့် စီမံပေးသောအခါ မေမေက စကား တစ်ခွန်း ပြောခဲ့သည်။

"မင်း ဒီမိန်းကလေးကို ယူရင် တစ်သက်လုံး စိတ်ချမ်းသာရလိမ့်မယ် သား၊ ဟိုမိန်းကလေးကိုသာ ယူမိရင် တစ်သက်လုံး နောင်တ ရလို့ ဆုံးမှာ မဟုတ်ဘူး"

ဒါဆို သူတစ်သက်လုံး စိတ်ချမ်းသာရတော့မည်ပေါ့။

စိတ်ချမ်းသာသည်ဆိုသည်မှာ ဘယ်လိုဟာမျိုးလဲ၊ အခုတော့ ဘာမှမဖြစ်သေး၊ ဘယ်အချိန်ကျမှ စိတ်ချမ်းသာစရာတွေက စလာမည် မသိ၊ ဘယ်အချိန်ကျမှ စိတ်ချမ်းသာစရာတွေက စလာမည်မသိ၊ ကိုအေးမေတုန်းကလည်း ဒီလိုပဲ စိတ်ချမ်းသာစရာတွေ ရှာမိလေသလား။

ဖြိုး . . . ဖြိုးကတော့ ခု ဘယ်မှာလဲ၊ ဘာဖြစ်နေလဲ။

သက်ဆွေ ခေါင်းထဲမှာ တစ်ယောက်တည်း စကားများစွာ ပြောနေမိသည်။

ဖါးစပ်ကမူ စကားမပြောဖြစ်တာ ကြာပြီ ဖြစ်၏။

ခဏကြာသောအခါ ဝန္ဒီ စေ့တိထပ်မှ ဖျာယီးဖျာယာ ပြေးတက်လာသည်။

"သက်ဆွေ . . . အခုပဲ ကောင်လေးတစ်ယောက် လာပြော တယ်၊ မေသင်းမိုင် အောက်ထပ်မှာ ရောက်နေတယ် . . . တဲ့ ပြောလို့ရတာ

www.burmeseclassic.com



မဟုတ်ဘူး၊ မစားရတဲ့အမဲ သဲနဲ့ လာပက်ပြီး ပွဲလာ ဖျက်ချင်ဖျက်မှာ"

သက်ဆွေ စန္ဒီ့ကို တစ်ချက် လှမ်းကြည့်လိုက်၏။

မနေ့ညကတည်းက သူတို့ ဒီဇာတ်စုကို အသေအလဲ ကြောက်နေကြသည်။ ဘယ်ဇာ ဘယ်လို သတင်းတွေ ရလာတတ်မှန်းလည်း မသိ၊ ဟုတ်လည်း မဟုတ်။

'ဟိုတစ်ခါတုန်းက ကိုအေးဖေ လက်ထပ်တုန်းကလဲ ဒီလိုပဲ အဲဒီကောင်မ ပွဲလာဖျက်တာပဲတဲ့၊ ကိုအေးဖေတို့ဘက်က လူတွေ အအုပ် အထိန်းကောင်းလို့ ပွဲမဖျက်ရတာတဲ့၊ မနက်ဖြန်ကျရင် အဲဒီကိစ္စ အရှုပ် ဂရုစိုက်မှ ဖြစ်မယ်၊ ခင်နှယ်မြင့် သိသွားရင် လုံးဝ မကောင်းဘူး"

မဖေဖေကော၊ မေမေကော၊ စန္ဒီကော၊ ကြီးကြီးကော၊ ဒေါ်လေးကော၊ ဘဘကော၊ ဆွေမျိုး မိဘ၊ မိတ်ဆွေ သူငယ်ချင်း အကုန်လုံး ဒီကိစ္စ အတွက် အရှုပ် စိတ်ပူနေကြသည်။

ခုလည်း မေသင်းခိုင် ရောက်နေပြန်ပြီတဲ့။ ပွဲလာဖျက်ဦးမယ် ထင်တယ်တဲ့။ ရောက်တော့ကော ဘာဖြစ်လဲ။

"ဟေ့ကောင် . . . သက်ဆွေ၊ မင်း မြင်က ဟုတ်ချင်မှဟုတ်မှာ သူ့ဘက်က တွေးတော့ နာကျည်းစရာကြီးကွ၊ မနေ့က ငါ့ဆီ ဖုန်းဆက် တော့လည်း ဘယ်မှာလုပ်မှာလဲ၊ ဘယ်အချိန်လဲ မေးလိုက်တာ စုံနေတာ ပွဲဖျက်ရင်တော့ မကောင်းဘူးကွာ၊ ကြည့်လဲလုပ်ဦး"

အမှန်က ပွဲဖျက်တော့ကော ဘာဖြစ်ရမည်နည်း။ ဒီပုံလုပ် လင်မယား ဖြစ်ကြတော့မှာလား။ ဒီပွဲပျက်ရင် နောက်ပွဲပြန်လုပ်တော့ မရဘူးလား။ ဒီဘက်က ဖြစ်နိုင်လို့ လုပ်ကြသည့် ကိစ္စတစ်ခုလုံး မေသင်း [illegible] ယောက်တည်းဖျက်တာနှင့် ပျက်ရောလား မေးလိုက်လျှင် စိတ် [illegible]





ကုန်ကြမှာ သေချာ၏။ တိုဘက်ကို မလိမ့်တစ်ပတ်တွေ လုပ်တုန်းကတော့ ကျေနပ်ကြသည်။ ဟိုဘက်က မကျေနပ်၍ ပြဿနာ လာရှာမှာကျတော့ ကြောက်လိုက်ကြတာ အသေအလဲ။

အမြင်ကတ်ကတ်နှင့် လွှတ်သာပေးထားလိုက်လျှင် ဘယ်လောက် ကြည့်ကောင်းမလဲ။ စိတ်ထဲက တွေးလိုက်သည်။ သို့သော် ဒီကိစ္စက အာ့မှမခက်မှန်း သိ၍ . . .

"ကိုလှိုင် အောက်မှာ ရှိလား"

သက်ဆွေ အမေးကို ကျော်ဇောက ခေါင်းညိတ်ရင်း . . .

"ရှိတယ်၊ ခုနှ အောက်မှာ ငါ တွေ့ခဲ့တယ်"

"အဲဒါဆို မင်း ကိုလှိုင့်ကို သွားပြောလိုက်ကွာ၊ မြင်လာရင် ပြန်ခိုင်းလိုက်ပါလို့၊ ပြန်ခိုင်းလို့ မရရင် ငါက ပြောတယ်၊ ချစ်သမျှကို ပုတ်ပျိုးထဲက မပါတဲ့အလုပ်တွေ မလုပ်ပါနဲ့လို့ ပြောတယ်လို့ ပြောခိုင်းလိုက်"

"ဟေ . . . ဘယ်လို"

ကျော်ဇောကို နောက်တစ်ခေါက် ပြန်ပြောပြရ၏။ ကျော်ဇော ယောင်လည်လည်နှင့် ခေါင်းညိတ်ရင်း ပြေးဆင်းသွားသည်။

ထိုအချိန်တွင် သက်ဆွေတို့ အမျိုးထဲမှ ဒေါသကြီးစာတ်သော ဘကြီးတစ်ယောက်က သူ့လိုင်စင်ဖြင့်တိုင်သော ခြောက်လုံးပြူးကို မောင်းကာင်၍ တိုက်ပုံအကျီ အတွင်းအိတ်ထဲ ထည့်လိုက်ရင်း . . .

"ငါတို့ လုပ်တဲ့ပွဲကို လာဖျက်ရင်တော့၊ အသေကို သတ်ပစ်မယ်၊ အဲဒီကောင်မ ရောက်လာရင် ငါ့ကို လာပြော"

ဟု ကြိမ်းဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

စည်ခဲ့ပွဲ ကျင်းပရာ ခန်းမအတွင်းမှာ စည်ပရိသတ် အများစု မသိလိုက်လော်လည်း ကိုလှိုင်နှင့်တကွသော အတက်ခွေ၏ မိဘခွေ အသိုင်းအဝိုင်းများက ဝိုင်းအသီးသီးကို လိုက်ကြည့်၍ မြိုင်များ ရောက်နေသလားဟု တိုးတိုးကျိတ်ကျိတ် သူ့မေးကိုယ့်မေးနှင့် ပျာပျာသလဲ လိုက်လံ ရှာဖွေပေးနေရ၏။ သို့သော် . . . မြိုင် ဘယ်နားမှာ ရှိနေသည်ဆိုသည်ကို သူတို့ မသိ။

သူတို့ သိစရာ အကြောင်းလည်း မရှိ။

(၄)

၉-၈-၈၇ နေ့လည် ၁၂း၀၀ နာရီ။

မြိုင် ဘုရားပေါ် ရောက်နေတာ ကြာပြီ။

မနက်မိုးလင်းကတည်းက ဒီနေ့ဆယ်နာရီထိုးလာမည့်ကိစ္စအတွက် သူ့ရင်ထဲမှာ မြူကြွမျက်စီးနေသည်။

မြိုင် ထိုဝေဒနာကို အိမ်ထဲတွင်နေ၍ ဘယ်လိုမှ ချိတည်ခံစားနိုင်ခြင်း မရှိတော့။

စိတ်ငြိမ်းချမ်းမှုလေး တစ်ခုကို အခိုက်အတန့်မြစ်ဖြစ် သူ ရချင်ခဲ့သည်။ သို့အတွက် မနက်ကိုးနာရီ ထိုးကတည်းက ဘုရားပေါ် တစ်ယောက်တည်း လာထိုင်နေခဲ့သည်။

ထိုင်နေကျ တရုတ်စကားပင်လေးအောက်မှာ။

မြိုင့် မျက်လုံးများသည် အဝေးတောတောင်ဆီ စိမ်းညို့ညို့ [illegible] ရောက်သွား၏။ အာရုံလေးသည် ခုအခါ မြိုင် မဟုတ်တော့။ မောင်

www.burmeseclassic.com



ဖြစ်နေပေပြီ။ တောအုပ်ထဲမှာ ဘာတွေရှိနေ ဖြစ်နေမှန်း မြိုင် မသိ။

"တီ . . . တီ"

ဆယ့်နှစ်နာရီတိတိမှာ မြိုင့်လက်ပတ်နာရီလေးမှ အချက်ပေးသံ တစ်ခု ပေါ်ထွက်လာသည်။ အချိန်တန်ပြီ။

မြိုင်က တရှပ်စကားဝင့်ရိပ်မှ ထရပ်လိုက်သည်။

ရင်ပြင်တော်၏ အနံအတား အုတ်တံတိုင်းပုလေးဘက် လျှောက်သွား၏။

တံတိုင်းမှကြည့်လျှင် အောက်ဘက်ရှိ ချုံနွယ်သစ်ပင်များဖြင့် ရှုပ်ထွေးနေသော ချောက်နက် တစ်ခုကို မြင်ရသည်။

မြိုင် သက်ပြင်းတစ်ချက် ချလိုက်၏။

ထိုနောက် ပခုံးလွယ် သားရေအိတ်ထဲတွင် အိမ်ကတည်းက ထည့်ယူလာသော ပလပ်စတစ် ဘူးလေးကို ထုတ်ယူလိုက်သည်။

ဖလင်ဘူးလေး။

ဘူးထဲတွင် တစ်ခါက မောင် စိတ်အလိုမကျ ဖြစ်ပြီး ကင်မရာထဲမှ ဆွဲထုတ်လွှင့်ပစ်ခဲ့သော ဖလင်လိပ်ကလေး ပါရှိသည်။

မြိုင်က ထိုဖလင်လိပ်ကလေးကို ထုတ်ယူလိုက်၏။

ဝဲနေသော မျက်ရည်ကြားမှနေ ထိုဖလင်ကော်ပြားလေးကို ကြည့်မိသည်။ ဖလင်ပေါ်၌ ဘာပုံရိပ်မှ မရှိ။

မြိုင် ပင့်သက်တစ်ချက် ရှိုက်သည်။

ဘာထူးလဲ၊ နောက်ဆုံးတော့ ဒီဖလင်လိပ်လေးလိုပင် သူ့အချစ်နှင့် သူ့မျှော်လင့်ချက်များ အားလုံးသည်လည်း ဘာပုံမှ ပေါ်စရာ မရှိတော့။

ဒီတစ်ခါ မောင် ဆွဲထုတ်လွှင့်ပစ်လိုက်သည်က ကင်မရာထဲမှ





ဖလင်လိပ် မဟုတ်။ မြိုင့်ဘဝထဲမှ မြိုင့်မျှော်လင့်ချက်များကို ဖြစ်၏။

မျှော်လင့်ချက် မရှိပြီဖြစ်သော ဘဝသည် လူသတ်ကွင်း၌ အသတ်ခံရသည့် မမြကလေး၏ဘဝနှင့် ဘာထူးခြားဦးမည်နည်း။

မြိုင်က မျက်လုံးအစုံကို မှိတ်လိုက်ပြီး လက်ထဲမှ ဖလင်ခွေလေးကို လက်ဆုပ်ဖြေ၍ လွှတ်ချလိုက်သည်။

ဖလင်လိပ်ကလေးက အတန်ကြာအောင် လေထဲတွင် လွင့်နေပြီးမှ ချောက်နက် အောက်ခြေ တစ်နေရာတွင် ငြိမ်သက်စွာ ရပ်နားသွား၏။

ပြီးပြီ။ ပြီးသွားပြီ . . . ။

မောင်နှင့်ပတ်သက်၍ မြိုင့်ဘက်က တုံ့ပြန်ချင်သော ကိစ္စအားလုံး ပြီးစီးသွားပေပြီ။

နောက်ဆုံး လုပ်စရာ တစ်ခုသာ ရှိတော့၏။

၂၃

၁၉-၈-၈၇ နေ့လည် ၁၁း၃၀။

မြိုင်က ရင်ပြင်တော် ကျောက်ပြားပေါ်တွင် ကျုံ့ကျုံ့ထိုင်ရင်း ကိုကျွဲလို့ စေတီကို အာရုံပြုသည်။

ဘုရားရှိခိုးအပြီးတွင် ခုချိန် မင်္ဂလာပွဲ ဆင်နွှဲနေမည့် မောင့်မျက်နှာကို ပုံဖော်ပြီး ခပ်တိုးတိုး ဆုတောင်းလိုက်သည်။

"မောင်တစ်ယောက် စိတ်၏ ရွှင်လန်းခြင်း၊ ကိုယ်၏ ရွှင်လန်းခြင်း ပါစေဘုရား။ မောင် ရွေးချယ်လိုက်သော အိမ်ထောင်ဖက်နှင့်လည်း အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းသင်းရပါစေ၊ ချစ်မြတ်သောသူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်ရသော ဒုက္ခမှီးလည်း မြတ်စွာစိုး သဲတစ်ပွင့်တမျှ မောင့်ကိုယ်မှာ မထယ်ပြီပါစေနဲ့ ဘုရား"

အားလုံးအတွက် ကျေနပ်စွာ ပြုံး တောင်းပန်ပြီးသည်နှင့် မြင့်က သူ့ပန်းရွယ် သားရေအိတ်ထဲတွင် ယူလာသော မှတ်တမ်း စာအုပ်လေးကို ထုတ်ယူလိုက်သည်။

ထိုနောက် ရေးလာခဲ့သော စာမျက်နှာများ၏ နောက်ဆုံး စာမျက်နှာ အထွက်ထိပ် ညာဘက်ထောင့်လေးတွင် နေ့စွဲလေး တပ်လိုက်သည်။

၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်၊ တနင်္ဂနွေနေ့။

ထို့နောက် နောက်တစ်ကြောင်း၊ ဘယ်ဘက်ထောင့်တွင် စာတမ်းလေးတစ်တမ်း ရေးထိုးလိုက်သည်။

မျှော်လင့်ချက်များ ပျက်ပြယ် ကုန်ခဲ့သောနေ့။

ထိုနောက် အောက်ဘက်တစ်ကြောင်းတွင် စာမျက်နှာ အလယ်မှ စ၍ တစ်ကြောင်းပြီး တစ်ကြောင်း စာသားလေးများ ရေးချသွားသည်။ တလုံးရေ များများစားစား မရှိ။

ဒီနေ့ သူရေးချင်သော စာရာအားလုံး ပါဝင်နေသည်။

သူပြောချင်သော ရင်ထဲက စကားများ အားလုံးလည်း တစ်လုံးမှ မကျန်အောင် ပြည့်စုံစွာ ရေးဖွဲ့ပြီးသားလည်း ဖြစ်သွားသည်။

စာလုံးလေးများက ...





ပျော်ပါစေသနဲ့
ငွေလမင်းသော်တာယုန်သို့
မျှော်လင့်ချက်ပျော်ရွှေ့ပြီးစွာ
အမြဲ သိရဲ့လား ...

ဟု ဖြစ်သည်။

တစ်ရွက်၏ အောက်ခြေထောင့်စွန်းတွင် မြင့်ကိုယ်စား မြင့် မျက်ရည်ပေါက်လေး တစ်စက်က လက်မှတ်ရေးထိုး လိုက်၏။

ကြိုးစားပါဦးမည်

နွမ်ထွာခိုင်



www.burmeseclassic.com